www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## အလွမ်းနှံ့

(အချစ်လုံးချင်းဝတ္ထု၊ သစ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ ဇွန်၊
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

ကြယ်စင်မှုးဝေ ၈၉၅.၈၃
အလွမ်းနှံ့ / ကြယ်စင်မှုးဝေ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၁၄ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) အလွမ်းနှံ့

# ကြယ်စင်မှုးဝေ

# အလွမ်းနှံ့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ . . .**

သစ်သီးခြံတွေကတော့ တောင်ကြီးမြို့နဲ့မလှမ်းမကမ်းနယ်တွေမှာ။

လိမ္မော်ခြံ၊ လက်ဖက်ခြံနှင့် ပန်းခြံတွေကို ဦးစီးပြီး၊ လုပ်ကိုင်နေသူကတော့ ရှမ်းလူငယ်လေး စိုင်းဝဏ္ဏပါ။ အသက်အစိတ်လောက်ရှိပြီး ကြံ့ခိုင်တောင့်တင်းသောကိုယ်ခန္ဓာနှင့် စိုင်းဝဏ္ဏဟာ ရှမ်းသိုင်းဆရာကြီး အဘအိုက်နွတ်ရဲ့ လက်ရုံးတပည့်။

ရှမ်းလူမျိုးတိုင်း ဓားသိုင်း ရှမ်းသိုင်းကို မကျွမ်းကျင်ကြတော့ ပေမယ့် ရိုးရာသိုင်းပညာ၊ ဓားပညာကို မြတ်နိုးသည့်လူငယ်လေးတွေကလည်း ရှိတာပါပဲ။ ဥပမာ စိုင်းဝဏ္ဏလိုမျိုးပေါ့။

လူက လူငယ်ပီပီ ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်လက်လက်၊ မိဘရဲ့လက်ငုတ်လက်ရင်း သစ်သီးခြံတွေကို ဂျစ်ကားတစ်စီးနှင့် လျှောက်





သွား အုပ်ချုပ်နေသလို၊ အဘအိုက်နွတ်ဆီမှာလည်း နည်းပြအဖြစ် ဓားသိုင်းပညာ၊ ရိုးရာသိုင်းပညာကို သွားပြီးသင်ကြားပို့ချပေးခဲ့မြဲ။

မိဘများက တောင်ကြီးမြို့ရဲ့ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာနေပြီး သူကတော့ သစ်သီးခြံတွေမှာ လှည့်လည်နေထိုင်၏။

ဒီနေ့လည်း သစ်သီးခြံတွေဆီလှည့်ပြီး ညနေစောင်းမှာ အဘအိုက်နွတ်ရဲ့ခြံသို့ စိုင်းဝဏ္ဏ ရောက်လာခဲ့သည်။

အဘရဲ့ခြံက သိုင်းသင်ကြားနေသည့် လူငယ်အယောက်နှစ်ဆယ် အစိတ်နှင့် အမြဲစည်ကားနေမြဲ။

စိုင်းဝဏ္ဏ ခြံထဲသို့ကားဝင်လာတော့ အဘအိုက်နွတ်က သူ့အိမ်ရှေ့ကွပ်ပျစ်မှ လှမ်းကြည့်ရင်း ဆီးကြိုနေခဲ့သည်။

"လာဟေ့! စိုင်း၊ မင်းရောက်လာတာနဲ့ အတော်ပဲ။ ဒီမှာ အရေးတော်ပုံတစ်ခု ပေါ်နေလို့ကွယ့်"

အဘအနားမှာလည်း သူ့အရွယ် လူငယ်တစ်ယောက် ထိုင်နေပါ၏။ အဆင်ကြည့်ရတာ ရန်ကုန်အဆင်။ ကေန္တ ၁ ဘရဲ့ညှေသည်လား၊ ဆွေမျိုးလား။ စိုင်းဝဏ္ဏ အဘအနီးမှာ ရှိသေစွာ ဝင်ထိုင်လိုက်ပါသည်။

"ခဏအမောဖြေဦးကွာ၊ မင်းလည်း တစ်နေ့တစ်နေ့ အားတာမဟုတ်ဘူး။ အမောပြေမှ ဆွေးနွေးကြမယ်"

"ပြောပါ အဘ၊ ကျွန်တော်စိတ်ဝင်စားပါတယ်။ ဒီကမိတ်ဆွေနဲ့ ပတ်သက်နေမယ်ထင်ပါတယ်၊ ဟုတ်လား"

ဧည့်သည်လူငယ်က ပြုံးပြရင်း နှစ်လိုဖွယ်စကားဆိုသည်။

"ဟုတ်ပါတယ် ကိုစိုင်း၊ ဒါပေမဲ့ ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းရဲ့ပြဿနာပါ။ ဒါပေမဲ့ ကိုစိုင်းရေ . . . ဒေဝရေးရှင်



www.burmeseclassic.com

www.burmeseclassic.com



ရေးတမျှ အရေးကြီးလို့ အဘဆီ အားကိုးတကြီး ပြေးလာခဲ့တာပါ"

"ဒါဆိုလည်း ပြောစရာရှိတာ ပြောပါတော့ခင်ဗျာ။ ကျွန်တော် အရမ်းစိတ်ဝင်စားသွားပြီ။ ဒါထက် ဒီအိမ်အောက်မှာ ပြောလို့ဖြစ်ပါ့မလား။ လူသူလေးပါး ကြားကုန်ပါ့မယ်။ အဘရဲ့အိမ်ပေါ်တက်ပြောရရင် မကောင်းဘူးလား"

"အင်း. . . ဟုတ်တယ်၊ ကဲ! အိမ်ပေါ်တက်ကြစို့"

အဘရဲ့အိမ်က ခြေတံရှည်အိမ်။ သူတို့သုံးယောက် အိမ်ပေါ်သို့ တက်လိုက်ကြပြီး တံခါးပိတ်ထားလိုက်သည်။

ညွှန့်သည်က လေးနက်သောမျက်နှာနှင့် အရေးတကြီးအသံဖြင့် ပြောပြပါတော့သည်။

"ဒီလိုပါ အဘနဲ့ ကိုစိုင်း၊ ကျွန်တော့်သူငယ်ချင်းက ရန်ကုန်ကပါ။ သူ့နာမည်က ကိုနေသိမ်တဲ့၊ အရမ်းသဘောကောင်းတဲ့ သူဌေးသားတစ်ယောက်ပါ"

စိုင်းဝဏ္ဏနှင့် အဘအိုက်နွတ်တို့ကတော့ သူပြောတာကိုသာ ရှုံ့စိုက်နားထောင်နေကြသည်။

"သူ့မှာ အခု အသက်အန္တရာယ်တောင် စိုးရိမ်နေရလို့ အဘကိုလာပြီး အကူအညီတောင်းရတာပါခင်ဗျာ"

"သူဌေးသားတစ်ယောက်က ဘာဖြစ်လို့ အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတာလဲ အောင်ဟိန်းထက်ရဲ့။ အဘကို ရှင်းအောင်ပြောစမ်းပါဦး။ သူက လူရှုပ်လူပွေလား။ လူရှုပ်လူပွေ မိန်းမလိုက်စားတဲ့လူစားမို့ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတာမျိုးဆိုရင် အဘတို့ မကူညီဘူးနော်။ လူမိုက်ကိုအားမပေးဘူး။ အဘရဲ့စိတ်ဓာတ်က မကောင်းသူပယ်ပြီး ကောင်း





သူမှ ကယ်မှာ"

"ဆုံးအောင်နားထောင်ပါဦး အဘရယ်၊ သူက သူတော်ကောင်းပါ။ အဘရဲ့ဆောင်ပုဒ်အတိုင်း ကောင်းသူမို့ ကယ်ရမှာပါ။ ဒီလိုအဘရဲ့၊ နေသိမ်မှာ ဖခင်ပဲရှိတော့တယ်၊ သူ့မိခင် ဆုံးပါးသွားတာ ငါးနှစ်လောက်ရှိပါပြီ။ အဲ. . . မနှစ်ကတော့ သူ့အဖေဟာ ကလေးတစ်ယောက်အမေ မုဆိုးမတစ်ယောက်ကို ကောက်ယူလိုက်တယ်"

"အင်း. . . ဒါလည်း တစ်ပင်လဲလို့တစ်ပင်ထူတာပဲကွာ၊ အသက်အန္တရာယ် မထိပါးလောက်ပါဘူး"

"နားထောင်ပါဦး အဘရယ်၊ အဲ. . . အဲဒီမိန်းမနဲ့ရပြီးကတည်းက သူတို့သားအဖမှာ အက်ဆီးဒင့်တွေ ခဏခဏဖြစ်လာလို့ ဒီမိန်းမအပေါ် မယုံသင်္ကာတွေဖြစ်နေကြတုန်း၊ ပြီးခဲ့တဲ့တစ်ပတ်က သားအဖနှစ်ယောက် ပဲခူးကအပြန်. . . ကုန်ကားကြီးတစ်စင်းနဲ့ ဝင်တိုက်မိတယ်လေ"

"ဟင်! သေ. . . သေကုန်ကြရောလား"

စိုင်းဝဏ္ဏ အထိတ်ထိတ်အလန့်လန့် ဖြစ်သွားရ၏။ ကုန်ကားနှင့် ကားလေး တိုက်မိမှတော့ ကားလေး ဖွတ်ဖွတ်ကျေရောပေါ့။

"ကိုနေ့ဖခင်က နေရာမှာတင် ပွဲချင်းပြီးသေသွားပြီး၊ ကိုနေကတော့ လမ်းဘေးခြုံပုတ်ပေါ် သွားကျတယ်။ ဒါပေမဲ့ မှန်ကွဲစတွေ စူးလို့ မျက်စိကွယ်သွားခဲ့တယ်လေ"

"ဟာ. . . အဖြစ်ဆိုးလိုက်တာ၊ ဒါ. . . ဒါ. . . ရိုးမှရိုးရဲ့လား"

"ဘယ်ရိုးမလဲ၊ တိုက်တဲ့ကားလည်း ဖမ်းမမိဘူး။ ဖအေက သေပြီး သားက သတိလစ်နေတဲ့နောက် တစ်ဖက်ကားသမား လွတ်သွားတာပေါ့။ နောက် ခရီးသည်တင်ကားနဲ့တွေ့လို့ သူတို့ကို ဆေးရုံပို့ပေးခဲ့ကြတာ"

www.burmeseclassic.com



"နေသိမ်ရဲ့မျက်လုံးက ပြန်ကောင်းပါဦးမလား"

"မျက်ကြည်လွှာလှူမယ့် အလှူရှင်တွေ့ရင်တော့ အစားထိုးကုသလို့ ရမယ်တဲ့။ အဲဒါလည်း ဘယ်အချိန် ဘယ်ကာလထိ စောင့်ရမယ် မသိဘူးလေ။ ကိုနေ့ကုသိုလ်ပဲပေါ့ဗျာ"

အဖြစ်အပျက်က ကြေကွဲဖွယ်။ ချမ်းသာသည့် သူဌေးသားအသနှစ်ယောက်၊ ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုသလို ဇနာက်အိမ်ထောင် အထူကောင်းလိုက်တာ၊ ယခုတော့ ဖခင်က ဆုံးပါးသွားပြီး သားက မျက်စိမမြင်တော့သည့် ဒုက္ခိတဖြစ်သွားရချေပြီ။

ရှေ့ဆက်ပြီး ဒီဇာတ်လမ်း ဘယ်လိုဖြစ်မယ်ဆိုတာ စိုင်းဝဏ္ဏရော အဘအိုက်နွတ်ပါ ခန့်မှန်းနိုင်ပေပြီ။

မိထွေးတော် ဂေါတမီပဲ ခြယ်လှယ်သိမ်းပိုက်တော့မှာပေါ့။ ကိုနေ့ကို သံတော်မပယ်ဘူးလို့လည်း မပြောနိုင်။

သုံးယောက်သား တွေးတောငြိမ်သက်နေကြရာမှ အောင်ဟိန်းထက် ဆက်ပြောပြန်လေသည်။

"မိထွေးက မိန်းမလည်လေ၊ အစကတည်းက သေကြောင်းကြံနေတာ။ အခု မျက်စိမမြင်တော့ဘူးဆိုတော့ လုပ်ကြံလို့ လွယ်သွားပြီပေါ့။ ဒါပေမဲ့ ရှေ့နေကြီးက နေသိမ်အသက်အစိတ်ပြည့်မှ အမွေခွဲပေးမယ်ဆိုလို့ အသက်အစိတ်အထိတော့ သူတို့ မသတ်သေးဘူးပေါ့။ အင်း... အသက်အစိတ်ကျော်ရင်တော့ မလွယ်ဘူး"

"အသက်အစိတ်က ဘယ်တော့မှပြည့်မှာလဲ"

"ရှေ့လ... နေသိမ် အသက်အစိတ်ပြည့်တာနဲ့ ဒေါ်မာလာတင့်တို့အုပ်စုက စပြီးလှုပ်ရှားတော့မှာ။ အဲဒီအတွက် နေသိမ်ကို အကာအကွယ်





ပေးဖို့အတွက် အဘကို အကြံဉာဏ်တောင်းတာ။ အဘ ကူညီပါဗျာ၊ အကြံပေးပါဦး။ သူ့အိမ်ထဲမှာ ဒေါ်မာလာတင့်လူချည်းပဲ။ ထမင်းချက်၊ မာလီကအစ၊ နောက် အိမ်ပေါ်မှာ သူ့မောင်နဲ့သူ့သားရှိတယ်"

"မောင်အောင်ဟိန်းက ဒါတွေဘာဖြစ်လို့ အသေးစိတ်သိနေရတာလဲ။ သူကရော မင်းကို အာဏာကုန်လွှဲထားလို့လား။ အလုံးစုံ ယုံကြည်လို့လား"

"ဟာ... သိပ်ယုံကြည်တာပေါ့ အဘရယ်၊ ကျွန်တော်က သူနဲ့ တက္ကသိုလ်တစ်လျှောက်လုံး တွဲခဲ့ကြတဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးလေ။ ပြီးတော့ သူ့လူယုံ၊ သူ့ရဲ့မန်နေဂျာ။ အခုကိစ္စမှာလည်း သူ့ကို ဖွင့်ပြောပြီး အဘဆီ လူလာရှာတာ"

"ဩော်... ဒါထက် မောင်ကရော နေသိမ်နဲ့အတူနေရလား"

"အတူမနေရပါဘူး အဘရယ်၊ ဒေါ်မာလာတင့်က လက်မခံဘူးလေ။ ပြီးတော့ ကိုနေ့အတွက် နာ့(စ်)နှစ်ယောက် ငှားမှာလည်း သူ့လူတွေချည်းပဲ ခန့်ချင်နေတာ။ ကိုနေ လုံးဝလက်မခံလို့ ခန့်မရဖြစ်နေတာ၊ ဒါကြောင့် ကျွန်တော် အဘဆီပြေးချလာခဲ့တာ"

"ဒါဆို မောင်လိုချင်တာ နာ့စ်နှစ်ယောက်ပေါ့၊ ဟုတ်လား"

"ဒါပေမဲ့ အဘရယ်၊ ကိုနေက လူမမာကြီးမှမဟုတ်တာ။ နာ့(စ်) ဟုတ်တာမဟုတ်တာထက် သူ့ကို အကာအကွယ်ပေးနိုင်မယ့်၊ ရိုးသားဖြောင့်မတ်ပြီး ဒေါ်မာလာတင့် ဆွဲဆောင်ရာ မပါမယ့်လူတွေကို လိုချင်တာ"

"နာ့(စ်)ဆိုတော့ မိန်းကလေးတွေပေါ့၊ ဟုတ်လား"

"ယောက်ျားလေးနဲ့ မိန်းကလေး လိုချင်တာ။ ယောက်ျား နာ့(စ်)



www.burmeseclassic.com

www.burmeseclassic.com



ရော၊ မိန်းမနာ့(စ်)ပါပေါ့။ လိုသလို သုံးရမှာလေ။ နာ့(စ်)အစစ်မဟုတ်ဘူးလေ အဘ၊ သိုင်းပညာတတ်ပြီး အကုင်းပါး ဖျတ်လတ် ဉာဏ်ထက်တဲ့သူတွေ လိုချင်တာ"

"အင်း. . . အဘ စဉ်းစားလိုက်ဦးမယ်၊ ရန်ကုန်ထိ လိုက်ရမှာဆိုတော့"

အဘအိုက်နွတ် လူစဉ်းစားနေရင်းမှ စိုင်းဝဏ္ဏကို လှမ်းကြည့်လိုက်လေသည်။ သို့ပေမယ့် စိုင်းက အားမှမအားတာ။ သူ့ခမျာ တစ်ဦးတည်းသော သား၊ ရှိသမျှအလုပ် သူ့အလုပ်ချည်းပဲ။

သို့သော် စိုင်းဝဏ္ဏ သူ့ပေါင်သူ ဖျန်းခနဲရိုက်လိုက်ရင်း. . .

"မတရားတော့ လက်ပိုက်မကြည့်နိုင်ဘူး အဘ။ ကျွန်တော့်ခြံလုပ်ငန်းတွေကို ကျွန်တော့်ညီဝမ်းကွဲ စိုင်းအောင်ထူးနဲ့ လွှဲခဲ့မယ်။ တစ်လနှစ်လလောက်အတွင်း ကျွန်တော် ပြဿနာရှင်းအောင် လုပ်ပေးမယ်"

"ဖြစ်ပါ့မလားကွာ၊ မင်းမိဘတွေက. . ."

"ရတယ် အဘ၊ ကျွန်တော်က အလုပ်တစ်ခုကို စိတ်ပါမှလုပ်တာ။ ကျွန်တော် စိတ်ဝင်စားရင်လည်း လာမတားနဲ့တော့"

"ဒါဖြင့်လည်း သာဓုခေါ်ပါတယ်ဗျာ၊ စိုင်း လိုက်သွားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမဲ့ ရန်သူကို အထင်မသေးနဲ့၊ လျှော့မတွက်နဲ့နော်။ သတိအမြဲထားမှဖြစ်မှာ"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် သတိထားပါ့မယ်"

"ကဲ! မင်းလိုက်တာတော့ ဟုတ်ပါပြီ။ မိန်းကလေးကရော ဘယ်သူ့ခေါ်မလဲ"

"အင်း. . ."





စိုင်းဝဏ္ဏ စဉ်းစားကြည့်နေရာမှ သူ့မျက်လုံးထဲ မြင်ယောင်လိုက်တာ 'ပန်းလေညှင်း'။ သူ့ညီမဝမ်းကွဲလေးပါ။

မိန်းကလေးပေမယ့် သူ့လောက်နီးနီး သိုင်းပညာတတ်ပြီး ဘွဲ့လည်း ရပြီးသွားပေပြီ။ လောလောဆယ် အားနေတာ၊ ဒီအလုပ်နှင့်သင့်တော်တာ သူ့ညီမ ပန်းလေညှင်းပါပဲ။

စိုင်းဝဏ္ဏက ရှမ်းဗမာကပြားလေးပါ။ အဖေက ရှမ်း၊ အမေက ဗမာ။ ပန်းလေညှင်းက အမေ့ညီမကမွေးတဲ့ ဗမာမလေးပေါ့။ ရှမ်းပြည်နယ်မှာမွေးတဲ့ ဗမာမလေး။

"ပန်းလေညှင်းကိုခေါ်သွားမယ် အဘ"

"ဟာ!. . . ဟိုကလည်း တစ်ဦးတည်းသောသမီးလေးကို ထည့်ပါ့မလားကွ. . . စိုင်းရ"

"သူ့အစ်ကို ကျွန်တော်တစ်ယောက်လုံး ပါနေတာပဲ အဘရဲ့။ ထည့်ရမှာပေါ့။ လေညှင်းကလည်း ဒေသန္တရဗဟုသုတရှာဖို့ ခရီးထွက်ချင်နေတာနဲ့ အတော်ပဲ"

"အမယ်! ဒါ အပျော်ခရီးထွက်နေတာ မဟုတ်ဘူးနော်။ အဆင်မသင့်ရင် မင်းတို့မောင်နှမပါ ဒုက္ခရောက်ချင်ရောက်သွားမှာ"

"အဘရာ. . . ဒါ မြန်မာပြည်ပါ၊ အမေရိကန်မှာလို မြို့လယ်ခေါင်ကြီး သေနတ်နဲ့တော့ လျှောက်ပစ်မနေလောက်ပါဘူး"

သည်အခါ အောင်ဟိန်းထက် ဝင်ပြောသည်မှာ. . .

"သေနတ်နဲ့မပစ်ပေမယ့် အက်ဆစ်ဒင့်တွေကတော့ ရောချလို့ရတယ်နော်. . . စိုင်း။ သတိထားဖို့ ပြောတာပါ။ ကဲ. . . လိုက်မယ်ဆိုရင်လည်း အမြန်ဆုံးလိုက်ခဲ့ကြပါဗျာ။ မနက်ကို ကျွန်တော်တို့ ရန်ကုန်

www.burmeseclassic.com



ပြန်ဆင်းမယ်။ လိုက်နိုင်ပါ့မလား"

"လိုက်နိုင်အောင် ကြိုးစားမယ်ဗျာ၊ တစ်ခါတည်း မလိုက်နိုင်လည်း ကျွန်တော်တို့ တစ်ရက်နှစ်ရက်အတွင်း လိုက်ခဲ့မယ်"

"အင်း. . . ယုတ္တိရှိအောင် သတင်းစာကနေ ကြော်ငြာထည့်ရဦးမှာဗျ။ မနက်ဖြန်သတင်းစာမှာ ပါလာမယ်။ လူတွေစီစဉ်မယ့်ရက်ကိုတော့ မီအောင်လာခဲ့ဗျာ"

"ဘယ်တော့လဲ"

"သဘက်ခါ"

"အိုကေ. . . ဖြစ်စေရမယ်ဗျာ"

✠ ✠ ✠



## အခန်း (၂)

တောင်ကြီး–ရန်ကုန်တိုက်ရိုက်ကားထဲမှာ စိုင်းဝဏ္ဏနှင့် ပန်းလေညှင်းတို့မောင်နှမ။

အစ်ကိုစိုင်းဝဏ္ဏက အသက်အစိတ်လောက်နှင့် ရှမ်းဗမာကပြားလေး။ ရုပ်က ချောချော၊ ဗလက တောင့်တောင့်။

ညီမဖြစ်သူ ပန်းလေညှင်းကတော့ အသက်နှစ်ဆယ်အရွယ်မေမယ့် ဖြူစင်ရိုးသားသည့် တောင်ကြီးသူလေးမို့ အသက်ထက်ပိုပြီး ငယ်ပုံပေါက်နေသည်။ သူမကလည်း အရပ် ငါးပေခြောက်လက်မလောက်နှင့် ကိုယ်ဟန်ကျစ်ကျစ်၊ မြင့်မြင့်မားမားနှင့် အထူးချစ်စရာကောင်းပါသည်။

ပန်းလေညှင်းဆိုသည့်အတိုင်း သူမကိုမြင်ရသူတိုင်း ချစ်စရာပန်းပွင့်လေးကို မြင်လိုက်ရသည့်နှယ် ခံစားစေရမည်။ နှင်းပွင့်လေးလိုဖြူနုသောအသားကြောင့် မျက်ခုံး မျက်လုံးနှင့် မျက်တောင်လေးတွေကပိုပြီးရှန်းလက်တောက်ပသလို နှာတံလုံးလုံးလုံးလေးက နှုတ်ခမ်းရဲရဲလေးနှင့် ပဏာရလှသည်။ အလှထူးသူလေးမှာ ချစ်စရာကလည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေး။ ပါးကလေး မို့မို့နှင့်။

သဘောဖြူ အူစင်းပေမယ့် သုံးစားမရအောင် နုံအသူနေသူ တော့မဟုတ်။ ပြောရကြေးဆို အချဉ်မဟုတ်ဘူးပေါ့။

ရှမ်းပြည်မှလာသူပီပီ သိုးမွေးအကျီတွေ ဂျာကင်တွေ ခေါင်းစွပ် တွေ ဘောင်းဘီရှည်တွေနှင့် ပွပွယောင်းယောင်း။ ညကားမို့ အချမ်းလုံ အောင် ဝတ်လာခဲ့ပေမယ့် ရန်ကုန်ဆောင်းက တောင်ကြီးသူတောင်ကြီး သားတွေအတွက် နွေလို့ကောင်းရုံ။

မနက်ခုနစ်နာရီလောက်မှာ ရန်ကုန်ရောက်တော့ သူတို့မောင်နှမ အထွေးထည်တွေကိုချွတ်ရ အိတ်တွေထဲ ထည့်ရသည်။ နောက် အောင် ဟိန်းထက် စီစဉ်ပေးသည့်ကားနှင့် တိုက်ခန်းတစ်ခုမှာ ခေတ္တနားရသည်။ အောင်ဟိန်းထက်ကတော့ ဖုန်းတစ်လုံးနှင့် ညွှန်ကြားချက်တွေပေးလျက်။

"ကိုစိုင်းတို့မောင်နှမ မနက်ဆယ်နာရီမှာ အရောက်လာရမယ်။ ကျွန်တော် တက္ကစီလွှတ်ပေးလိုက်မယ်။ တစ်ခုပြောချင်တာက ကိုစိုင်းတို့ နှစ်ယောက်ကို မောင်နှမမှန်းမသိစေနဲ့နော်။ ဘယ်သူမှ မသိစေနဲ့။ လူတွေ စစ်ဆေးမယ့်အထဲမှာ ဒေါ်မာလာတင့်နဲ့ သူ့လူတွေပါမယ်။ ကိုနေကတော့ အမိကပေါ့။ သူ့ကို ကျွန်တော် ကိုစိုင်းတို့အကြောင်းပြောပြီးပါပြီ။ တက္ကစီ လွှတ်လိုက်ရင် လူချည်းပဲလိုက်လာခဲ့ပါ။ အလုပ်ခန့်ပြီဆိုမှ ပစ္စည်းတွေ ပြန်ယူ။ အရေးကြီးတာက ကိုစိုင်းတို့မောင်နှမ ဆင်းရဲသားယောင်ဆောင် နေရမှာနော်။ စိတ်တော့ နည်းနည်းလျှော့ထားဗျာ၊ ဇာတိပုည ဂုဏ်မာန တွေ ခဏဘေးဖယ်ထား။ အခုက လူတစ်ယောက်ရဲ့အသက်ကို အကာ အကွယ်ပေးနေတာ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ကျွန်တော်တို့ကလည်း စပြီးကျည်





တော့မယ်ဆိုကတည်းက အားလုံးကို ပြင်ဆင်ပြီးသားပါ။ စိတ်ကိုလျှော့ ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ဘဝနဲ့ သိက္ခာ၊ ကိုယ်ကျင့်တရားတွေ ကိုတော့ အထိပါးခံမှာ မဟုတ်ဘူးနော်။ ခြေသုတ်ပုဆိုး မြေခွေးကျိုးလို တော့ နေရမှာမဟုတ်ဘူးမို့လား"

"ဟာ! အဲဒီအထိတော့ မလုပ်ရပါဘူး၊ ကိုစိုင်းတို့ရဲ့ဇာတ်ရုပ်က နေသိမ်ရဲ့ယောကျ်ားနှာ့စ်နဲ့ မိန်းကလေးနှာ့စ်ပါ"

"ဟုတ်ပြီ ကျွန်တော် သဘောပေါက်ပြီ၊ နားဦးမယ်ဗျာ. . . မနက် ဆယ်နာရီမှ လာခေါ်၊ သုခရိပ်မြုံနဲ့ ဒီနေရာက နီးတယ်မဟုတ်လား"

"နီးပါတယ်၊ တစ်လမ်းနှစ်လမ်းပဲ ခြားတာပါ။ အိုကေ. . . အို ကေ. . . နားလိုက်ကြပါဦးနော်"

တိုက်ခန်းက အလွတ်မို့ သူတို့မောင်နှမ တစ်ယောက်တစ်ခန်း စီ နေရာယူလိုက်ကြပြီး အားပါးတရ အိပ်ပစ်လိုက်ကြသည်။

မနက်ကိုးနာရီခွဲမှာ နှိုးစက်ပေးထားသည်။ နာရီဝက်လောက်ဆို ရေချိုး အဝတ်လဲလို့ မီမှာပါ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မနက်ဆယ်နာရီလောက်မှာ စိုင်းဝဏ္ဏတို့မောင်နှမ အောင်ဟိန်းထက် လွှတ်လိုက်သည့်တက္ကစီနှင့် သုခရိပ်မြုံသို့ လိုက်ခဲ့ကြသည်။ ခဏလေးနှင့် ရောက်တာပါပဲ။

သုခရိပ်မြုံရှေ့မှာ မောင်နှမနှစ်ယောက် မြင်ရသည့်တိုက်ကြီးကို အံ့သြစွာ ကြည့်ကြသည်။ မမြင်ဘူးလို့တော့ မဟုတ်ပါ။ ရုပ်ရှင်တွေထဲမှာ အိမ်ကြီးအိမ်ကောင်းတွေ မြင်ဖူးသားပဲ။

သူတို့အံ့သြတာ ထင်မထားလို့ပါ။ နေသိခ်ကို ဒီလောက်ထိ ချမ်းသာမည်လို့ ထင်မထား။ အင်းလေ. . . ဒီလောက်ချမ်းသာနေတော့လည်း ဒီလောက်တော့ ရှိမှာပေါ့။ ဒေါ်မာလာတင့်ဆိုတဲ့ မိထွေးမကြီး လောဘတွေ တက်တော့မှာပေါ့။

"ကဲ. . . လေညင်း။ နင်နဲ့ငါ မောင်နှမမှန်း မသိစေရဘူးတဲ့နော်။ မသိသလိုနေ. . . ကြားလား"





"ဟာ! အစ်ကိုကလည်း ရုပ်လိုက်တာ၊ လေညင်းတို့က တောင်ကြီးက လာကြတာ၊ တောင်ကြီးမှတ်ပုံတင်နဲ့ဥစ္စာ"

"ဟာ! တောင်ကြီးမြို့က အကျယ်ကြီးလေ၊ တစ်မြို့တည်းပေမယ့် မသိကြဘူးပေါ့ဟာ"

"ကျွတ်. . . သိပ်ရှုပ်တာပဲ"

မောင်နှမနှစ်ယောက် တစ်ကွဲစီ အထဲသို့ဝင်သွားကြရသည်။ အထဲရောက်တော့လည်း အတူတူပေါ့။ ညှိခန်းထဲမှာ စုစုပေါင်း ဆယ်ယောက်တောင်။ ဒီအလုပ်ကလည်း စိတ်ဝင်စားမယ့်သူ အများသား။

ကေန္တ သူဌေးသားက အမွေတွေ ရစရာအများကြီးမို့ နီးစပ်အောင် လာလျှောက်ကြသလားမသိ။ နာစ့်အစစ်တွေလား အတုတွေလား မသိရပေမယ့် ရုပ်တွေကတော့ ပြင်ဆင်ခြယ်သထားလိုက်ကြတာ။

ယောကျ်ားနာစ့်ကတော့ စိုင်းဝဏ္ဏပါဆိုမှ သုံးယောက်။ မိန်းကလေးက ခုနစ်ယောက်။

ညှိခန်းထဲမှာ ရှိုးခပ်များများနှင့် အိမ်နေရင်းတောင် ဖိတ်ဖိတ်တောက်မတတ် ပြင်ဆင်ခြယ်သထားသည့် အသက်လေးဆယ်ကျော်အရွယ် မိန်းမကြီးက ဒေါ်မာလာတင့်ဖြစ်မည်။

နောက် သူ့မောင် ထင်ရသူနှင့် သူ့သား။ နောက် ကောင်မလေး ချောချောလေးတစ်ယောက်။ အောင်ဟိန်းထက် ပြောပြထားလို့ ဒီအိမ်ရဲ့ ရာဇဝင်ကိုတော့ သိပြီးသား။

ဒေါ်မာလာတင့်ရဲ့မောင်က ထိုက်တန်၊ သူ့သားက နေမျိုးဗိုလ်၊ ကောင်မလေးချောချောက သူ့ဖခင်စေ့စပ်ပေးသွားသည့် မိန်းကလေး၊ ခင်ဒီဝါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အကဲခတ်ပေးမည့်သူတွေဟာ ထိုလူတွေဆိုလျှင်ဖြင့် သူတို့အလုပ်ရဖို့ မလွယ်။ ဒီအုပ်စုထဲမှာ ဒေါ်မာလာတင့်ရဲ့လူတွေ မပါဘူးလို့ မပြောနိုင်။

ဆယ်နာရီထိုးသည်နှင့် အခန်းတစ်ခုထဲမှ အောင်ဟိန်းထက်က နေသိမ်ကိုတွဲ၍ ခေါ်လာလျှင် အားလုံးပင် ကြက်သေသေသွားကြရသည်။ အဘယ်ကြောင့်ဆိုသော် မျက်မှန်အနက်တပ်ထားသည့်နေသိမ်ဆိုတာ သိမ်ကို စမတ်ကျပြီး ကြည့်ကောင်းလွန်းလို့ပါ။

အသားဖြူပုံက အညိုဘက်သို့ နည်းနည်းလုပေမယ့် စိုပြည်လှသည်။ နောက် မျက်လုံးမျက်ခုံးနှင့် နှာတံပေါ်ပုံ၊ နှုတ်ခမ်းပိရိပုံနှင့် မျက်နှာကျက ယောက်ျားပီသပြီး ချောပါပေ့။

ကိုယ်ဟန်တောင့်တောင့်ဖြောင့်ဖြောင့်နှင့် သူ့ဝတ်ပုံစားသားပီပီ အဝတ်အစားတွေက စမတ်ကျလွန်းပါသည်။

ကျွတ်. . . ကျွတ်. . . ကျွတ်. . . သူ့လိုလူတစ်ယောက်ဟာ ဒီလို ဒုက္ခိတဖြစ်မနေသင့်ပါဘူး။ လောကကြီးရယ်. . . မတရားလိုက်တာနော်။

ပန်းလေညင်း သူ့ကိုမျက်တောင်မခတ် ငေးကြည့်မိရင်း ရင်ထဲမှာ ရင်ထုမနာဖြစ်နေရတာ ကရုဏာသက်လွန်းလို့ပါ။

သည်စဉ် ခြံထဲသို့ နောက်ထပ်ကားတစ်စီး ဝင်လာခဲ့ပြီး နေသိမ်၏ ရှေ့နေကြီး ဦးဝင်းထွဋ်ဆင်းလာခဲ့လျှင် ဒေါ်မာလာတင့် မျက်စိမျက်နှာတွေ ပျက်သွားရသည်။

သူမ လုပ်ချင်တိုင်း မလုပ်ရတော့ဘူးပေါ့။ ခုံသမာဓိတရားသူကြီး ရောက်လာပြီလေ။ သူမ ဘယ်လိုမှဆွဲဆောင်ဖြားယောင်းလို့မရတဲ့ လူကြီး။





ဦးဝင်းထွဋ် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်လျှင် အားလုံးပင် အင်တာဗျူးစဖို့ ပြင်လိုက်ကြသည်။ အင်တာဗျူးသဘောတရားအရ တစ်ယောက်စီ စစ်မေးမှာမို့ အလုပ်လာလျှောက်သူအားလုံးကို သူတို့က အိမ်ရှေ့ခြံထဲသို့ ခေတ္တထွက်စေသည်။

"ကဲ. . . အားလုံးပဲ ခြံထဲက ခုံတန်းတွေမှာ သင့်သလိုထိုင်ရင်း ခေါ်တဲ့သူ ဝင်လာပါနော်"

အောင်ဟိန်းထက်ပင် နေသိမ်ရဲ့မန်နေဂျာပီပီ အားလုံးစီစဉ်ပေးနေတာ တွေ့ရ၏။

သူတို့ဆယ်ယောက်စလုံး ဧည့်ခန်းထဲမှ ခြံထဲသို့ ထွက်လာခဲ့ကြသည်။

ပန်းလေညင်းကတော့ ခမ်းနားလှပသည့်နှစ်ထပ်တိုက်ကြီးနှင့် ဆင့်မြင့်သည့်ခြံကြီးအား မျက်စိနှင့်လျှောက်ကြည့်နေမိသည်။ မြက်ခင်းတွေ ရေကူးကန်တွေ တင်းနစ်ကွင်းတွေနှင့်။ နောက် စိုက်ထားသည့် ပန်းပင်တွေကလည်း အဆင့်မြင့်အပင်တွေ။

သူမ ငေးမောနေတုန်း အောင်ဟိန်းထက်က တစ်ယောက်ချင်းကို ဧည့်ခန်းထဲသို့ ခေါ်သွင်းနေပါလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ညှော်ခန်းထဲမှာ အင်တာဗျူးမည့်သူတွေက ဒေါ်မာလာတင့်၊ သူ့ မောင် ထိုက်တန်နှင့် သူ့သား နေမျိုးပိုင်။ နောက် နေသိခ်နှင့် ရှေ့နေကြီး ဦးဝင်းထွဋ်။ အောင်ဟိန်းထက်ကတော့ ဘာပါဝါမှမရှိပါ။ သို့သော် နေသိခ် ရဲ့သဘောထားအရ စိုင်းဝဏ္ဏတို့မောင်နှမကို ခေါ်ခဲ့ပြီဖြစ်ကြောင်း ကိုနေ ကို သတင်းပို့ပြီးပါပြီ။

အခန်းထဲသို့ တစ်ယောက်ပြီးတစ်ယောက် ခေါ်သွင်းကြရာမှာ ယောကျ်ားလေး သုံးယောက်ကို အရင်စစ်ဆေးကြသည်။

တစ်ယောက်စီရဲ့ ကိုယ်ရေးရာဇဝင်ကို အောင်ဟိန်းထက်က နေ သိခ်အား ဖတ်ပြထားရ၏။ ပြီးမှ တစ်ယောက်ချင်း ခေါ်သည်။

ပထမဝင်လာသူမှာ လင်းသူရိန်၊ အသက်အစိတ်လောက်ရှိပြီ ရုပ်က ကျွတ်ဆတ်ဆတ်၊ ထောင့်မကျိုးပိုးမကျိုး။ လင်းသူရိန်က ဒေါ်မာ လာတင့်ကို လှမ်းကြည့်လိုက်တော့ အောင်ဟိန်းထက် မြင်လိုက်၏။ ဒေါ်





သူ့လူဖြစ်ရမည်။

ရှေ့နေကြီးက မေးခွန်းတွေမေးသည်။ လင်းသူရိန်က ဖြေသည်။ နေသိခ်ဟာ မျက်စိမမြင်ပေမယ့် လူတစ်ယောက်ရဲ့စိတ်နေသဘောထား ကို အသံနှင့် ပြောဟန်ဆိုဟန်တို့မှ အကဲဖြတ်နိုင်သည်။ ပြောကြကြေး ဆို နေသိခ်ဟာ လူညံ့တစ်ယောက်မှမဟုတ်တာ။

ဦးဝင်းထွဋ်က စည်းကမ်းချက်တွေ ပြောပြသည်။

"ဒီအိမ်မှာ (၂၄)နာရီနေရမယ်၊ လစာကတော့ စရိတ်ငြိမ်း တစ် လကို တစ်သိန်း"

"နည်းတယ်. . . ဆေးခန်းတွေမှာ နာ့စ်တစ်ယောက်ရဲ့နေ့တွက် က တစ်နေ့ကို ခြောက်ထောင်၊ တစ်လကို နှစ်သိန်းကျော်တယ်။ နိုက် ဂျူတီပါ ဝင်ရမယ်ဆိုရင် တစ်လကို သုံးသိန်းအနည်းဆုံး ပေးရမယ်"

"မပေးနိုင်ပါဘူး၊ တစ်လကို တစ်သိန်းပဲ။ လက်မခံနိုင်လည်း ဖြစ်တယ်"

အပြန်အလှန်တွေ တင်းမာနေကြလျှင် ဒေါ်မာလာတင့်ကပင် ကြားထဲမှ သဘောကောင်း မနောကောင်းပုံစံနှင့် ဝင်ဖြန်ဖြေ၏။

"ကဲကဲ. . . သူ့ကိုသဘောကျတယ်ဆိုရင်လည်း လိုတဲ့နှစ်သိန်း ကို အန်တီ စိုက်ပေးပါ့မယ်ကွယ်။ သား ကိုနေ. . . သဘောကျရင် ခန့် လိုက်ပါ"

ဒေါ်မာလာတင့်စကားကို နေသိခ် ချက်ချင်းပင် တုံ့ပြန်လိုက် သည်ကြောင့် မျက်စိမျက်နှာတွေ ပျက်ကုန်ကြရ၏။

"သဘောမကျဘူး၊ နောက်တစ်ယောက်ခေါ်"

"ကဲ! ကာယကံရှင်က သဘောမကျတာ၊ နောက်တစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က အောင်ဘညို၊ အသက်က သုံးဆယ်
လောက်။ ရိုကျိုးပျပ်ဝပ်သောအမူအရာနှင့်။ ရွှေနေကြီးမေးသမျှ မေးခွန်
များကို ဖြေနိုင်သည်။ ရွှေနေကြီးပြောသော စည်းကမ်းချက်များကိုလည်
လိုက်နာနိုင်လေ၏။

ပြီး. . .

"ကျွန်တော့်ကို အလုပ်ခန့်ပါခင်ဗျာ၊ ကျွန်တော့်မှာ မိခင်အိုကြီ
နဲ့ပါ၊ ညီမလေးတစ်ယောက်လည်း ရှိပါတယ်။ အမေက မကျန်းမာတော့
ညီမလေးခမျာ အလုပ်မဆင်းနိုင်ပါဘူး"

"မောင့်ညီမက ဘာလုပ်သလဲ"

"သူက သိမ်ကြီးဈေးမှာ ဈေးရောင်းပါတယ်"

ဦးဝင်းထွဋ်က ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေပုံပေါ်သ
ဒေါ်မာလာတင့်ကလည်း ကန့်ကွက်ပုံမပြ။ ကေန္တ ဒေါ်မာလာတင့်လူလာ
အောင်ဟိန်းထက် ဝင်ပြောရပါသည်။

"နောက်တစ်ယောက် ရှိသေးတယ်၊ ခေါ်ကြည့်ပါဦး"

သည့်တစ်ခါ ဝင်လာတာကတော့ စိုင်းဝဏ္ဏပါ၊ ရှမ်းဗမာကပြ
လေးပီပီ နှုတ်ခမ်းမွေးရိုန်းရိုန်း၊ အသားက အဖြူအက်လှသည့်အညီ
တိုင်းရင်းသားပီပီ ရိုးဖြောင့်သည့်ရုပ်က အထင်းသား။

သည့်တစ်ခါ သဘောမကျသူကတော့ ဒေါ်မာလာတင့်။

"ဗမာလည်း မဟုတ်ပါလား၊ ရုပ်ကလည်း သန့်လွန်းတယ
ဘာအကြံအစည်နဲ့ ဝင်လာသလဲမသိဘူး"

အောင်ဟိန်းထက် ဝင်ပြီး ထုချေလွှာတင်ရသည်။

"ဒါကတော့ နော့်စ်ပဲဗျ၊ ပညာတတ်ပဲ။ တေလေကြမ်းပိုးရုပ် ထွ





မလား။ ကဲ. . . အန်ကယ် မေးချင်တဲ့မေးခွန်းလေးတွေ မေးပါဦး"

ဦးဝင်းထွဋ်မေးသည့်မေးခွန်းတွေကို စိုင်းဝဏ္ဏ ဖြေနိုင်ပါသည်။
သို့သော် ဒေါ်မာလာတင့်တစ်ယောက်ကတော့ မီးခဲဖင်ခုထိုင်နေမိသည့်
နှယ် ကျွန်ရွှေမရ။ သူမ ဟန်မဆောင်နိုင်။ အတင်းပင် ဝင်ရောက်ကန့်ကွက်
လေ၏။

"ကျွန်မ သဘောမကျဘူး ရွှေနေကြီး၊ ဒီနော့်စ်အလုပ်အတွက်
တောင်ကြီးကတောင် လာရတယ်ဆိုတာ သဘာဝကိုမကျဘူး။ သူ့မှာ အကြံ
အစည်တစ်ခုခု ရှိကိုရှိရမယ်"

စိုင်းဝဏ္ဏ ရှင်းပြရပါသည်။ အောင်ဟိန်းထက် သင်မထားလည်း
သူဟာ ပညာတတ်တစ်ယောက်ပီပီ ဘယ်ကွေ့ ဘယ်တက်နဲ့လှော်ရမည်
ဆိုတာ သိပါသည်။

"ကျွန်တော်က တောင်ကြီးကဆိုပေမယ့် ရန်ကုန်မှာ အလုပ်ရှာ
နေတာ တစ်လကျော်ပါပြီ။ သူငယ်ချင်းအိမ်မှာ သောင်တင်နေရတာပါ။
ဒီအလုပ်က နေစရာရော စားစရာပါ တာဝန်ယူပြီး ဒသားတင်လစာ ရ
မယ့်အလုပ်မို့ ကျွန်တော်စိတ်ဝင်စားပြီး လျှောက်ပါတယ်"

သူ့အကြောင်းပြချက်က မှန်ကန်နေသည့်အပြင် တစ်ချိန်လုံး
ငြိမ်နေသည့် နေသိမ်ကပါ ဝင်ပြီးအဆုံးအဖြတ်ပေးလိုက်သည်။

"ကျွန်တော် သူ့ကိုသဘောကျပါတယ်၊ သူ့ကိုရွေးလိုက်ပါ"

ဒေါ်မာလာတင့်နှင့် ထိပ်တိုက်တိုးရပြန်၏။

"ကိုနေက မျက်စိမြင်တာ မဟုတ်ဘူးနော်၊ သူ့ပုံစံကို အန်တီ
ပြောပြမယ်။ လူက မိုက်တိမိုက်ကန်းနဲ့၊ ထောင်ထောင်မောင်းမောင်း၊ ဖွံဖွံ
ကောင်းကောင်း၊ လူဆိုးဗိုလ်ရုပ် ထွက်နေတယ်။ ရှမ်းကလည်းဖြစ်နေသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ပုံစံက သားကို စားပြတိုက်မယ့်ရုပ်မျိုး"

ဒေါ်မာလာတင့်အပြောက ပက်စက်ပေမယ့် စိုင်းဝဏ္ဏ မဲ့ပြုံးပြုံး မိသည်။ သူစိတ်ဆိုးအောင် ခွပေးနေတာပဲ။ စိတ်ဆိုးပြီး ထွက်သွားလျှင် သူမရဲ့ခွင်ထဲ ဝင်သွားမှာပေါ့။

သို့သော် နေသိခ်ကလည်း ခေါင်းမာသည်။

"ကျွန်တော် မျက်စိမမြင်ပေမယ့် လူတစ်ယောက်ရဲ့စိတ်ကို သူ့အသံကနေ ခန့်မှန်းတတ်ပါတယ်။ အန်တီ ဝင်မစွက်ပါနဲ့၊ အောင်ဟိန်းထက်နဲ့ ရှေ့နေကြီးခင်ဗျာ. . .သူ့ကိုရွေးလိုက်ပါ"

"ကောင်းပါပြီ ကိုနေ၊ သူ့ကိုခန့်လိုက်ပါ့မယ်"

စိုင်းဝဏ္ဏ ခေါင်းငုံ့လေချွန်ပြီး ထွက်ခဲ့တာ၊ ဒေါ်မာလာတင့်ကို အမြင်ကတ်လို့ပါ။

ဦးဝင်းထွဋ်ကလှမ်းပြီး သတိပေးလိုက်သေး၏။

"ခုညနေမဲ့ အလုပ်ဝင်ရမယ်နော် စိုင်းဝဏ္ဏ"

"ဟုတ်ကဲ့ပါ ခင်ဗျား"

စိုင်းဝဏ္ဏ ပြုံးပြုံးရွှင်ရွှင်နှင့် အပြင်ထွက်လာတော့ လင်းသူရိန်နှင့် အောင်ဘညို မျက်မှောင်ကြုတ်သွား၏။

"ဟော့! မင်းကို အလုပ်ခန့်လိုက်ပြီလား"

"ခန့်လိုက်ပြီ၊ ညနေဝင်ရမယ်"

"တောက်!. . . ငါတို့လို အဖက်ဖက်ကပြည့်စုံတဲ့လူတွေကိုတော့ မခန့်ဘဲ ဘာမဟုတ်တဲ့ရုပ်းပဲပုပ်ကိုမှ ရွေးခန့်တယ်။ ကိုးကန်း သူကောင်း မြောက် ချီးခြောက် ကောက်စား။ ဖွတ်မိချောင်းဖြစ် မြစ် မချမ်းသာဖြစ်မှာတော့ မြင်ယောင်သေးတယ်"





သူတို့နှစ်ယောက် စိုင်းဝဏ္ဏကို ဖွဲ့နေကြပုံက တမင်သက်သက်ရန်စနေသည့်နှယ်။

စိုင်းဝဏ္ဏ ဘာမှပြန်မပြောပါ။ အောင်ဟိန်းထက် ပေးထားသည့် တိုက်ခန်းသို့သာ ခြေလှမ်းလျှောက်ပြီး ပြန်ခဲ့သည်။

သူ လေညင်းကိုစောင့်လို့မဖြစ်။ ရိပ်မိသွားမှာ စိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက်ဆုံး မိန်းကလေးနှစ်ခုနှစ်ယောက်ကိုလည်း သေသေချာချာစစ်ဆေးကြသည်။ ဒေါ်မာလာတင့် သဘောကျတာ ပုလဲညိုဆိုသည့် ကောင်မလေးပါ။

သည်အခါလည်း နေသိမ်ပဲ ဖြတ်ချရပါ၏။ သူက အောင်ဟိန်းထက် သတင်းပို့ထားသည့် ပန်းလေညင်းကိုပဲ ရွေးပါသည်။ ဒေါ်မာလာတင့် ဆွေ့ဆွေ့ခုန်ပြီး ဆတ်ဆတ်တွေ တုန်မတတ်၊ နေသိမ်ကိုလည်း ရန်တွေ့သလိုတွေ ပြောနေလိုက်တာ။

"ကိုနေဟာလေ. . . အန်တီ့ကို ဘက်တိုက်ရရင် ပြီးရောဆိုပြီး မပြင်မစမ်းနဲ့ ရမ်းလက်ခံနေတယ်။ သူတို့ကို အိမ်မှာ လက်ခံထားရမှာလည်း ထည့်တွက်ဦး။ တော်ကြာ ဒီအိမ်သားတွေကို တစ်ခုခုဒုက္ခပေးတော့ ဘယ်လိုလုပ်မလဲ။ ပြီးတော့ မသကာစရာ နှစ်ယောက်လုံး တောင်ကြီးက"

အောင်ဟိန်းထက် နေသိမ်နှင့် ဒေါ်မာလာတင့်ရဲ့ကြားသို့ဝင်ပြီး





ဖြန်ဖြေရသည်။

"သူတို့က နှစ်ယောက်တည်းပါ၊ အန်တီတို့က ပိုပြီးအုပ်စုများပါတယ်၊ ဒုက္ခမပေးနိုင်ပါဘူး။ ပြီးတော့ သူတို့နှစ်ယောက်ပုံစံကြည့်ရတာ ရိုးရှင်းပါတယ်"

"ကေန္တ ဒါ. . . မင်းစနက်တွေလားပဲ။ နှစ်ယောက်လုံး တောင်ကြီးကဖြစ်နေတာရော ကောင်းတဲ့အလားအလာလား။ ပြောစမ်းပါဦး"

"တောင်ကြီးမှာ မွေးကြပေမယ့် လောလောဆယ် မိန်းကလေးက မန္တလေးမှာနေပါတယ်။ ယောကျ်ားလေးကလည်း ရန်ကုန်မှာလာပြီး အလုပ်ရှာနေတာ တစ်လလောက်ရှိပြီလေ။ တောင်ကြီးဆိုတာ မြို့အကျယ်ကြီး၊ ရပ်ကွက်တွေ အများကြီး. . . ရှာမဟုတ်ဘူး"

ဒေါ်မာလာတင့် ဒေါသတွေထွက်ပြီး ပြဿနာတွေ ရှာနေလျှင် နေသိမ် စကားကို အပြတ်ပြောပစ်လိုက်၏။

"အန်တီ. . . ကျွန်တော့်ကို ပြုစုဖို့လူတွေ၊ ကျွန်တော်ကိုယ်တိုင်ခန့်တာ သဘောမကျဘူးလား။ အန်တီ့အတွက်ကျမှ ကိုယ်ကြိုက်တာ ကိုယ်ခန့်ပေါ့"

"အမယ်လေး. . . ဖွ! မပြောကောင်း မဆိုကောင်း။ မင်းက မမြင်တဲ့လူဆိုတော့ လူဆိုးသူခိုးတွေကို ရွေးမိမှာစိုးလို့ပါကွယ်"

နေသိမ် ဒေါသတကြီးဖြင့် သူ့ရှေ့မှ စားပွဲကိုထုပစ်လိုက်လျှင် အားလုံး လန့်သွားရသည်။

"ဒီစကားကို ခဏခဏလာမပြောပါနဲ့ အန်တီ၊ ကျွန်တော့်ကို မျက်စိမမြင်ဘူး. . . မမြင်ဘူးဆိုပြီး ခဏခဏ လာဆွမပေးပါနဲ့။ နောက်တစ်ခါပြောရင် မလွယ်ဘူးမှတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် . . . အေးပါ၊ နောက်မပြောတော့ပါဘူး"

စောစောက ပြဿနာရှာနေသည့် ဒေါ်မာလာတင့်တစ်ယောက် နေ့သိမ်ခံ ကြမ်းပြလိုက်တော့မှ အခန်းထဲမှ ထွက်သွားတော့သည်။ သူ့လူတွေ သွင်းခွင့်မရတော့လည်း နောက်လာမည့်လူတွေကို သူ့အိတ်ထဲ ဆွဲသွင်းလို့ရတာပဲ။

စိုင်းဝဏ္ဏနှင့် ပန်းလေညင်းတို့မောင်နှမ အောင်ဟိန်းထက်နှင့် သေသေချာချာ ဆွေးနွေးညှိနှိုင်းပြီးလျှင် သုခရိပ်မြုံသို့ တစ်နာရီစီ ခြား၍ သွားရပေမည်။ စိုင်းဝဏ္ဏကို နောက်မှသွားခိုင်းသဖြင့် ပန်းလေညင်း ဂျီကျနေတော့သည်။

"ဟိုအိမ်မှာ လူစိမ်းတွေချည်းပဲ၊ အစ်ကို အရင်ရောက်နှင့်နေတော့ လေညင်း အားရှိသေးတာပေါ့"

"နင့်ကို ဘာမှမလုပ်ပါဘူး မိလေညင်းရယ်၊ နင်ကလည်း သိုင်းသမားလုပ်နေပြီး သတ္တိက ဖီးရိုးပဲ။ နင့်ရုပ်က သိုင်းသမားရုပ်ကို မထွက်ဘူး။ ရုပ်ကိုက ပက်ကျိလိုပဲ ပျော့စိစိနဲ့"

"ဘာလဲ . . . သိုင်းသမားဆိုတာ အစ်ကို့လို အသင့်အနေအထားကြီးနဲ့လား။ အဲဒါလည်း သတိထားဦး၊ အစ်ကို့ကို သိုင်းသမားမှန်းသိနေကြရင် မလွယ်ဘူးနော်။ သာမန်လူတစ်ယောက်လို နေ၊ လေညင်းတို့က ပက်ကျိလိုပေမယ့် အရေးကျရင် ဓာတ်ခနဲပေါက်တတ်တဲ့ မြွေပွေးလိုပဲ"

"ကဲ! ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ဓာတ်လမ်းအရ ရှမ်းပြည်နယ်၊





တောင်ကြီးမြို့က အကောင်းစားမောင်နှမနှစ်ယောက်ဟာ သုခရိပ်မြုံမှာလာပြီး နာစ့်လိုလို ဘော်ဒီဂတ်လိုလို လုပ်ပေးရမယ်။ ဒေါ်ပန်းလေညင်းက အရင်သွားဖို့ တာဝန်ကျပါတယ်။ ညနေလေးနာရီမှာ တက္ကစီနဲ့ သွားရပါမယ်"

အောင်ဟိန်းထက် လေးလေးစားစားပြောနေပုံ၊ ဦးညွှတ်ပြပုံက ပြဇာတ်တိုက်နေသည့်နှယ်။ ပန်းလေညင်း သူ့ကိုမျက်စောင်းအကြီးကြီးထိုးပြီး ပွစိပွစိနှင့် ကိုယ်ယူလာသည့်အိတ်နှင့် ငှားထားသည့်တက္ကစီပေါ်သို့ တက်လိုက်ရသည်။

စိုင်းဝဏ္ဏက ငါးနာရီထိုးခါနီးမှ လိုက်လာမှာဖြစ်၏။ ပန်းလေညင်းဟာ တစ်ဦးတည်းသောသမီးပီပီ နည်းနည်းတော့ ဆိုးချင်သည်။ သို့သော် လက်ရှိအခြေအနေတွေကို သူမ သဘောပေါက်ပါသည်။ နေသိမ်ရဲ့အသက်အန္တရာယ်ဟာ လက်တစ်ကမ်းမှာ။ သူ့မိတွေးနှင့်အုပ်စုကြီးကလည်း နည်းတာမဟုတ်။

သူတို့မောင်နှမ အောင်ဟိန်းထက်၏အကူအညီနှင့် သူ့ကိုစောင့်ရှောက်နိုင်ပါ့မလား။ အင်းလေ . . . တရားဥပဒေလည်း ရှိနေသေးတာပဲ။ သူတို့လုပ်ချင်သလို လုပ်လို့တော့ မရပါဘူးလေ။ သူမ အစ်ကိုနေသိမ်ကို မြင်ခဲ့ပြီမို့ စေတနာအများကြီးရှိပါသည်။

ယောက်ျားပီသပြီး ချောမောသည့်ရုပ်ရည်မှာပဲ၊ သူဟာ ပတ်ဝန်းကျင်ကို ကောင်းကျိုးတွေပေးမည့် လူတော်လူကောင်းတစ်ယောက်ဆိုတာ သိသာပါသည်။

ပြီး . . . အရမ်းလည်း ချမ်းသာသည့် သူဌေးသားလေး။ ဒီတော့ သူ့ကိုသတ်ပြီး အကျိုးအမြတ်တွေ ရယူချင်ကြသူတွေက သူ့ကိုချောမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတ်ချင်ကြမှာပေါ့။ အသက်အစိတ်ပြည့်ဖို့ကလည်း တစ်လလောက်ပဲ လိုတော့သတဲ့။

ဒီတစ်လအတွင်း ဦးနေသိမ်တစ်ယောက် မျက်ကြည်လွှာအဆင်ပြေပြီး ပြန်မြင်ရင် သိပ်ကောင်းမှာပဲ။ ကားပေါ်မှာ အားလုံးရှေ့မှာ ယုတ္တိရှိရှိနေဖို့ အဆင်ပြေအောင်နေဖို့နှင့် ဦးနေသိမ်ကို ပြုစုလုပ်ကိုင်ပေးဖို့တွေ တွေးရင်းနှင့်ပင် စုံအောင်မတွေးရသေးခင် ကားက သုခရိပ်မြုံသို့ ရောက်သွားလေ၏။

ခမ်းနားကြီးကျယ်သည့် နှစ်ထပ်တိုက်လုံးကြီးနှင့် ပြည့်စုံကြွယ်ဝသည့်ခြံကိုကြည့်ရင်း လေညှင်း ကိုယ့်တောင်ကြီးကအိမ်ကို သတိရသွားမိသည်။ အိမ်ချင်းတူလို့တော့ မဟုတ်ပါ။ လူဆိုတာ သူများအိမ် ဘယ်လောက်ကောင်းကောင်း၊ ကိုယ့်အိမ် ကိုယ့်မိသားစုကိုပဲ သွားပြီးသတိရတတ်တာ မဟုတ်လား။

တောင်ကြီးကအိမ်ဟာ ခြံနှင့်ဝင်းနှင့် နှစ်ထပ်တိုက်ကလေးပါ။ လေညှင်းရဲ့မိဘများဟာ ခြံအလုပ်နှင့် အဆင်ပြေကြပေမယ့် ဦးနေသိမ်တို့လိုတော့ မချမ်းသာဘူးပေါ့။

သာမန်ကားလေးတစ်စီးရယ်၊ ခြံနှင့်ဝင်းနှင့် နှစ်ထပ်တိုက်လေးရယ်၊ နောက် သစ်သီးခြံ လက်ဖက်ခြံလေးတွေ ပိုင်ပါသည်။ ဒါပါပဲ။ သို့သော် လေညှင်းရဲ့မိသားစုဟာ သိပ်ပြီးငြိမ်းချမ်းသာယာသည့်မိသားစုပါ။

ယခုလို စတာန့်ထွင်ပြီး လုပ်ကိုင်ခွင့်ရတာလည်း ဖေဖေနဲ့မေမေဟာ အစ်ကိုစိုင်းဝဏ္ဏကို ယုံကြည်မှုနှင့် ပန်းလေညှင်း ပူဆာလွန်းလို့ပါပေ။

တက္ကစီသမားက ပန်းလေညှင်း၏အိတ်ကို ချပေးပြီး ပြန်လည်ထွက်ခွာသွားလျှင် သူမ ခြံရှေ့မှာ ကုပ်ကုပ်လေးရပ်နေရင်း အားမွေးနေ





ရသည်။ လုပ်မယ်ဆိုမှတော့ ငါဖြစ်အောင်လုပ်ရမှာပေါ့။

ပန်းလေညှင်း ခြံဝမှ လူခေါ်ဘဲလ်ကိုနှိပ်လိုက်လျှင် ခြံကြီးက အလိုလိုပွင့်လာပါတော့သည်။ အိမ်ထဲမှ ခလုတ်နှင့်ဖွင့်ပေးသလား၊ ရီမုနှင့် ဖွင့်ပေးသလားပင်။

ကိုယ့်အိတ် ကိုယ်ဆွဲရင်း သူမ တိုက်ထဲသို့ဝင်လာတော့ တိုက်ပေါက်ဝမှာပင် ဒေါ်မာလာတင့်နှင့် တွေ့ဆုံရပါ၏။

"ပုံစံကတော့ အလန်းစားပဲဟော့၊ ယူလာတဲ့အိတ်ကိုက သိန်းကျော်တန်တဲ့အိတ်နဲ့။ တောင်ကြီးကဆိုတော့ ဘယ်ခေမလဲ။ ပြောစမ်း! ညည်း ဒီကိုဘာလုပ်ရအောင် လာတာလဲ။ ရုပ်ကလည်း ရုပ်ရှင်မင်းသမီးရှုံးနဲ့"

"ကျွန်မ နာ့စ်လုပ်ရအောင် လာတာပါ အန်တီ။ ဒီအိတ်က နိုင်ငံခြားကပြန်လာတဲ့ဦးလေး စွန့်ကျဲထားလို့ပါ"

"ဟင်း. . . ညည်း ကျပ်ကျပ်သတိထား၊ မရိုးမသားတစ်ခုခုဆိုရင်တော့ ညည်းကို ငါ ကုတ်ဆွဲပြီး ရဲစခန်းအပ်ပစ်လိုက်မယ်"

စကာတည်းက ယဉ်သကိုဆိုသလို အပေါက်မှဆီးပြီး ဟောက်နေသည့်မိန်းမကြီးအား ပန်းလေညှင်း ပြုံးကြည့်နေရတော့သည်။ ဒီအိမ်မှာ ဩဇာအရှိဆုံးဟာလည်း ဒီမိန်းမကြီးပဲဖြစ်မည်။

ဆီးကြိုသူမရှိသည့်အဖြစ်မို့ အိတ်တစ်လုံးနှင့် ပန်းလေညှင်း၊ အောင်ဟိန်းထက်နှင့် စိုင်းဝဏ္ဏတို့ လှမ်းပြီး မေတ္တာပို့နေမိစဉ်၊ အောင်ဟိန်းထက် မတော်တဆလိုလိုဖြင့် ကားနှင့်ရောက်လာခဲ့သည်။

"အန်တီရေ. . . မနက်ကခန့်လိုက်တဲ့နာ့စ်တွေ ရောက်ပြီလား။ ကိုနေ နေရတာ အဆင်မပြေဘူးလေ။ သူတို့ မနက်မှလာရင် ပြီးပါလေ



www.burmeseclassic.com

www.burmeseclassic.com



ရော"

စပါးရောဖွဲရောနှင့် သူ အိမ်ထဲဝင်လာတော့ ဧည့်ခန်းထဲမှာ အိတ်ကိုဆွဲကိုင်ကာ ယောင်ချာချာဖြစ်နေသည့် ပန်းလေညင်းကို ဘွားခနဲတွေ့လိုက်ရ၏။ ဒေါ်မာလာတင့်က လေသံမာမာနှင့်. . .

"အဲဒီမှာ နင်တို့ နစ်ပေါက်တစ်ပေါက်ရိုက်ထားတဲ့ နာစ့်ရောက်ပြီ။ ကြည့်ပါဦး. . . ဒါလား နာစ့်"

"အန်တီတို့ကို ကျွန်မ သင်တန်းဆင်းလက်မှတ်တွေ ပြပြီးပြီလေ။ အကူသူနာပြုသင်တန်းဆင်းပြီးသားပါ"

"ကဲကဲ. . . ဒေါ်မာလာတင့်၊ ကိုယ့်ဝန်ထမ်းတွေကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဗျာ။ လာ. . . ညီမ၊ ကိုနေ့အခန်းကို သွားရအောင်"

အောင်ဟိန်းထက် ဦးဆောင်ပြီး ပန်းလေညင်းကိုခေါ်သွားလျှင် ဒေါ်မာလာတင့် မဲ့ရွဲ့ပြီး ကျန်ခဲ့သည်။ သူမ မသက်ာ။ အဲဒါ အောင်ဟိန်းထက်ရဲ့လူလား။ သင်းကရော ဘာအကြံအစည်တွေရှိသလဲ။ နေသိခ်တို့သားအဖရဲ့လုပ်ငန်းမန်နေဂျာမို့ သင်းကိုလည်း ယုံလို့မရ။ ပစ္စည်းတွေကို အပျောက်ရိုက်ချင်လို့ နေသိခ်ကို လုပ်ကြံချင်လည်း လုပ်ကြံမည်။

ဒါကြောင့် သူ့လူတွေ သွင်းလေသလား။ ဟင်းဟင်း. . . အောင်ဟိန်းထက်ရယ်၊ နင့်ပညာ နုပါသေးတယ်။

အောင်ဟိန်းထက် ပန်းလေညင်းကို အပေါ်ထပ်သို့ခေါ်သွားခြင်းပါပေ။ အပေါ်ထပ်ရှိ လေသာဆောင်ကို လှမ်းမြင်နေရသည့်အခန်းကျယ်ကြီးရှေ့မှာ သူတို့ရပ်လိုက်ကြသည်။

"ဒီအခန်းပဲ၊ ကိုနေ့အခန်း"

"ကျွန်မကရော ဘယ်မှာနေရမှာလဲ"





"သူ့ရဲ့နာစ့်ဆိုတော့ သူ့အခန်းနားမှာ ထားမှာပေါ့။ လာ. . . သူနဲ့တွေ့ပြီးမှ နေရာချထားလိမ့်မယ်"

အောင်ဟိန်းထက် အခန်းတံခါးကိုဖွင့်ဝင်သွားတော့ နေသိခ်ကို ပြတင်းပေါက်နားမှာ ထိုင်လျက်သားတွေ့လိုက်ရသည်။ သူ့မျက်လုံးများမှာ မျက်မှန်းမည်းတပ်လျက်သား။ အသံကြားရာဘက်သို့ နားစွင့်နေပုံရ၏။

"ကိုနေ"

"အောင်ဟိန်းလား"

"ဟုတ်တယ်. . . နာစ့် ရောက်လာပြီ၊ ပန်းလေညင်းလေ"

"ဪ. . . ထိုင်. . . အဲဒီမှာ ထိုင်"

သူ့အခန်းမို့ ဘယ်နေရာ ဘာရှိတယ်ဆိုတာ သိပြီးသား။ အခန်းကျယ်ကြီးမို့ အထဲမှာပင် စားပွဲနှင့်ဆက်ပ်ီဘစ်စုံရှိသည်။ အိပ်ရာကုတင်နှင့် အဝတ်ဗီရို၊ နောက် စာကြည့်စားပွဲပေါ်မှာ ကွန်ပျူတာတင်လျက်။ ဒါလောလောဆယ်တော့ သူဘာမှလုပ်နိုင်တော့မှာမဟုတ်။

ပန်းလေညင်း ဆိုဖာတစ်ခုပေါ်မှာ ဝင်ထိုင်ရင်း နေသိခ်ရှိရာသို့ မျက်နှာမူလိုက်သည်။ နေသိခ်ကလည်း ပန်းလေညင်းရှိမည့်ဘက်သို့ မှန်းပြီးကြည့်နေပါ၏။

"ဟိုတစ်ယောက်ကရော ဘယ်တော့ရောက်လာမှာလဲ"

"ဒီညနေပဲ ရောက်မယ်လေ"

"မင်းစောင့်ပြီး နေရာချထားလိုက်ဦး၊ ငါ့ရဲ့ဘယ်တောင်ပံနဲ့ ညာတောင်ပံမှာ ထားလိုက်ပေါ့ကွာ"

"ကိုနေ့ဘယ်ဘက်အခန်းမှာ ခင်ပိုးဝါ နေတယ်လေ၊ ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းကတော့ လွတ်ပါတယ်"

"ခင်ပိုးဝါကို နေရာအရွှေ့ခိုင်းလိုက်၊ သူက ငါ့အတွက် ဘာမှ အားကိုးရတာမဟုတ်ဘူး။ တောက်! စေ့စပ်ထားရုံနဲ့ အိမ်ပေါ်တက်လာရဲတဲ့မိန်းမ. . . မကြိုက်ဖူးပါဘူး"

"ကဲ. . . ကိုနေရယ်၊ စိတ်လျှော့ပါ။ သူလည်း နေစရာမရှိလို့ လာနေတာပါ။ သူ့အဖြစ်ကလည်း တစ်မျိုးလေ"

"ကဲပါ. . . ငါ ဒါတွေဘာမှမသိချင်ဘူး၊ ငါခိုင်းသလိုလုပ်လိုက်ပါ။ အိမ်ကအကျယ်ကြီးပဲ၊ အခန်းတွေလည်း အများကြီးရှိတာ။ သူကြိုက်တဲ့နေရာကို ရွှေ့ပေးလိုက်။ ငါ့ရဲ့နာစ့်တွေကတော့ အရေးကြုံရင် လွယ်လွယ်ခေါ်လို့ရအောင် ငါ့ရဲ့ဘယ်ဘက်ခန်းနဲ့ ညာဘက်ခန်းမှာ ရွှေ့ပေးထားလိုက်ပါ"

"ကောင်းပါပြီ ကိုနေ"

အောင်ဟိန်းထက် အခန်းတွေသွားပြီး စိစဉ်နေလျှင် နေသိမ်အခန်းထဲမှာ ပန်းလေညင်းတစ်ယောက်တည်း ကျန်ခဲ့သည်။ နောက် အခန်းထဲမှာ သပ်သပ်ရပ်ရပ်ဖြစ်အောင် သူမ လျှောက်ပြီးသိမ်းဆည်းနေလျှင် နေသိမ် သူမရဲ့ခြေသံကိုနားစွင့်နေ၏။ ပြီးမှ. . .

"ပန်းလေညင်း"

"ရှင်. . . ဆ. . . ဆရာ"

"ငါက မင်းကို ဘာမှသင်ပေးထားတာမှမဟုတ်ဘဲ၊ ဆရာလို့ မခေါ်နဲ့။ မင်း ငါ့ထက်ငယ်မှာပါ။ အစ်ကိုလို့ပဲခေါ်"

"ဟို. . . ကျွန်မ"

ပန်းလေညင်း ဘာဆက်ပြောရမှန်းမသိ။ အလုပ်ရှင်နှင့်အလုပ်





သမားမို့ ဒီလိုလည်းမခေါ်ရဲ၊ မခေါ်ချင်။ သူမအခက်တွေ့နေတုန်း နေသိမ်က. . .

"ငါ မင်းရုပ်ဘယ်လိုနေလဲ စမ်းသပ်ကြည့်ချင်တယ်၊ ဖြစ်မလား"

"ရှင်! "

ဘယ်လိုကြီးလဲ။ အင်းလေ. . . သူ့ခမျာ မြင်မှမမြင်ရရှာတာ။ စမ်းကြည့်ချင်မှာပေါ့။

"ဖြစ်မှလုပ်ပါလေ၊ အသံကြားရတာတော့ စိတ်ကောင်းရှိမယ့်ပုံပဲ။ အသံလေးက ချိုတယ်၊ ဩတယ်၊ မိန်းကလေးထဲမှာတော့ ရှားရှားပါးပါးအသံပဲ။ ငါမျက်စိကွယ်သွားတော့မှ လူတွေရဲ့စိတ်ကို အသံကနေ ခန်းမှန်းယူတတ်လာတယ်။ ဥပမာ ဒေါ်မာလာတင့်အသံဆိုရင် သူ့အသံထဲမှာ ဒီကိုလုပ်ကြံချင်တာတွေ၊ ပစ္စည်းဥစ္စာရှိသမျှ လက်ဝါးကြီးအုပ်ချင်တာတွေ၊ အနိုင်ကျင့် ဗိုလ်ကျချင်တာတွေ ပေါ်နေတယ်"

"ခင်ပိုးဝါရဲ့အသံကရော"

ပန်းလေညင်းစိတ်ဝင်စားတာ ခင်ပိုးဝါ။ နာမည်လေးက ချစ်စရာကောင်းသလို လူလေးကလည်း ချောချောလေး။ ဖြူဖြူနွဲ့နွဲ့လေးနှင့်။ အင်း. . . လက်မထပ်ရသေးဘဲနှင့် သူဘာဖြစ်လို့ ဒီအိမ်ပေါ် ရောက်နေရတာလဲ။ သူ့မိဘတွေက ဘယ်လိုကြီးလဲ။

"ခင်ပိုးဝါလည်း ပျော့ပျော့နွဲ့နွဲ့တဲ့ ကြောင်ချီးသံ ထွက်နေတယ်။ အဖေရှိတုန်းက စေ့စပ်ပေးခဲ့တယ်ဆိုပေမယ့် ဒေါ်မာလာတင့်ရဲ့အစီအစဉ်ကြီးပါ။ ငါမယူချင်ပါဘူး"

"သူကရော"

"ဟာ! သူကတော့ ယူမှာပေါ့၊ မင်းဆိုလည်း စဉ်းစားကြည့်လေ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမမြင်ပေမယ့် ပစ္စည်းဥစ္စာရှိမယ်၊ ကိုယ်သုံးချင်တိုင်း သုံးရ၊ လုပ်ချင်တိုင်းလုပ်ရမယ်ကွာ။ ကဲ. . . စိတ်မဝင်စားဘူးလား"

"ဒါတော့ ရှင်လွန်ပြီ၊ မိန်းကလေးတိုင်း ငွေမမက်ဘူးရှင့်။ ရှင်ပြောသလိုဆိုရင် လောကကြီးမှာ ချစ်ခြင်းမေတ္တာတရားတွေ မရှိတော့သလိုတဲ့"

"ရှိရောရှိလို့လား။ မေတ္တာတွေ အချစ်တွေ ငါအယုံအကြည်မရှိဘူး။ အနည်းဆုံး ခင်ပိုးဝါမှာ ချစ်ခြင်းတွေ မေတ္တာတွေ မရှိတာသေချာတယ်။ သူကတော့ ဒီလောက်ငွေမနေပေါတဲ့ဘဲကြီးကို ဘယ်စွန့်လွှတ်နိုင်မလဲ။ သူ့ရှေ့ရေးအတွက် ဖက်တွယ်ထားမှာပေါ့။ ဟား. . . ဟား. . . ဟား ဘယ်လောက်ရယ်စရာကောင်းလိုက်တဲ့ လောကကြီးလဲလို့။ ကဲပါ. . . ငါ မင်းရုပ်ကို ခန့်မှန်းကြည့်ချင်လို့ ငါ့လက်နဲ့စမ်းကြည့်ပါရစေ"

နေသိမ်ခံ သူထိုင်သည့်နေရာမှ လက်လှမ်းနေတော့၊ ပန်းလေညင်း မဆန့်ကျင်နိုင်တော့ပါ။ သူ့အနားသို့သာ စပါးကြီးမြွေရဲ့ညို့ချက်မိသူလို တရွေ့ရွေ့ ကပ်သွားမိရသည်။

ကိုယ်ဟာ သန့်စင်ရိုးသားသည့် အပျိုစင်မလေးမို့၊ ယောကျ်ားတွေနှင့် လက်ပွန်းတတီးမနေဖူးပါ။ ယုတ်စွအဆုံး ရည်းစားလည်း မထားဖူးခဲ့သည်မို့ နေသိမ်အနားသို့ သွားရသည်မှာ ရောမ စွန့်စားခန်းကြီးတစ်ခု။

နာ့စ်လုပ်ပြီး ဝေယျာဝစ္စလုပ်ပေးရမည်ဆိုတာက တစ်မျိုး။ ယခုက ကိုယ့်ကိုစမ်းသပ်ကြည့်မှာ။ နေသိမ်ရဲ့ ရှင်းသန့်ချောမောသည့်ရုပ်ရည်ကို မမိုတ်မသုန်ကြည့်ရင်း ပန်းလေညင်း သူ့အနားသို့ ကပ်သွားသည့်အခါ လက်တစ်ကမ်းအကွာမှာ ပန်းလေညင်း ရပ်တုံ့နေမိသည်။





"လာပါ၊ မင်းကို ငါကိုက်မစားပါဘူး၊ ငါက ဒုက္ခိတတစ်ယောက်ပါ။ မျက်မမြင်တစ်ယောက်ပါ"

သူ့အပြောကြောင့် ပန်းလေညင်းရင်ထဲ နင့်ခနဲခံစားလိုက်ရပြီး သူ့အနားမှာ ဒူးထောက်ထိုင်ချလိုက်မိတော့သည်။

သူက သူ့လက်နှစ်ဖက်နှင့် ပန်းလေညင်းကို စတင်စမ်းသပ်ပါ၏။ သူ့လက်နှစ်ဖက်ထဲမှာ သူမ ကိုယ့်မျက်နှာကို ထည့်ပေးလိုက်သည့်အခါ သူက နူးညံ့သည့် သူ့လက်ချောင်းများနှင့် ရွရွကလေးစမ်းသပ်ရာသည်။

နဖူး၊ မျက်ခုံးနှင့် နှာတံ၊ ပါးလေးများနှင့် နှုတ်ခမ်းဖူးဖူးလေး၊ မေးစေ့လုလုလေးတွေထိ။

"ဩော်. . . မင်းဟာ မိန်းမချောလေးတစ်ယောက်ပဲ၊ အသားရော ဖြူသလားဟင်"

"ကျွန်မကို စိတ်မဝင်စားပါနဲ့၊ ကျွန်မက ဦးနေသိမ်ကို ပြုစုပေးရမယ့် နာ့စ်ပါ။ ပြီးတော့ ခင်ပိုးဝါလောက်လည်း လှပါဘူး"

"လာပြန်ပြီ. . . ခင်ပိုးဝါ၊ သူ့ကို ငါလုံးဝစိတ်မဝင်စားဘူး၊ လက်သည်း မထပ်ဘူး။ အလကား. . . ပိုင်းလုံးမ၊ ကျားသစ်မ။ ငါ့အသေကိုစောင့်ပြီး အမွေခွဲမလို့ အတင်း အိမ်ပေါ်တက်လာတာ"

သူ ပန်းလေညင်းကို ဒေါသထွက်ပြီး မျက်နှာကို တွန်းပစ်လိုက်စဉ် ဒေါ်မာလာတင့် ဘောကြီးပမ်းကြီးနှင့် အခန်းထဲသို့ ဝင်လာ၏။

"မောင်နေ. . . လွန်နေပြီနော်၊ မင်းက မျက်စိမမြင်ဘဲနဲ့ လူကောင်းတွေကိုကျော်ပြီး လုပ်ချင်တာတွေ လျှောက်လုပ်နေတာပဲ။ အခုလည်း နာ့စ်တွေကို မင်းအနားမှာ ထားမလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခင်ဗျားကရော ကျုပ်စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးဆွဲပေးနေတာလား"

"မင်းကရော ကိုယ့်အိမ်၊ ငါလုပ်ချင်တာလုပ်ရမယ်ဆိုတဲ့အချိုးလား"

"ဒီမှာ. . . ခင်ဗျားပြောသလိုပြောရရင် ကျုပ်က မျက်မမြင်တစ်ယောက်ပါ။ ကိုယ့်နာစဲ့တွေကို ကိုယ့်အခန်းနားထားတာ ဘာဖြစ်သွားမှာမို့လို့လဲ။ နေစရာတွေ အများကြီးရှိရက်နဲ့၊ ကျုပ်ကိုလိုက်ပြီး ကန့်လန့်တိုက်နေတယ်"

သည့်အခါ ဒေါ်မာလာတင် လေသံပျော့လေးနှင့်. . .

"ဒါကြောင့်ပြောတာ၊ မောင်နေ့ကို ခင်ပိုးဝါနဲ့ အမြန်ဆုံးလက်ထပ်ဖို့"

"ခင်ဗျား စိတ်တော့ကောင်းပါတယ်နော်၊ ကျုပ်အဖေဆုံးတာလည်း ဆယ်ရက်ပဲရှိသေးတယ်၊ ကျုပ်မျက်စိကွယ်သွားတာလည်း ဆယ်ရက်၊ ကျုပ်က မျက်စိပြန်မြင်ချင်မှမြင်မှာ။ ခုချိန်မှာ ကျုပ်မျက်စိကလွဲလို့ ဘာမှစိတ်မဝင်စားဘူး။ ခင်ပိုးဝါကိုလည်း ကျုပ်လက်မထပ်နိုင်ဘူး"

"ဪ. . . ကိုနေရယ်၊ အန်တီပြောတာ လှောသွားလို့ပါ။ ခင်ပိုးဝါက မိန်းမပြတ်ကလေးပါ။ မောင်နေ့ကိုလည်း အရမ်းသနားကရုဏာသက်နေတာ"

"မလိုပါဘူး၊ ကျုပ်ကို ဘယ်သူမှ သနားစရာမလိုဘူး"

"သူက မောင်နေ့ကို အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလတို့လိုပဲ ပြုစုလုပ်ကျွေးချင်တဲ့သူပါ"

"ဟား. . . ဟား. . . ဟား. . . ဆင်ကောင်ကြီးမြင်နေရတာတောင် ကျုပ်က ဆင်ခြေရာခံနေရဦးမှာလားဗျ။ ကျုပ်ကိုယူချင်တာ ကျုပ်ရဲ့စည်းစိမ်ဥစ္စာတွေကို မက်မောသုံးဖြုန်းချင်လို့၊ ကျုပ်မျက်စိပြန်မကောင်းမချင်း ဘယ်သူ့ကိုမှ လက်မထပ်ဘူး။ ကျုပ် အရူးမှမဟုတ်ဘဲ၊ ကဲ! သွားကြဗျာ. . . ကျုပ်စိတ်ချမ်းသာအောင် နေပါရစေ။ ကျုပ်ကို မဆန့်ကျင်ကြပါနဲ့။ ခင်ပိုးဝါအတွက် သင့်တော်တဲ့အခန်းတစ်ခု ရှာပေးလိုက်ကြ၊ ဒါပဲ"





နေသိမ် ကျောခိုင်းလိုက်တော့ ဒေါ်မာလာတင့် ပန်းလေညှင်းကို မျက်စောင်းကြီးထိုးကာ ခြေကိုဆောင့်ပြီး ထွက်သွားတော့သည်။

ဪ. . . ပြဿနာပါလား၊ နေရင်းထိုင်ရင်း ရန်သူတော်တွေ တိုးနေရသည့်အဖြစ်။

နေသိမ်ကလည်း ခွစာကြီး။ ဒီကတော့ သူ့ကိုသနားနေမိတာ၊ သူတော့ စောစောကပြောပုံကို ကြည့်။

'မျက်စိမမြင်ပေမယ့် ပစ္စည်းဥစ္စာရှိမယ်၊ ကိုယ်သုံးချင်တိုင်း သုံးရ လုပ်ချင်တိုင်း လုပ်ရမယ်ကွာ၊ ကဲ. . . မင်းရော စိတ်မဝင်စားဘူးလား' တဲ့။

ဘယ်လောက် လက်ပေါက်ကပ်တဲ့လူကြီးလဲ။ ဟင်း. . . ဒီက သနားမိတာ၊ ကရုဏာသက်မိတာနှင့်တောင် မတန်။ ပန်းလေညှင်း နှုတ်ခမ်းလေး စူနေမိစဉ် အောင်ဟိန်းထက် ပြန်ဝင်လာပြီး. . .

"ကဲ! ပန်းလေညှင်း၊ မင်း. . . ကိုနေ့ ဘယ်ဘက်အခန်းမှာ နေရမယ်။ ညာဘက်ကတော့ ယောက်ျားနာစ့်အတွက်၊ ကဲ. . . လာလာ၊ မင်းပစ္စည်းတွေ သွားပြီးနေရာချရအောင်"

ပန်းလေညှင်း အိတ်တွန်းပြီး သူ့နောက်လိုက်သွားမည်ပြင်စဉ် နေသိမ် လှမ်းပြောလိုက်ပုံကလည်း ကြည့်ဦး။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့! ပြီးရင် ချက်ချင်းပြန်လာနော်၊ စားချိန်အိပ်ချိန်ကလွဲပြီး မင်း ငါ့အနားမှာ (၂၄)နာရီ အပြည့်ရှိနေရမှာ"

ပန်းလေညင်း မျက်စောင်းထိုးမိပြန်ပါသည်။

"ဒါဆို ရှင့်ရဲ့ မေးလ်နာစ့်က ဘာလုပ်ရမှာလဲ"

"သူက ညဘက်စောင့်ရမှာ၊ မင်းက နေ့ဘက်ပေါ့။ ငါ့ကို ရေ ချိုးတာ၊ ထမင်းကျွေးတာ၊ အဝတ်လဲတာအကုန် မင်းလုပ်ပေးရမှာ။ သူက ညဘက် ငါ့အနား စောင့်အိပ်ပေးရုံပဲ"

ပန်းလေညင်း ဒေါသတွေထွက်အောင် သူက တမင်သွေးပေးနေ တာများလား။ ဒီကြားထဲကပင် ပန်းလေညင်း ဒေါသထွက်လိုက်မိပါသေး။

"ဒါဆို ကျွန်မ ညဘက်စောင့်မယ်၊ ရှင့်မေးလ်နာ့်စ့်ကို နေ့ဘက် တာဝန်တွေ ယူခိုင်း"

သူ့ကိုငေါ့လိုက်ပေမယ့် သူက ပြုံးလိုက်ရင်း. . .

"အိုကေလေ. . . ရတယ်၊ မင်းမကြောက်ရင်လည်း ငါ့ကို ည ဘက်စောင့်ပေါ့။ တစ်ခုတော့ရှိတယ်နော်၊ ငါက ညဘက်ကျရင် ယောင် ပြီး ကောင်မလေးတွေကို လည်ပင်းညှစ်တတ်တယ်"

"သေလိုက်ပါလား"

ဒါကတော့ ပန်းလေညင်း စိတ်ထဲမှ ဆဲမိဆိုမိတာပါ။ အောင် ဟိန်းထက်ကတော့ ရှေ့မှ တသိမ့်သိမ့်ရယ်မောလို့ပါလေ။

၆



## အခန်း (၆)

ပန်းလေညင်း နေရသည့်အခန်းကလည်း ကောင်းပါသည်။ ခြံ ထဲကို ဆီးမြင်နေရပြီး ဝရန်တာနှင့်လည်း တစ်ဆက်တည်း။ အခန်းထဲမှာ ကုတင်၊ ဗီရို၊ မှန်တင်ခုံတွေ ပါရှိသည်။ ပြည့်စုံသည့်အခန်းလေးပါပဲလေ။ ခင်ပိုးဝါနေသွားသည့်အခန်းမို့လား မသိ။

သို့သော် ပန်းလေညင်းကလည်း အလုပ်သမားလုပ်ရအောင် လာ သူမို့ ခမ်းခမ်းနားနားတွေ ယူမလာခဲ့ပါ။ နားမှာ ပုလဲနားကပ်လေးရယ်၊ ဆွဲကြိုးမျှင်မျှင်လေးရယ်၊ ဒါပဲ။ လက်ဝတ်ရတနာတွေ ဘာမှယူမလာခဲ့ပါ။ အဝတ်အစားဆိုလည်း ၄၊ ၅၊ ၆ စုံလောက်ပဲ ယူလာသည်။ နောက် ည အိပ်ဝတ်ဖို့တော့ ဂွမ်းသားဝတ်စုံလေး သုံးလေးစုံ၊ ကိုယ့်အခန်းထဲမှာ ဝတ် ဖို့။ ကိုယ့်အဝတ်တွေကို အိတ်ထဲမှတောင် မထုတ်။ အရေးဟဲ့ဆို တန်း လစ်ရအောင်လေ။

အခန်းက ရေချိုးခန်း၊ သန့်စင်ခန်းလေးပါ တွဲထားသည်မို့ မဆိုး၊



www.burmeseclassic.com

www.burmeseclassic.com



သူမ ရေချိုးလိုက်ဦးမည်။ ရေချိုး အဝတ်အစားလဲပြီးတာနှင့် အစ်ကိုစိုင်း ရောက်လာမှာနှင့် အတော်ပါပဲ။

ပန်းလေညင်း ရေချိုး အဝတ်အစားလဲတာ မြန်ပါသည်။ အခြား မိန်းကလေးတွေလို မကြာ။ နောက် မှန်တင်ခုံရှေ့ရောက်တော့ ကျောက်ပျဉ်နှင့် သနပ်ခါးတုံးတွေ့ရသဖြင့် သနပ်ခါးမွှေးမွှေးလေးကို ခပ်ကျဲကျဲ လိမ်းလိုက်သည်။

နောက် ခါးထိရှည်သည့်ဆံနွယ်တွေကို ဘီးကျဲလေးနှင့်ဖြီးပြီး ကျစ်ဆံမြီး ကျစ်လိုက်သည်။ ကိုယ်က နာစ့်လုပ်ရမှာလေ။ အားလုံးပြင်ဆင်ချိန် တစ်နာရီလောက်ကြာသွားတော့ အပြင်မှ တံခါးခေါက်သံကြားရ၏။ ပန်းလေညင်း ဖွင့်ကြည့်လိုက်တော့ အောင်ဟိန်းထက်။

"ကြာလို့တဲ့ဟော့၊ မြန်မြန်လာ။ သူ့ကိစ္စတွေ လာလုပ်ပေးရမယ် တဲ့"

"ဟုတ်. . .လာပြီ. . .လာပြီ၊ အစ်ကိုစိုင်းရော ရောက်ပြီလား"

သူမ အသံကျယ်သွားသဖြင့် အောင်ဟိန်းထက် မျက်လုံးပြူး သွားရသည်။

"ရှူး. . .နင်တို့ချင်း မောင်နှမဆိုတာ ဒီအိမ်က ဘယ်သူမှ မသိစေနဲ့လေ။ ခက်တော့တာပဲ"

"ဦးနေသိမ်တော့ သိတယ်မဟုတ်လား"

"အေးလေ၊ သူကလွဲရင် ဘယ်သူမှသိလို့မရဘူး။ ဒါ စီးကရက်၊ ဆေးပြင်းလိပ်မဟုတ်ဘူး"

"ဆောရီး. . .ဆောရီး. . .သိပါပြီ"

"မပေါ့ပါနဲ့ဟာ၊ နံရံတွေမှာ နားတွေရှိတယ်"





ပန်းလေညင်း အခန်းထဲမှ အမြန်ထွက်ပြီး ကိုယ့်အခန်းကိုလည်း ပိတ်ခဲ့၏။ သူမ ဝတ်ထားတာ ရှမ်းလုံချည်ပန်းရောင်လေးနှင့် ဆွယ်တာ ခေါင်းစွပ်ပန်းရောင်လေးပါ။ တောင်ကြီးသူမို့ အနွေးထည်တွေကတော့ ပေါ မှပေါ။

နေသိမ်အခန်းထဲရောက်လျှင် ကိုစိုင်းကိုပါ တွေ့လိုက်ရ၏။ အမယ် ကိုစိုင်းက သူမကိုမသိချင်ယောင်ဆောင်လို့၊ အခန်းထဲမှာ ဒေါ်မာလာတင့် ရော ခင်ပိုးဝါပါ ရှိသည်လေ။ နေသိမ်ကပင်. . .

"ပန်းလေညင်း. . .ဒါ ကိုယ့်ရဲ့မေးလ်နာစ့် ကိုစိုင်းဝဏ္ဏတဲ့၊ နာစ့် ဆိုပေမယ့် ညီအစ်ကို မောင်နှမတွေလို သဘောထားပါတယ်။ ကိုယ်လို အပ်တာကို ကူညီလုပ်ကိုင်ပေးကြပါ"

"ဟုတ်ကဲ့ပါရှင်"

"ကဲ! ကိုစိုင်းဝဏ္ဏကို သူနေရမယ့်အခန်း လိုက်ပို့လိုက်ပါ အောင် ဟိန်း"

အောင်ဟိန်းထက်က စိုင်းဝဏ္ဏကို ညာဘက်ခန်းသို့ခေါ်သွားလျှင် အခန်းထဲမှာ ဒေါ်မာလာတင့်၊ ခင်ပိုးဝါနှင့် ပန်းလေညင်းတို့ ကျန်ခဲ့သည်။ နေသိမ်ကပင်. . .

"ကိုယ့်ကို ရေပတ်တိုက်ပေးပါ ဒီနေ့ ရေမချိုးရသေးဘူး။ အခန်း ထဲမှာ ဘယ်သူရှိလဲ၊ အပြင်ထွက်ပေးပါ"

"အောင်မယ်လေးဟဲ့. . .သူကပဲ ရှက်နေရသေးတယ်"

ဒါကတော့ ဒေါ်မာလာတင့်ရဲ့ မကျေမနပ်အသံ။

"ကိုနေ. . .ခင်ပိုးဝါ ကူလုပ်ပေးဖို့ ကျန်ခဲ့မယ်လေ"

"ရတယ်. . .သွား၊ ပန်းလေညင်း လုပ်ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာတင့်တို့ ထွက်သွားတော့ နေသိမ်သူမကို အခန်း တံခါးပိတ်နိုင်းလိုက်သေး၏။

"ဒါက နေ့တိုင်းရေချိုးချင်တာ၊ ဒီနေ့ အဖျားသွေးရှိသေးလို့ ရေပတ်ပဲ တိုက်နိုင်းတာ"

"ခါတိုင်းက ဦးနေ့ကို ဘယ်သူပြုစုလုပ်ကိုင်ပေးလဲ"

'ဘယ်သူလုပ်ပေးတာမှ မခံဘူး၊ ငါ့ဘာသာ ဒီလိုပဲ ရေချိုးခန်း ထဲ စမ်းဝင်. . . ရေချိုး၊ ဟိုတိုက်ဒီတိုက်ပေါ့"

"အို. . ."

သူမ ကရုဏာသက်ရပြန်၏။ ဒါကြောင့် သူ့မှာ ဟိုနာဒီနာတွေ ပလပ်စတာကပ်ထားရရှာတာကိုး။ ပန်းလေညင်း မမေးတော့ပါ။ အမြန် ဆုံး ရေပတ်တိုက်ပေးဖို့သာ ပြင်ရသည်။ ညနေငါးနာရီတောင် ရှိပြီလေ။

သူ့ကိုအင်္ကျီချွတ်ပေးရတော့ ဖွေးခနဲ ဝင်းခနဲ ပေါ်လာသည့် ယောက်ျားတစ်ယောက်ရဲ့ ရင်ဘတ်ဟာ သူမအတွက် ပထမဆုံးမြင်ဖူးရ တာပါ။

ကိုရီးယားမင်းသားတွေလိုပဲ၊ သူ့ဇလက လုလုပ ကျစ်ကျစ်လျစ် လျစ်။ ဒီရင်ဘတ်ကြီးကို သူမ ရေစိုဝတ်နဲ့ပွတ်ရတော့ လက်တွေက တုန် တုန်ယင်ယင်။ တကယ်လည်း နာစ့်အစစ်မှမဟုတ်တာနော်၊ အတုကြီး။ ရင်တွေခုန်နေရတာ ရင်တွေတုန်နေရတာ စည်တီးနေသည့်အတိုင်း။

"မင်းလက်တွေ တုန်နေပါလား၊ ဘာလဲ. . . ရင်ခုန်နေတာလား"

"အား. . ."

တော်တော်ဆိုးတဲ့လူကြီး၊ ပန်းလေညင်း ကျွမ်းတိုသွားရချေပြီ။ သူ့ကို အမြန်ဆုံးရေပတ်တိုက်ပေး၏။ နောက် အဝတ်ကို အမြန်ဝတ်ပေး





ရသည်။

"မနက်ဖြန် ဆရာဝန်ဆီ သွားရမယ်၊ ဆေးခန်းပြရက်လေ။ ကိုစိုင်းဝဏ္ဏက ကားမောင်းတတ်တော့ အတော်ပဲ။ သူတို့ဒရိုင်ဘာတွေကို ငါမယုံဘူး။ တို့သားအဖကို လုပ်ကြံတာ သူတို့ပဲ"

နေသိမ် ဖခင်အတွက် ခံပြင်းလွန်းသဖြင့် အံကြိတ်လက်သီးဆုပ် ရင်း မျက်ရည်ဝဲလာခဲ့၏။ သူ့အကြောင်းတွေကို ပန်းလေညင်းအား ပြော ပြနေချင်မိတာ။

"ဖေဖေက လူရိုးလူဖြောင့်ပါ၊ ဒီမိန်းမ ဖေဖေ့ကိုလှည့်ဖြားပြီး ယူခဲ့တာ။ လောကကြီးမှာ ပစ္စည်းဥစ္စာကြောင့် အသက်တွေ ဆုံးရှုံးရတာ ရင်နာစရာကောင်းလွန်းတယ်။ ပစ္စည်းဥစ္စာတွေကို မုန်းတယ်၊ မိန်းမယုတ် တွေကို မုန်းတယ်။ လောကကြီးကို မုန်းတယ်"

နေသိမ် မျက်ရည်မကျအောင် တောင့်ထားပေမယ့် ခံစားချက် ကြောင့် သူ့မျက်နှာချောချောဟာ ရဲရဲနီလို့ပါ။ ပန်းလေညင်း ဖျောင်းဖျ ရသည်။

"စိတ်ဆိုတာ အစွန်းရောက်ရင် မကောင်းပါဘူးရှင်။ သူတို့တွေ မကောင်းမှန်းသိရင်လည်း ကင်းကင်းပြတ်ပြတ်နေနိုင်အောင် ကြိုးစား ပေါ့ ဦးနေ့ရယ်။ လောကကြီးကိုတော့ မမုန်းလိုက်ပါနဲ့၊ လောကကြီးထဲမှာ လူကောင်းတွေလည်း အများကြီးရှိပါတယ်။ ကိုယ့်အနားကလူ မကောင်း တာနဲ့ လောကကြီးကို စိတ်မပျက်ပါနဲ့ရှင်"

သူမတို့ပြောနေကြဆဲ အောင်ဟိန်းထက်နှင့် စိုင်းဝဏ္ဏတို့ တံခါး ခေါက်ပြီး ဝင်လာခဲ့ကြသည်။ သူတို့ဝင်လာချိန်မှာ နေသိမ် ဝတ်စုံပြည့် ဝတ်ဆင်ပြီးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



''ကိုနေ. . . တယ်စမတ်ကျနေပါလား။ ကဲ! ကျွန်တော်လည်း ပြန်မှထင်တယ်။ တော်ကြာ အဘွားကြီး ရိပ်မိကုန်လိမ့်မယ်။ ကျွန်တော့်ကို အစိမ်းလိုက်ဝါးစားချင်နေမယ်''

''နေပါဦးဗျာ၊ ကိုယ်တို့နဲ့အတူ ထမင်းစားပါဦး''

''အင်း. . . အိမ်ရှင်က ဖိတ်ခေါ်တော့လည်း စားရတာပေါ့လေ။ နေပါဦး. . . ကိုနေ့ အစက အခန်းထဲမှာ စားတာပါ''

''ဟုတ်တယ်လေ၊ ထမင်းစားခန်းထဲထိ ဘယ်လိုမှမသွားနိုင်တဲ့ အတူတူ အခန်းထဲမှာပဲ စားလိုက်တယ်။ မမြင်မစမ်းနဲ့ စားရတာ တော်တော်စိတ်ညစ်စရာကောင်းတာပဲ။ အင်း. . . တစ်သက်လုံး မျက်စိ ပြန်မမြင်တော့ဘူးဆိုရင်တော့လည်း တစ်နည်းနည်းသုံးပြီး ကိုယ့်အားကိုယ် ကိုးနိုင်အောင် စီစဉ်ရမှာပေါ့လေ။ ခုတော့လည်း နာစ့်ကိုပဲ အားကိုးလိုက်ဦးမယ်''

သူ့အားကိုးသလိုပဲ ပန်းလေညင်း သူ့လက်တစ်ဖက်ကိုကိုင်ကာ ဘေးမှတွဲသွားရပါသည်။ နေသိမ်ကတော့ စကားတပြောပြော။

''လမ်းလျှောက်တုတ်နဲ့ လမ်းလျှောက်တတ်အောင် ကိုယ့်ဘာသာ လုပ်တတ်ကိုင်တတ်အောင်လည်း လေ့ကျင့်မယ်။ လောလောဆယ်တော့ သည်းခံနော် ပန်းလေညင်း''

''ဟုတ်ကဲ့ပါ. . . အားမနာပါနဲ့ ဦးနေရဲ့။ ကျွန်မက နာစ့်ပဲဟာ''

သူတို့နောက်မှ စိုင်းဝဏ္ဏပါ အပြေးလိုက်လာပြီး၊ နေသိမ်ကို လက်ပြောင်းခေါ်သွား၏။ လေ့ကားက အမြင့်သား။ သူတို့လေးယောက် အိမ်ပေါ်မှဆင်းလာကြပြီး ထမင်းစားခန်းသို့ အောင်ဟိန်းထက် ဦးဆောင်ပြီး ဝင်ခဲ့ကြသည်။





ညနေငါးနာရီခွဲခန့်ရှိပြီမို့ အလုပ်သမားနှစ်ယောက် ညစာအတွက် စီစဉ်နေကြ၏။ ထမင်းစားခန်းထဲမှာ မည်သူမျှ ရောက်မလာကြသေး။

နေသိမ်ကပင် အိမ်ရှင်ပီပီ အလုပ်သမားနှစ်ယောက်ကိုလှမ်းပြီး အမိန့်ပေးလိုက်သည်။

''ဒေါ်မိုးသူနဲ့ မချောစု၊ ထမင်းပွဲပြင်ပေးကြဗျာ။ ကျုပ်တို့အဖွဲ့ စားတော့မယ်''

''ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာလေး၊ ခုချက်ချင်းပဲ ပြင်ဆင်လိုက်ပါ့မယ်''

ဒေါ်မိုးသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ဖြူဖြူဝဝ ပုပု၊ မချောစုကတော့ အသက်နှစ်ဆယ်လောက်ရှိပြီး ညိုညိုသွယ်သွယ်။ ရွက်ကြမ်းရေကျိုရုပ်မျိုး။ ထမင်းပွဲကိုအမြန်ဆုံးပြင်ဆင်နေတော့ မနေနိုင်သည့် ပန်းလေညင်းပါ ကူညီမိသည်။

သည်စဉ် ထမင်းစားခန်းထဲသို့ ဒေါ်မာလာတင့် ဦးဆောင်ပြီး သူ့အဖွဲ့ပါ ဝင်ရောက်လာခဲ့သည်။ ဒေါ်မာလာတင့်၊ ထိုက်တန်၊ နေမျိုးဗိုလ်နှင့် ခင်ပိုးဝါ အားလုံးလေးယောက်။ ဒေါ်မာလာတင့်ကပင်. . .

''ကိုနေ ထမင်းစားတော့မလို့လား၊ ကောင်းတယ်. . . စားချင်သောက်ချင်စိတ်ရှိတာ ကောင်းတယ်။ ဒါမှ ကျန်းမာမှာလေ။ ဒါထက် ကိုနေ့ရဲ့နာစ့်တွေကိုပါ ထမင်းတစ်ဝိုင်းတည်း စားမလို့လား''

''ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ''

''ဩော်. . . သူတို့က အလုပ်သမားလေ၊ ဒေါ်မိုးသူတို့နဲ့ကျမှ စားပစေပေါ့။ ခုရှုပ်မှ နောင်ရှင်း၊ ခုကတည်းက စည်းကမ်းသတ်ထားလေ''

ဒေါ်မာလာတင့် ပြောချလိုက်လျှင် နေသိမ် တောင့်ခနဲဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒီမိန်းမကြီး စိန်ခေါ်တာလား။ တမင်ဒေါသဖြစ်အောင် ဆွနေတာလား။ နေသိမ်် စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲ ဒေါသတကြီး ပုတ်ပစ်လိုက်၏။

"ခင်ဗျား ဘာစကားပြောတာလဲ၊ ဒါ ကျုပ်ရဲ့နှစ်တွေ၊ ကျုပ်ရဲ့ ကိုယ်ရံတော်တွေဗျ။ တေလေကြမ်းပိုးတွေ မဟုတ်ဘူး။ ကျုပ်နဲ့အတူ ထမင်း တစ်ဝိုင်းတည်း စားမယ်"

"ကိုနေ စားနိုင်ပေမယ့် တို့မစားနိုင်ဘူး. . . ရှင်းရှင်းပဲ"

"ခင်ဗျား မစားနိုင် သပ်သပ်ခွဲစားကြပေါ့။ ဒေါ်မိုးသူ. . . သူတို့ ကို နောက်စားပွဲတစ်လုံးနဲ့ ပြင်ပေးလိုက်"

နေသိမ်် ဒေါသတကြီးအော်နေလျှင် အာရုံကြောတွေ ပိုပြီးထိ နိုက်မှာစိုးလို့ ပန်းလေညှင်း စိုးရိမ်နေ၏။ ဒေါ်မိုးသူခမျာ ဒေါ်မာလာတင့် ကိုကြည့်လိုက်၊ နေသိမ််ကိုကြည့်လိုက်၊ ဘာလုပ်ရမှန်းမသိ။

စိုင်းဝဏ္ဏနှင့် ပန်းလေညှင်း ဘာမှဝင်မပြော။ ထို့အတူ ဒေါ်မာ လာတင့်လူတွေကလည်း မျက်မှောင်ကြုတ်ပြီး ကြည့်နေကြရုံ။

ဒေါ်မာလာတင့်က တဟင်းဟင်းရယ်ရင်း. . .

"ကိုနေ. . . သတိလေးလည်း ထားဦးနော်၊ လောလောဆယ် ဒီအိမ်ရဲ့အရှင်သခင်မက အန်တီပါ။ အန်တီစီစဉ်တာ မင်းနာခံရမှာ"

"မနာခံနိုင်ဘူး။ ခင်ဗျား ဘာမှဝင်ပြီး ကြိုးကိုင်ခြယ်လှယ်နေ စရာမလိုဘူး။ ကျုပ်ရဲ့နှစ်တွေနဲ့ကျုပ်. . . တစ်ဝိုင်းစားမယ်။ ခင်ဗျားလည်း ခင်ဗျားအဖွဲ့နဲ့ တစ်ဝိုင်းစားပေါ့။ ပြဿနာလာမရှာနဲ့။ ဒေါ်မိုးသူ ပြင်ပေး လိုက်"

"တောက်! အကန်းက လူပါးဝလို့"

ဒါကတော့ သူ့မောင် ထိုက်တန်ရဲ့အသံ။ ထိုက်တန်ရုပ်က မိုက်





ကန်းကန်း။ ရုပ်ချောပေမယ့် လမ်းသရဲရုပ်ထွက်နေသူ။

သူ့စကားကြောင့် နေသိမ််ရော၊ အောင်ဟိန်းထက်နှင့် စိုင်းဝဏ္ဏ ပါ မျက်လုံးထဲ မီးပွင့်သွားသလို။

"ဘာကွ. . . မင်းဘာပြောလိုက်တယ်"

နေသိမ်် အံသွားစေ့သံနှင့် မေးလိုက်တော့ ထိုက်တန် ပခုံးတွန့် လိုက်၏။ ဦးရဲခ ရှိစဉ်က မော်မကြည့်ရဲပေမယ့် ယခုကျ သူ့ကို ပမာမခန့်။

"ကြားတဲ့အတိုင်းပဲလေ၊ အကန်းက အကန်းလို့မနေဘဲ နေရာ တကာ လူတွင်ကျယ်လုပ်ချင်တော့ လူကောင်းတွေ စိတ်ရှုပ်ရတယ်။ လူ ဆိုတာ ကိုယ့်အနေအထား ကိုယ်သိရတယ်ကွ"

နေသိမ်် ဒေါသတွေထွက်ပြီး ပေါက်ကွဲလေပြီ။ မျက်စိမမြင်ပေ မယ့် လူတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပြီး၊ ထိုက်တန်ကို လက်ညှိုးထိုး အမိန့်ပေးလိုက်ပုံက ခက်ထန်မာကြောလျက်။

"မင်း. . . ငါ့အိမ်ပေါ်က ဆင်းသွား. . . ခုဆင်း"

အောင်ဟိန်းထက်နှင့် စိုင်းဝဏ္ဏ၊ ပန်းလေညှင်းတို့မှာ နေသိမ်် အတွက် စိတ်ထိခိုက်ရပေမယ့် ရန်ဝင်ဖြစ်လို့တော့ မရ။ အဲ. . . ကိုယ်ထိ လက်ရောက် စော်ကားလာမယ်ဆိုရင်တော့ ကာကွယ်ရမည်သာ။ ယခုက တော့ နေသိမ််ရဲ့အနားမှာ တစ်ဖက်တစ်ချက်စီ ဝင်ရပ်လျက်။

ထိုက်တန်က ပမာမခန့်ဖြင့် ရယ်သွမ်းသွေးလျက်. . .

"ဒါ ငါ့အစ်မလည်း ဆိုင်တယ်လေ၊ မင်းတစ်ယောက်တည်းနဲ့ ဆိုင်တာမဟုတ်ဘူး။ လောဘကိုလျှော့။ အဲသက်အစိတ်ပြည့်တော့မှ မင်း ပိုင်ဆိုင်တဲ့အရာအားလုံးကို ငါတို့လုံးဝမပတ်သက်ပါဘူး"

အောင်ဟိန်းထက် မနေသာ၊ ကြားဝင်ရပေပြီ။ စိုင်းဝဏ္ဏနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညင်းကတော့ မခံချင်စိတ်တွေကိုသာ မျိုချထားရ၏။ အချိန်မတန်သေး။

"ထိုက်တန်. . . ကိုနေ့ကို ဒေါသဖြစ်အောင် ဆွမပေးနဲ့။ လူမမာနဲ့ယှဉ်ပြီး အခွင့်အရေးမယူချင်ပါနဲ့။ သူစိတ်ချမ်းသာအောင် လျှော့ပါ"

"ဘာလို့လျှော့ရမှာလဲ။ လူမမာက လူမမာလိုမနေဘဲ အရာရာသူ့သဘောချည်း လုပ်ချင်နေတာရော တရားရဲ့လား"

"ကဲ. . . စကားတွေကတော့ ဂျာအေးသူ့အမေရိုက်ကုန်ပြီ၊ ဒေါ်မာလာတင့်၊ ခင်ဗျားမောင်ကို ဘာမှမပြောတော့ဘူးလား"

အောင်ဟိန်းထက် ဒေါ်မာလာတင့်ကို မေးလိုက်ပေမယ့် ဒေါ်မာလာတင့်ပုံစံက နေသိမ်ကို အစိမ်းလိုက်ဝါးစားချင်နေသည့်ပုံနှင့်။

"သူကလည်း ငါချမှတ်တဲ့စည်းကမ်းမှ မနာခံဘဲ။ သူထင်ရာသူစိုင်းချင်နေတာပဲ။ ဒီအိမ်မှာ သူတစ်ယောက်တည်းရှိတာမဟုတ်ဘူး ကျန်တဲ့သူတွေလည်း ရှိသေးတယ်လေ။ စားတာသောက်တာလည်း သူ့အလုပ်သမားတွေကို ငါတို့စားသလို မကျွေးနိုင်ပါဘူး။ အလုပ်သမားက အလုပ်သမားလို စားရမှာပေါ့"

နေသိမ် ဒေါသကိုလျှော့ပြီး ဖြစ်သင့်ဖြစ်ထိုက်တာကို စဉ်းစားရသည်။ ဒီမိန်းမကြီးနဲ့တော့ အတူယှဉ်တွဲပြီးနေလို့ဖြစ်မှာ မဟုတ်။ တစ်အိမ်တည်းမှာပဲ နှစ်အုပ်စုခွဲနေရမည့်အဖြစ်။ သူ အောင်ဟိန်းထက်ကို ပြောလိုက်သည်။

"အောင်ဟိန်း. . . ရှေ့နေကြီးကိုခေါ်လိုက်ပါ"

"ခုချက်ချင်းလား"

"ဟုတ်တယ်. . . ခုချက်ချင်းပဲ"





ထမင်းစားခန်းထဲမှာ ဘယ်သူမှ ထမင်းမစားကြရသေးဘဲ စောင့်နေသလို ဖြစ်နေရ၏။ အောင်ဟိန်းထက် ဖုန်းဆက်ပြီး ဆယ်မိနစ်ခန့်အကြာတွင် ရှေ့နေကြီး သူ့ကားနှင့် ရောက်လာခဲ့သည်။ နေသိမ် အခြေအနေတွေကို ရှင်းပြလိုက်သည်။

"ဘယ်လိုမှ အတူနေလို့ဖြစ်မှာမဟုတ်ဘူး ရှေ့နေကြီး။ ကျွန်တော့်ကို အမျိုးမျိုးဆန့်ကျင် အမျိုးမျိုးစော်ကားနေတဲ့အဖွဲ့နဲ့ ဘယ်လိုမှ ဆက်နေလို့ရမှာမဟုတ်ဘူး။ တစ်ခုခုစီစဉ်ပေးပါ. . . အကြံပေးပါ"

ရှေ့နေကြီး သက်ပြင်းချပြီး ခေတ္တစဉ်းစားသည်။ ယခုတော့ အားလုံး ဧည့်ခန်းထဲသို့ ပြန်ရောက်နေကြပေပြီ။

"အမွေကလည်း ခွဲလို့မရသေးဘူး၊ ဒေါ်မာလာတင့်တို့အဖွဲ့ ဦးခံပိုင်တဲ့ တိုက်ခန်းတစ်ခုခုမှာ ဆင်းနေပါလား"

"မဆင်းနိုင်ပါဘူး၊ သူတို့ကို ဆင်းနေခိုင်းပါလား။ ရှေ့နေကြီး ချက်နှာမလိုက်ပါနဲ့"

"ကဲ. . . ဒီလိုလုပ်ဗျာ၊ အိမ်ကို ခေတ္တခြမ်းပေးမယ်။ ခေါင်းရင်းခြမ်းမှာ ဒေါ်မာလာတင့်တို့အဖွဲ့ နေ၊ ခြေရင်းအခြမ်းမှာ [illegible]နေတို့အဖွဲ့နေ။ မနက်ဖြန် ဆောက်လုပ်ရေးအဖွဲ့ခေါ်ပြီး အန်ကယ် စီစဉ်ပေးမယ်"

"ကောင်းတယ်. . . နို့မို့ ကျွန်တော့်ကို အမျိုးမျိုး စိတ်အနှောင့်အယှက်ပေးနေတာ"

ပန်းလေညင်းတို့ ယခုထိ ထမင်းမစားကြရသေးပါ။ သို့သော် နေသိမ် စီစဉ်တတ်ပါသည်။

"အောင်ဟိန်း. . . ဒီလမ်းထိပ်က 'နဒီ' ထမင်းဆိုင်ကို ဖုန်းဆက်မှာကွာ။ ထမင်းငါးပွဲ၊ ဟင်းမျိုးစုံနဲ့ လာပို့ပါလို့။ အန်ကယ်ပါ ဒီမှာစား[illegible]



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ မောင်နေ၊ အန်ကယ်က အိမ်က မဟေသီရဲ့လက်ရာ ကလွဲလို့ ဘယ်မှာမှ မစားတတ်လို့ပါ"

"ဒါဆိုလည်း လေးပွဲမှာလိုက်ပါ"

ရှေ့နေကြီး သူတို့ကိုနှုတ်ဆက် ဖြန့်ဖြေပြီး ပြန်သွား၏။ မကြာမီ ထမင်းပွဲများရောက်လာသဖြင့် သူတို့လေးယောက် ညှိခန်းထဲတွင် ထိုင်စားလိုက်ကြသည်။

တော်တော် ပြဿနာရှာတဲ့ဒေါ်မာလာတင့်ပါပဲ။ ဦးရဲခ ရှိစဉ်က အချိုသတ်ပြီး အဆင်ပြေအောင်နေခဲ့ပေမယ့် ယခုကျ နေသိခ်ကို လုံးဝ ဂရုမစိုက်တော့သည့်ပုံ။

မည်သို့ပင်ဖြစ်စေ နေသိခ် ကိုယ့်ဘဝကို စိတ်ဓာတ်ကျ စိတ် ပျက်နေလို့မရမှန်း သဘောပေါက်ပေပြီ။ ကိုယ့်မိဘရဲ့အမွေပစ္စည်းတွေကို ဒေါ်မာလာတင့်လို မိစ္ဆာမရဲ့လက်မှာ ဆုံးပါးလို့မဖြစ်။ မွေးခံထိုက်စေသည့်အတိုင်း မိဘရဲ့အမွေပစ္စည်းများကို သူဆက်ခံထိုက်အောင် ဆက်ခံနိုင်အောင် ကြိုးစားရမည်။

နောက် လှူမှုဝေ၍ဆိုသည့်စကားလည်း ရှိသေးသည်။ ဖေဖေ နှင့်မေမေ့အတွက် ရည်စူးပြီး အလှူအတန်းတွေ လုပ်ရဦးမည်။ အမှု အတန်းတွေ ပေးဝေရဦးမည်။

သည်တော့ သူပျော့ညံ့နေလို့မဖြစ်။ တွေဝေနေလို့မဖြစ်။ ကိုယ့် ရဲ့မိတ်ဆွေကောင်းတွေ၏အကူအညီနှင့် ဘဝကိုအကောင်းဆုံးရှင်သန်နိုင် အောင် ကြိုးစားရပေဦးမည်။ သူ့အနားမှမောင်နှမဟာ သူ့အတွက် အဖော် မွန်တွေဖြစ်ပါစေဟု သူဆုတောင်းရင်း. . .



## အခန်း (၇)

နောက်တစ်နေ့မှာ ရှေ့နေကြီးဦးဝင်းထွဋ်၏ အစီအစဉ်ဖြင့် သူ အိမ်ကြီးကို ယာယီတစ်ဝက်စီ ခြမ်းလိုက်သည်။ အပေါ်ထပ်ရော၊ အောက် ထပ်ပါ ဝရန်တာတွေကအစ ခြမ်းလိုက်သည်။

အခြေအနေအရ နေသိခ်က ခေါင်းရင်းဘက်ဖြစ်ပြီး ဒေါ်မာလာ တင့်တို့က ခြေရင်းဘက်ဖြစ်သွားသည်။ ရှေ့နေကြီးရော အောင်ဟိန်းထက် ယခုလို တစ်ဝက်စီခြမ်းလိုက်ခြင်းကို သဘောကျကြသည်။

"ကောင်းတယ်. . . ကိုနေ့အတွက် အရမ်းကောင်းသွားတယ်။ ဒါဆိုရင် ဒေါ်မာလာတင့်တို့အဖွဲ့က မလွယ်ဘူး။ မြွေပွေးခါးပိုက် ပိုက် ထားသလိုဖြစ်နေမှာ။ ဒုက္ခ. . . ဒုက္ခ. . . ပစ္စည်းဥစ္စာဆိုတာ လူကို တော်တော် ဒုက္ခရှာပေးတတ်ပါလားဗျာ"

"လောဘက အဓိကပါဗျာ၊ သူတစ်ပါးပစ္စည်းကို မတော်မတရား လိုချင်စိတ်တွေက ဒုက္ခပေးနေကြတာပါ။ သတင်းစာထဲမှာ ကြည့်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို မောင်နှမတွေ၊ သားအမိအရင်းတွေတောင် စိတ်ဝမ်းကွဲကြ၊ အမွေပြတ်တွေ စွန့်လွှတ်လိုက်ကြနဲ့။ မတော်လောဘတွေများ တော်တော် ကြောက်စရာကောင်းတယ်နော်"

"သူတို့အဖွဲ့နဲ့ ခွဲခြားလိုက်တော့ စိတ်မဆင်းရဲရတော့ဘူးပေါ့။ ဒါပေမဲ့ ကိုစိုင်းနဲ့ လေညှင်း. . . သတိတော့ အမြဲရှိနေရမှာပဲ။ လူမိုက်နဲ့ လောဘတရား ပေါင်းစပ်လိုက်တဲ့အခါ ဆင်ခြင်တုံတရားဆိုတာ ပျောက် သွားတတ်တယ်။ သူတို့ဦးနှောက်ထဲမှာ လွှမ်းမိုးနေတာ ရှိသရွေ့ ပစ္စည်း အကုန် လက်ဝါးကြီးအုပ်ဖို့ပဲ"

အောင်ဟိန်းထက်နှင့် ရွှေနေကြီး သတိပေးတော့၊ စိုင်းဝဏ္ဏ လေးလေးနက်နက် ကတိပေးပါသည်။ ကိုယ်က ဒီအတွက်ပဲ လိုက်လာ ခဲ့တာလေ။

"စိတ်ချပါ ကိုအောင်ဟိန်းရာ၊ ကျွန်တော်တို့ အစွမ်းကုန်သတိ ထားပါ့မယ်"

"ဒါ့ထက် ကိုနေတို့အဖွဲ့ ကိုယ့်တာသာ ချက်စားရမှာနော်။ ထမင်း ချက်တစ်ယောက်လောက် ရှာပေးရမလား"

ဒီအချိန်ဟာ ဘယ်သူ့မှမယုံရပေမယ့် ထမင်းချက်တစ်ယောက် လောက်ကတော့ လိုတာအမှန်။

"ကောင်းသားပဲ၊ ဒါပေမဲ့ ခေါ်မာလာတင့်ရဲ့လူ ဖြစ်နေဦးမယ်နော်။ သတိထားပြီး ရွေးမှဖြစ်မယ်"

"စိတ်ချပါ၊ ကျွန်တော် သေသေချာချာရွေးဖေးပါ့မယ်"

ရွှေနေကြီးကလည်း ဝင်ရောက်အကြံပေးသည်က. . .

"ကိုနေတို့ အိမ်ခွဲပြီးနေလို့ရပြီဆိုတော့ ဖြစ်နိုင်ရင် ကိုအောင် ဟိန်းထက်ပါ ဒီမှာလာနေပါလား။ ကိုနေ့ကို ပိုပြီးစောင့်ရှောက်လို့ရတာ ပေါ့"





အောင်ဟိန်းထက် စဉ်းစားနေ၏။ နောက်မှ. . .

"ကျွန်တော်က ကိုနေ့ကိုယ်စား အလုပ်တွေ အများကြီးလုပ်နေ ရတော့ ဒီမှာနေလို့အဆင်မပြေလောက်ဘူး အန်ကယ်။ သူတို့တာဝန်ကြီး ပါတယ်၊ ကျွန်တော်ရှာပေးထားတဲ့လူတွေက သူ့ကိုစောင့်ရှောက်မှာပါ"

"အေးလေ. . . ဒါလည်းဟုတ်တာပဲ၊ ဒီအိမ်ထဲမှာချည်း စုမနေ ဘဲ အပြင်မှာနေတာလည်း တစ်မျိုးကောင်းတာပါပဲ"

အိမ်တစ်ဝက်စီခြမ်းသည်ဆိုပေမယ့် တစ်အိမ်တည်းနေ၊ တစ်ခြံ တည်းနေရခြင်းမို့ အတွေ့တွေ့ဆုံနေရဦးမှာပါပဲ။ သို့သော် နည်းနည်းတော့ စိတ်ချမ်းသာမှုရမှာပါ။

မဟုတ်လျှင် ခေါ်မာလာတင့်နှင့်အဖွဲ့၏ နှောင့်ယှက်ငြူစူမှုဒဏ် ကို သူတို့ခံနိုင်ရည်ရှိမှာမဟုတ်။

ညနေစောင်းလျှင် အားလုံးပြီးစီးသွားပြီ၊ လိုအပ်တာတွေ မှာ ယူဖြည့်တင်းပေးပြီး အောင်ဟိန်းထက်နှင့် ရွှေနေကြီး ပြန်သွားကြသည်။

နေသိမ်၊ စိုင်းဝဏ္ဏနှင့်ပန်းလေညှင်းတို့သုံးယောက်တည်း ကျန် နေခဲ့သည့်အဖြစ်။ နေသိမ်က သူတို့နှစ်ယောက်အားကိုးနှင့် လောကကြီးကို ရင်ဆိုင်ရပေတော့မည်။

"အေးဗျာ. . . ကိုစိုင်းဝဏ္ဏကတော့ ကျွန်တော်နဲ့ ရွယ်တူပေါ့။ ပန်းလေညှင်းက ငယ်မယ်၊ ကျွန်တော့်ရဲ့အမှောင်ဖုံးနေတဲ့ လောကကြီး ထဲမှာ ဘယ်ဟာက မိတ်ဆွေ၊ ဘယ်ဟာက ရန်သူဆိုတာ ကျွန်တော် ခွာ နှန်းပြည့်တော့ မခွဲခြားနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကိုတော့ စိတ်ချပါဗျာ၊ ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းလို့ မသတ်မှတ်တောင်မှ သူယုတ်မာတွေမဟုတ်ပါဘူး။ ပြီး အသံကောင်းဟာစ်တာမဟုတ်ဘူးနော်၊ ကျွန်တော်တို့မောင်နှမ ကိုနေ့ကို ကူညီစောင့်ရှောက်ရအောင် လိုက်လာကြတာပါ"

"ကျွန်တော် ယုံကြည်ပါတယ်၊ ဘယ်အချိန်မှုမြင်ရမယ်မှန်းမသိတဲ့ အမှောင်ကမ္ဘာကြီးထဲမှာ ခင်ဗျားတို့ဟာ ကျွန်တော်နဲ့လောကကြီးကို ဆက်သွယ်ပေးနေတဲ့ ကြိုးလေးနှစ်ချောင်းပါ"

"ဒီလောက်လည်း ဓတင်စားပါနဲ့ဗျာ၊ ကျွန်တော်တို့ ကိုနေသိခ်ကို အလုံးစုံစောင့်ရှောက်ကာကွယ်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

"စိတ်ချပါ၊ ကျွန်တော်တို့ ကတိပေးပါတယ်"

နေသိခ်မျက်နှာမှာ အပြုံးပန်းတို့ လင်းလက်ခိုတွဲသွားခဲ့သည်။

❖ ❖ ❖



## အခန်း (၈)

"တောက်! ထိုက်တန်၊ နင်ဟာလေ ဘာမှသုံးလို့ စားလို့မရတဲ့ အကောင်"

ဒေါ်မာလာတင့် နံနက်စာ လက်ဖက်ရည်ဝိုင်းမှာ ဒေါသတွေ ထွက်နေတော့ ထိုက်တန် မျက်မှောင်ကြုတ်လိုက်သည်။

"ဘာလဲဗျ၊ ဘလိုင်းကြီး ဖွဲ့နေပါလား"

"ဘာရမလဲဟဲ့၊ နင် နေသိခ်ကို ရန်လို စိန်ခေါ်လို့ ဟိုက အိမ်ကို ထက်ခြမ်းခြမ်းလိုက်တာ။ တကယ်ဆို အခုတူနေမှ သူ့ကို တို့တွေ ဒုက္ခပေးလို့ ရမှာပေါ့။ အခုကျ သတ်သတ်စီဖြစ်သွားတော့ သူ့ကို ဒုက္ခပေးလို့ ဘယ်လွယ်တော့မလဲ"

"ဒုက္ခပေးတာများ လွယ်ပါတယ် မမရယ်။ သူတို့လည်း အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေမှာမှမဟုတ်ဘဲ။ အတူမြင်နေရတာ မျက်စိထဲကြည့်မရလို့ဗျာ။ နေသိခ်ဆိုတဲ့ကောင်ဟာ လူကသာ ကန်းနေတယ်၊ အနု



www.burmeseclassic.com

www.burmeseclassic.com



ဘာ လျှော့တာမဟုတ်ဘူး''

ထိုက်တန်၏စကားကို နေမျိုးဗိုလ်ကလည်း ဝင်ပြီးထောက်ခံလေသည်။

''ဟုတ်တယ် မေမေ၊ သားလည်း သူ့ကိုကြည့်မရဘူး။ အရုပ်ဗိုလ်ကျတယ်၊ မာနကြီးတယ်၊ သူ့ကိုယ်သူ ဘာမှတ်နေလဲမသိဘူး''

''အောင်မယ်! နင်ကပဲ၊ ကိုယ့်ရုပ်လည်း ကိုယ်ပြန်ကြည့်ပါဦး။ ဆယ်တန်း နှစ်ခါကျ၊ အသက်က ဆယ့်ရှစ်နှစ်နဲ့ လူက စုံနေပြီ။ ပေါင်းတော့ ဦးလေးအရွယ်တွေနဲ့''

''မေမေနော်. . . သားကို မဖွဲ့နဲ့ မေမေ ဒီအဘိုးကြီးကိုယူလိုက်ကတည်းက သားက ကျေနပ်တာမဟုတ်ဘူး''

''တော်ပြီ၊ နင် ဘာမှနားမလည်ရင် ဘာမှဝင်မပြောနဲ့တော့။ ခုတော့ နင်တို့ထောင့်မကျိုးတာနဲ့ ဟိုက အုပ်စုလိုက် ခွဲနေသွားပြီ။ လွယ်တဲ့အလုပ်ကို ခက်အောင်လုပ်နေရတော့မှာပေါ့''

''ဟိုကောင်မလေးလည်း အလကားပဲ၊ ငါပေးကျွေးထားရတာနဲ့ မတန်ဘူး။ ဘာမှကို အကြံအစည်မရှိဘူး။ ကျောက်ခဲတုံး ရေထဲချထားတဲ့အတိုင်းပဲ''

ဒေါ်မာလာတင့်တစ်ယောက် ဟိုမာန်သည်မဲနှင့် ခင်ပိုးဝါဘက်လှည့်သွားပြန်သည်။ ခင်ပိုးဝါဟာ သူ့လူပါ။ ပြောရကြေးဆို သူနဲ့ သွေးမျိုးနီးစပ်။ ဦးရဲခကို အယုံသွင်းပြီး နေသိမ်နဲ့စေ့စပ်စေခဲ့တာ။ ခင်ပိုးဝါဟာလည်း လောဘအလွန်နည်းသူ။

''အန်တီရယ်. . . ပိုးကိုတွေ့တာနဲ့ သူက အော်ငေါက်ထုတ်နေလိုက်တာ။ ထသတ်တော့မယ့်ပုံကြီး။ ပိုး ဘယ်လိုလုပ်ပြီး သူ့အနား ကပ်





ရမှာလဲ''

''များပါတယ်၊ နင့်နေရာမှာ ငါသာဆိုရင် နှစ်ခါပြန် လက်ထပ်ပြီးနေလောက်ပြီ။ ခုကျ ဟိုကအော်ထုတ်တာနဲ့ မျက်ရည်လေး စမ်းစမ်းနဲ့''

''ပိုး ဘာလုပ်ရမှာလဲ အန်တီရယ်''

''တော်. . . လောလောဆယ်တော့ ဘာမှလုပ်မနေနဲ့တော့။ အဲ! လိုအပ်တဲ့အခါကျ လိုအပ်သလိုလုပ်ရားရမယ်''

''ဆူးလှည်းကြီးလို ဟိုငြိသည်ငြိနေသည့် ဒေါ်မာလာတင့်တို့ အိမ်သားတွေမှာ ယခုအခါ သူနှင့်လက်လှမ်းကွာသွားပြီဖြစ်သည့် နေသိမ်ကိုသာ ကျိန်ဆဲနေကြလေ၏။

နေသိမ်တို့အဖွဲ့ထဲသို့ ဘယ်လိုတိုးဝင်ရမလဲဟု ဆင်ခြင်ကြံရင်း ဒေါ်မာလာတင့်တစ်ယောက် အခြေအနေတွေကို သုံးသပ်နေသည်။

နောက်တစ်နေ့မှာ နေသိမ်တို့အတွက် အလုပ်သမားနှစ်ယောက်အသင့်ရောက်လာခဲ့သည်။

အသက်သုံးဆယ်အရွယ်လောက် အမျိုးသမီးတစ်ယောက်နှင့် အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ယောက်။

''ဦးဝင်းထွဋ်ရဲ့ ရှေ့နေမလေး လွှတ်လိုက်တာပါ။ ကျွန်မနာမည် မြမြဦး၊ သူ့နာမည်က အေးအေးလင်းပါ''

''ဩော်. . . အန်ကယ်ရှာပေးတာထင်တယ်၊ သူ့ကို ကျေးဇူးတင်စကား လှမ်းပြောရဦးမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘဘက သူ့ကိုကျေးဇူးတင်စကားပြောတာ မကြိုက်ဘူးရှင့်"

"အင်း. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ဒါတော့မှန်တယ်။ ဒါပေမဲ့ အန်ကယ့်ကို မသိမသာလေး ကျေးဇူးဆပ်ရဦးမယ်။ ကဲ! လေညင်းက သူ့တို့ကို နေရာချထားပေးလိုက်ဦး"

ပန်းလေညင်း နောက်ရောက်လာသည့် အလုပ်သမားနှစ်ယောက်ကို မီးဖိုနှင့်နီးသည့်အခန်းတစ်ခုမှာ နေရာချထားပေးလိုက်သည်။

ယခုတော့ သူတို့အိမ်မှာ နေသိမ်၊ စိုင်းဝဏ္ဏ၊ ပန်းလေညင်းနှင့် အလုပ်သမားနှစ်ယောက်။ ပေါင်း အိမ်သား ငါးယောက်ဖြစ်သွားပေပြီ။ ကိုယ့်အုပ်စုနှင့်ကိုယ်ပေါ့။ ပြီး. . . အိမ်လည်း ခြံမ်းထားလိုက်သဖြင့် စိတ်အနှောင့်အယှက်ဖြစ်စရာတော့ သိပ်မရှိ။

အင်း. . . ဘာတွေလာရှုပ်ဦးမည်တော့မသိ။

နေသိမ် ကိုယ့်ဘဝကိုယ် ပြန်လည်သုံးသပ်နေမိသည်။ လူကောင်းဘဝမှာသည် မျက်စိနှစ်လုံး ကွယ်ရသည့် အမှောင်ကမ္ဘာထဲသို့ ရောက်သွားရတာသည် သူ့ဘဝအတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးပါပေ။ တစ်ခါ တစ်ခါ သူစိတ်ဓာတ်ကျချင်ချင်။

ဒေါ်မာလာတင့်နှင့် သူ့မောင် ထိုက်တန်တို့၏ ထိုးနှက်ချက်များကို ခံယူရစဉ်တုန်းကဆို သူ လူ့လောကကြီးကို တော်တော်စိတ်ကုန်မိပါသည်။

ကိုယ်က အမှောင်ကမ္ဘာထဲသို့ ရုတ်ချည်းကျရောက်သွားရသည့်ကြားထဲ ဖေဖေကလည်း အဖြစ်ဆိုးနှင့် ကွယ်လွန်သွားခဲ့ရသည်။ သူ့မှာ အားကိုးရာမဲ့သလို ဖြစ်ခဲ့ရပြီး အရှင်လတ်လတ် ငရဲသို့ဖောက်ထိုးပြုတ်ကျသလို ခံစားခဲ့ရပါသည်။





နောက်မှ အောင်ဟိန်း၏အကူအညီနှင့် လေညင်းတို့မောင်နှမကို ရရှိခဲ့ရ၏။ အင်း. . . ဒါလည်း ကိုယ့်အပေါ်မှာ ရာနှုန်းပြည့်ကောင်းမကောင်း စောင့်ကြည့်ဦးမှာပဲ။

စိတ်ကို ဘယ်လိုပဲဟင်းတင်း၊ နေသိမ် အားလျော့မိသည်မှာ အမှန်။ မွေးကတည်းက မျက်စိမမြင်သူတွေမှာ ဘယ်လိုဖြတ်သန်းကြသည် မသိပေမယ့် သူ့မှာတော့ အရှင်လတ်လတ် ငရဲခံနေရသည့်နှယ် ခံစားရပါသည်။

မျက်ကြည်လွှာက ဘယ်တော့အဆင်ပြေမှာပါလိမ့်။ အမှောင်ကမ္ဘာထဲမှာ စမ်းတဝါးဝါးနှင့် ဘယ်အချိန်ကာလထိအောင်များ လမ်းမမြင်ကမ်းမမြင် ဖြစ်နေရဦးမှာပါလိမ့်။

နေသိမ် ကိုယ့်ပတ်ဝန်းကျင်ရှိလူများအပေါ် မယုံကြည်တတ်တော့တာလည်း မျက်စိကွယ်ရခြင်းရဲ့အကျိုးဆက်ပဲဖြစ်မည်။ နေ့မှန်းမသိ ညမှန်းမသိဖြစ်နေရသည့်ဘဝမှာ ဘဝဟာ အဓိပ္ပာယ်ရှိလာပါဦးမည်လား။

အဆိုးထဲမှအကောင်း။ သူ့ကိုအမြဲဖိနှိပ် တိုက်ခိုက်နေသည့် ဒေါ်မာလာတင့်တို့အုပ်စုနှင့် မျှော်လင့်ဘဲ ခပ်ခွာခွာနေခွင့်ရခဲ့သည်ကိုတော့ သူဝမ်းသာမိပါသည်။

သည်နေ့တော့ အန်ကယ်ဦးဝင်းထွဋ်ရဲ့ကျေးဇူးနှင့် အလုပ်သမားနှစ်ယောက် ရလာခဲ့ပြန်ပြီ။ ပန်းလေညင်းတို့မောင်နှမနှင့် အလုပ်သမားနှစ်ယောက်ကိုအမှီပြုပြီး ဘဝကို တတ်စွမ်းသမျှ သူနေကြည့်ရပါဦးမည်။

စီးပွားရေးကိစ္စတွေကတော့ သူ အောင်ဟိန်းထက်ကိုပဲ လွှဲထားရပါသည်။ သူကရော ဘယ်လောက်ထိ ယုံကြည်မျှော်လင့်လို့ရမှာလဲ။ ပုထုဇဉ်လူသားပီပီ လူသားဟာ လူသားလောက်ပဲ မျှော်လင့်လို့ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လူသားကို နတ်ဒေဝတာလောက် မျှော်လင့်အထင်ကြီးလို့မရ၊ ဘုရားရှင်လောက် ယုံကြည်အားကိုးလို့မရ၊ သူသိသည်။ အမှောင်ကမ္ဘာ၊ အမှောင်လောကထဲ ရောက်ကတည်းက သူ လူတွေကိုအလုံးစုံပုံပြီး မယုံကြည်တော့ပါ။

ကံကြမ္မာကိုလည်း ပုံချလို့မဖြစ်။ သည်တော့ အာရုံငါးပါးမှာ အမြင်အာရုံချို့တဲ့သွားပြီမို့ ကျန်သည့်အာရုံလေးပါးနှင့်ပဲ နေသိမ် လောကကြီးကို စူးစမ်း အိတ္တရပေတော့မည်။

❖ ❖ ❖



## အခန်း (၉)

နံနက်ခြောက်နာရီမှာ ပန်းလေညင်း သူ့ရဲ့အခန်းထဲ ဝင်ရောက်လာခဲ့သည်။ သူ အားမနာပါးမနာ စမ်းသပ်ကြည့်ထားသဖြင့် ပန်းလေညင်းဆိုတာ ဘယ်လိုပုံလေးလဲဆိုသည်ကိုဖြင့် မျက်မမြင်ပုဏ္ဏားခြောက်ယောက်ဆင်ကိုစမ်းသလို သူသိရှိထားရသည်။

အဲ. . . လူရုပ်ကို သေသေချာချာမမှန်းတတ်ပေမယ့် အသံနှင့် အထိအတွေ့ကတော့ သူကြုံဖူးသမျှ မိန်းကလေးတို့ထက် အများကြီးသာသည်။ ကြည်ပြီးချိုမြသည့်အသံလေးက ကလေးဆန်ပြီး ဆွဲဆောင်မှုကောင်းသလို အထိအတွေ့ကလည်း နှင်းဆီပွင့်ဖတ်တွေလို နူးညံ့အိထွေးလှပါဘိ။

နေသိမ် အသားယူနေတာမဟုတ်ပေမယ့် သူမရဲ့အကိုင်အတွယ် အထိအတွေ့တို့ကို မှတ်မိနေရသည်။

"ဦးနေသိမ်. . . နိုးပြီလား"

"မနိုးသေးဘူး၊ ငါအိပ်ဦးမယ်။ ခုနစ်နာရီကျမှ ထမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညင်းထံမှ သနပ်ခါးရနံ့နှင့် ကိုယ်သင်းနံ့လေး ရနေတာ အပြင် လှုပ်ရှားသံညင်ညင်သာသာလေး ကြားနေရတာကြောင့် သူမ အခန်းထဲမှာ သန့်ရှင်းရေးလုပ်နေသလားပင်။ ခဏကြာလျှင် သူမ အပြင်ပြန်ထွက်မလိုပြုပြီးမှ . . .

"ဦးနေသိခ် မအိပ်ချင်ရင်လည်း ထပါတော့လား။ မနက်စောစော လမ်းလျှောက်ကြရအောင်"

"အိုး . . . ငါမှမမြင်ဘဲ၊ ခလုတ်တိုက်လဲမှာပေါ့"

"ကျွန်မ တွဲပြီးလျှောက်ပေးမှာပါ"

"နာစ့်ဝတ္ထုရားထဲမှာ အဲဒါပါ ပါလို့လား"

"ဪ . . . ခက်လိုက်တာ ဦးနေသိခ်ရယ်"

"ငါ့နာမည်ကြီးခေါ်နေရတာ မပင်ပန်းဘူးလား။ ဦးနေဖြင့် ဦးနေနေစမ်းပါဦး . . . ငါနဲ့နင်နဲ့ အသက်တစ်ရာလောက်တော့ ကွာမနေပါဘူးနော်"

ယောကျ်ားတွေများ မျက်စိမမြင်လည်း ရစ်တာပဲနော်။ ပန်းလေညင်း ပြုံးမိရရင်း . . .

"အလုပ်ရှင်နဲ့အလုပ်သမားမို့ လေးလေးစားစား ခေါ်မိတာပါ။ ကျွန်မအသက် နှစ်ဆယ်ပါ"

"အင်း . . . ငါးနှစ်ပဲ ကွာတာပါ၊ ခုခေတ်ကောင်မလေးတွေကို စတန့်ထွင်တယ်။ သူတို့ကိုယ်သူတို့ ကလေးလေးကျနေတာပဲ"

"ရစ်လိုက်တာ ဦးနေသိခ်ရယ်၊ လေးစားသမှုနဲ့ခေါ်တာပါလို့ ရှင်းပြနေပြီပဲရှင်။ ကဲ! ထပါ၊ ကျွန်မတို့ လမ်းလျှောက်ရအောင်"

"အင်း"





သူ ကျိုးထလိုက်တော့ ကောင်မလေးက သူ့လက်နှစ်ဖက်ကို ဆွဲပြီး ထူပေးပါသည်။

"ငါ့မျက်မှန်ရော၊ ငါ့မျက်လုံးတွေကို ဒီအတိုင်း ဘယ်သူ့မှမမြင်စေချင်ဘူး"

"မျက်နှာသစ်ရပါဦးမယ်ရှင်၊ ဦးနေကို ကျွန်မ ရေချိုးခန်းထဲ ခေါ်သွားပေးပါ့မယ်"

"ဟိုကျရင်တော့ ငါ့ဘာသာ သစ်ပါ့မယ်"

"အားမနာပါနဲ့၊ ကျွန်မ ပြုစုလုပ်ကိုင်ပေးတာကို အလိုက်သင့် ခံယူလိုက်ပါ။ ဦးနေ သက်တောင့်သက်သာရှိအောင်လို့ အကြံပေးတာပါ"

"အေး . . . ချကွာ၊ မင်းပြုသမျှ ငါနေလိုက်ပါ့မယ်"

နေသိခ် ကောင်မလေး တွဲခေါ်သွားသည့်အတိုင်း ရေချိုးခန်းသို့ လိုက်သွားရသည်။ နောက် ကောင်မလေးက သူ့ကို ဆေးတင်ပြီးအသင့် ထားပွတ်တံပေးသည်။ သူသွားတိုက်ပြီးချိန်မှာ ရေခွက်အသင့်ရောက်လာ၏။ သူ့ကိုစောင့်ကြည့်ပြီး လုပ်ကိုင်ပေးနေပုံ။

"ဒီ တစ်ခါတည်းရေချိုးလိုက်ချင်တယ်။ မျက်နှာက အမွေးအမှင် တွေလည်း ရိတ်ချင်တယ်။ ဂျုတ်သာ ပေးပါ။ ငါ့ဘာသာစမ်းပြီး ရိတ်ပါ့မယ်"

"ရပါတယ်၊ ကျွန်မ လုပ်တတ်ပါတယ်"

"ဘာဖြစ်လို့ လုပ်တတ်နေရတာလဲ၊ မင်းမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမရှိဘဲနဲ့ ဘာလို့တတ်နေရတာလဲ"

သူ မနှစ်မြို့စွာမေးလျှင် ပန်းလေညင်း ပြုံးမိရသည်။

"ကျွန်မရဲ့ဦးလေးတစ်ယောက်က လေဖြတ်နေတယ်လေ၊ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကိုင်ပေးရလို့ တတ်နေတာပါ''

''ဒါဆို အဲဒီဦးလေးကိုထားခဲ့ပြီး ငါ့ဆီလာရတာပေါ့ဟုတ်လား။ မင်းအတွက် ဦးလေးထက် ငွေက အရေးကြီးနေတာလား''

လာပြန်ပြီ။ သူ့အတွေးရှုထောင့်က တစ်မျိုး။

''ဦးလေးက သေသွားပါပြီ၊ ကျွန်မတို့က ဆင်းရဲတော့ ငွေက အရေးကြီးတာပေါ့ရှင်''

နေသိမ် သိတာ၊ တောင်ကြီးက နာစ့်မောင်နှမနှစ်ယောက်ဆိုတာပါ။ သူတို့မောင်နှမရဲ့အခြေအနေတွေအထိ သိတာမဟုတ်။ ပန်းလေညင်း ပြောသမျှ သူယုံသည်။

''ဘာဖြစ်လို့ အရေးကြီးရတာလဲ၊ မိဘတွေ ရှိသေးလား။ သူတို့ကိုပေးရတာလား''

''ပေးရတာပေါ့၊ ဒေမဖန့်မေမေ့ဓမ္မာ ခြံစိုက်စားရရှာတာလေ ကပါ. . . အဒေးပတ်ဦးမယ်၊ ကျွန်မ အမွေးအမျှင်တွေ ရိတ်ပေးပါ့မယ်''

သူဟာ မျက်လုံးမမြင်ဘူးဆိုပေမယ့် သူ့မျက်လုံးတွေကို ပန်းလေညင်း ရှက်ပါသည်။

''ဦးနေ မျက်လုံးမှိတ်ထားပေးပါ''

''ငါမှမမြင်ရတာ ဘာဖြစ်လို့ ထပ်မှိတ်ရမှာလဲ''

''ကျွန်မ ရှက်လို့ပါ''

''ခြော်. . . ဒုက္ခ၊ မျက်လုံးကန်းနေတဲ့လူကို ထပ်ပြီးမှိတ်ခိုင်းတယ်လို့ပဲ။ ကဲ. . . မှိတ်ပြီ''

သူ့မျက်လုံးကို မှိတ်ပေးလိုက်တော့မှ ကောင်မလေး သူ့မျက်နှာကို ဆပ်ပြာပွတ်ပြီး ဂျူတ်နှင့်ဆွဲတော့သည်။





ဆေးရုံပေါ်မှာရော၊ ဆင်းတော့ပါ အမွေးအမျှင်တွေ မရိတ်ရသေးတာမို့ ယခုမှ ပန်းလေညင်း သန့်ရှင်းရေးလုပ်ပေးနေရခြင်းပါ။

''ပြီးပြီ. . . ဦးနေ ရေချိုးမယ်ဆိုရင် အဝတ်ချွတ်ပေးမယ်''

''အကုန် မချွတ်နဲ့၊ အပေါ်ပိုင်းပဲချွတ်''

သူ့စကားကြောင့် ပန်းလေညင်း ရှက်သွားပြီး မျက်စောင်းထိုးမိသည်။ ဘယ်သူကရော အကုန်ချွတ်ပေးမှာလဲ။

သူမ နေသိမ်၏အပေါ်အင်္ကျီများကို ချွတ်ပေးရသည်။ အောက်ပိုင်းကတော့ သူဝတ်ထားတာ ဘောင်းဘီရှည်။

''ထားခဲ့တော့. . . ရပြီ၊ မင်းအပြင်ထွက်၊ ငါဘာသာ စမ်းပြီးရေချိုးမယ်''

''ဆပ်ပြာတိုက်တာတွေ ဘာတွေ''

''ရတယ်. . . ငါလက်နားသာ ချထားပေး၊ ငါ ရေပန်းဖွင့်ပြီး ချိုးလိုက်မယ်''

သူ့အနားမှာ လိုအပ်သမျှ ချပေးခဲ့ပြီး၊ ပန်းလေညင်း အပြင်ထွက်ပေးနေတုန်း အစ်ကိုစိုင်း ဝင်လာသဖြင့် ပန်းလေညင်း တာဝန်လွှဲလိုက်သည်။

''ဘော့စ် ရေချိုးနေပြီ၊ အစ်ကိုစိုင်း ဆက်ပြီးလုပ်ပေးလိုက်''

''ဟာ. . . ငါမလုပ်တတ်ပါဘူး၊ ငါ့တာဝန်က သူ့ကိုစောင့်ရှောက်ဖို့ပဲ။ သူ့ရဲ့အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ဖို့။ လူကြားကောင်းအောင်သာ နာစ့်လို့ပြောထားရတာ။ လုပ်ပါ ညီမလေးရယ်၊ နင်က နင့်ဦးလေးကိုလုပ်ပေးနေကျလေ။ ခုလည်း ဘော့စ်ကို နင့်ဦးလေးလို သဘောထားလိုက်''



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညှင်း ကိုစိုင်းကို မျက်စောင်းထိုးပြီး နေသိခ်၏အဝတ်ဗီရိုထဲမှ ဝတ်စုံတစ်စုံကို ထုတ်လိုက်သည်။ စိုင်းဝဏ္ဏကတော့ အခန်းပြင်ပြန်ထွက်သွားပြီး တစ်အိမ်လုံးကို လျှောက်ကြည့်၊ ဟိုဘက်အိမ်သားတွေကို အကဲခတ်ကြည့်နေလေ၏။

သူ့တာဝန်က နေသိခ်ရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ဖို့လေ။ အိမ်ထဲမှာဖြစ်ဖြစ် အိမ်ပြင်ထွက်ရင်ဖြစ်ဖြစ်၊ နေသိခ်ရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ဖို့က သူ့တာဝန်။

ညီမလေးတာဝန်က နေသိခ်ကိုပြုစုလုပ်ကိုင်ပေးရန်နှင့် အနီးကပ် စောင့်ရှောက်ရန်။

ရေချိုးခန်းထဲမှ ရေသံတိတ်သွားတော့ ပန်းလေညှင်း နေသိခ်ကို သွားခေါ်ရသည်။ သူကလည်း ရှက်တတ်ပါဘိ။

“ငါ့ကို မျက်နှာသုတ်စောင်ပေး၊ နင်ပြန်ထွက်”

သူမ ပြန်ထွက်ပြေးရသည်။ ငါးမိနစ်လောက်ကြာမှ ပြန်ဝင်တော့ သူ့ကို မျက်နှာသုတ်စောင်ပတ်လျက်သား တွေ့ရသည်။ ခေါင်းမှလောင်းချိုးထားတာမို့ တစ်ကိုယ်လုံး ရေစက်လက်။ ဆောင်းတွင်းကြီးထဲ။

“ဟပ်ချိုး. . . ဟပ်ချိုး”

“အစောကြီးလုပ်ချင်တာကိုး”

“ဘာ!”

“ဆောရီးပါ ဘောစ့်”

သူမ နေသိခ်ကိုတွဲခေါ်ထုတ်ခဲ့ပြီး ခေါင်းရေသုတ်၊ လူရေသုတ်၊ အဝတ်လဲ လုပ်ပေးရသည်။ နေသိခ်မှာ နှာချေဆတ်လျက်။

“ဟပ်ချိုး. . . ဟပ်. . . ဟပ်ချိုး”





ပန်းလေညှင်း ကော်ဖီပူပူတစ်ခွက် ပြေးဖျော်ပြီး သူ့ကိုဆေးတိုက်ရသည်။

“ခြံထဲမှာ လမ်းလျှောက်မယ်၊ ပြန်ရောက်မှ မနက်စာစားမယ်နော်”

“အင်း”

ပန်းလေညှင်း နေသိခ်ကို ဝတ်စုံပြည့်ဝတ်ပေးပြီးပါပြီ။ ဂျာကင်က ခေါင်းစွပ်ပါသည်မို့ ခေါင်းပါစွပ်ပေးထား၏။ အပြင်မှာ နှင်းပါးပါးကျနေသည်။

အပေါ်ထပ်မှ သူ့ကိုတွဲဆင်းလာခဲ့ပြီး ခြံထဲသို့ခေါ်ထုတ်ခဲ့သည်။ ပန်းလေညှင်း သူ့လက်မောင်းကိုကိုင်ပြီး လမ်းလျှောက်ပေးနေတုန်း စိုင်းဝဏ္ဏ ခြံထဲမှာ ဆင်းထိုင်ပေးသည်။ အရေးကြုံက ကူညီရန်ပါ။ သို့သော် စိုင်းဝဏ္ဏထိုင်နေသည့်နေရာက တစ်ခြံလုံးကို လှမ်းမြင်နေရပေမယ့် သူ့ကိုတော့ မမြင်ရ။ ခရေပင်လေးရဲ့အောက်မှာလေ။

ခြံထဲမှာ မြက်ခင်းလေးတွေနှင့် ရေကူးကန်၊ တင်းနစ်ကွင်းတွေနှင့်။ တစ်ချိန်က တော်တော်ပျော်စရာကောင်းခဲ့မည့်ပုံ။

နေသိခ် လမ်းလျှောက်နေချိန်ဟာ ခုနစ်နာရီကျော်နေပြီမို့ ခြံထဲမှာ နေခြည်နုနုက ဖျန်းပက်လို့။ ပန်းလေညှင်းကတော့ စကားတစ်ခွန်းမှ မပြောဘဲ နေသိခ်ကို ခြံထဲပတ်လျှောက်ပေးနေသည်။ တိုက်အပြင်ဘက်မှာ မြေတွေအများကြီးကျန်သေးသည်မို့ လမ်းလျှောက်ရတာ ကောင်းပါသည်။

သည်စဉ် ရေကူးကန်ရှေ့မှာ နေစာလှုံနေကြသည့် တိုက်တန်နှင့် နေမျိုးဗိုလ်တို့က သူမတို့ကို ပြုံးစိစိနှင့်ကြည့်နေကြရင်း တိုက်တန်ကပင်



www.burmeseclassic.com

www.burmeseclassic.com



စတင်၍. . .

"ဒီလိုမျိုး နတ်သမီးလှလှလေးနဲ့ တွဲရမယ်ဆိုရင်တော့ ငါတောင် ကန်းချင်သားဟေ့။ နေမျိုး. . . မင်းရော"

"သားလည်း ဒီလိုနာစ့်လှလှလေးနဲ့ ဖက်လှဲတကင်းနေရမယ် ဆိုရင်တော့ ကန်းချင်တာပေါ့ဗျာ။ ဟဲ. . . ဟဲ. . . ဟဲ. . . လန်းတယ်နော် သားသွားနေတဲ့ ကာရာအိုကေဆိုင်တွေ၊ နိုက်ကလပ်ကကောင်မတွေထက် ပိုလန်းတယ်ဗျ။ တကယ့်ကို အလန်းစားပဲ"

"ဒါက ပိုပြီးတွက်ခြေကိုက်တယ်ကွ၊ တစ်လလုံးမှ တစ်သိန်းပေး ရတာ။ မင်း နိုက်ကလပ်ကကောင်မတွေက ဈေးကြီးတာပေါ့။ တစ်လလုံး သာ အနားခေါ်ထားရရင် မင်းရှိသမျှ ပြောင်သွားမှာပဲ"

"ဟား. . . ဟား. . . ဟား. . . ဟား"

အိမ်တစ်ဝက်စီ ခွဲနေပေမယ့် ခြံကတော့ ခွဲထားလို့မရသည်မို့ ခြံထဲမှာ လိုက်ပြီးနှောက်ယှက်နေကြပေပြီ။ သို့သော် ပြဿနာမဖြစ်ချင် သေးသည်မို့ ပန်းလေညင်း ဘာမှမတုံ့ပြန်ဘဲ နေသိခ်ကိုဆွဲခေါ်လာခဲ့ပေ မယ့် နေသိခ် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်နေလေပြီ။

ပန်းလေညင်း ဖျောင်းဖျရပါ၏။

"ခွေးဟောင်လို့ တောင်မရွေ့ပါဘူး ဘောစ့်ရယ်၊ စိတ်ကိုလျှော့ ပါ။ အနေအထားအရ သူတို့တာဝန်က ဒီလိုပဲ လိုက်ပြီးတိုက်နိုက်နေမှာ လေ"

ပန်းလေညင်း တိုးတိုးလေးပြောလိုက်ပေမယ့် ထိုက်တန့်တို့နှစ် ယောက်က ကြားလိုက်ပါသည်။ သူတစ်ပါးကို မဟားဒယားပြောနေပေမယ့် ကိုယ့်ကျတော့ ဆတ်ဆတ်ထိမခံနိုင်။ ထိုက်တန် ခြေလှမ်းကျဲကြီးနှင့် လှမ်း





လာလိုက်ပုံက ငှက်ကြီးဝန်ပိုနှယ်။

"ဘာ! နင်က ငါတို့ကို ခွေးလို့ပြောလိုက်တာပေါ့၊ ဟုတ်လား။ ကောင်မ. . . လူပါးဝလို့"

ပြောပြောဆိုဆိုနှင့် ထိုက်တန် ပန်းလေညင်းကို ပါးလှမ်းပြီးရိုက် လျှင် သူမ နေသိခ်ကိုတွန်းရွှေ့လိုက်ပြီး တစ်ဆက်တည်း ကိုယ်ကိုလည်း ရှောင်ပေးလိုက်သည်။

"ကိုထိုက်တန်. . . တစ်အိမ်တည်းနေတဲ့သူအချင်းချင်း ကျွန်မ ပြဿနာမတက်ချင်ဘူးနော်"

"အောင်မာ. . . နင်က ငါတို့ကို ခွေးလို့ပြောတုန်းကပြောပြီး ခုမှ လျှာချလို့ ဘယ်ရမလဲ။ နင့်ကိုမဆုံးမရရင် ငါလုံးဝမကျေနပ်ဘူး"

"ဒီလိုလား"

"ဟုတ်တယ်. . . ဒီလိုပဲ၊ နင့်ပါးကို ငါပြန်မရိုက်ရမချင်း မကျေ နပ်နိုင်ဘူး"

သည်စဉ် နေမျိုးဗိုလ်က ပြုံးစိစိနှင့်လှမ်းပြေ သိုက်သည်မှာ. . .

"ဦးလေးကလည်းဗျာ. . . မိန်းမချောလေးတစ်ယောက်ကိုများ ပါးရိုက်ရမှ ကျေနပ်မတဲ့၊ တုံးလိုက်တာ။ ပါးရိုက်ခွင့်မရလည်း နမ်းခွင့်ရ ရင် ကျေနပ်လိုက်ပါဗျာ။ သား ကြားထဲက အနူးအညွတ်တောင်းပန်ပါ့ မယ်"

သည်စကားအကြားမှာတော့ ပန်းလေညင်း သည်းခံစိတ်တွေ အောင်းခနဲပြတ်ထွက်သွား၏။ သို့သော် သူမစိတ်ကို ချက်ချင်းပြန်ထိန်း လိုက်ရသည်။ ကိုယ်တွေအဖြစ်က ကြောင်လို လက်သည်းဝှက်နေရဦးမည့် အဖြစ်။ ကိုယ့်ပညာတွေ သူတို့သိလို့မဖြစ်သေး။



www.burmeseclassic.com

www.burmeseclassic.com



နေသိမ်ကလည်း ဝင်ပြီးပြောသည်။

"ထိုက်တန်. . . ငါတို့ပြဿနာမဖြစ်ချင်ဘူး။ ကိုယ့်ဘာသာ အေး အေးဆေးဆေး နေစမ်းပါ"

"မင်းနောစ်က ငါတို့ကို ခွေးလို့ပြောတာ မင်းနားပင်းနေသလား ဘာလဲ. . . မျက်စိကန်းရုံတင်မဟုတ်ဘဲနဲ့ နားပါပင်းသွားပြီလား။ ဒါဆို လည်း မင်းဒီမှာမနေနဲ့တော့၊ ဆွံ့အနားမကြားကျောင်းသာ သွားနေပေ တော့"

ထိုက်တန် အဆုံးစွန်အထိ စော်ကားနေလျှင် နေသိမ်နှင့် ပန်း လေညင်းတို့ ဒေါသတွေကို ဘယ်လိုတုံ့ပြန်ရမှန်းမသိဖြစ်ရ၏။ သည်စဉ် သူတို့အနားသို့ စိုင်းဝဏ္ဏရောက်လာပုံက လေပြည်မွှေ့လိုက်သလို။

"ဘောစ့် ဘာတွေဖြစ်နေပါသလဲခင်ဗျာ"

"ထုံးစံအတိုင်းပေါ့ကွာ၊ ပြဿနာရှာနေတာလေ"

"ဒီလိုလား. . . ကဲ! ကိုထိုက်တန် ဘာဖြစ်ချင်သလဲ"

"ဘာဖြစ်ရမလဲ၊ ဟိုကောင်မက ငါ့ကိုခွေးလို့ပြောတယ်လေ။ ဒါ လုံးဝမကျေနပ်ဘူး"

"အဲဒီတော့"

"သူ့ပါးကိုရိုက်ရရင် ရိုက်ရ. . . မရိုက်ရရင် နမ်းရမှ ကျေနပ် မယ်"

"ဟား. . . ဟား. . . ဟား. . . ဟား"

စိုင်းဝဏ္ဏ အားရပါးရ အော်ရယ်လိုက်သဖြင့် ထိုက်တန်နှင့်နေ မျိုးဗိုလ် ကြောင်သွားရသည်။ ဘာလဲ။

"ကဲဗျာ. . . ကိုထိုက်တန်၊ မိန်းကလေးတစ်ယောက်ကို နမ်းရင်





အပြစ်ပိုကြီးတယ်ဗျ။ ပါးရိုက်ချင်ရင်တော့ ရိုက်လေ။ ခင်ဗျားရိုက်လို့ရရင် ရိုက်ပေါ့"

စိုင်းဝဏ္ဏ ခွင့်ပေးလိုက်လျှင် နေသိမ် ချာခနဲ သူ့ဘက်လှည့် ကြည့်၏။ အသံကြားရာဘက်သို့ပေါ့။ စိုင်းဝဏ္ဏက နေသိမ်ကို နှစ်သိမ့် လိုက်ပါသည်။

"မပူပါနဲ့ ဘောစ့်၊ နားထောင်ကြည့်လိုက်ပါဦး"

ထိုက်တန်က ပန်းလေညင်းအနားသို့ တိုးကပ်သွားပြီး ပါးကို လှမ်းရိုက်မည်ပြင်လျှင် လေဓါးလျှင်မြန်နည်းမျိုးဖြင့် လေညင်း နွဲ့နွဲ့လေး ရှောင်လိုက်ပြီး ထိုက်တန်၏ဖက်ပိုးကို လက်ဝါးစောင်းနှင့် ခပ်ဆတ်ဆတ် လေး ခုတ်ထည့်လိုက်၏။ ကဲ! မှန်းနေတာ ကြာပြီ။

"အင့်!"

ထိုက်တန် ဘာဖြစ်လို့ဖြစ်မှန်းပင် မသိလိုက်ဘဲ မြက်ခင်းပေါ်သို့ ခွေခနဲ ကျသွား၏။ နေမျိုး ကြောင်ကြည့်နေရာမှ ပန်းလေညင်းထံ ပြေး သွားပြီး တိုက်ခိုက်ဖို့ပြင်လျှင် သူမရှောင်ပေးလိုက်ပြီး တံတောင်နှင့်နံကြား သို့ ကစ်ထည့်လိုက်၏။

"အွတ်!"

တူဝရီးနှစ်ယောက် မြက်ခင်းပေါ်မှာ ဖရိုဖရဲလဲကျနေသည်ကို ထားခဲ့ပြီး သူတို့သုံးယောက် ထိုနေရာမှ ထွက်ခွာလာခဲ့ကြ၏။ ထိုစဉ် ဒေါ်မာလာတင့်တစ်ယောက် ထမီမနိုင်ပဝါမနိုင်ဖြင့် အပြေးရောက်ရှိလာ ပြီး မောင်နှင့်သားကိုငုံ့ကြည့်ကာ ပဋာမြေလူး ဆတ်စလူးဖြစ်သွား၏။

"ဟင်! နင်. . . နင်တို့ ငါ့သားနဲ့ငါ့မောင်ကို ဘယ်လိုလုပ်လိုက် ကြတာလဲ။ နင်တို့ကို ရဲတိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်ချုင်ရာတိုင်၊ ခင်ဗျားလူတွေက ကျုပ်ကို တမင်သက်သက် ရန်လိုက်စတယ်။ နောက် ကျုပ်ရဲ့နာစ့်ကို ပါးရိုက်ဖို့လုပ်ရင်း ဟိုက ဆော် ထည့်လိုက်လို့ မှောက်သွားကြတာ။ တိုင်. . . ဖြစ်တယ်၊ ဒီဘက်က မိန်း ကလေးကလည်း ဖြေရှင်းမှာပဲ"

ဒေါ်မာလာတင့်တစ်ယောက် ဆတ်စလူးခါနေသည်ကို ထားခဲ့ ပြီး သူတို့သုံးယောက် အိမ်ထဲသို့ပြန်ဝင်လာကြသည်။

"တော်တော်စိတ်ပျက်စရာကောင်းတယ်၊ အသက်အစိတ်က လည်း မပြည့်နိုင်ဘူး။ မြန်မြန် အမွေတွေခွဲပြီး မြန်မြန်လူခွဲမှဖြစ်တော့ မယ်။ အင်းလေ. . . ပြောသာပြောရပါတယ်၊ မျက်မမြင်တစ်ယောက်ဟာ ဒီပစ္စည်းဥစ္စာတွေကို ဘယ်လိုထိန်းသိမ်းနိုင်ပါ့မလဲ"

ဧည့်ခန်းထဲမှာထိုင်ရင်း သူညည်းညူနေမိစဉ် အလုပ်သမားတစ် ယောက် အနားသို့ရောက်လာပြီး. . .

"နံနက်စာ အသင့်ရှိပါပြီ မမ"

"ဪ. . . အေး. . . ကဲ! သွားစားကြစို့"

နေသိမ်အနားသို့ သနပ်ခါးရနံ့လေး ရောက်လာပြီး လက်မောင်း ကိုကိုင်ကာ မီးဖိုဘက်သို့ ခေါ်သွားခဲ့သည်။

"ဒီမှာထိုင်ပါ ဘော့စ်"

"နေစမ်းပါဦး၊ အဲဒီကိစ္စက ဘယ်လိုဖြစ်ရတာလဲ၊ ဦးနေခေါ်ရင်း နဲ့ ဘော့စ်ဖြစ်သွားရသလား"

"ကိုစိုင်းခေါ်သလို လိုက်ခေါ်တာပါ။ အဲဒီလိုခေါ်တာက ပိုပြီး သင့်တော်မလားလို့ပါ"

"မခေါ်နဲ့၊ ဦးနေလို့ပဲခေါ်။ ဘော့စ်ဆိုတော့ ငါ့နားထဲမှာ တစ်





မျိုးကြီးပဲ။ ဒါထက် စောစောက ထိုက်တန်နဲ့နေမျိုးကို မင်းဘယ်လိုလုပ် လိုက်တာလဲ။ အွတ်! အင့်! နဲ့ တစ်ခါတည်း အသံတိတ်သွားကြတာပဲ"

"ဘာမှမဟုတ်ပါဘူး. . . သူတို့က ကျွန်မကိုပြေးရိုက်ကြတော့ ရှောင်ပေးလိုက်တာပါ။ အရှိန်လွန်ပြီး သစ်ပင်နဲ့ပြေးဆောင့်ကြတာ"

ပန်းလေညင်း ဖော့ပြောလိုက်တော့လည်း သူယုံသွားတာပါပဲ။ တကယ်လည်း လေညင်းပုံစံက သိုင်းသမားတစ်ယောက်ပုံမထွက်။ နုနု နွဲ့နွဲ့လေးနှင့် မြွေတစ်ကောင်လှုပ်ရှားလိုက်သလိုပါပဲ။

ယုတ်စွအဆုံး ထိုက်တန်နှင့်နေမျိုးတောင် သူတို့ကိုယ်သူတို့ ဘာ ဖြစ်လိုက်မှန်းမသိဘဲ လောကကြီးနဲ့ အဆက်ပြတ်သွားကြတာပါ။

သူတို့သုံးယောက် နံနက်စာအဖြစ် ကော်ဖီနှင့်မုန့်များ စားသောက် နေကြစဉ် ဒေါ်မာလာတင့်တစ်ယောက် ပြတင်းပေါက်မှတစ်ဆင့် အော် ကြီးဟစ်ကျယ် လာပြီးရန်တွေ့လေ၏။

"ဟဲ့! စုန်းမတွေ စုန်းထီးတွေ၊ ငါ့သားနဲ့ငါ့မောင်ကို ဘယ်လို ပြုစားခဲ့တာလဲ။ ရှမ်းပြည်ကလာတဲ့ အောက်လမ်းမတွေ။ ရှေးတုန်းက ရှမ်းမတွေပြုစားသလိုပဲ ငါ့သားနဲ့ငါ့မောင်ကို ပြုစားခဲ့တာ။ နင်တို့ပညာ တွေ ပြန်နုတ်"

ပန်းလေညင်းကတော့ သူမကို မတရားစွပ်စွဲနေပေမယ့် ခပ် ပြုံးပြုံးပါပဲ။

"အောက်လမ်းပညာတွေ မဟုတ်ပါဘူး၊ သူတို့က ကျွန်မကို ရန်ပြုလာလို့ ပညာသုံးလိုက်တာပါ။ အဲဒီပညာကို အထက်လမ်းပညာလို့ ခေါ်တယ်။ စိတ်မပူပါနဲ့. . . အဒေါ်ကြီး၊ နောက်ဆယ်မိနစ်လောက်ကြာ ရင် အလိုလိုပြန်သတိရလာမှာပါ။ အဒေါ်ကြီးလူတွေကိုတော့ ပြောထား



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ရှမ်းမကိုလာမစမ်းနဲ့ သေတဲ့အထိ ကိုင်ပစ်လိုက်မယ်လို့။ ပြောဖြစ်အောင် ပြောလိုက်''

တကယ်တော့ ပန်းလေညင်း ဖိန့်လိုက်တာပါ။ သို့သော် ဒေါ်မာလာတင့်ဆိုတာ နတ်၊ ဖေဒင်၊ စုန်းကဝေ၊ အောက်လမ်းပညာဆိုတာတွေကို ယုံကြည်သူမို့ ပန်းလေညင်းပြောတာတွေကို ယုံကြည်သွားလေသည်။

ပန်းလေညင်းကို ဘာမှပြန်မပြောတော့တဲ့ ချာခနဲလှည့်ပြန်သွားပုံက မပြေးရုံတမယ်။ စိုင်းဝဏ္ဏ ရယ်မောရင်း. . .

''လေညင်းရေ့ နင့်စကားကို အဒေါ်ကြီး တကယ်ထင်သွားပြီ တော်ကြာ နင့်ကို အောက်လမ်းပညာတွေနဲ့ ပြန်တိုက်လိမ့်မယ်။ သတိထား''

''အစ်ကိုကလည်း ခြောက်နေပြန်ပါပြီ။ အောက်လမ်းပညာဆိုတာ တကယ်ရော ရှိလို့လား''

''တကယ်စွမ်းတဲ့ဆရာတွေကတော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ အလိမ်အညာတွေ များပါတယ်ဟာ၊ မကြောက်ပါနဲ့''

''လေညင်းက သူတို့ကြောက်အောင် ပြောလိုက်တာပါ။ အစ်ကို မြင်သားပဲ''

''အေး. . . ဒါပေမဲ့ နင်က လေတိုက်သလိုလေး ရိပ်ခနဲဆိုတော့ ဟိုကကြောင်တွေ ဘာဖြစ်မှန်းတောင် မသိလိုက်ဘူး''

''ကဲ! တော်ပါ၊ လူလည်း နေရင်းထိုင်ရင်း စုန်းမ ဖြစ်နေရပါပြီ''

''ဟိုကပြောတာ စုန်းထီးနဲ့စုန်းမလို့ ပြောတာပါနော်၊ ငါလည်း ပါပါတယ်''

''ရှမ်းပြည်ကလာတယ်ဆိုပြီး အထင်ကြီးနေကြတာ။ ရှေးသိုက်





သမိုင်းကားတွေထဲမှာ ရှမ်းဆရာကြီးတွေ ရှမ်းအောက်လမ်းဆရာကြီးတွေ ပါတော့ ခုလည်းအထင်ကြီးနေတာပေါ့. . .ဟား. . .ဟား. . .ဟား။ ကောင်းတယ်၊ သူတို့ကို သရဲနှစ်ကောင်လောက်မွေးပြီး ခြောက်ရမယ်''

စိုင်းဝဏ္ဏ နောက်နေပေမယ့် အလုပ်သမားနှစ်ယောက်ဖြစ်သည့် မြပြည့်နှင့် အေးအေးလင်းတို့မှာ တကယ်ပင်ထင်မှတ်ပြီး ကြောက်ရွံ့သွားလေသည်။

တကယ်တော့ သူတို့နှစ်ယောက်ဟာ ဒေါ်မာလာတင့် စည်းရုံးထားသည့်လူတွေပါ။ တစ်ယောက်ကို ငွေနှစ်သိန်းလောက်စီ ပစ်ပေးထားတာနှင့် ဒေါ်မာလာတင့် ခိုင်းသမျှလုပ်မည့်သူတွေ။

သူလျှိုပေါ့။ ဒီဘက်အိမ်မှာ ဖြစ်ပျက်သမျှ တစ်ဖက်သို့ သတင်းပို့ရမည့်သူတွေ။ ယခုလည်း စိုင်းဝဏ္ဏ နောက်တာကို နားစွန်နားဖျားကြားပြီး ဒေါ်မာလာတင့်ထံသတင်းပို့ဖို့ အခြေအနေကိုကြည့်နေကြ၏။

နေသိမ်ကတော့ စိုင်းဝဏ္ဏနှင့်ပန်းလေညင်းတို့ပြောတာကို နားထောင်ပြီး ပြုံးနေ၏။ သူ့ဘဝမှာ အထီးကျန်နေခဲ့ရ၊ အမှောင်ထဲရောက်နေရာမှ စိတ်ပြေလက်ပျောက်ဖြစ်လာ၊ ရောင်နီသန်းလာသလို ခံစားရသည်။

နံနက်စာစားပြီးလျှင် နေသိမ်ကို သူ့အခန်းသို့ ပြန်ပို့ဖို့ ပန်းလေညင်း ပြင်ရသည်။

''ဦးနေ. . . ကိုယ့်အခန်းပြန်မလား''

''အင်း. . . ဒီအလုပ်ပဲရှိတော့တာပဲလေ၊ ခြံထဲမှာဆင်းပြီး အေးအေးချမ်းချမ်းနေချင်ပြန်တော့လည်း အနှောင့်အယှက်တွေက ရှိသေးတယ်၊ တကယ်ဆို ငါ ခြံထဲကသစ်ပင်ရိပ်မှာ အေးအေးလူလူနားချင်တာ''

''ဦးနေ. . . အင်းယားတို့ဘာတို့မှာ သွားပြီး လေညင်းခံပါလား''



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညင်း အကြံပေးလျှင် နေသိမ်ခေါင်းကိုညင်သာစွာ ခါရမ်းလိုက်သည်။

"အကျိုးဆော့ အကန်းမော့ဆိုသလို ငါ့အဖြစ်က မျက်ကန်းကြီးလေ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူးဟာ"

နေသိမ်အသံက ဆွေးဆွေးမြည့်မြည့်နှင့် နာကြည်းသံပေါက်နေလျှင် ပန်းလေညင်းရင်ထဲ နင့်မိသည်အထိ။

"ဦးနေရယ်. . . ဘာလို့အားလျှော့ရမှာလဲ ဦးနေမှာ ကားရှိတယ်မဟုတ်လား။ အစ်ကိုစိုင်းကို ကားမောင်းခိုင်းပေါ့"

"သူ ကားမောင်းတတ်သလား"

စိုင်းဝဏ္ဏ မနေသာတော့ပါ။ သူညီမပြောနေသည့်စကားဝိုင်းထဲ သူပါဝင်ရတော့၏။

"ကျွန်တော် ကားမောင်းတတ်ပါတယ် ဘော့စ်"

"အဲလိုမခေါ်ပါနဲ့ဗျာ၊ နာမည်ပဲခေါ်ပါ"

"ဒါဆိုလည်း ကိုနေလို့ခေါ်မယ်ဗျာ၊ ကျွန်တော် တောင်ကြီးမှာတော့ တက္ကစီဆွဲစားဖူးပါတယ်"

"လိုင်စင်ရှိတယ်ပေါ့"

"ဟုတ်ကဲ့. . . ရှိပါတယ်၊ အဲ! ရန်ကုန်လမ်းတွေတော့ ကောင်းကောင်းမကျွမ်းသေးပါဘူး။ ဒါပေမဲ့ အင်းယားလောက်တော့ မောင်းပို့နိုင်ပါလိမ့်မယ်"

"ကျွန်တော် အခုမသွားသေးပါဘူး၊ အောင်ဟိန်းနဲ့နှစ်ယောက် လမ်းတွေသိအောင် လေ့ကျင့်လိုက်ပါဦး။ ကျွမ်းကျင်ပြီဆိုမှ ကျွန်တော် ခိုင်းပါ့မယ်။ အဲဒီအတွက်လည်း ကိုစိုင်းကို ကျွန်တော် လစာပေးပါ့မယ်"





"ဩော်. . . ရပါတယ် ကိုနေ၊ ကိစ္စမရှိပါဘူး။ ကျွန်တော် ထပ်ပြီးမလိုချင်ပါဘူး။ အခုလည်း လေညင်းကပဲ ကိုနေ့ကိုပြုစုလုပ်ကိုင်ပေးနေရတော့ ကျွန်တော် ထိုင်စားနေရတာပဲလေ။ ကားလေးဘာလေး မောင်းပေးရမှ စားလို့မျိုကျမှာ"

"ဒီလိုသဘောမထားပါဘူးဗျာ၊ ခင်ဗျားတို့နှစ်ယောက်ဟာ ကျွန်တော့်ရဲ့အမှောင်ကမ္ဘာထဲက မိတ်ဆွေတွေပါပဲ။ ကဲ! ပန်းလေညင်း။ ကိုယ့်ကို အခန်းထဲပို့ပေးပါတော့"

"ဟုတ်ကဲ့. . . ကိုနေ့ကို ဆေးတိုက်ရဦးမယ်"

ပန်းလေညင်း နေသိမ်ကိုတွဲပြီး အိမ်ပေါ်သို့လိုက်ပို့သည်။ စိုင်းဝဏ္ဏကတော့ စလောင်းကြည့်ရင်း နားစွင့်ရင်း သတိနှင့်သက်တောင့်သက်သာ ကျော်ဖြတ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ငါ့ကို ဂရုဖတ်ပြပါ၊ ဒီတစ်ပတ်ထွက်တဲ့ဂျာနယ်တွေ အောင်ဟိန်းကို ဝယ်ခိုင်းထားတယ်။ သတင်းစာတွေလည်း မဖတ်ရတာ ကြာပြီ။ ငါ မျက်စိကန်းကတည်းကပဲ"

နေသိမ်ဲ ညည်းညူနေတော့ ပန်းလေညှင်း ကရုဏာသက်ရပါသည်။ ဟုတ်တာပေါ့၊ သူ့ခမျာ အလင်းကွယ်နေရတာ ကြာပြီလေ။

ပန်းလေညှင်း ဂျာနယ်တွေထဲမှ ခေါင်းစဉ်လေးတွေ ဖတ်ပြပြီး သူစိတ်ဝင်စားမည့်သတင်းတွေ ဆောင်းပါးတွေကို ဖတ်ပြရပါသည်။

တစ်နာရီလောက်ကြာတော့ ပန်းလေညှင်းလည်း ညောင်းလာ၊ သူလည်း ညောင်းလာပေပြီ။

"ကဲ! နားလိုက်ဦး၊ ငါ့ကိုဆေးတိုက်ပြီးရင် မင်း နားလေ။ မင်း အခန်းမှာ ပြန်နားလိုက်။ ငါလည်း ခဏနားလိုက်ဦးမယ်။ နေ့လယ်စာ စားချိန်နီးမှလာပေါ့"





"ဟုတ်ကဲ့ပါ ဦးနေ၊ လိုအပ်တာရှိရင် ကျွန်မကိုလှမ်းခေါ်နော်"

ပန်းလေညှင်း သူ့ကိုဆေးတိုက်ခဲ့ပြီး ကိုယ့်အခန်းသို့ ပြန်လာခဲ့သည်။ ပန်းလေညှင်းဆိုတာ အလကားနေရင်း အိပ်နေသည့်အပျင်းမလေး မဟုတ်တာမို့ မီးဖိုဘက်သို့ ဆင်းလာခဲ့သည်။

မီးဖိုဘက်မှ အလုပ်သမားနှစ်ယောက်၏ စကားသံတွေကြားနေသဖြင့် သူမရပ်ပြီး နားထောင်ကြည့်မိသည်။ ခိုးနားထောင်တာမဟုတ်ရပေမယ့် အခြေအနေတွေကို သိရန်ပေါ့။

"ဒီအိမ်ကလည်း စိတ်ပျက်စရာဟယ်၊ အိမ်ရှင်က မျက်စိမမြင်သို့ နိုလို့ရမလားမှတ်တယ်။ သူ့နှာနှစ်ယောက်ကို တော်တော်အရေးပေးသယ်နော်"

"နာစ့်ကောင်မက တော်တော်ချောတာကိုး၊ အရေးပေးမှာပေါ့"

"သူက မျက်စိကန်းနေတာပဲ၊ ချောတာမချောတာ မသိပါဘူး။ ကိုယ့်အလုပ်သမားများ ဘာလို့ ဒီလောက်အရေးပေးနေတာလဲမသိဘူး"

"ငါတို့ကိုလာပြီး ဆရာကြီးလုပ်လို့ကတော့ နာမယ်သာမှတ်။ ညာပြန်ပေးလိုက်မယ်။ မြမြဦးတို့အကြောင်း တောင်းကောင်းသိသွားရမယ်"

"ငါ ပထမအိမ်တုန်းကဆို ဈေးပါဝယ်ရတာ။ ဈေးဖိုးထဲက နည်းနည်းဖြောင်လို့ ရတာပေါ့"

"အဲဒါတောင် ဘာဖြစ်လို့ အဲဒီအိမ်မျိုးထားခဲ့ရတာလဲ အစ်မတော်ဖုရားရယ်"

"အဟဲ! . . . အဲဒီအိမ်က အိမ်ရှင်မ မရှိတာက များတယ်။ သူ့သောက်ျားက နှာဗူးဟ၊ ကြာရင် မလွယ်ဘူး၊ ဒါကြောင့်ပြေးလာရတာ"



www.burmeseclassic.com

စကားတွေ နားထောင်ပြီး ပန်းလေညင်း စိတ်ညစ်သွားရသည်။ ကိုယ့်ကိုယ်ကိုယ်တောင် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားရ၏။ ကိုယ့် ကိုယ်ကိုယ် အိမ်ရှင်မဟုတ်မှန်း သိပေမယ့် သူတို့မောင်နှမဟာ နေသိ အတွက် ကောင်းကျိုးတွေပေးဖို့ ကောင်းကျိုးတွေ ဆောင်ရွက်ဖို့ လာခဲ့ တာပါ။

အလုပ်သမားချင်းတူရင်တောင် အဆင့်မြင့်အလုပ်သမားနှ အဆင့်နိမ့်အလုပ်သမားပေါ့။ ကိုယ်က အိမ်တော်ဖိုးလို အဆင်ပြေဖို့ အလု သမားငွေကို ကြိုးကြပ်ပေးချင်တာ။ နို့မို့ အိမ်ရှင်မ မရှိသည့်အိမ်၊ အိ ရှင်က မျက်စိမမြင်သည့်အိမ်မှာ အားလုံးဟာ ဖရိုဖရဲဖြစ်မှာအမှန်။

အလုပ်သမားဆိုတာလည်း သိတဲ့အတိုင်း သူတို့ချည်းလွှတ်ထာ လျှင် ဘယ်လိုလုပ်ပြီး အဆင်ပြေမှာတဲ့လဲ။ အနည်းဆုံး အိမ်ရှင်မက စဉ် ညွှန်ကြား၊ ကြီးကြပ်ပေးမှ အဆင်ပြေမှာပေါ့။

သည်တော့ ပန်းလေညင်း သက်ပြင်းကို မသိမသာချပြီး ယ မှရောက်လာသည့်ပုံနှင့် မီးဖိုထဲသို့ ဝင်လာရသည်။

"မမြဦးတို့ အေးအေးလင်းတို့ ဘာတွေလုပ်နေကြပြီလဲ"

တကယ်က ဘာတွေချက်ဆိုတာ မပြောရသေးပါ။ ယခုမှလည် ကိုးနာရီသာသာလေးပဲ ရှိသေးတာ။ မြမြဦးက. . .

"ရေခဲသေတ္တာထဲမှာ အသားငါးတွေ ပုစွန်တွေ ဟင်းသီးဟ ရွက်တွေ တွေ့တယ်၊ ငါးချက် ပုစွန်ကြော်ပြီး ကြက်သားကြော်မယ်။ ချ ဟင်းချက်မယ်၊ ငံပြာရည်ဖျော်. . ."

"ဟိုး. . . ကျွန်မ ဦးနေသိမ်ကို မေးလာခဲ့တယ်၊ သူစားချင်တ ကိုမေးပြီးမှ မမြဦးတို့ ချက်ပေးရမှာလေ။ ဒီနေ့ ငါးကြော်မယ်၊ ပုစွန်ထု





ကို မီးကင်ပေးပြီး အချွံခွာပြီး သုတ်မယ်။ ကြက်သားကို ချဉ်စပ်ချက်ပြီး အစိမ်းကြော်တစ်ခွက်ဆို ရပြီ။ သူ့မှာ သွေးတိုးရှိတဲ့အတွက် ပေါ့ပေါ့လေး ပဲ ချက်ပေးပါ"

"ငါက အငန်ကြိုက်တယ်"

မြမြဦးစကားက ပမာမခန့်။ ပန်းလေညင်း စိတ်ပျက်ရသည်။

"မမြဦးစားဖို့ ချက်နေတာမဟုတ်ဘူးလေ၊ ဒီအိမ်ရှင်စားဖို့ ချက် နေရတာ။ ငန်ငန်စားတတ်ရင် မုန့်ဟင်းခါးဆိုင်တွေလို ငံပြာရည်ပုလင်း ဆောင်ထား။ ချက်တဲ့ဟင်းထဲ ငံပြာရည်ထည့်စားလို့ ရတာပဲ"

"ငါတို့အရင်အိမ်တွေမှာဆို အိမ်ရှင်စားသမျှဟင်းနဲ့ အကုန်စား တာနော်။ အခုလည်း ချက်သမျှဟင်း အကုန်စားရမှဖြစ်မယ်"

ပန်းလေညင်း မျက်မှောင်ကြုတ်လိုက်မိသည်။ ဒီမိန်းမ ဒါတော့ လွန်ပြီ။

"ချက်သမျှဟင်းတော့ ဘယ်စားရမလဲ၊ မမြဦးတို့အဆင့်နဲ့ဆို ယ့်အိမ်မှာဆိုတောင် ငါးပိရည်နဲ့ ဟင်းရွက်ပြုတ်ပဲစားရမယ့်အဆင့်လေ၊ င်းတစ်မျိုးနှစ်မျိုးတော့ စားရမှာပေါ့။ ပုစွန်ထုပ်တို့ ကြက်သားတို့တော့ ယ်စားရမလဲ"

"နင်တို့ကျတော့ရော"

"ကျွန်မတို့လည်း ဘယ်အကုန်လျှောက်စားမလဲ၊ ငါးလေး ဟင်း ာ်ကြော်လေးလောက်ဆို တော်ပြီပေါ့။ အိမ်ရှင်ကို ဦးစားပေးရမှာပေါ့။ လုပ်ဆိုတာ စေတနာထားတတ်ရင် ကုသိုလ်ရတာပဲ"

ပန်းလေညင်းပြောနေသည်ကို မြမြဦးပုံစံက ပမာမခန့်နှင့်. . .

"မိအေးရေ. . . နင် ဘိန်းစားချင်းအတူတူ တစ်မူးပိုမရှုချင်

www.burmeseclassic.com



နဲ့နော်။ ငါ့ပါးစပ်နဲ့တွေ့မယ်''

စောင်းချိတ်ပြောနေမှန်းသိပေမယ့် ပန်းလေညင်း မတုံ့ပြန်တော့ပါ။ ရေခဲသေတ္တာထဲမှသာ ချက်ရပြုတ်ရမည့်ဟင်းလျာများကို ထုတ်နေမိသည်။ ဒီမိန်းမ မလွယ်ပါလား။ ဒေါ်မာလာ့ထံတွင် ပယောဂများ ပါနေသလား။ နောက်ဆုံး ဘယ်လိုမှအဆင်မပြေလျှင် ထုတ်ပစ်ရမှာပဲ။

''ရော့! မမြဦး၊ ဒီငါးရှူလေးတွေ ကြွပ်နေအောင် ကြော်မယ်။ ပုစွန်ထုပ်သုံးကောင်ကို ကင်၊ ဒီကြက်သားက ချဉ်စပ်ချက်၊ ဒီပန်းဂေါ်ဖီနဲ့ မုန်လာဥနီ၊ ခရမ်းချဉ်သီးက အစိမ်းကြော်. . . ကြော်''

''ငါမလုပ်တတ်ဘူး''

''ဒါဆိုလည်း ကျွန်မ သင်ပေးမယ်၊ နောက်နေ့ကျ ကိုယ့်ဘာသာလုပ်ပေါ့''

မြမြဦး တမင်ကပ်နေတာ သိပေမယ့် စကားနည်းရန်စဲ ပန်းလေညင်း ချက်ပြုတ်ပြဖို့ ပြင်လိုက်သည်။

''သူနဲ့အငန်နဲ့ မဖြစ်ဘူးနော်၊ ဟင်းတွေ ကျွန်မ ဆားနယ်ပေးမယ်''

''နင်က နေ့တိုင်းလုပ်ပေးမှာမို့လား''

''ကျွန်မ မအားတဲ့အခါလည်း ရှင့်ဘာသာ လုပ်ပေါ့။ ဆားဆိုပုံမှန်ထက် လျှော့ထည့်လိုက်ရင် ပြီးတာပဲလေ''

ခွတိုက်နေသည့်မြမြဦးကို စိတ်ရှည်စွာ သင်ပြလုပ်ကိုင်ပေးခဲ့ပြီး ပန်းလေညင်း မီးဖိုမှထွက်ခဲ့တော့ မနက် ဆယ့်တစ်နာရီ။ ဆယ့်နှစ်နာရီမှာ နေသိမ်ကို ထမင်းကျွေးဖို့အတွက် အပေါ်ထပ်သို့ သူမ ပြန်တက်ခဲ့သည်။

နောက် ကိုယ့်အခန်းထဲဝင်ပြီး ရေချိုး၊ သနပ်ခါးလိမ်း အဝတ်လဲရ၏။ ပန်းလေညင်း ကိုယ့်အိမ်မှာလို ဝတ်ချင်စားတွေ လျှောက်မဝတ်ပါ။ ကိုယ်က သူ့ရဲ့နာစ့်မှ ကြခဲ့ရသည့်အဝတ်အစားတွေပဲဝတ်သည်။ ဒီနေ့လည်း လုံချည်ပန်းရောင်လေးနှင့် ရယ်ဒီမိတ်အကျီလက်ရှည်ပန်းရောင်၊ အကျီလေးက ခပ်လုလု။

သူမ ဘာလို့လှချင်မိပါလိမ့်။ သူ့ခမျာ ဘယ်သူ့ကိုမှ မြင်တာ ထည်းမဟုတ်ဘဲနှင့်။ မိန်းကလေးမို့ လှချင်တာဖြစ်မည်။ ပန်းလေညင်း ကိုယ့်အခန်းထဲမှ ထွက်ခဲ့ပြီး နေသိမ်အခန်းထဲဝင်တော့ ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ်အလို။

နေသိမ် သူ့ကုတင်ပေါ်မှာ ထိုင်နေရာမှ လက်ကိုဆန့်တန်းလိုက်သည်။

''လာ. . . ငါ ထမင်းဆာနေပြီ၊ ဒီနေ့ ဘာတွေစီစဉ်ထားလဲ''

ပန်းလေညင်း ဟင်းအစီအစဉ်ပြောပြတော့ သူ့ပုံစံက ကျေနပ်သိုဖြစ်နေသည့်ပုံ။

''ကောင်းတယ်၊ ငါထမင်းကောင်းကောင်း မစားဖြစ်တာ ကြာပြီ။ ဒါပေမဲ့ ငါးတွေ ကြက်သားတွေက အရိုးများတယ်''

''မပူပါနဲ့ ကိုနေ၊ ကျွန်မ ရှိပါတယ်''

ပန်းလေညင်း နေသိမ်ကိုတွဲပြီး အပေါ်ထပ်မှ အောက်သို့ ဖြည်းညင်းစွာ ဆင်းခဲ့သည်။ ကိုစိုင်းလည်း သူတို့အနားသို့ ရောက်လာ၏။

''ညနေ ကိုနေ ဆေးခန်းပြဖို့အတွက် ကိုအောင်ဟိန်း တိုက်ငှားထားတယ်တဲ့''

''ဟုတ်တယ်၊ ညနေလေးနာရီလောက် သွားရမှာ၊ ကိုစိုင်း ကားမောင်းမလား''







www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ကိုနေ လမ်းကြောသာ ပြောပြထား။ ကျွန်တော် စောစောက ဟိုနားဒီနားတောင် လျှောက်မောင်းကြည့်နေသေးတယ်"

"ကောင်းတယ်. . . ကိုစိုင်း ကားလမ်းတွေ ကျွမ်းကျင်အောင် လေ့ကျင့်ထားပေါ့"

သုံးယောက်အတူ ထမင်းစားခန်းထဲသို့ရောက်တော့ ထမင်းပွဲ အဆင်သင့်မဖြစ်သေး။ ပန်းလေညင်း နေသိခ်ကို စားပွဲမှာထိုင်ခိုင်းထားပြီး သူမပါ ကူပြင်ရသည်။ မြမြဦးနှင့် အေးအေးလင်း ပညာတွေ ပြနေလေပြီ။ အိမ်ရှင်က မျက်စိမမြင်သည်မို့ သူတို့ဂရုစိုက်စရာ တစ်ယောက်မှမရှိသည့်အချိုးနှင့်။ မျက်နှာကအစ မသိုးမခန့်။

စိုင်းဝဏ္ဏ မျက်မှောင်ကြုတ်ကြည့်ပြီး ပန်းလေညင်းကို မေးဆတ်ပြလျှင် လေညင်း လက်ကလေး ကာပြရသည်။ ပန်းလေညင်း စကားတစ်ခွန်းမှမပြောဘဲ ထမင်းပွဲကို လျင်မြန်စွာပြင်တော့ မြမြဦးက ကြည့်နေပြီး အေးအေးလင်းကတော့ အားတောင့်အားနာနှင့်။

နေသိခ်က အကင်းပါးသူမို့ အခြေအနေတွေကို နားစွင့်နေ၏။

"ဆယ့်နှစ်နာရီကျော်နေပြီ၊ ထမင်းပွဲအဆင်သင့်မဖြစ်သေးဘူးလား။ အလုပ်သမားနှစ်ယောက် ဘယ်ရောက်နေလဲ၊ ပန်းလေညင်း အလုပ်သမားနှစ်ယောက် ငါ့အနားခေါ်ခဲ့စမ်း"

မြမြဦး ပခုံးတွန့်ပြီး ပမာမခန့်ရုပ်နှင့် အနားသို့ရောက်လာသယ်၊ အေးအေးလင်းကတော့ ကုပ်ချောင်းချောင်းနှင့် အနားရောက်လာ၏။

"နာမည်တွေ ပြောစမ်း"

"ကျွန်မနာမည် မြမြဦးပါ"

"အေး. . . နင့်ကို ငါအလုပ်ဖြုတ်တယ်၊ ဒီနေ့တစ်ရက်စာယူပြီး ပြန်တော့"

"ရှင်! "

"နင့်လေသံထဲမှာ ပမာမခန့်အသံတွေ၊ မခန့်လေးစားဟန်တွေ ပါနေတယ်။ သွားတော့. . . ကျောင်းတော့၊ နင့်ကို ငါအလိုမရှိဘူး"

မြမြဦး လန့်သွားပြီး ပန်းလေညင်းကိုလည်း မျက်စောင်းထိုးလိုက်၏။ ဒီကောင်မ ချွန်ထားတာ နေမှာပေါ့။ မြမြဦး ရှိခိုးဦးချတောင်းပန်ရမေတော့မည်။ ဒီအလုပ်ကို လက်လွှတ်လို့မဖြစ်။ ဒီအိမ်က လစာအပြင် ဒေါ်မာလာတင့်ထံမှလည်း ဘောက်ဆူးရမည်မဟုတ်ပါလား။

"ဆရာရယ်. . . ဆရာ့နာစ့်ပြောတိုင်း မယုံပါနဲ့၊ ကျွန်မ အလုပ်ကောင်းကောင်းလုပ်ပါတယ်။ သူသာ လာပြီးနှမ်းဖြူးနေတာ၊ ဟိုလိုချက်ပါ ဒီလိုချက်ပါနဲ့ လာပြီး ဆရာကြီးလုပ်နေတာပါ"

"ခုချိန်ထိ ထမင်းပွဲအဆင်သင့်မဖြစ်သေးတာရော၊ နေ့လယ် ဆယ့်နှစ်နာရီမှာ နေ့လယ်စာမစားလို့ ဘယ်အချိန်စားရမှာလဲ။ အချိန်စာရင်း ကပ်ထားပြီးသားလေ။ မနက်ရှစ်နာရီ နံနက် ၁၊ နေ့လယ် ဆယ့်နှစ်နာရီ နေ့လယ်စာ၊ ညနေခြောက်နာရီ ညစာ၊ ခင်ဗျား စာမဖတ်တတ်ဘူးလား"

"ဟို. . . အဲ. . . နောက်နေ့တွေဆို ဆရာ့ပုံစံအတိုင်းဖြစ်အောင် လုပ်ပေးပါ့မယ်။ ဒီနေ့က ဆရာ့နာစ့် လာရှုပ်နေတာနဲ့ အလုပ်မပြီးဖြစ်သွားရတာပါ"

"သူ ကျုပ်ကို ဘာမှမပြောဘူး၊ အခု ခင်ဗျားရှင်းချက်ထုတ်တော့မှ အခြေအနေတွေကို သဘောပေါက်သွားပြီ။ ကျုပ်ကို မျက်စိမမြင်ဘူးဆိုပြီး လျှော့မတွက်နဲ့. . . မှားသွားမယ်။ ကဲ! သူ့ကို နေ့တွက် ငါးဆောင်







www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးလိုက်။ သွားတော့"

မြမြဦး ထိုင်ငိုရမည့်ကိန်း ဆိုက်သွားပါပြီ။ ဘယ်လိုမှတောင်းပန်မရတော့။ သူ့အသံ သူ့ဟန်တွေ ထောင့်မကျိုးတာကို နေသိမ်သိသွားတဲ့နောက်၊ နောက်ဆုံး မြမြဦး ငိုကြီးချက်မနှင့် အလုပ်မှထွက်သွားရပါတော့သည်။ မသွားခင် ပန်းလေညင်းကို ပြောဆိုသွားလိုက်သေး၏။

အေးအေးလင်း ဒူးတွေ တဆတ်ဆတ်တုန်နေပါပြီ။ သူက ငယ်ရွယ်သူမို့ မြမြဦး မြှောက်ပေးသည့်နောက် ရောပါမိတာပါ။ ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာနေရမှ သူမအတွက် အဆင်ပြေပါလိမ့်မည်။ သည်တော့ သူ့ကို အလုပ်ထုတ်မှာ ကြောက်နေ၏။ ပန်းလေညင်း အေးအေးလင်းကိုကြည့်ပြီး သဘောပေါက်ပါသည်။

"ကဲ. . . ညီမ၊ တို့နဲ့အတူ လုပ်ကြတာပေါ့။ ဟိုတစ်ယောက်လိုတော့ မရိုင်းဘူးမဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ပါ မမ၊ ကျွန်မကိုခိုင်းပါ၊ မသိတာရှိရင် ပြောပြပါ။ ဟင်းကောင်းကောင်းမချက်တတ်ပေမယ့် အိမ်သန့်ရှင်းတာ၊ အဝတ်မီးပူတိုက်တာ၊ လျှော်တာ၊ မီးဖိုထဲမှာ ကူတာတွေ ကျွန်မ လုပ်နိုင်ပါတယ်"

"မတတ်ပေမယ့် သင်လို့ရပါတယ်၊ ဟိုတစ်ယောက်လို ပမာမခန့်မလုပ်ရင် ပြီးတာပဲ"

အလုပ်ရှုပ်သွားကြသည်မို့ ထမင်းကို ဆယ့်နှစ်နာရီခွဲမှ စားဖြစ်ကြလေသည်။ ဘာပဲဖြစ်ဖြစ် စိတ်ထဲရှင်းသွားရသည်လေ။



## အခန်း (၁၁)

ညနေလေးနာရီမှာ နေသိမ်ကို ဆေးခန်းသွားပြဖို့အတွက် စိုင်းဝဏ္ဏနှင့် ပန်းလေညင်းတို့ အိမ်ထဲမှထွက်လာခဲ့ကြသည်။

အိမ်မှာ ကားနှစ်စီးရှိပြီး တစ်စီးက ဒေါ်မာလာတင့် စီးသည်။ ကျန်တစ်စီးက နေသိမ်ရဲ့ကားပါ။ စိုင်းဝဏ္ဏဟာ ကားပြင် ကားမောင်းလည်း ဖြစ်သည်မို့ အဆင်ပြေပေမယ့် ကားကိုဒေါင်တစ်ခုတည်းမှာ ကားနှစ်စီး အတူထားရသည့်အတွက် သတိအမြဲရှိနေရသည်။

ကားဘော်ဒီဖြုတ်ထားမှာ၊ ကားကိုတစ်ခုခုလုပ်ထားမှာ စိတ်ပူသည်မဟုတ်ပါလား။ သူတို့အဖွဲ့မှာ ပြောင်ကျကျပင် ထိုးနှက်တိုက်ခိုက်သလို လက်သီးပုန်းလည်း ထိုးမှာအမှန်။

စိုင်းဝဏ္ဏ ကားကိုအပြင်ထုတ်ပြီး စစ်ဆေးကြည့်နေစဉ် ပန်းလေညင်းက နေသိမ်ကို ကားနားသို့ လက်မောင်းကိုင်ကာ ခေါ်လာခဲ့သည်။ သောက်အိမ်ထဲမှ ထွက်ကြည့်နေကြတာ ဒေါ်မာလာတင့်နှင့် သူ့မောင် ဖိုက်



www.burmeseclassic.com

www.burmeseclassic.com



တန်။ သူတို့က နေသိမ်နှင့် နာစ့်နှစ်ယောက်ကို မျက်စိစပါးမွေး စူးနေကြ သူတွေပီပီ ထိုက်တန်ကပင်. . .

''မျက်စိမပြင်တာ အခွင့်ကောင်းယူပြီး နာစ့်ချောချောလေးနဲ့ တွဲနေရတဲ့နောက် ပြန်မြင်ချင်မှာတောင် မဟုတ်ဘူး''

''ဟဲ့! ကိုထိုက်၊ တော်တော့။ လူတိုင်းကို နင့်စိတ်နဲ့ မနှိုင်းနဲ့''

''မမကလည်း ဒီလိုချောချောလေး ပြုစုတာခံရမယ်ဆိုရင် ထိုက် တန်တို့လည်း ဆယ်ခါပြန် ကန်းရဲပါတယ်ဗျာ. . . ဟား. . . ဟား. . . ဟား''

နေသိမ် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်မိစဉ်၊ ပန်းလေညင်း သူ့ကို ကားထဲသို့ ညင်သာစွာ ဝင်စေလိုက်၏။

''သူတို့နဲ့သာ ရန်ဖက်ဖြစ်နေရရင် ဦးနေ အားမှာမဟုတ်တော့ ဘူး။ လာစမ်းပါ''

''တောက်!''

ကားရှေ့ခန်းမှာပဲ သုံးယောက်ထိုင်ကြသည်မို့ နေသိမ် အလယ် မှ ထိုင်ရသည်။ ပန်းလေညင်းခမျာ သူ့ဘေးမှာ ညပ်နေသည်မို့ သူနှင့် ထိကပ်လျက်။ နောက်ဘက်မှာစီးလျှင် ရပေမယ့် သူမ သူ့ကို ခဏလေး တောင် စိတ်မချတာ ဘာကြောင့်မသိ။

ဒေါသတွေထွက်ပေမယ့် အားငယ်နေရှာသည့် ဦးနေကို သူမ ဖျောင်းဖျချင်သည်။ နှုတ်မှမဖျောင်းဖျတတ်တော့ သူ့လက်တစ်ဖက်ကို ကိုယ့်လက်ကလေးနှင့် ဖျစ်ညှစ်ထားမိတာ။

သူတို့ချိတ်ဆက်ထားသည့် မျက်စိအထူးကုဆေးခန်းမှာ ပြပြီး တော့ ညနေခြောက်နာရီ။ နေသိမ် အမှောင်ကမ္ဘာထဲမှာ အလင်းကွယ် နေရပေမယ့် ကာသိုလ်တွေ ဆက်ချင်သည်။





''ကိုစိုင်းနဲ့ လေညင်း. . . ကျွန်တော် ရွှေတိဂုံဘုရားတက်ချင် တယ်၊ ဖြစ်မလား။ ရွှေသကၤန်းလည်း ကပ်ချင်တယ်၊ ဖေဖေနဲ့မေမေအတွက် ရော ကျွန်တော့်အတွက်ပါ ပန်း၊ ဆီမီးနဲ့ ရွှေသကၤန်းတွေ ကပ်လှူချင်တယ် ဗျာ''

သူ့အသံက ဆွေးဆွေးမြည့်မြည့်နှင့် အားငယ်သည့်အသံ ပါသွား သဖြင့် ပန်းလေညင်းနှင့်စိုင်းဝဏ္ဏတို့ ကရုဏာသက်ရသည်။

''ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမဲ့ ကိုနေ၊ အန္တရာယ်ဆိုတာ ကြို သတိထားရင် မမှားဘူးပေါ့။ ညဘက် ဘုရားတက်တာထက် မနက်မှတက် ရင် မကောင်းဘူးလားဗျာ''

''ဟုတ်ပါတယ်လေ၊ ဆောရီးပါဗျာ. . . ကျွန်တော် မသိတတ်ရာ ကျသွားတယ်။ ကျွန်တော့်အတွက် နေ့နဲ့ညဟာ ဘာမှမထူးခြားပေမယ့် ကိုစိုင်းတို့အတွက်တော့''

နေသိမ် အားငယ်နေလျှင် ပန်းလေညင်းက ကိုစိုင်းကို မျက် စောင်းထိုးမိသည်။

''အစ်ကိုကလည်း ဦးနေ သွားချင်နေတာ သွားပါစေ။ မနက် နဲ့ ည. . . ဘာဖြစ်မှာမို့လဲ''

''နင်က ဒါပဲသိတာ၊ ငါတို့က ဦးနေရဲ့အသက် အိုးအိမ်စည်းစိမ် ကိုပါ စောင့်ရှောက်ရမှာ။ ညဘက်က နေ့ဘက်ထက်ပိုပြီး အမှောင်ကြိုက် တဲ့လူတွေအတွက် အသုံးဝင်တယ်''

''ကိုစိုင်းပြောတာ ဟုတ်ပါတယ်၊ ပြန်ကြစို့''

ပန်းလေညင်း အစ်ကိုဖြစ်သူကို မျက်စောင်းထိုးပြီး နေသိမ်ကို တားဆီ တွဲခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း ဒေါ်မာလာတင့် အေးအေးလင်းကိုစည်းရုံးဖို့ ကြိုး စားနေလေသည်။

စိုင်းဝဏ္ဏ အမျှော်အမြင်ကြီးစွာဖြင့် အိမ်ရဲ့ရှေ့ရော နောက်ရော တံခါးတွေ အပြင်မှသော့ခတ်ပိတ်ခဲ့တာမို့ ဒေါ်မာလာတင့်လည်း ဝင်လို့ မရ။ အေးအေးလင်းလည်း ထွက်လို့မရပါ။

ပြတင်းပေါက်မှလည်း ဝင်လို့ထွက်လို့ မရ။ သံပန်းတွေ တပ်ထား သည်။ သို့သော် မီးဖိုဘက်မှာ အလုပ်လုပ်နေသည့် အေးအေးလင်းရှိရာ သို့ ဒေါ်မာလာတင့် လာခဲ့သည်။ တကယ်တော့ သူမ စည်းရုံးထားတာ မြမြဦးပါ။

ယခု မြမြဦးမရှိသဖြင့် အေးအေးလင်းကို စည်းရုံးဖို့ကြိုးစားရ ၏။ ငယ်ရွယ်သူတွေဟာ ဟန်မဆောင်တတ်သည်မို့ သူ့ကိုနိုင်းတော့မနိုင်း ချင်။ သို့သော် သူလျှိုသဘော၊ သတင်းပေးသဘောတော့ သုံးရဦးမည်။

"ရှုတ်. . . ရှုတ်. . . ဒီမှာ သမီး"

ချိုသာသောမျက်နှာနှင့် ပြတင်းမှပေါ်လာသည့် ဒေါ်မာလာတင့် ကို အေးအေးလင်း စိုးရိမ်တကြီးကြည့်မိသည်။ အိမ်တစ်ဆောင်ကို နှစ်ခု ခွဲထားသည်ဆိုကတည်းက ဒီမိသားစုနှစ်စုဟာ ရန်သူတွေဆိုတာ အေးအေး လင်း ရိပ်မိသည်။ ယခု ဘာလာလုပ်ပါလိမ့်။

သူမ ပြတင်းအနားသို့ သွားလိုက်ပေမယ့် လူက တွန့်ဆုတ်ဆုတ် နှင့်ပါ။

"အန်တီက နေသိခ်ရဲ့မိတွေးပါ၊ ထုံးစံအတိုင်းပေါ့ကွယ်၊ မိတွေး ဘယ်လိုကောင်းကောင်း. . . လင်ပါသားဆိုတာ အကောင်းမြင်ခဲသားပဲ။ အခုလည်း အန်တီ့ကို ရန်သူကြီးလိုသဘောထားပြီး အိမ်ကိုတစ်ခြမ်းစီ





ကန့်လိုက်တာပဲကြည့်။ လူမြင်လို့မှ မသင့်တော်ဘူးလေ"

သူ့လိုအလုပ်သမားတစ်ယောက်ကို အရေးတယူပြောနေသည့် မိန်းမကြီးအား အေးအေးလင်း နားမလည်နိုင်စွာ ကြည့်မိတော့၊ နားမှ စိန်နားကပ်ပြူးပြူးကြီးကို သွားမြင်သည်။

"အခုလည်း သူ့အတွက် နာစ့်ထားတာ အန်တီတို့ရွေးပေးမယ့် လူတွေကို မထားဘူးလေ။ သူက မြင်မှမမြင်ဘဲ။ လူတွေကိုမမြင်ရဘဲနဲ့ အသံကိုနားထောင်ပြီး ခန့်သတဲ့ကွယ်။ အန်တီ့မှာ ကိုယ့်သားလို သူ့ကို သဘောထားမိတာမို့ စိုးရိမ်နေမိတာပေါ့။ ဘယ်တော့ ဘယ်လိုများဖြစ် မလဲလို့ ရင်မနေရတယ်"

"ဩော်"

လင်ပါသားအတွက် စိုးရိမ်သောကရောက်နေရပါသည်ဆိုသော သူဌေးမကြီးကို အေးအေးလင်း မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

"သူက ထင်ရာစိုင်းပြီး လုပ်ချင်ရာလုပ်နေပေမယ့် ဘေးကမြင် နေရတဲ့ အန်တီ့မှာ ဘယ်စိတ်ချမ်းသာပါ့မလဲကွယ်။ နာစ့်နှစ်ယောက်က မရိုးသားတာ အသိသာကြီး။ နှစ်ယောက်လုံး တောင်ကြီးကလေ၊ ဒီလောက် အဝေးကြီးကနေ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ရောက်လာကြတာလဲ။ အန် တီ့သားလေးကို ဒုက္ခတွေပေးမလို့ ရောက်လာကြတာပေါ့"

အေးအေးလင်း ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေရသည်။ သူ့လိုအခယ့်အတန်းကို ဘာဖြစ်လို့များ အရေးတယူပြောနေရပါလိမ့်။ အမယ်. . . မျက်ရည်တွေဘာတွေတောင် ကျလို့။ ဒေါ်မာလာတင့် မျက် ရည်တွေသုတ်ရင်း လက်ထဲမှလက်စွပ်လေးတစ်ကွင်းကို အေးအေးလင်း သို့ ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ချောပါ သမီးရယ်၊ အန်တီ့သားကိုစောင့်ရှောက်ပေးပါနော်။ ဟို နှစ်ယောက် သားကို ဘယ်လိုလုပ်တယ် ဘယ်လိုမကောင်းကြံတယ်ဆိုတာ အချိန်မီပြောပြပါ. . .သတိပေးပါ။ အန်တီ ကူနိုင်ကယ်နိုင်အောင်လို့ပါ။ အသက်တစ်ချောင်း ကယ်ကောင်းပါတယ် သမီးရယ်၊ အန်တီ့ကိုကူညီပါ နော်၊ အန်တီ့သား မျက်မမြင်လေးကို သူတို့ဘာလုပ်တယ် ဘယ်သွားတယ် ဆိုတာ သတင်းပေးပါကွယ်။ အန်တီလိုက်ပြီး စောင့်ရှောက်ချင်လို့ပါ"

လေအေးအေးလေးနှင့် မျက်ရည်တစမ်းစမ်းနှင့် ပြောပြနေပုံက အကယ်ဒမီရှော့။ အေးအေးလင်း ငိုင်ကျသွားရသည်။

ဒီသူဌေးမကြီးပြောတာ ဟုတ်သလား။ နာစ့်နှစ်ယောက်ပုံစံက သူဌေးကိုလွှမ်းမိုးထားတော့မည့်ပုံ။ တဖြည်းဖြည်းနှင့် သူဌေးကို မြွေမျို သလို မျိုမည်ထင်သည်။ အေးအေးလင်း တွေဝေနေတော့ ဒေါ်မာလာတင့် ဖိပြောလိုက်၏။

"ချောပါ သမီးရယ်၊ အန်တီစေတနာနဲ့ပေးတာကို ယူပါ။ သမီး ကို ဘာမှမနှောင်ဖွဲ့ပါဘူး။ သမီးကူညီရမှာက သားကို ဟိုနှစ်ယောက် ဘာလုပ်တယ်၊ ဘယ်ကိုခေါ်ထုတ်သွားတယ်ဆိုတာလေးလောက် တစေ့ တစောင်းအကဲခတ်ပြီး သတင်းပေးရုံပါပဲ။ ရော့. . . ဒီမှာ ဟန်းဖုန်း၊ သမီး အန်တီ့ဆီဆက်ဖို့။ လာ. . . ဒီမှာ ဒီလိုသုံး"

ဟန်းဖုန်းကို ကိုင်တွယ်နည်း သင်ပြပေးရင်း အေးအေးလင်း လက်မှာ ကျောက်စိမ်းလက်စွပ်လေး စွပ်ပေးလိုက်တော့ အေးအေးလင်း ဘုမသိဘမသိနှင့် ဒေါ်မာလာတင့်၏သစ္စာတော်ခံ ဖြစ်သွားရလေတော့ သည်။

"နောက်လကျရင် ဆွဲကြိုးလုပ်ပေးမယ်နော်၊ ကဲ! သမီး၊ အန်တီ





သွားမယ်။ အန်တီနဲ့အဆက်အသွယ်ရှိတာ မသိစေနဲ့နော်။ တော်ကြာ သမီး ကို ဒီက နှင်ထုတ်နေဦးမယ်"

ဒေါ်မာလာတင့်တစ်ယောက် အောင်နိုင်သူအပြုံးနှင့် ထွက်ခွာ သွားသည်ကို အေးအေးလင်းကတော့ မသိနိုးနှင့်ကြည့်ရင်း ကိုယ့်လက် မှ လက်စွပ်ကို သဘောကျမိသလိုလို၊ ဟန်းဆက်လှလှလေးကိုပဲ နှစ်သက် မိသလိုလို ခံစားကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညရှစ်နာရီလောက်မှာ နေသိခ်တို့ ပြန်ရောက်လာကြပြီး စိုင်းဝဏ္ဏက ကားသွင်းနေစဉ် ပန်းလေညင်း ဦးနေကိုတွဲခေါ်လာခဲ့သည်။ သူမ အိမ်တံခါးကိုသော့ဖွင့်ပြီး နှစ်ယောက်အတူ ဝင်ခဲ့သည်။

စိုင်းဝဏ္ဏ ဝင်လာပြီးသည်နှင့် တံခါးကိုတစ်ခါတည်း ပိတ်လိုက်ကြသည်။ သတိဆိုတာ ပိုတယ်မရှိဘူးလေ။

အေးအေးလင်း ရောက်လာ ကြိုဆိုပြီး. . .

''မမ. . . ကျွန်မ ထမင်းပွဲပြင်လိုက်ရမလား''

''နေတော့၊ ငါတို့ အပြင်မှာစားလာကြတယ်။ ငါတို့တွေမရှိတုန်းနင့်ဆီ ဘယ်သူလာသေးလဲ''

အေးအေးလင်း တုန်လှုပ်သွားစိတ်ကိုဖုံးဖိပြီး. . .

''ဘယ်သူမှမလာပါဘူး မမ၊ ကျွန်မ အဝတ်တွေ မီးပူတိုက်ရင်း ခဏတောင် အိပ်ပျော်သွားတယ်''





''အေး. . .ဟိုဘက်အိမ်ကို သတိထား၊ ဒီက သူဌေးနဲ့ ရန်သူတွေလို ဖြစ်နေကြတာ။ မိထွေးဆိုတော့ ရှိုသမျှပစ္စည်း သူချည်း လိုချင်တာ။ နင် ကြားထဲက အငိုးချခံဖြစ်သွားမှာစိုးလို့''

''ဟုတ်ကဲ့ပါ မမ၊ ကျွန်မ မှတ်ထားပါ့မယ်''

ပန်းလေညင်း ဦးနေကို အပေါ်ထပ် သူ့အခန်းသို့ တွဲခေါ်လာခဲ့သည်။ စိုင်းဝဏ္ဏကတော့ အောက်ထပ်မှာပင် ဟိုလျှောက်ကြည့်ဒီလျှောက်ကြည့်နှင့် စစ်ဆေးကြည့်ရှုနေသည်။

ပန်းလေညင်း သူ့ကိုဆေးတိုက်ပြီး အပြင်ပြန်ထွက်မည်ပြင်တော့ နေသိခ် လှမ်းတားတ၏။

''နေဦး. . . လေညင်း၊ ငါ့ကို စာလေးနည်းနည်းလောက် ဖတ်ပြပါဦး''

''ဦးနေ တီဗီကြည့်ပါလားဟင်၊ သတင်းနားထောင်လိုက်ရင် စာဖတ်သလိုပါပဲလေ။ နောက် ဟာသကားလေးဘာလေး ဖွင့်ကြည့်ရင် စိတ်အပျော်ပျောက် ဖြစ်တာပေါ့''

''အင်း. . . မင်းအကြံပေးတာလည်း မဆိုးပါဘူး၊ ဒါဆို အခန်းထဲ တီဗီသွင်းမှပဲ။ ငါကတော့ အထဲနဲ့အပြင်၊ အလင်းနဲ့အမှောင် ဘာကိုသိတော့တာ မဟုတ်ပါဘူး''

''ဦးနေရယ်၊ အားလျှော့စကားတွေ မပြောပါနဲ့။ နေဦး. . . ကိုဝဏ္ဏကို ဒီအခန်းထဲ တီဗီသွင်းခိုင်းမယ်''

''နေပါစေ၊ မနက်ဖြန်မှ နောက်တစ်လုံး ဆင်လိုက်မယ်လေ။ သည်းခံပြီး အခြေအနေတွေ စောင့်ကြည့်ရင်း ကြည့်ပါစေ''

တကယ်က စိုင်းဝဏ္ဏတာဝန်က ညဘက်စောင့်ကြည့်ဖို့၊ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မသမာသူတွေ မဝင်ဖို့နှင့် နေသိမ်် အကူအညီလိုရင် ပေးဖို့။ သူက ည[illegible] တာဝန်။ ပန်းလေညင်းကတော့ နေသိမ််ရဲ့တစ်ဦးတည်းသော စပယ်ရှယ်[illegible] နာစ့်ပေါ့။

"ကိုယ် မအိပ်ချင်သေးဘူး။ ကျန်းမာရေးကျာနယ်တစ်ခုလောက်[illegible] ဖတ်ပြပါဦး"

"ဟုတ်ကဲ့ပါ၊ ဦးနေ နားထောင်ချင်လည်း ဖတ်ပြပါ့မယ်"

သူ့အလိုကျ စာဖတ်ပြရင်း သူမလှမ်းကြည့်လိုက်တော့ နေသိ[illegible] အိပ်ပျော်နေပေပြီ။ ဦးနေကို စောင်ခြုံပေး၊ ခြင်ထောင်ချပေးပြီးမှ ပ[illegible] လေညင်း ကိုယ့်အခန်းသို့ ပြန်လာခဲ့ပါသည်။

❖ ❖ ❖



## အခန်း (၁၃)

နေသိမ််် အမှောင်လောကထဲမှာ နေသားကျလာရတာ ပန်းလေညင်းကြောင့်ဆိုလျှင် မမှား။

သူ့ကို မျက်စိမြင်သူတစ်ယောက်လို အရာရာ လိုလေသေးမရှိ ဖြည့်ဆီးပေးနိုင်လွန်းသည့် ကောင်မလေးဟာ သူ့အတွက်တော့ ဘုရားပေးသည့်ဆုသဖွယ်။

စိုင်းဝဏ္ဏနှင့် ပန်းလေညင်း ရောက်လာပြီး ဆယ့်ငါးရက်လောက်အထိ အရာရာသည် ငြိမ်သက်အေးချမ်းနေခဲ့သည်။ ဒါဟာ မုန်တိုင်းလာခါနီးလို့ လေပြည်လေညင်းတိုက်ခတ်သလိုမျိုးလား။

ဒေါ်မာလာတင့်တို့အဖွဲ့နှင့် စည်းခြားထားလို့လည်းဖြစ်ပေမည်။ သူ့အတွက် စိတ်ဆင်းရဲစရာတွေ သိပ်မရှိတော့သလို။

ပန်းလေညင်းက သူ့အတွက် အချိန်ဇယားလေး ဆွဲပေးထားသည်။ မနက်ခြောက်နာရီမှာ လမ်းလျှောက်၊ ရှစ်နာရီမှာ နံနက်စာစား



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာစားပြီးတော့ ခြံထဲဆင်းပြီး နေပူဆာလှုံရင်း ပန်းရနံ့လေးတွေကို ရှူရသည်။

နောက် အိမ်ပေါ်ပြန်တက်ပြီး သူ့လုပ်ငန်းများရဲ့စာရင်းဇယား များကို ပန်းလေညှင်း ဖတ်ပြသမျှ နားထောင်ပြီး ဝေဖန်ပိုင်းခြား၊ ဆန် စစ်ရသည်။

နောက် ဆယ့်နှစ်နာရီမှာ နေ့လယ်စာစား၊ ဆေးသောက်၊ တ ရေးတမောအိပ်။ ညနေလေးနာရီမှာ ရေချိုး၊ အဝတ်အစားလဲ၊ ဝရန်တ မှာ ထွက်ထိုင်ပြီး ပန်းလေညှင်းအား ဂျာနယ်တွေ စာတွေ ဖတ်ခိုင်းသည် တစ်နေ့တာလုံးအတွက် အကွက်ကိုစေ့လို့။

အင်း. . . သူ့ဘုရားဖူးသွားချင်ရင်လည်း လိုက်ပို့ကြသည်။ အင် ယားသွားချင်လည်း လိုက်ပို့ကြပါသည်။ ယခုတော့ သူ့ဘဝဟာ သာယ နှစ်လိုဖွယ်ကောင်းနေသလို။

အင်း. . . သူ့အသက် အစိတ်ပြည့်ရင်တော့ ဘာတွေဖြစ်လာ မှာလဲ။ အသက်အစိတ်ပြည့်ဖို့ကလည်း ရက်ပိုင်းပဲလိုတော့သည်။ သူ လင်းတာနှင့် ပန်းလေညှင်းကို မျှော်တတ်လာခဲ့သည်။ နံနက်ခြောက်နာ ထိုးတာနှင့် ပန်းလေညှင်း သူ့အခန်းထဲသို့ လေပြည်လေးတစ်ခုလို ည သာစွာ ရောက်ရှိလာခဲ့သည်။

သူမဝင်လာသည်နှင့် သနပ်ခါးရနံ့က ရှေ့တော်ပြေးရောက် လာမြဲ။

"ဦးနေ. . . ထ. . . ထ၊ လမ်းလျှောက်သွားရအောင်"

သူအိပ်ရာထလိုက်သည်နှင့် ရေချိုးခန်းသို့ခေါ်သွားပြီး သွားတို ဆေး တင်ပြီးသား သွားပွတ်တံကိုပေးသည်။ သူ မျက်နှာသစ်၊ သွားတို





ပြီးသည်နှင့် အဝတ်လဲပေး၏။

ပြီးတာနှင့် သူတို့နှစ်ယောက် ခြံပြင်ထွက်ကာ လမ်းလျှောက်ပါ တော့သည်။ နံနက်ခင်း၏နေခြည်အောက်မှာ လမ်းမကြီးရဲ့ဘေးမှ လမ်း လျှောက်ရတာ ကောင်းပါဘိ။

သူတို့လမ်းက ကားတွေဘာတွေ သိပ်မရှုပ်ပါ။ လမ်းလျှောက်လို့ ကောင်းပါသည်။ ယခုဆို သူလည်း လမ်းလျှောက်တုတ်တွေဘာတွေနှင့် မျက်မမြင်တစ်ယောက်လို လောကထဲ ရဲရဲတင်းတင်း တိုးဝင်ဖို့အသင့်။

သည်နေ့လိုပဲ နေ့ပေါင်းများစွာကို သူ ဖြတ်ကျော်ရပေဦးမည်။ နှစ်ယောက်အတူ နှင်းမှုန်ထဲမှာ လမ်းလျှောက်ကြတော့ ပန်းလေညှင်းက သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားပါသည်။ နုထွေးအိစက်သည့်လက်လေး ကို သူ အံ့ဩနှစ်လိုရပါသည်။

ဒီလက်မျိုးဟာ သာမန်လူတစ်ယောက်ရဲ့လက်ပဲလား။ ဒီလက် ကလေးရဲ့ အကြင်နာနှင့် အထိအတွေ့ကို သူ ထူးထူးခြားခြား မှတ်မိနေ သည်။ သည်လက်ကလေးနှင့် ဆုပ်ကိုင် ဖျစ်ညှစ်လိုက်လျှင် သူ့ဘဝဟာ သာယာ ပြီးပြည့်စုံသွားသလို ခံစားလိုက်ရသည်။

နှစ်ယောက်အတူတွဲပြီး လမ်းလျှောက်နေကြစဉ် ပန်းလေညှင်း ၏ အနောက်ဘက်ကြားအော်သံနှင့်အတူ ကားတစ်စီး အနားသို့ မောင်းလာသံကို ကြားလိုက်ရပြီး လူက ကြောင်အအ။ သူမှ မမြင်ရတာ ဘယ်ဘက်ကို ရှောင်ရမှန်းမသိ။ သည်ညဉ့် ပန်းလေညှင်း သူ့ကိုတွန်းထည့်လိုက်ပြီး နှစ် ယောက်သား မြက်ခင်းပေါ်မှာ အတွေးလိုက် ပစ်ကျသွားတာ ခံစားလိုက် ရသည်။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ခံလိုက်ရသလို နာကျင်သွားခြင်းနှင့် အတူ သူ့အနားမှာ အထွေးလိုက် ပစ်ကျသွားသည့်ကောင်မလေးကို သု စမ်းပြီး ဆွဲထူရသည်။

"လေညင်း. . . ပန်းလေညင်း၊ ဟာ! ဒုက္ခပါပဲ။ ကောင်မလေး ဘာနဲ့ဆောင့်မိသွားတယ် မသိဘူး"

သူ ပန်းလေညင်းကိုပွေ့ထူလိုက်ပြီး ပခုံးမှကိုင်ကာ လှုပ်နေစဉ် စိုင်းဝဏ္ဏပြေးလာသံ ကြားလိုက်ရသည်။

"ကိုနေ. . . ကိုနေ. . . ဘာတွေဖြစ်သွားကြသေးလဲ။ ကျွန်တော် ကိုမှ မနိုးကြတာဘဲဗျာ။ ဟာ! လေညင်း ဘာဖြစ်သွားတာလဲ၊ သတိမေ ဘာတွေ လစ်လို့ပါလား။ ဟာ. . . သူ့ခေါင်းထိသွားတာကိုး"

"ကျွန်တော်တို့ကို ကားတိုက်မလို့ဗျ၊ လေညင်း တွန်းပစ်လိုက် လို့ အတိုက်မခံရတာ။ နှစ်ယောက်သား အရှိန်နဲ့ပစ်လဲကျသွားကြတာ"

"ဟာ. . . ဒါဆို မရိုးသားဘူး၊ ဒီအချိန် ဒီလမ်းထဲ ဘယ် ကားမှ အရေးတကြီးမောင်းစရာမလိုဘူး။ ဒါ လုပ်ကြံမှုပဲ၊ ကိုနေတို့ အရေ ခွဲရဖို့လည်း နီးပြီမဟုတ်လား။ ကိုနေမရှိရင် သူတို့အကုန်ရမှာမဟုတ် လား"

"အဲလိုဖြစ်ချင်ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော် လမ်းတောင်မလျှောက် ရဲတော့သလောက် ဖြစ်နေပြီ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ နောက်ဆို ကိုနေ လ လျှောက်ရင် ကျွန်တော်ပါ အမြဲလိုက်မယ်"

"ကောင်မလေး ဘာဖြစ်သွားလဲ၊ ဆေးခန်းပို့ဖို့ လုပ်ပါဦး။ ကျ တော့်မှာ သူ့ပဲ အားကိုးနေရတာ"





"သိပ်ပြီးမစိုးရိမ်ရပါဘူး၊ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရှိပါဘူး ဟော. . ."

ပန်းလေညင်း လှုပ်လာပြီး ပြုံးပြုံးပြာပြာနှင့် ကျုံးထဖို့ ပြင်မိ တာ သူမကို နေသိမ် ပွေ့ထားလို့ဖြစ်ပါသည်။

"အာ. . ."

"မထနဲ့ဦးလေ၊ ခေါင်းအရမ်းမူးနေလား"

"ရတယ်. . . ရတယ်၊ ကျွန်မ အိမ်မှာ နားလိုက်မယ်"

ပန်းလေညင်း အတင်းရုန်းထနေတော့ နေသိမ် လွှတ်ပေးလိုက် ပါသည်။ သို့သော် သူမရဲ့လက်ကလေးတစ်ဖက်ကိုတော့ အားကိုးတကြီး နှင့် ဆုပ်ကိုင်ထားမြဲ။

စိုင်းဝဏ္ဏ သူတို့နှစ်ယောက်ကို ဖေးမပြီး အိမ်သို့ပြန်ခေါ်လာခဲ့ တော့ တစ်ဖက်အိမ်မှ ဒေါ်မာလာတင့်တစ်ယောက် အပြေးတစ်ပိုင်းရောက် လာခဲ့သည်။

"ကိုနေ. . . ဘာဖြစ်သွားသေးလဲ၊ အန်တီစိုးရိမ်လိုက်တာကွယ်"

သူ့မေးခွန်းက ကားတိုက်မှုဖြစ်မှာ ကြိုသိနေသည့်နှယ်။ နေ သိမ် မျက်မှောင်ကြုတ်မိ၏။

"ဘာမှမဖြစ်ဘူး. . . စိုးရိမ်မနေနဲ့၊ ခင်ဗျားတို့ပဲ ကျန်းမာအောင် နေကြ"

"အန်တီက စေတနာနဲ့ မေးတာပါကွယ်၊ မင်းကျန်းမာမှ အသက် အစိတ်ပြည့်ရင် အမွေခွဲလို့ရမှာလေ။ အသက်မပြည့်တဲ့ သေသွားရင် အမွေ ခွဲလို့မရဘူးတဲ့။ မင်း အန်တီ့ကို မကောင်းမထင်နဲ့နော်"

"မထင်ပါဘူးဗျာ၊ ကဲ. . . သတင်းမေးတာ ကျေးဇူးတင်ပါသတဲ့"

www.burmeseclassic.com



နေသိမ် အိမ်ထဲဝင်ခဲ့တော့ ဒေါ်မာလာတင့် နောက်မှလိုက်လာပြန်သည်။ ညှော်ခန်းထဲမှာ အားလုံးဝင်ထိုင်ဖြစ်ကြသည်။ နေသိမ် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ သူတို့ကိုလုပ်ကြတာ ဘယ်သူလဲ၊ ဒါမှမဟုတ် သွေးရိုးသားရိုးလား။ ဒေါ်မာလာတင့်. . .

"ညက အန်တီ့အခန်းထဲ လိပ်ပြာမည်းမည်းကြီးနှစ်ကောင် ဝင်လာပြီး လျှောက်ပျံနေလိုက်တာ၊ ဘယ်လိုမှမောင်းထုတ်လို့ မရဘူး၊ ဘယ်မောင်းထုတ်လို့ ရမလဲ၊ သူတို့က မျက်နှာကြက်မှာ ကပ်နေကြတာ၊ အောက်လမ်းနည်းနဲ့ စီရင်ထားတဲ့ ခဆးလိပ်ပြာတွေဥစ္စာ"

"ဘာတွေလာပြောနေတာလဲဗျာ၊ အန်တီရယ်. . . ကျွန်တော် ဒီမနက် ကားတိုက်ခံရခါနီးလို့ စိတ်မကောင်းဖြစ်နေရတဲ့ကြားထဲ လာမစားနဲ့ဗျာ။ အန်တီ့အယူအဆတွေ ဒိတ်အောက်နေပြီ"

"အန်တီက အကောင်းပြောတာပါ မောင်နေသိမ်ရယ်။ ဒီနေ့အိမ်မှာ သံဃာသုံးပါးပင့်ပြီး ပရိတ်ရွတ်ပစ်မလို့"

"ကောင်းတာပေါ့၊ အန်တီ စိတ်သန့်သွားရင် ပြီးတာပဲလေ"

"မပြီးဘူး၊ အိမ်နှစ်ဖက်စလုံးမှာ ရွတ်မှ အာနိသင်ရှိမှာတဲ့"

"ဟာ! ဒုက္ခပါပဲ၊ အန်တီ ရူးနေပြီလား။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တာပဲ၊ အကန့်အသတ် အချုပ်အချယ်တွေရှိနေရဦးမှာလား အန်တီ။ ကျွန်တော် တောင်းပန်တယ်ဗျာ. . . ဒီမှာ လူနာနဲ့၊ သွား. . . သွားပါတော့"

နေသိမ် အတင်းနှင်ထုတ်တာတောင် ဒေါ်မာလာတင့်ပုံစံကတော့ မထွက်ချင်သေး။ တော်တော် အာရုံလာစားတဲ့အဘွားကြီး။

နောက် ပန်းလေညှင်းအတွက် ဆရာဝန်လှမ်းခေါ်ထားစဉ် ညှော်ခန်းထဲသို့ ခင်ပိုးဝါ ဝင်လာခဲ့ပြန်သည်။ အသားဝါဝါလေးနှင့် လှပယဉ်ကျေးသည့်မိန်းမချောလေးကို စိုင်းဝဏ္ဏ ငေးမောကြည့်နေလျှင် ပန်းလေညှင်း သူ့အစ်ကိုကို လက်နှင့်လှမ်းဆိတ်လိုက်သည်။ ဣန္ဒြေပျက်လိုက်တာ အစ်ကိုရယ်။ ခင်ပိုးဝါက. . .

"အစ်ကိုနေ၊ စောစောက ကားတိုက်ခံရတော့မလို့ဆို။ ဘာမှမဖြစ်တာ တော်သေးတာပေါ့။ ပိုးဝါဖြင့် စိုးရိမ်လိုက်ရတာ"

ခင်ပိုးဝါ၏အသံကို ကြားလိုက်ရလျှင် နေသိမ် ရှုံ့မဲ့သွား၏။

"နင်တို့ကိုကြောက်လို့ အိမ်ကန့်ပြီးနေလည်း လာပြီး နှောင့်ယှက်တုန်းပါပဲလား ခင်ပိုးဝါ"

"ဩော်. . . အစ်ကိုရယ်၊ ပိုးဝါမှာ ဘာအပြစ်ရှိလို့လဲ။ အစ်ကိုမုန်းတာ ကိုထိုက်တန်တို့ ကိုနေမျိုးတို့နဲ့မဟုတ်လား။ ပိုးဝါကို မမုန်းလိုက်ပါနဲ့နော်"

ပြောရင်းမှ အသံတွေတုန်၊ မျက်ရည်ပါကျလာလျှင် နေသိမ် ဆတ်ခနဲ ထရပ်လိုက်မိ၏။

"ကဲ! ဒီမှာလာပြီး သရုပ်ဆောင်ပြမနေနဲ့ ကြွ. . . မယ်မင်းကြီးမ၊ နောက်လည်း ဒီကိုဘယ်တော့မှမလာနဲ့"

"ရက်စက်လိုက်တာ အစ်ကိုရယ်၊ အစ်ကိုနဲ့ ပိုးဝါက စေ့စပ်ထားတဲ့သူတွေပါ။ တစ်နေ့မှာ လက်ထပ်ရမယ့်သူတွေပါ။ ဒီလောက်ထိ အစ်ကို မပြောသင့်ပါဘူး"

"ခင်ပိုးဝါ! . . ."

နေသိမ် အော်ပစ်လိုက်တာ ကျယ်လွန်းသဖြင့် စိုင်းဝဏ္ဏတို့ မောင်နှမပင် လန့်သွားရ၏။ ခင်ပိုးဝါကတော့ အကယ်ဒမီရှော့ပုံစံနှင့် သရုပ်







www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေလေ၏။

"အစ်ကိုရယ်၊ ပိုးဝါကိုမုန်းရင် သတ်ပစ်လိုက်စမ်းပါ။ စေ့စပ်ကြောင်းလမ်း ပျက်သွားတဲ့မိန်းကလေးတစ်ယောက်အဖြစ်နဲ့တော့ ပိုးဝါကို အရှက်မခွဲပါနဲ့ရှင်။ အစ်ကို တစ်သက်လုံးမျက်စိပြန်မမြင်တော့ရင်လည်း ပိုးဝါတစ်သက်လုံး မငြိုမငြင်နဲ့ ပြုစုလုပ်ကျွေးသွားမှာပါရှင်"

"ဟား. . . ဟား. . . ဟား. . . ဟား"

ခင်ပိုးဝါ၏အငိုနှင့်အပြောကို နေသိမ်ဲ အော်ရယ်ပစ်လိုက်ပါတဒင်္ဂ ရှုးသွားသည့်နှယ်။ ပန်းလေညင်းတို့မောင်နှမကတော့ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်။ နားကိုမလည်နိုင်။ စေ့စပ်တယ်ဆိုလည်း ဦးနေသိမ်ဲက သူလက်ခံနိုင်လို့ မဟုတ်ဘူးလား။ ဒါမှမဟုတ် ရုပ်ရှင်တွေထဲကလို မိဘတွေ သဘောတူလို့လား။

"ခင်ပိုးဝါ. . . နင်လည်း အလာကြီးပါလား။ ဒါပေါ့လေ၊ ဒေါ်မာလာတင့်ရဲ့တူမပဲ၊ ဒီလောက်တော့ ရှိမှာပေါ့။ နင့်အဒေါ်တုန်းကလည်း ငါ့အဖေကို ကျူးသွင်းခဲ့တယ်၊ နင်ကလည်း ငါ့ကိုကျူးသွင်းမယ်၊ မြူဆွယ် ဖျားယောင်းမယ်ပေါ့လေ။ နင်သိထားရမှာက ငါက အဖေလို အားမနာတတ်ဘူး။ ပြီးတော့ ငါမျက်စိမမြင်တဲ့တဝနဲ့ ဘယ်သူ့ကိုမှ လက်မထပ်ဘူးဆိုတာ မြဲမြဲမှတ်ထား"

"အဲ. . . လက်ထပ်ဖြစ်ရင်လည်း နင်မဟုတ်တာတော့ သေချာတယ်။ ဒါပဲ. . . သွားတော့၊ ငါ့ရှေ့လာပြီး အကြောင်းကြောင်းစကားတွေလာမပြောနဲ့ဟာ၊ ရယ်ရလွန်းလို့ သေလိမ့်မယ်"

နေသိမ်ဲ ကျောခိုင်းလိုက်တော့ ခင်ပိုးဝါ ထရပ်ကာ၊ စိုင်းတို့မောင်နှမရှေ့တွင်ပင် သူ့ခါးကိုအတင်းဖက်လိုက်ရင်း. . .





"ဟင့်အင်း. . . ဟင့်အင်း။ အစ်ကို ပိုးဝါကိုမမုန်းရဘူး။ ဥပေက္ခာမပြုရဘူး။ ပိုးဝါ မခံစားနိုင်လို့ပါ။ အစ်ကို ဒီလိုတဝနဲ့ တစ်ယောက်တည်း အထီးကျန်နေရတာလည်း ပိုးဝါမမြင်ရက်ဘူး။ ပိုးဝါက အစ်ကို့ကို ဟိုးအရင်ကတည်းက ချစ်ခင်စွဲလန်းခဲ့ရသူပါရှင်။ အစ်ကို ဘယ်ဘဝပဲရောက်ရောက် ပိုးဝါချစ်ခင် ကြည်ဖြူနိုင်ပါတယ်ရှင်"

"မိခင်ပိုးဝါ!"

သူမရဲ့လက်ကို ရွံစရာအကောင်တစ်ကောင်လို ဖယ်ချုပ်လိုက်ပြီး နေသိမ်ဲ အပေါ်ထပ်သို့ ဒေါသတကြီးတက်သွားလျှင် ပန်းလေညင်း ကြည့်မနေနိုင်။

"ကိုစိုင်း. . . ဦးနေ ခလုတ်တိုက်လဲနေဦးမယ်၊ လိုက်သွားပြီး ပို့လိုက်ပါဦး။ ကဲ! မခင်ပိုးဝါ၊ ဦးနေသိမ်ဲကမှ လက်မခံတာ၊ စိတ်ရှေ့လျှော့လိုက်ပါရှင်။ နောက် သူမျက်စိပြန်မြင်တော့မှ ဆက်လှုပ်ရှားကြ၊ ဆွေးနွေးကြပေါ့"

ခင်ပိုးဝါ သူ့ကိုပြန်ကြည့်ပုံက ငြိုးသူရန်ဘက်တစ်ယောက်နှယ်။

"အဲဒါ နင့်အကြောင်းမဟုတ်ဘူး။ နင်တို့လိုမိန်းမတွေကြောင့် မိန်းမရှေးပျက်နေတာ။ အစ်ကို့ကို အလုပ်ဗန်းပြပြီး မြူဆွယ် ဖျားယောင်းနေတာ"

"ကျွန်မက တာဝန်အရ ဦးနေသိမ်ဲကို လုပ်ကိုင်ပေးနေတာ။ အဲလိုမဖြစ်စေချင်ရင် အစကတည်းက နာစ့်ငှားဘဲ ရှင်ဝင်လုပ်ကိုင်ပေးရမှာ"

"လုပ်ပေးချင်တာပေါ့၊ အစ်ကိုက လုံးဝအနားကပ်မခံလို့ နင့်ကိုငှားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အဖြေကရှင်းနေတာပဲလေ၊ ရှင်တို့ကိစ္စ နောက်မှ ဆက်ဆွေးနွေးကြပေါ့"

"အေး. . . ဒါပေမဲ့ ငါရှင်းအောင် ကြိုပြောထားမယ်နော်။ အစ်ကိုနဲ့ ငါက စေ့စပ်ပြီးသား။ သူဘယ်လိုပဲ ငြင်းဆန်ငြင်းဆန် နောက်ဆုံး ကျ ငါနဲ့ပဲ လက်ထပ်ရမှာ။ နှင် လုံးဝဝင်မရှုပ်ပါနဲ့. . . ဒါပဲ"

ခင်ပိုးဝါ ချာခနဲလှည့်ထွက်သွားတော့ ကျောလယ်လောက်ရှိသည့် ဆံပင်တွေက ခါခနဲ။ ဪ. . . ရုပ်ကလေးလှပေမယ့် သူ့ဘဝက တစ်မျိုးပါလား။ ယောက်ျားတစ်ယောက်ကို အတင်းဖက်တွယ်နေရသည့်ဘဝ။ သူမ တံခါးထပိတ်လိုက်ရင်း ထိခိုက်မိသည့်နေရာများကို ငုံ့ကြည့်နေမိစဉ် အပေါ်ထပ်မှ ကိုစိုင်းပြန်ဆင်းလာ၏။

"သူ့အနားကို လာပါတဲ့ဟော၊ နှင့်ကိုခေါ်ခိုင်းလို့။ ဆရာဝန်လာရင် သူ့ဆီလာလိမ့်မယ်တဲ့၊ ညီမရေ. . . နှင့်ကို ငါ အာမခံနဲ့ခေါ်လာခဲ့တာ နော်။ ဦးကြီးတို့ သဘောတူတဲ့ စိုင်းမြတ်ထန်နဲ့ပဲ နှင်လက်ထပ်ရမှာနော်၊ ကြည့်လည်းလုပ်ဦး. . . အကြင်နာတွေ မပိုနဲ့"

"အစ်ကိုစိုင်းကလည်း လေညင်းက ဦးနေကို တာဝန်အရ လုပ်ပေးတာပါ"

"အေးပါ. . . ဒါပေမဲ့ အနေအထိုင်ဆင်ခြင်ဦး၊ သူ့ကို ဖက်လှဲတကင်း သိပ်မနေနဲ့"

"အစ်ကိုရယ်. . . ဦးနေက မျက်စိမမြင်တဲ့သူပါ၊ လေညင်းက တွဲရ ကူရ ဖေးမရတာ ဆန်းသလား"

"ကဲကဲ. . . ငါဘာမှမပြောတော့ဘူး၊ နှင့်ဇာတ် နှင်နိုင်ရင် ပြီးတာပဲ။ ကြွ. . . အပေါ်ကိုကြွပေတော့၊ ဆရာဝန်လာရင် ငါခေါ်ခဲ့မယ်"





"အင်း. . . အင်း. . . အစ်ကို၊ ကျွန်မတို့ ဘာမှမစားရသေးဘူး၊ လက်ဖက်ရည်တစ်ကရားနဲ့ မုန့်လာပို့ပါလို့ အေးအေးလင်းကို ပြောလိုက်ပါဦး"

"ကောင်းပါပြီတဲ့ဗျာ၊ မြန်မြန်သာကြွပါ။ ဟိုက လည်ပင်းကြီး ရှည်နေတော့မယ်"

အစ်ကိုစိုင်းကို မျက်စောင်းထိုးရင်း ပန်းလေညင်း ဒီဘက်လှည့်လိုက်တော့ မျက်နှာက အလိုလိုပြုံးမိလျက်သား။ ဦးနေဟာလေ ပိုကိုပိုတယ်။

အပေါ်ထပ်သို့ သူမ ဖြည်းညင်းစွာ တက်လာခဲ့ရတာ၊ ဒူးလည်း စုတ်သွားရလို့ပါ။ ဦးနေကို ကားနှင့်လွတ်အောင် တွန်းလိုက်ရင်း သူမပါ လဲကျခဲ့တာမို့ ဘယ်လိုတွေဖြစ်ကုန်မှန်း မသိ။ သူမမှာ ဒူးစုတ်၊ ပခုံးပွန်းပြီး ခေါင်းမှာ အာလူးသီးထွက်သွားခဲ့ရသည့်အဖြစ်။

အပေါ်မရောက်ခင် ဦးနေ သူ့အခန်းထဲမှထွက်လာပြီး လှေကားဘက် လျှောက်လာတာမြင်လိုက်ရသဖြင့် ပန်းလေညင်း အလွန်ကိုးရိုမ်သွားရပြီး. . .

"ဦးနေ. . . လိမ့်ကျမယ်၊ အဲဒီမှာရပ်နေ"

အော်မိလိုက်ရင်း ကိုယ့်အနာတွေမေ့ကာ အပြေးတက်သွားမိတာ. . .

"အား. . . ကျွတ်! ကျွတ်!"

သူမအနားရောက်သည်နှင့် သူက ဆီးကြိုပွေ့ဖက်ထားသဖြင့် ပန်းလေညင်း မျက်လုံးပြူးရသည်။

"ဦးနေ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အရမ်းနာနေသလားဟင်"

သူမကို သူ့အခန်းထဲ တွဲခေါ်သွားပြီး ကုတင်မှာထိုင်စေရင်းက သူ့လက်ကလေးများနှင့် တရှုရှုစမ်းသပ်နေတော့ ပန်းလေညင်း မျက်ရည်ဝဲရသည်။

"ဦးနေ. . .မြင်ထာလည်းမဟုတ်တဲ့နဲ့"

"မမြင်လို့ စမ်းကြည့်နေရတာပေါ့ကွယ်"

သူမစကားမှားသွားပြီမို့ အားနာသွားရသည်။

"ဒူးစုတ်ပြီး ပခုံးပွန်းသွားရုံပါ၊ ခေါင်းမှာလည်း အာလူးသီးထွက်သွားတယ်။ တော်ကြာ ပျောက်သွားမှာပါ"

"ကိုယ်စမ်းကြည့်ချင်တယ်"

"ဦးနေကလည်း. . . ခေါင်းတော့ စမ်းပေါ့။ ပခုံးနဲ့ဒူးက ဘယ်လိုစမ်းမလဲ။ ကျွန်မ ရှက်တယ်"

"ကိုယ်က မျက်စိမမြင်ရတဲ့သူပါ. . . ဘာရှက်စရာလိုလဲ။ မင်း ဆရာဝန်ကိုတော့ ပြရမှာပဲမဟုတ်လား"

"ဆရာဝန်တော့ ပြရမှာပေါ့၊ ဟော. . . အစ်ကိုစိုင်း ခေါ်တာကိုခေါ်လာပြီ"

နေသိမ်၏မိသားစုဆရာဝန် ဦးနိုင်လင်း ရောက်လာပြီမို့ ပန်းလေညင်း၏ ပွန်းပဲ့ဒဏ်ရာများကို ဆေးကြော ကုသပါသည်။

"ဒူးမှာ ဒဏ်ရာရသွားပြီမို့ တက်လိုက်ဆင်းလိုက်၊ သွားလိုက်လာလိုက်တွေ သိပ်မလုပ်ဘဲ၊ ငြိမ်ငြိမ်နေရမယ်။ လက်ကလည်း ဘယ်ဘက်ပခုံးထိသွားတာမို့ အလုပ်တွေမလုပ်နဲ့။ အလေးအပင်တွေ မမနဲ့ ဆရာပေးတဲ့ဆေးကို လိမ်း၊ ဆေးမှန်မှန်သောက်"





"ဟင်! ဘယ်နှရက်တောင် ငြိမ်နေရမှာလဲဆရာ။ ကျွန်မက ဦးနေကိုပြုစုပေးနေရတဲ့ နာ့စ်လေ။ ကျွန်မလုပ်မပေးရင် ဦးနေ ဘယ်လိုလုပ်ရပါ့မလဲ"

ဆရာဝန်ဘာမှပြန်မပြောနိုင်ဖြစ်နေစဉ် နေသိမ် ဝင်ဖြေပေးလိုက်သည်။

"ရတယ်. . . ကိစ္စမရှိဘူး။ ငါတို့အောက်ဆင်း လမ်းမလျှောက်တော့ဘူးပေါ့။ အိမ်ပေါ်မှာတင် နေမယ်"

"ချက်တာပြုတ်တာကျတော့လည်း ကောင်မလေးက စိတ်မချရဘူး။ ကျွန်မ ချက်မှဖြစ်မှာ"

"ဒါဆို လေညင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"ကျွန်မ အောက်မှာ ခဏဆင်းနေမယ်၊ ဒဏ်ရာတွေပျောက်မှ အပေါ်ပြန်လာမယ်"

ဆရာဝန်က ရယ်နေပြီး နေသိမ်ကတော့ အလိုမကျ။ စကားမပြောနိုင်တော့ချေ။

"ကဲပါ. . . နောက်မှ အဆင်ပြေအောင် ညှိနေကြပေါ့။ ကဲ! ဆရာပြန်မယ်"

ဆရာ့ကို ဆေးဖိုးကန်တော့လိုက်ကြပြီး စိုင်းဝဏ္ဏက ကားအထိ လိုက်ပို့သည်။

နေသိမ်နှင့် ပန်းလေညင်းတို့ ကိုစိုင်းယူလာခဲ့သည့် လက်ဖက်ရည်နှင့်မုန့်ကို စားကြသည်။ ဦးနေက မမြင်တာမို့ မုန့်ဆိုလည်း လက်ထဲထည့်ပေး၊ လက်ဖက်ရည်ဆိုလည်း လက်ထဲသို့ ပန်းကန်ထည့်ပေးရသည်။ ပန်းလေညင်းကပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေ၊ ခုရက်ပိုင်း မခင်ပိုးဝါကိုခေါ်ထားရင် အဆင်ပြေမလား ဟင်"

"ဘာ!"

နေသိမ် အော်ထည့်လိုက်သံကြောင့် ပန်းလေညှင်း တုန်သွားရ၏။ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ သဘောထားတွေ ကွဲလွဲနေကြတာလဲ။

"နောက် ဒီစကားထပ်ပြောရဲပြောကြည့်၊ နင့်ကိုငါ လည်ပင်းထညှစ်မှာ"

ပန်းလေညှင်း ဇက်ကလေးပုသွားရ၏။ သို့သော် နေသိမ် အဆင်ပြေအောင် သူမ ဘယ်လိုလုပ်ပေးရမလဲ။ နည်းလမ်းရှာနေရ၏။

"ဦးနေ. . . ဟင်းချက်တာ ကျွန်မချက်မှဖြစ်မှာ။ အပေါ်နဲ့အောက် ဆင်းနေဖို့ အဆင်မပြေဘူး။ ဒီရက်ပိုင်း ကျွန်မ အောက်ထပ်မှာ ကြည့်နေလိုက်မယ်နော်၊ ကောင်းမှ ပြန်တက်လာမယ်"

"မရပါဘူး။ ဟင်းကောင်းမစားရတာက ကိစ္စမရှိဘူး။ မင်းမရှိရင် ငါမနေတတ်ဘူး"

"ရှင်!"

"ဩော်. . . အဆင်မပြေဘူးလေ၊ ငါက မင်းကို လုံးဝမှီခိုနေရတာ"

ပန်းလေညှင်း ဘာမှမပြောတော့။ မီးဖိုတွေနှင့် ရေခဲသေတ္တာကို အပေါ်ရွှေ့ရမလားပဲ စဉ်းစားရတော့၏။ ထမင်းစားခန်းလည်း အပေါ်ရွှေ့ ဟာ. . . မဖြစ်သေးပါဘူး။

"ဦးနေ"

"ဘာလဲကွာ. . . ဂျီမကျနဲ့"





ပန်းလေညှင်းက ယခုထိ သူ့ကုတင်ပေါ်မှာ။ ဆရာဝန်စမ်းသပ်ကုသသွားသည့်အတိုင်း။ နေသိမ်က ဆိုဖာမှာထိုင်နေ၏။

"ကျွန်မ အောက်မှာနေမှ အဆင်ပြေမှာ"

"ဒါဆို ငါလည်း အောက်မှာလိုက်နေမယ်"

"အောက်ထပ်မှာ အခန်းများများမရှိဘူးလေ"

"ရတယ်၊ စာကြည့်ခန်းထဲမှာ ငါနေမယ်။ မင်းက စာကြည့်ခန်းဘေးက စတိုခန်းမှာနေ"

အောက်ထပ်မှာလည်း ရေချိုးခန်း အိမ်သာရှိပါသည်။ ရလာ [illegible]လာဆယ် ဒီလိုပဲနေရမှာပဲ။

ပန်းလေညှင်း ခေါင်းကုတ်ရသည်။ သူမကတော့ ဒီရက်ပိုင်းမှာ အစ်ကိုနိုင်းနဲ့ လွဲထားမလားလို့ပါ။ အင်းလေ. . . အစ်ကိုနိုင်းကလည်း စိတ်ညစ်မှာမဟုတ်ပါဘူး။

"ဒါဆိုလည်း ကျွန်မ ဟင်းဆင်းချက်ရင်း အောက်ထပ်ကိုရွှေ့တော့မှာ။ ဦးနေ လိုက်ခဲ့ပေါ့"

"အင်း. . . ကောင်းတယ်၊ ကိုစိုင်းကိုခေါ်ပြီး အခန်းပြင်ခိုင်း၊ အိပ်ရာတွေ ရွှေ့ခိုင်းရမယ်။ ကျန်တဲ့ပစ္စည်းကတော့ အရေးကြီးတာတွေပဲ ယူသွားမယ်လေ"

နှစ်ယောက်သား ခရီးသွားသလို အိတ်တွေထဲထည့်သိုနေကြ၏။ [illegible]းဝတ္တုက အောက်ထပ်မှာ အခန်းတွေပြင်ပေး၏။ နောက် နှစ်ယောက်အတူ ဖေးဖေးမမနှင့် ဆင်းလာကြပုံမှာ မသက်မသာ။ ပန်းလေညှင်း၏ [illegible]ပွဲနာတွေက နာလို့ရှုံ့မဲ့နေတာကို နေသိမ်မမြင်ပေမယ့် သူမကို လက်မောင်းလေးကိုင်ကာ ဖေးမထားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ရောက်တော့ စာကြည့်ခန်းကျယ်ကြီးထဲမှာ စိုင်းဝ
ပြင်ဆင်ပေးထားသည့် ကုတင်၊ အိပ်ရာတို့က အဆင်သင့်။

"ဦးနေအခန်းက မဆိုးပါဘူး။ တီဗီကြည့်ချင်ရင်လည်း အထဲ
သွင်းလိုက်ရုံပဲ။ ဒါမှမဟုတ် ဧည့်ခန်းထဲထွက်ကြည့်လည်းရတယ်"

"ကောင်းတယ်၊ မင်းအခန်းလည်း သွားကြည့်ဦးလေ"

"ဟုတ်ကဲ့ . . . ကျွန်မ သွားကြည့်လိုက်ဦးမယ်နော်"

ပန်းလေညင်း ကိုယ့်အိတ်တွန်းပြီး စတိုခန်းထဲ ဝင်လာခဲ့တော့
အခန်းက မဆိုးပါ။ ကျယ်တော့ အကျယ်သား။ ကုတင်နှင့်အိပ်ရာ ပြ
ပေးထားသည်။ အခန်းက တံခါးလည်းရှိသည်။ သူမ ကုတင်ပေါ်မှာ ခဏ
ထိုင်နေတုန်း အခန်းတံခါးခေါက်သံကြားရသဖြင့် ဖွင့်ပေးလိုက်တော့ ရေ
သိမ်။

"ဦးနေ . . . လဲပြီးနေမှုဖြစ်ရှင်"

"မလဲပါဘူး။ နီးနီးလေးပဲဟာ။ ကိုယ့်အိမ်ကိုယ်သိတယ်လေ"

ပန်းလေညင်းရဲ့အခန်းထဲဝင်လာပြီး ဟိုစမ်းဒီစမ်းနှင့်။ ပြည့်
မှုရှိမရှိကို ကြည့်တာဖြစ်မည်။

"မဆိုးပါဘူး . . . အဆင်ပြေပါတယ်နော်"

"ပြေပါတယ် ဦးနေရဲ့၊ ကဲ . . . လာ၊ ဦးနေအခန်းပြန်။ ကျွန်
ဟင်းသွားချက်လိုက်ဦးမယ်"

ပန်းလေညင်း သူ့အခန်းပြန်ပို့ပေးပြီး မီးဖိုဘက်သို့ဝင်ခဲ့သည်
မီးဖိုထဲမဝင်ခင် တံခါးအနားမှာပင် အထဲမှ ဖုန်းပြောသံတိုးတိုးကြား
သဖြင့် ပန်းလေညင်း မျက်မှောင်ကြုတ်သွား၏။

"ဟုတ်တယ် အန်တီ၊ ဒဏ်ရာကပြင်းတယ်။ ဒူးထိသွားတ





ဒါကြောင့် သူတို့နှစ်ယောက်လုံး အောက်ထပ်မှာ ဆင်းနေကြတယ်"

"အပေါ်ထပ်မှာ ဟိုလူကြီးတစ်ယောက်ပဲရှိမယ်ထင်တယ်။ ဟုတ်
ကဲ့ . . . ဟုတ်ကဲ့"

အေးအေးလင်း ဘယ်သူ့ကိုဖုန်းဆက်နေတာလဲ။ သည်အိမ်က
သတင်းတွေ ဘယ်သူ့ကိုပေးနေတာလဲ။ ကေန္တ ဒေါ်မာလာတင့်ထံ ဆက်
တာဖြစ်မည်။ ဒါ မသိချင်ယောင်ဆောင်နေလို့ရသည့်ကိစ္စမဟုတ်။

ပန်းလေညင်း ဖျတ်ခနဲ အခန်းထဲဝင်သွားပြီး ဖုန်းကိုဆွဲလုလိုက်
တော့ အေးအေးလင်း တုန်လှုပ်သွားပုံက မဖုံးသာမဖိသာ။

"ဟင်! မမ"

"နင် ဘယ်သူ့ကို ဖုန်းဆက်နေတာလဲ၊ ပြောစမ်း"

"ဟို . . . ဟို . . . အမေ့ဆီကိုပါ"

"နင်မညာနဲ့၊ ငါနားထဲမှာ အန်တီဆိုတဲ့စကားလုံး ကြားလိုက်
တယ်။ မှန်မှန်ပြော . . . မှန်မှန်မပြောရင် ငါ နင့်ကိုပြုစားလိုက်မှာနော်။
နင့်ကို အရုပ်ပြောင်းပြန်လှန်အောင် ပြုစားလိုက်မယ်"

တကယ်တော့ ပန်းလေညင်း ခြောက်လိုက်တာပါ။ သို့သော် အေး
အေးလင်းဟာ တစ္ဆေသရဲကြောက်တတ်သူ၊ စုန်းကဝေတွေကို ယုံကြည်
သူမို့ တစ်မျက်နှာလုံး သွေးဆုတ်သလို ဖြူသွားပြီး ဇောချွေးတွေ ချက်
ချင်းပင် ပြန်တက်လာခဲ့၏။ လူကလည်း တဆတ်ဆတ်တုန်လို့။

"မလုပ် . . . မလုပ်ပါနဲ့ မမရယ်၊ ကျွန်မ . . . ကျွန်မကို မသတ်
ပါနဲ့ရှင်"

"ဒါဆိုပြော . . . နင် ဘယ်သူ့ဆီ သတင်းပို့နေတာလဲ"

"ဒေါ် . . . ဒေါ်မာလာတင့်ဆီကိုပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ! နင် တော်တော်ကျေးဇူးကန်းပါလား၊ သူ့ခိုးကိုမှ ဓားမိုး ကမ်းတဲ့မိန်းမ။ အဲဒီဒေါ်မာလာတင့်က ဦးနေသိန်းရဲ့မိတ္တွေ။ သူတို့သားအဖ ကို သေကြောင်းကြံလို့ ဦးရဲခ သေသွားပြီး၊ ဦးနေသိန်းက မျက်မမြင်ဖြစ် ကျန်ခဲ့ရတယ်။ ဒီလောက်ယုတ်မာပက်စက်တဲ့ မိန်းမကြီးရဲ့ဘက်ကို နင် မှ ပါတယ်. . . တောက်!"

"ကျွန်မ. . . ကျွန်မ မသိလို့ပါ မမရယ်၊ သူကပြောတော့ ဦးနေ သိန်းအတွက် စိုးရိမ်လို့ သူ့ ကာကွယ်လို့ရအောင် ဒီအိမ်ကသတင်းတွေ အကုန်ပို့မယ်တဲ့"

"အေးပေါ့. . . နင့်လို အနံ့ညာတတစ်ယောက်ကို အဖြူကို အမည်းလုပ်ပြောပြီး သိမ်းသွင်းရတာ လွယ်တာပေါ့။ နင်က ပညာနည်း တော့ ဘယ်ဟာ အမှန်၊ ဘယ်ဟာ အမှား. . . ခွဲခြားသိတာမှ မဟုတ် တာ"

"ကျွန်မကို ခွင့်လွှတ်ပါ မမရယ်၊ ကျွန်မ နောက် သတင်းမပေး တော့ပါဘူးရှင်။ ကျွန်မကို အစွေပြောင်းပြန်လန်အောင် မလုပ်ပါနဲ့နော်"

ပန်းလေညှင်းကို ကျုံ့ကျုံ့ထိုင် ရှိုးရှိုးရင်း အကြောက်ကြီးကြောက် နေပုံမှာ သနားစရာလား။ အမြင်ကတ်စရာလား။ အိမ်မှာ အပ်ကျတော့ အစ သတင်းပို့တုန်းကပို့ပြီး၊ ခုမှကြောက်ပြနေလိုက်တာ။

"နင့်ကို မယုံတော့ဘူး၊ နင် ဒေါ်မာလာတင့်နဲ့အဆက်အသွယ် ဖြတ်ချင်လည်း ဘယ်ရတော့မလဲ။ ဒီတော့ နင့်ကို အလုပ်က ထုတ်မယ်"

"ရှိကြီးခိုးပါရဲ့ မမရယ်. . . ကျွန်မကို အလုပ်မထုတ်ပါနဲ့နော်၊ ကျွန်မ. . ."

"တော်ပြီ. . . နင် ဘယ်အိမ်မှာ အလုပ်ဝင်ဝင် ရတယ်၊ ဒီအိမ် ကတော့ နင့်ကိုလက်ခံဖို့မဖြစ်တော့ဘူး။ ကဲ! အထုပ်အပိုးပြင်တော့၊ နင့် ကို တစ်လစာပေးလိုက်မယ်"





"မမရယ်. . . ကျွန်မကို အလုပ်မထုတ်ပါနဲ့နော်၊ ကျွန်မ ဒီအိမ် မှာ ကောင်းကောင်းနေပါ့မယ်။ မထုတ်ပါနဲ့နော်"

အေးအေးလင်း ငိုကြီးချက်မဖြစ်နေပုံမှာ သဘာဝမကျ။ တကယ် ဆို ဒီလိုအလုပ်မျိုးဆိုတာ ဘယ်မှာလုပ်လုပ် ရသည်။ ကေန္တ ဒေါ်မာလာ တင့် စည်းရုံးထားလို့ဖြစ်မည်။

"တော်ပြီ အေးအေးလင်း၊ ငါ ရဲတိုင်လိုက်ရမလား။ နင် သူလျှို လုပ်ပြီး ဒီအိမ်ကသတင်းတွေ ဟိုဘက်ပေးနေတာ။ ဒါကြောင့် ဒီနေ့ ငါ တို့ကို ဒေါ်မာလာတင့်ပယောဂနဲ့ ကားတိုက်ခံရမလို့ဖြစ်တာ"

"ကျွန်မ မသိလို့ပါ မမရယ်၊ ရှိကြီးခိုးပါရဲ့"

သည်စဉ် စိုင်းဝဏ္ဏနှင့်နေသိန်းပါ မီးဖိုဘက်မှအသံများကြောင့် ရောက်လာခဲ့ကြသည်။

"ဘာဖြစ်လို့လဲ လေညှင်း"

"ဒီမှာလေ၊ ဒီအိမ်ကသတင်းတွေ ဒေါ်မာလာတင့်ဆီ ဖုန်းနဲ့ ပို့ နေတယ်။ ဒါကြောင့် ကျွန်မတို့ ဒီနေ့ ကားတိုက်ခံရမလိုဖြစ်တာ"

"ဟင်! ဒါဆို သူ့ကိုအလုပ်ထုတ်လိုက်လေ"

"အလုပ်ထုတ်တာ မသွားဘဲ ပေကပ်နေလို့"

"ဘယ်ဖြစ်မလဲ ကဲ. . . မယ်မင်းကြီးမရယ်၊ ကြွပါတော့။ လေ ညှင်း. . . သူ့ကို လစာထုတ်ပေးလိုက်"

ပန်းလေညှင်း သူ့ကိုလစာထုတ်ပေးလိုက်ပြီး ပြန်နိုင်းလိုက်လျှင် အေးအေးလင်း မျက်ရည်စက်လက်နှင့် ပြန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှာ သုံးယောက်သား ထိုင်နေကြရင်းမှ နေသိမ်က တွေးတွေးဆဆနှင့်. . .

"အလုပ်သမားတစ်ယောက် ထပ်ရှာမှဖြစ်မယ်၊ လေညှင်းတစ်ယောက်တည်း ဘယ်ဖြစ်မလဲ။ ကိုယ့်ကိုလုပ်ပေးရတာက တစ်မျိုး"

"ရပါတယ်၊ လောလောဆယ် ရှာလို့ရမှာမဟုတ်သေးဘူး။ ရှာလို့ရလည်း ဒေါ်မာလာတင့်က စည်းရုံးပစ်လိုက်တာချည်းပဲ။ လေညှင်းတော့ ကိုယ့်ဘာသာချက်တာမှ အဆင်ပြေဦးမယ်ထင်တယ်။ သုံးယောက်စာလေးပဲ. . . မပင်ပန်းပါဘူးရှင်။ အိမ်မှာတုန်းကလည်း မိဘတွေနဲ့ လေးငါးယောက်စာတွေ ချက်နေကျပါ"

"ဒါပေမဲ့ ကိုယ် မင်းကို မတရားခိုင်းသလိုဖြစ်နေမှာပေါ့။ လစာပိုယူမလား"

"မယူပါဘူး၊ တော်ပြီလေ. . . ကျွန်မချက်နိုင်ပါတယ်။ ဦးနေကလည်း ဟင်းတွေအများကြီးမစားနဲ့ပေါ့။ သုံးမျိုးလောက်ဆို တော်ပေါ့"

"အင်းပါ၊ အသားဟင်းတစ်ခွက်၊ ဟင်းသီးဟင်းရွက်ကြော်တစ်ခွက်၊ အသုတ်လေးဘာလေးနဲ့ အတို့အမြှုပ်လေးဘာလေးပေါ့"

"ကဲ! လောလောဆယ် ကျွန်မချက်မယ်၊ ဆယ်နာရီတောင် ကျော်နေပြီ။ အစ်ကိုစိုင်း. . . ဦးနေကို ညေ့ခန်းထဲခေါ်သွားပါ။ တီဗီ ဟာသကားလေးဘာလေး ဖွင့်ပြ။ ဦးနေ စိတ်ပြေလက်ပျောက်ရှိအောင်ပေါ့။ ဆယ့်နှစ်နာရီမှာ ထမင်းစားရမယ်နော်"

စိုင်းဝဏ္ဏက နေသိမ်ကိုခေါ်ထုတ်သွားတော့ ပန်းလေညှင်း ဟင်းစတင်ချက်သည်။ ဆယ့်နှစ်နာရီအမီ ပြီးအောင်ပေါ့။



## အခန်း (၁၄)

ဈေးဝယ်သွားရတာ စိုင်းဝဏ္ဏတာဝန်။ ကိစ္စမရှိ၊ တောင်ကြီးမှာတုန်းကလည်း ခြံထွက်သစ်သီးတွေကိုရောင်းပြီး အိမ်အတွက် ဈေးဝယ်ရတာမို့ သူ ဈေးဝယ်တတ်ပါသည်။

ရုပ်ရည်ချောမောပြီး ကိုယ်ဟန်လှလှ ဖြောင့်ဖြောင့်နှင့် သူ့ပုံစံကမြင်တာနှင့် ခင်မင်ချင်စရာကောင်းနေတာမို့ ဈေးသည်တွေကလည်းအမှန်အကန်ပဲ ရောင်းကြသည်။

တစ်ပတ်တစ်ခါလောက် ဈေးသွားရသည်မို့ ဒီနေ့ စိုင်းဝဏ္ဏ ဈေးဝယ်ရမည့်နေ့။ ကိုအောင်ဟိန်း သတိပေးသလို. . .

"သူတို့တွေက နေသိမ်ကို ရှင်းပစ်ချင်တာဆိုပေမယ့် သူ့ကိုစောင့်ရှောက်နေတဲ့ ဒေါက်တိုင်ကြီးတွေကိုလည်း ဖြိုချင်ဖြိုမှာ။ ကိုစိုင်း အစစအရာရာသတိရှိရှိနဲ့နေပါ"

ဆိုသည့်အတွက် စိုင်းဝဏ္ဏ သွားလာလှုပ်ရှားတာလည်း အမြဲ



www.burmeseclassic.com

www.burmeseclassic.com



သတိနှင့်ပါပဲ။

ဈေးထဲမှာ အသားငါးနှင့် ဟင်းသီးဟင်းရွက်တွေ လျှောက်ဝယ်ပြီး ကုန်ခြောက်နှင့်မုန့်ကတော့ စာရင်းစာရွက်ပေးလိုက်ပြီး ကားကိုလာပို့ခိုင်းထားသည်။

သည်စဉ် သူ ကောင်မလေးတစ်ယောက်နှင့် တိုက်မိသဖြင့် ကမျာကယာတောင်းပန်ရင်း ငုံ့ကြည့်လိုက်တော့. . .

"ဟင်! ခင်ပိုးဝါ"

ဒါ မတော်တဆလား။ ဖန်တီးပြုလုပ်ချက်လား။

"ဩော်. . . ကိုစိုင်း၊ ဈေးလာဝယ်တာလား"

"ဟုတ်တယ်၊ ခင်ပိုးဝါရော ဈေးလာဝယ်တာလား"

တစ်အိမ်တည်းနေသူတွေမို့ ကိုယ့်အိမ်ရှင်တွေက ရန်သူတွေပမယ့် စကားပြောဖြစ်ကြ၏။

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ကျွန်မရဲ့အမေက ဒီဈေးထဲမှာ ဟင်းရွက်စိမ်းရောင်းတယ်လေ။ အမေ့ဆီလာတာ"

"ဟင်! ဘယ်လို. . . ဘယ်လို"

ခင်ပိုးဝါ၏ရုပ်ရည်နှင့် ဝတ်စားဆင်ယင်မှုက အထက်တန်းကျသည်မို့ စိုင်းဝဏ္ဏ မျက်စိလည်သွားရသည်။ ခင်ပိုးဝါရဲ့မျက်နှာက ညှိုးညှိုးလေး။

"ပိုးဝါတို့က ဆင်းရဲပါတယ် အစ်ကိုရယ်။ အန်တီနဲ့မေမေက ညီအစ်မနှစ်ဝမ်းကွဲတော်တယ်။ အစ်ကိုနေသိမ်နဲ့လက်ထပ်ဖို့ ရည်ရွယ်ပြီး သူ့အိမ်မှာခေါ်ထားလို့သာ ပိုးဝါ ပြောင်ပြောင်ယောင်ယောင်ဖြစ်နေတာပါ"





စိုင်းဝဏ္ဏ အံ့သြနေရာမှ သူမကိုနှုတ်ဆက်လိုက်သည်။ ဒါ သူ့အကြောင်းပဲလေ။ ကိုယ်နဲ့မှမဆိုင်တာ။

"ကဲကဲ. . . ခင်ပိုးဝါရဲ့အမေဆီ သွားလိုက်ပါဦး။ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်"

"ပိုးဝါ အမေ့ကိုသွားတွေ့ပြီးပါပြီ၊ အမေတောင်းတဲ့ငွေလေး သွားပေးခဲ့ပြီးပါပြီ။ ပိုးဝါ အစ်ကိုနဲ့ပြန်လိုက်ခဲ့ပါရစေနော်။ အလာတုန်းက တက္ကစီနဲ့လာတာ၊ အပြန်ကားမငှားရရင် သုံးထောင်လောက်တော့ သက်သာမှာ"

"ကဲဗျာ. . . လိုက်ခဲ့"

ဟုတ်တယ်လေ။ လမ်းကြုံနေတဲ့နောက် ခေါ်သွားရုံပေါ့။ ခင်ပိုးဝါ အလိုက်တသိနှင့်ပင် သူ့အထုပ်အပိုးများကို ကူဆွဲနေသေး၏။ အောက်သက်တော့ ကြေတာပါပဲ။ အေးလေ. . . သူတို့က ဆင်းရဲတာပဲ။

ကားဆီရောက်လျှင် သူမက နောက်ဘက်သို့ဝင်ထိုင်မည် ပြင်ဆမယ့် စိုင်းဝဏ္ဏကပင် ရှေ့သို့ညွှန်ပြလိုက်ပါသည်။ နှစ်ယောက်အတူ ကားလေးမောင်းထွက်လာခဲ့ပြီး ကားပေါ်မှာ စကားမပြောဖြစ်ကြ။

ကားလမ်းပိတ်ဆို့မှုဖြစ်နေပြီး စောင့်နေရစဉ် ခင်ပိုးဝါထံမှ ရှိုက်သံလေးကိုကြားလိုက်ရသဖြင့် သူ အလန့်တကြားငုံ့ကြည့်မိသည်။

"ဘာ. . . ဘာဖြစ်လို့လဲ မခင်ပိုးဝါ"

"ဩော်. . . အစ်ကိုက ကျွန်မကိုသိပ်မှန်းမှာပဲနော်။ အထင်လည်းသေးမှာပဲ"

"ဗျာ! ဘာဖြစ်လို့လဲ"

"ပိုးဝါက ခေါ်မာလာတင့်ရဲ့တူမ ဖြစ်နေပြီး သူ့ဘက်ကနေ သူ့ခိုင်းတာလုပ်နေရတာကို။ အစ်ကိုတို့က ကိုနေဘက်ကဆိုတော့ ဘက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မတူဘူး။ ပြီးတော့ အစ်ကိုတို့က မုန့်တဲ့ဘက်က။ ပိုးဝါနေရတာက ကလိမ် ကကျစ်ဘက်က။ ဒီတော့ အစ်ကို ပိုးဝါကိုအမြင်ကတ်မှာပဲနော်"

မိန်းမလှလေးတစ်ယောက်ရဲ့ ညှို့ငယ် ဝမ်းနည်းသည့်အသံနှင့် မျက်ရည်ပါးပါးလေး စီးကျနေပုံက လူရိုးကြီး စိုင်းဝဏ္ဏအတွက် ကရုဏာ သက်စဖွယ်မြင်ကွင်းပါ။

"မကာတ်ပါဘူးဗျာ၊ ကျွန်တော်တို့ကတော့ ကိုနေ ဘေးမသီ ရန် မခအောင် စောင့်ရှောက်ရတာပေါ့၊ ဒါပါပဲ။ အချစ်တွေ အမုန်းတွေ မဖြစ် တည်ပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ပိုးဝါ. . . ဟိုတစ်နေ့ကလည်း အန်တီခိုင်းလို့ လုပ်ရတာပါ"

"ဒါပေမဲ့ပေါ့ဗျာ. . . သူခိုင်းတယ်ဆိုပေမယ့် ကိုယ့်ဦးနှောက်လေး နဲ့လည်း ချင့်ချိန်စဉ်းစားဦးပေါ့။ အန္တရာယ်ရှိမယ့်ကိစ္စမျိုးကိုလုပ်မိရင် ကိုယ် ပဲ ဒုက္ခရောက်မှာပေါ့။ ဥပမာ– သူက လူသတ်ခိုင်းရင်ရော မခင်ပိုးဝါ သတ်မှာလား။ သူခိုင်းတိုင်းလုပ်ရင် မင်းပဲ ဒုက္ခရောက်မှာပေါ့"

"အဲဒါတော့ ပိုးဝါသိပါတယ်၊ သူခိုင်းတိုင်းတော့ မလုပ်ပါဘူး လူသတ်ခိုင်းရင်လည်း မသတ်ပါဘူးရှင်၊ ပိုးဝါ နားလည်ပါတယ်"

"တစ်ခါတစ်ခါကျ ကိုယ်က ပေါ့ပေါ့လေးထင်ပေမယ့် ပြဿနာ က အကြီးကြီးဖြစ်ပြီး ဝက်ပါထဲတိုးဝင်မိတဲ့လူလို အထွက်ရကျပ်တယ် တယ်"

"ပိုးဝါ နားလည်ပါတယ်ရှင်"

နှစ်ယောက်သား စကားစပြတ်သွားပြီး ကားလမ်းဘေးကိုသာ ကြည့်ရင်း လိုက်ပါလာခဲ့ကြသည်။ တစ်နာရီလောက်ကြာမှ အိမ်ကိုပြန် ရောက်ကြသည်။ ကားရပ်သည်နှင့် ခင်ပိုးဝါ အမြန်ဆင်းသွားရင်း. . .

"အစ်ကို ပိုးဝါသွားပြီနော်၊ ကျေးဇူးတင်ပါတယ်"

ဟု နှုတ်ဆက်သွားသည်။

ကားသံကြားသဖြင့် ပန်းလေညင်းထွက်လာပြီး သူ့အစ်ကိုဝယ် လာသည့်ပစ္စည်းများကို ကူသယ်လိုက်သည်။ သူမ ခင်ပိုးဝါကို ရိပ်ခနဲမြင် လိုက်သည်မို့ ကိုယ့်အစ်ကိုကို မသင်္ကာကြည့်နှင့် ကြည့်ရင်း. . .

"အစ်ကိုစိုင်း. . . ဟိုမိန်းမနဲ့အတူပြန်လာတာလား"

"ဟုတ်တယ်၊ သူလည်း ဈေးကပြန်လာတာ၊ သူ့အမေက အဲဒီ ဈေးမှာ ဟင်းရွက်စိမ်းရောင်းတယ်တဲ့၊ သနားပါတယ်"

"သူပြောတာ ကြားရတာပဲလေ၊ ဟုတ်ချင်မှဟုတ်မှာပေါ့။ အစ် ကိုနော်. . . သူတို့က အလည်တွေ"

"အေးပါ. . . ငါသိပါတယ်၊ ကဲ! သယ်မှာသယ်သွား"

မောင်နှမနှစ်ယောက် ဝယ်လာသည့်ပစ္စည်းများကို မီးဖိုထဲသို့ သယ်သွားကြသည်။ ပန်းလေညင်း ချက်ပြုတ်နေခိုက် နောက်ဘက်မှ အသံ ကြားရသဖြင့် လှည့်ကြည့်လိုက်တော့ ဦးနေ။

"ဦးနေ. . . တိုက်ပြုပြီး လဲကျန်ပါ့မယ်ရှင်၊ ဘာဖြစ်လို့များ မီးဖို ထဲ လိုက်လာရတာလဲ။ ဆာလို့လားဟင်၊ ဦးနေရယ်. . . ခက်လိုက်တာ"

အပြေးလေးတွဲလာပြီး သူ့ကို ကုလားထိုင်တစ်လုံးမှာ နေရာချ ထားပေါ။

"ကိုယ်တစ်ယောက်တည်း ပျင်းလို့လေ၊ လေညင်းက ချက်ပြုတ် နေတော့ ခါတိုင်းလို ကိုယ့်အနားမှာ အချိန်ပြည့်မရှိတော့ဘူးပေါ့။ မဖြစ် ဘူး. . . အလုပ်သမားနှစ်ယောက်လောက် ထပ်ငှားဦးမှပါ"







www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချရတဲ့လူမှုဖြစ်မှာ ဦးနေရဲ့၊ တော်ကြာ မလွယ်ဘူး။ အလုပ်က မပင်ပန်းလှပါဘူး။ လေညင်း လုပ်နိုင်ပါတယ်"

"အင်း. . . လောလောဆယ်လည်း လူမရသေးပါဘူး။ လေညင်းပဲ လုပ်ရမှာပါ။ ကိုယ် မင်းအနားမှာ မင်းနဲ့စကားပြောချင်လို့"

"ဟုတ်ကဲ့. . . ပြောလေ၊ လေညင်း နားထောင်နေမယ်"

ပန်းလေညင်း နေသိမ်ကို ငေးကြည့်မိပါသည်။ အိမ်နေရင်းမို့ မျက်မှန်တပ်မထားပေမယ့် သူ့မျက်လုံးများက လူကောင်းလိုပါ။ ကြောင်တောင်ကန်းမျိုးပေါ့။

သူ့မျက်နှာချောချောမှာ ယောက်ျားပီသပါသဘိ။ ကိုယ်လုံးဖြောင့်ဖြောင့်လှလှမှာ ဝတ်ပုံစားပုံက စမတ်ကျသေးသည်။ တကယ့်ကို လူချောပါပဲ။

"ကိုယ့်အသက် အစိတ်ပြည့်တော့မယ်၊ အသက်အစိတ်ပြည့်မှ အမွေတရားဝင်ခွဲပေးကြမှာ၊ အသက်ပြည့်ဖို့ ငါးရက်ပဲလိုတော့တယ်"

"သြော်. . . မျက်စိခွဲဖို့ကရော ဘယ်လောက်လိုသေးလဲ"

"အဲဒါကတော့ အချိန်ကာလ သတ်မှတ်လို့မရဘူး၊ ဘာဖြစ်လို့လဲ"

"သြော်. . . ဘာမှမဟုတ်ပါဘူး။ ဦးနေမျက်စိတွေ ပြန်မြင်သွားရင် လေညင်းတို့ ဘယ်လိုတော့မလဲ။ အလွန်ဆုံး တစ်လလောက်ဆိုရင် အားလုံးအဆင်ပြေသွားပြီပေါ့နော်"

"ဘာလဲ. . . မင်းက ပြန်ချင်နေပြီလား၊ ငါ့ကိုထားခဲ့ပြီး တောင်ကြီးပြန်ချင်နေပြီလား"

စိုင်းဝဏ္ဏ အခန်းထဲသို့ဝင်လာသည်နှင့် ကြုံသွားသဖြင့် အခြေအနေတွေကို ကြိုတင်တားဆီးထားဖို့ စိတ်ကူးလိုက်သည်။





"ပန်းလေညင်းက ကိုနေမျက်စိကောင်းသွားရင် အဆင်ပြေသွားရင် ပြန်ရမှာ။ သူက နောက်နှစ်လလောက်ဆို လက်ထပ်ရတော့မှာ"

"ဘာ! သူ့. . . သူ့ချစ်သူလား"

နေသိမ် အလန့်တကြားမေးနေလျှင် စိုင်းဝဏ္ဏ ဖြေလိုက်သည်။ ပန်းလေညင်းကတော့ မျက်စိမျက်နှာပျက်လို့ပါ။

"ဟုတ်တယ်၊ သူ့မိဘတွေသဘောတူထားတဲ့လူရှိတယ်။ စိုင်းမြတ်ထန်တဲ့"

"သူက ဘယ်လောက်ချမ်းသာလို့လဲ"

"မချမ်းသာပါဘူး၊ ခြံအလုပ်သမား. . . အဲ! ခြံပိုင်ရှင်ပေါ့။ သစ်သီးခြံတွေ ရှိတယ်၊ ရိုးသားထက်မြက်တယ်။ အခု ဒီကိုလာတာတောင် ပြန်လာရင် မြတ်ထန်ကိုလက်ထပ်ပါ့မယ်ဆိုလို့ လွှတ်တာ"

"သြော်. . ."

"အစ်ကိုကလည်း ဘာဖြစ်လို့ ဒါတွေလျှောက်ပြောနေတာလဲ။ ဦးနေ စိတ်ရှုပ်သွားအောင်"

"ကြုံလို့ ပြောပြတာပါ၊ သြော်. . . ကိုနေ၊ ကိုအောင်ဟိန်းက ညနေခြောက်နာရီမှာ ဒီကိုလာမယ်တဲ့။ ဖုန်းဆက်ထားတယ်"

"အင်း. . . သူ့တာဝန်က နေ့တိုင်းလာပြီး လုပ်ငန်းအခြေအနေတွေ ရှင်းပြရမှာ။ ခုလိုမလာတစ်ရက်လာတစ်ရက်ဖြစ်နေဖို့ မရှိဘူး။ အင်းလေ. . . ငါက မျက်စိမမြင်တာဆိုတော့ ဘယ်သူမှ မလေးစားတော့ဘူးပေါ့"

နေသိမ်ပုံစံက စိတ်ဓာတ်ကျနေသလိုဖြစ်နေလျှင် ပန်းလေညင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ထိခိုက်ရသည်။ စိုင်းဝဏ္ဏကိုလည်း မကျေမနပ်ဖြစ်ရ၏။ အစ်ကိုတာလေ သိပ်ရှည်တာပဲ။

စိုင်းဝဏ္ဏ ထမင်းစားခန်းမှ ပြန်ထွက်သွားလျှင် ပန်းလေညင်း နေသိမ်ကို သူ့အခန်းသို့ပြန်ပို့လိုက်သည်။

"ဦးနေ. . . ဒီမှာညှော်တယ်နော်၊ လေညင်း ချက်ပြီးတာနဲ့ လာခဲ့မယ်။ သီချင်းလေး နားထောင်နေနော်"

သီချင်းတစ်ခွေ ထည့်ဖွင့်ပေးခဲ့ပြီး ပန်းလေညင်း အမြန်ခုံးပြန်လာခဲ့သည်။ ဦးနေ အသက်ပြည့်တော့မှာမို့ ခုရက်ပိုင်း ပိုပြီးစောင့်ရှောက်ပေးရမှာ သူမသတိထားမိလိုက်သည်။

❖ ❖ ❖



● အခန်း (၁၅)

ညနေမှာ အောင်ဟိန်းထက် ကားနှင့် အိမ်သို့ရောက်ရှိလာခဲ့၏။ နေသိမ်ဆန္ဒအရ သူ့အခန်းထဲသို့ ဝင်လာခဲ့ရင်း လုပ်ငန်းအခြေအနေတွေကို ရှင်းပြသည်။ နောက် စာရင်းတွေ ဖိုင်နှင့်ပေးခဲ့ရင်း. . .

"ညကျတော့ ကိုနေ့လူတွေကို ဖတ်နိုင်းပြီး နားထောင်လိုက်ပါနော်၊ ကျွန်တော် သေသေချာချာရေးထားတယ်"

"ရပါတယ်၊ အဲဒါတွေ စိတ်မဝင်စားသေးပါဘူးကွာ။ နောက်မှပေါ့။ ခုတလော စိတ်ထဲမကြည်လင်လို့ ခုည ဘုရားသွားချင်တယ်။ အောင်ဟိန်းပါ အားရင်လိုက်ခဲ့ကွာ"

"ကိုနေသိမ်သွားချင်နေရင်လည်း လိုက်ပို့ပါ့မယ်။ တစ်အိမ်လုံးသွားမှာလား။ အိမ်စောင့် ဘယ်သူ့ထားခဲ့မလဲ"

"မထားခဲ့ဘူး. . . အိမ်ပဲ သော့ခတ်ခဲ့ရင်ရတယ်"

"ဟဲ! ဒါဆိုလည်း ခုပဲသွားကြမယ်လေ၊ ခြောက်နာရီခွဲနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဟိန်းထက် ထရပ်လိုက်သဖြင့် သူတို့သုံးယောက်လုံး ကားဆီသွားကြသည်။ အပြန်ကျ လိုက်ပို့နေရမှာစိုးသဖြင့် စိုင်းဝဏ္ဏကို ကားယူစေခဲ့သည်။ အောင်ဟိန်းထက် တစ်စီး၊ သူတို့က တစ်စီးပေါ့။ ဒေါ်မာလာတင့်တို့အဖွဲ့ကတော့ သူတို့ကို ရပ်ကြည့်နေကြသည်။

ဘုရားရင်ပြင်တော်ပေါ်မှာ နေသိမ်ကို ပန်းလေညင်းက တွဲထားသည်။ မျက်မှန်တပ်ထားသည့်သူ့ကို လက်မောင်းကိုင်ကာ ခေါ်လာပုံက မျက်မမြင်တစ်ယောက်လို့ ထင်စရာမရှိပါ။ စိုင်းဝဏ္ဏနှင့်အောင်ဟိန်းထက်က သူတို့နှင့်မလှမ်းမကမ်းမှ မျက်ခြည်မပြတ်လိုက်ကြ။

ညဦးပိုင်းမို့ ရွှေတိဂုံရင်ပြင်မှာ လူအများ စည်ကားလှသည်။ ပန်းလေညင်းက အခြေအနေတွေကိုပြောပြနေရင်း နှစ်ယောက်အတူ ဘုရားရှိခိုးကြသည်။ နေသိမ်က ဆီမီးများ၊ ပန်းများ၊ ရွှေသင်္ကန်းများ ကပ်လှူပြီး ဘုရားကို အာရုံရည်မှန်းပြီး ပူဇော်ကန်တော့ရင်း ဆုတောင်းသည်။ မိဘများကိုလည်း အမျှဝေသည်။

"သားပြုသမျှ ကုသိုလ်အဖို့အစုကို တမလွန်ဘဝရောက်ပြီဖြစ်သည့် ဖေဖေနှင့်မေမေအား အမျှပေးဝေပါတယ်။ အမျှ အမျှ အမျှ ယူတော်မူကြပါ"

"ဤကုသိုလ်အဖို့အစုတို့ကြောင့် တပည့်တော်၏ မျက်စိနှစ်ကွင်း အလင်းအမြန်ဆုံးရပါစေ၊ တပည့်တော်၏လိုအင်ဆန္ဒများလည်း ပြည့်စုံပါစေ၊ တပည့်တော်၏အကုသိုလ်များ အမြန်ဆုံးပျောက်ကင်းပါစေ"

နေသိမ် ဆုတောင်းနေသံကိုကြားရလျှင် ပန်းလေညင်း မျက်ရည်ဝဲရ၊ ရင်နင့်ရသည်။

"ဒီဝဋ်ဒုက္ခမှ အမြန်ဆုံး ကင်းလွတ်ပါစေ ဦးနေရယ်၊ လေညင်း





မြင်ရက်လို့ပါရှင်"

နေသိမ် ဘုရားဝတ်ပြုနေတာ အကြာကြီးပါ။ လူဆိုတာ ဒုက္ခနဲ့တွေ့ကြုံမှ ဘုရားကိုပိုပြီး အလေးဂရုပြုတတ်ကြတာ ဓမ္မတာ။ ပန်းလေညင်း နေသိမ်ကိုစောင့်ပေးနေတာ စိတ်ရှည်လက်ရှည်။ စိုင်းဝဏ္ဏနှင့် အောင်ဟိန်းထက်တို့က မလှမ်းမကမ်းရှိ အာရုံခံတန်ဆောင်းမှာ ထိုင်ပြီး သူတို့နှစ်ယောက်ကိုကြည့်နေ၏။

အတန်ကြာမှ သူတို့လေးယောက် ကားနှင့်အိမ်သို့ ပြန်လာခဲ့ကြသည်။

အောင်ဟိန်းထက် အိမ်ထဲသို့မဝင်တော့ဘဲ သူ့ကားကိုမောင်းကာ ထွက်ခွာသွား၏။ စိုင်းဝဏ္ဏ တံခါးတွေဖွင့်နေတုန်း ဒေါ်မာလာတင့်အနီးသို့ရောက်ရှိလာခဲ့သည်။

"ညဘက်တွေသွားတာ ကြည့်သွားနော်၊ အခု ကိုးနာရီထိုးတော့မယ်"

"ဘာဖြစ်လို့လဲ၊ ခုမှ အစောကြီးရှိသေးတာ"

"ဪ. . . တော်ကြာ တစ်ခုခုဖြစ်ရင် ငါတို့သတ်တယ် ဖြစ်နေဦးမယ်၊ အလကားနေရင်း အမှုပတ်နေမှာစိုးလို့ပေါ့။ အသွားအလာဆင်ခြင်ကြ"

"အဲဒါ အန်တီ့ကိစ္စမဟုတ်ပါဘူး၊ အန်တီ အေးအေးသာနေပါ"

"ဒါဆိုလည်းပြီးရော"

ဒေါ်မာလာတင့် ထွက်ခွာသွားလေမှ လေညင်း နေသိမ်ကိုကိုင်ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။ နောက် ချက်ချင်းပင် တံခါးပြန်ပိတ်လိုက်သည်။ သုံးယောက်အတူ ဧည့်ခန်းထဲမှာ ထိုင်ကြတုန်း ပန်းလေညင်း



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဖျော်ပေးခဲ့သည်။

နာရီဝက်လောက် အပန်းဖြေရင်း တီဗီကြည့်ပြီးလေမှ ပန်းလေ ညင်း နေသိန်ကို သူ့အခန်းသို့ လိုက်ပို့လိုက်သည်။

"ဦးနေ. . . ဆေးသောက်ပြီးရင် အိပ်တော့နော်"

"စောပါသေးတယ်။ သီချင်းလေးဘာလေး နားထောင်ဦးမယ်"

"စောစောအိပ်ပါရှင်၊ မနက်ကျ စောစောထပြီး လမ်းလျှောက် ရအောင်။ ခြံထဲတင်ပေါ့နော်"

"အင်းပါ၊ ဒါဆိုလည်း အိပ်ပါ့မယ်"

နေသိန်ကို ဆေးတိုက်ပြီး ပန်းလေညင်းနားထဲ တရှဲရှဲအသံကြား သဖြင့် မျက်စိထဲ ပြာခနဲဖြစ်သွားစဉ်၊ ကုတင်အောက်မှ မြွေဟောက်တစ် ကောင် သူမကို လှမ်းပေါက်တာ ခံလိုက်ရသည်။

"အား. . ."

သူမက လျင်မြန်လွန်းသူမို့ ခြေထောက်ကို ဆတ်ခနဲရှောင်ဖေ လိုက်သလို မြွေဟောက်ကိုလည်း ဆတ်ခနဲဖမ်းလိုက်နိုင်၏။ သူမတို့ခြံ ထဲမှာ မြွေပေါပြီး လေညင်းတို့ရဲ့ဆရာကြီး အဘအိုက်နွတ်ကလည်း မြွေ ဆရာကြီးမဟုတ်ပါလား။ မြွေကိုနိုင်သလို မြွေဆိပ်ကိုလည်း နိုင်သည် သည်တော့ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသလို ပန်းလေညင် တို့လည်း မြွေကိုကျွမ်းကျင်စွာ ဖမ်းနိုင် ရှောင်နိုင်တိမ်းနိုင်ကြပါသည်။

ဖမ်းမိသည့်မြွေဟောက်ကို အမှိုက်ပုံးထဲထည့်လိုက်သည်။ 
အခန်းထဲမှာ ရှိသည့်အမှိုက်ပုံးက အပေါ်မှအဖုံးအုပ်ရသည့်အမှိုက်ပုံးဖြ

ပန်းလေညင်း စိုင်းဝဏ္ဏကို အော်ခေါ်လိုက်သည်။

"အစ်ကိုရေ. . . လာပါဦး၊ ဒီမှာ မြွေ. . . မြွေ"





စိုင်းဝဏ္ဏအပြေးရောက်လာပြီး အမောတကောရှာရင်း ပျာယာ ခတ်နေသည်။

"ဘယ်မှာလဲ. . . ဘယ်မှာလဲ၊ ဒီလိုမြို့ကြီးထဲမှာ ဘယ်ကမြွေက ဆိုက်ထဲရောက်နေတာလဲ။ ဒါ မရိုးသားဘူး. . . ဒါ လုပ်ကြံမှုပဲ"

ပန်းလေညင်း မြွေရှိသည့်ပုံးကို ညွှန်ပြလိုက်သည်။ နေသိန်မှာ မျက်စိကလည်း မမြင်တာမို့၊ မြို့သားလည်းမြို့သားမို့ မြွေဆိုတာနှင့်ပင် ကြောက်လန့်နေလိုက်တာ သနားစရာ။

"ဘယ်မှာလဲ. . . မြွေဘယ်မှာလဲ၊ လေညင်း လုပ်ပါဦး. . . လုပ် ကြပါဦး"

"ဖမ်းလိုက်ပါပြီ ဦးနေရဲ့၊ မရှိတော့ပါဘူး"

"သေသေချာချာရှာကြပါဦးဟာ၊ နောက်ထပ်များ ရှိနေဦးမလား ကွဲ"

စိုင်းဝဏ္ဏနှင့်ပန်းလေညင်းတို့ အခန်းထဲ နံ့အောင်ရှာကြည့်ကြ သည်။

"ဘယ်မှာမှမရှိပါဘူး ကိုနေ၊ စိတ်ချလက်ချအိပ်ပါတော့။ မစိုး ရိမ်ပါနဲ့တော့နော်"

ပန်းလေညင်း စိုင်းဝဏ္ဏကို မြွေထည့်ထားသည့်ပုံးအား အပ်လိုက် သည်။ မျက်ရိပ်ပြပြီး မြွေကိုရှင်းခိုင်းလိုက်၏။

နောက် နေသိန် အိပ်ပျော်သည်အထိ စောင့်နေပြီးမှ သူမ ကိုယ့် အခန်းသို့ ပြန်လာခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ညလယ်ခေါင်ကြီး သူမ ဖျတ်ခနဲနိုးလာတာ ဘာကြောင့်မသိ နားထဲမှာ တအစ်အစ်အသံကြားသလိုရှိသဖြင့် ပန်းလေညင်း အိပ်ရာမှ ထကာ နေသိမ်အခန်းသို့ ပြေးမိသည်။

အခန်းတံခါးဖွင့်လိုက်လျှင် သူမတွေ့လိုက်တာ နေသိမ်ပေါ်မှာ ကုန်းနေသည့်အဝတ်မည်းနှင့်လူတစ်ယောက်။ ပန်းလေညင်း လှမ်းအော် ရင်း အနားသို့ပြေးကပ်သွား၏။

"ဟေ့! မလုပ်နဲ့"

သူမအသံကြောင့် အဝတ်နက်နှင့်လူ ဆတ်ခနဲလန့်သွားစဉ် ပန်း လေညင်း အနားသို့ရောက်သွား၏။ ထိုလူနှင့်သူမ တစ်ယောက်တစ်ပြ ထိုးသတ်နေကြစဉ် စိုင်းဝဏ္ဏ အခန်းထဲပြေးဝင်လာသဖြင့် လူဆိုး ပြတင်း မှ ထွက်ပြေးသွားခဲ့သည်။ စိုင်းဝဏ္ဏ နောက်မှလိုက်ပေမယ့် မမီတော့

ပန်းလေညင်း နေသိမ်အနားသို့ အပြေးကပ်သွားခဲ့ပြီး ဘာဖြ





သွားသေးလဲဟု ဒဏ်ရာရှာနေမိသည်။ နေသိမ် တုန်တုန်ယင်ယင်နှင့် နေရာမှ ထထိုင်လိုက်ရင်း. . .

"မျက်စိမမြင်တဲ့လူကို ဘယ်လိုလူမျိုးတွေကများ သတ်ချင်နေ ပါလိမ့်"

"အမေ့လုချင်တဲ့လူတွေက နေမှာပေါ့။ တော်သေးတာပေါ့ ဦးနေ ရယ်. . . နားထဲမှာ တအစ်အစ်အသံ ကြားသလိုရှိတာနဲ့ ပြေးလာခဲ့တာ။ လည်ပင်းအစ်သွားလားဟင်"

နေသိမ်၏လည်ပင်းကို တယုတယကိုင်ကြည့်ရင်း ပန်းလေညင်း မျက်ရည်ဝဲနေရသည်။ သူ့လည်ပင်းမှာ လက်ချောင်းရာတွေပင်ထင်လို့။

"ကိုယ်နိုးတော့ သူက လူပေါ်မှာဖိပြီး လည်ပင်းကိုညှစ်နေတာ၊ ဘယ်လိုမှလှုပ်လို့မရဘူး။ တစ်ခါတော့ သွားပြီလို့မှတ်တာ၊ ကျေးဇူးတင် ပါတယ် လေညင်းရယ်။ လေညင်းသာ အချိန်မီရောက်မလာရင် မတွေး ရဲစရာဘဲ"

"အစ်ကိုစိုင်းလည်း ပြေးလာလို့ပေါ့။ လေညင်းတစ်ယောက်တည်း ဆို မနိုင်ဘူးလားမသိဘူး။ တောက်! လူမမိလိုက်တာ နာတာပဲ"

စိုင်းဝဏ္ဏလည်း လူဆိုးလိုက်ဖမ်းလို့မမိသဖြင့် ပြန်ရောက်လာ လေ၏။ သူလည်း နေသိမ်ကို အလွန်စိုးရိမ်သွား၏။

"လေညင်းရေ. . . ငါတို့ပါ ဒီမှာလာစောင့်ရှောက်မှထင်တယ်။ နေ့သူက တော်တော်အတင့်ရဲလာပါလား။ ဒီလောက်ထုထည်ကောင်းတဲ့ တိုက်ကြီးထဲ မြွေထည့်ထားလိုထား၊ အိပ်ရာထဲဝင်လိုဝင်နဲ့ တော်တော့်ကို သောင်းကျန်းနေကြပါလား"

"ဦးနေ. . . လေညင်းတို့ ဒီအခန်းထဲမှာ အိပ်ပေးရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



နေသိခ် ကိုယ့်လည်ပင်းကိုယ်စမ်းရင်း တွေးနေမိသည်။ ဒီနှ[င်း]ယောက်ကိုရော အစွမ်းကုန်ယုံကြည်ရပါ့မလား။ သို့သော် သူဟာ ဒီနှ[စ်]ယောက်နဲ့ပဲ ပုံအပ်ပြီး နေနေရတာမဟုတ်လား။

"အိပ်ပေးပါ၊ ကုတင်နှစ်လုံးထပ်သွင်းရင် ရပါတယ်နော်"

"ရပါတယ်၊ ကုတင်နှစ်လုံးထပ်သွင်းလိုက်မယ်။ ဒါပေမဲ့ ခုည[]တော့ အချိန်မရှိတော့ဘူး"

"ဒါပေမဲ့ လူဆိုးက ပြန်လာချင်လာမှာ. . . စောင့်ပေးမှရမယ်[]အစ်ကိုစိုင်း ဒရင်းဘက်သွားယူပြီး စောင့်ပေးမှဖြစ်မယ်ထင်တယ်"

"မနက်ကျ အမှုဖွင့်လိုက်မှဖြစ်မယ်"

မောင်နှမနှစ်ယောက် နေသိခ်အခန်းထဲမှာ ဝင်စောင့်ပေးနေ[]ပြီး မနက်ကျလျှင် ဦးနေရဲ့မှန်ပြတင်းတွေကို သံပန်းတွေတပ်ဖို့ စိတ်ကူ[း]လိုက်ကြသည်။

အင်း. . . သံပန်းတွေဆိုလည်း သံဖြတ်လွှနဲ့ ဖြတ်ကြဦးမည်လာ[း]မသိ။ ပန်းလေညင်းကတော့ အမွှေတွေ မြန်မြန်ခွဲပြီး ဦးနေသိခ် အမြ[န်]ဆုံး မျက်စိအလင်းပြန်ရပါစေဟုသာ ဆုတောင်းမိပါသည်။

❋

"မြွေတွေ့တယ်၊ ညဘက် လူဆိုးဝင်တယ်၊ တစ်နေ့တည်း ဖြ[စ်]တာပါ။ မြွေကလည်း တခြားကယူလာပြီး ထည့်ထားတဲ့မြွေ"

ရဲမှူးကြီးကို စိုင်းဝဏ္ဏနှင့်ပန်းလေညင်းတို့ ရှင်းပြနေကြသည်။ မြွေကိုလည်း သက်သေအဖြစ် ပေးလိုက်ကြ၏။ ရိုက်သတ်ထားသည့်မြွေ[]





"အကျိုးဆက် မသက်ာစရာတွေကတော့ သူတို့မိသားစုချင်း မတည့်ဘူး။ အမွေကိစ္စတွေရှိတယ်"

"လုပ်ငန်းခွင်တွေနဲ့ ပတ်သက်လို့ရော၊ တစ်ခါတလေကျ ဦးနေသိခ်ရဲ့လုပ်ငန်းခွင်တွေဘက်က လာတာလည်းဖြစ်နိုင်တယ်။ အလုပ်ကိစ္စတွေလည်း လှည့်မကြည့်နိုင်တော့ဘူးမဟုတ်လား"

ရဲမှူးထောက်ပြလိုက်လျှင် စိုင်းဝဏ္ဏနှင့်ပန်းလေညင်းတို့ စဉ်းစားမိသွားရသည်။ နေသိခ်လည်း အနားမှာရှိနေရင်း ဝင်ပြီးဆွေးနွေး၏။

"ဟုတ်တယ်. . . လုပ်ငန်းနဲ့ပတ်သက်တာတွေလည်း ဖြစ်နိုင်တယ်။ ကျွန်တော် ပြန်မကြည့်နိုင်တော့ဘူးလေ။ မန်နေဂျာနဲ့ပဲ လွှဲထားရတာ"

"မန်နေဂျာက ဘယ်သူလဲ၊ သူကရော စိတ်ချရရဲ့လား"

"မန်နေဂျာက ကိုအောင်ဟိန်းထက်ပါ၊ သူကတော့ စိတ်ချရပါတယ်။ သူငယ်ချင်းလည်း သူငယ်ချင်းပေါ့။ ဒီလိုစိတ်ချရတဲ့လူတွေကိုလည်း သူပဲရှာပေးတာပါ"

ရဲမှူးကြီးက သူတို့တိုင်ချက်ဖွင့်သည်ကို သေသေချာချာယူသွားပြီး ခုရက်ပိုင်းအတွင်း အထူးဂရုစိုက်ကြည့်ရှုဖို့နှင့် သူတို့ဘက်ကလည်း ရဲနှစ်ယောက်ခန့်ကို ရုပ်ဖျက်ပြီး ခြံပတ်လည်မှာ အစောင့်ချပေးမည်ဆိုသည့်အကြောင်း ပြောပြသွား၏။

သည်စဉ် သူတို့ခြံရှေ့သို့ မိန်းကလေးနှစ်ယောက် ရောက်လာပြီး တွေ့ချင်သည်ဆိုသဖြင့် တံခါးဖွင့်ပေးရပြန်သည်။ မိန်းကလေးနှစ်ယောက် ပုံစံက အသက်နှစ်ဆယ်ကျော်ပြီး လှတာပတာ။

"ဒီအိမ်မှာ အလုပ်သမားလိုတယ်ဆိုလို့ပါ၊ ကျွန်မတို့လုပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညှင်းနှင့်စိုင်းဝဏ္ဏ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဒါ ရိုးမှရိုးသားရဲ့လား။ နေသိခ်ကတော့ စိတ်ဝင်စားနေသည်။ အိမ်မှာ အလုပ်သမား လိုနေသည်မဟုတ်ပါလား။

"ဘယ်သူပြောလဲ၊ ညည်းတို့ကရော ဘယ်ကလဲ"

"ဦးအောင်ဟိန်းထက် လွှတ်လိုက်တာပါရှင်၊ ကျွန်မတို့က အထည်ချုပ်စက်ရုံမှာ လုပ်ပါတယ်။ တစ်နေကုန် မတ်တပ်ရပ်ပြီး အလုပ်လုပ်ရတာ မတတ်နိုင်လို့ပါ"

"ကျွန်မတို့က ဝါးနက်ချောင်းကပါ။ သူငယ်ချင်းနှစ်ယောက် အတူတူလုပ်ချင်လို့ပါ"

"လစာကတော့ တစ်ယောက် ငါးသောင်း၊ စရိတ်ငြိမ်းပေါ့"

"ကျွန်မတို့ ကြိုက်ပါတယ်၊ ဒီလိုအိမ်မျိုးကြီးမှာ နေလည်းနေချင်လို့ပါ"

"ဟုတ်ပါတယ်ရှင်၊ ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတဲ့အိမ်ကြီးမျိုးမှာ နေဖူးချင်လို့ပါ"

နေသိခ်က လက်ခံချင်သည်။ ပန်းလေညှင်းတစ်ယောက်တည်း အလုပ်တွေ ဒိုင်ခံလုပ်နေရတာလည်း သနားသည်။ အရေးအကြီးဆုံးကတော့ သူ့အနားမှာ အချိန်ပြည့်မနေနိုင်လို့ပါပဲ။

"လေညှင်းနဲ့ကိုစိုင်း. . . ကိုယ်တော့ သူတို့ကိုလက်ခံလိုက်ချင်တယ်။ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ ဘယ်လောက်ကောင်းသလဲ ပြီးတော့ အောင်ဟိန်းလွှတ်လိုက်တာ"

"လှမ်းမေးကြည့်လိုက်ပါလားရှင်၊ တော်ကြာ အလိမ်အညာတွေ ဖြစ်နေရင် ဦးနေအတွက် အန္တရာယ်ရှိမှာစိုးလို့ပါ"





"ဒါလည်းမှန်တယ်၊ ကိုစိုင်း. . . အောင်ဟိန်းထက်ဆီ ဖုန်းဆက်လိုက်ပါ"

စိုင်းဝဏ္ဏက အောင်ဟိန်းထက်ထံ ဖုန်းဆက်ပြီးမေးကြည့်ရသည်။

"ဪ. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ကျွန်တော် ကောင်မလေးနှစ်ယောက် လွှတ်လိုက်တယ်။ လှမ်းပြီးဖုန်းဆက်မလို့ပါ၊ သူတို့တွေ မရောက်လောက်သေးဘူးထင်လို့။ ခင်ဗျားတို့ပါဝိုင်းပြီး အကဲခတ်ကြည့်လေ၊ သဘောကျမှ လက်ခံလိုက်ပါ။ သဘောမကျရင် လက်မခံပါနဲ့ နောက်ထပ် ကျွန်တော်ရှာပေးမှာပေါ့"

"ရုပ်တွေကတော့ သန့်နေတာပဲ၊ အိမ်ဖော်အလုပ်နဲ့ တစ်ခြားစီဖြစ်နေတယ်"

"ဟုတ်တယ်၊ အထည်ချုပ်မှာ လုပ်တာလေ။ အခဆင်မပြေလို့ စရိတ်ငြိမ်းအလုပ်ကို စမ်းလုပ်ကြည့်ကြမှာ။ သူတို့က အိမ်အကူလုပ်နေကျတော့ မဟုတ်ဘူး။ သူငယ်ချင်းနှစ်ယောက် စွန့်စားပြီး လုပ်ကြည့်ကြမှာ"

"ခင်ဗျားထောက်ခံနေရင်တော့ လက်ခံရမှာပေါ့လေ"

"ထောက်ခံပါတယ်ဗျာ. . . လူကောင်းတွေပါ"

ဖုန်းထဲမှအသံတွေကို အားလုံးကြားနေရပါသည်။ နောက်ဆုံး သူတို့နှစ်ယောက်ကို အိမ်မှာလက်ခံထားဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မနက်ခြောက်နာရီခန့်။ ပန်းလေညင်း နေသိမ်ကို ခြံထဲမှာယင်ပတ်ပြီးလမ်းလျှောက်ပေးနေခဲ့သည်။ ဘာပဲဖြစ်ဖြစ် အပြင်ဘက် ထွက်ပြီး မလျှောက်တော့။ အမွေခွဲပေးမည့်ရက်ကိုလည်း ရောက်လာပြီမို့ သူမတို့မောင်နှမ အထူးဂရုစိုက်ကြပ်မတ်ပေးနေရသည်။

ဟိုတစ်နေ့က မြွေနှင့်လူဝင်သည့်နောက် ဘာမှထူးခြားချက် ထပ်မတွေ့ရသေး။ ညဘက်တွေမှာ အထူးဂရုစိုက်စောင့်ရှောက်နေကြရသည်မို့ စိုင်းဝဏ္ဏခများလည်း အိပ်ရေးပျက်လှပါပြီ။ ဒါကြောင့် ယခုမှအိပ်ပျော်သွားရရှာသည့် ကိုစိုင်းကို ပန်းလေညင်း မနှိုးတော့ပါ။

ကိုယ့်ခြံထဲမို့ အပြင်လောက်တော့ အန္တရာယ်မကြီးလောက်ဟု ထင်သည်။ သို့သော် အန္တရာယ်ပေးနေကြသူတွေဟာ ဒီအိမ်ထဲမှလည်း ဖြစ်နိုင်သည်မို့ သတိမလစ်ရဲ။

နေသိမ်ကလည်း မျက်စိသာမမြင်သည်၊ ပန်းလေညင်းအပေါ်မှာ





သံယောဇဉ်ထုထည်က မသေးတော့။ တစ်လလောက်ကြာပြီမို့ ပန်းလေညင်း၏ စိတ်နှလုံးဖြူစင်မှုတွေကို သူခံစားမိပေပြီ။ အိုလေ. . . အချစ်ဆိုတာ အကြောင်းပြချက်မရှိပါဘူး။

ကိုယ့်အပေါ်စေတနာထားသည့် သူမရဲ့အပြုအစု အယုအယတွေပေါ်မှာ သာယာတာလောက်တော့မဟုတ်။ ယခုလည်း ပန်းလေညင်းရဲ့လက်ကလေးကိုတွဲပြီး သူမဦးဆောင်ရာတစ်လျှောက် သူယုံကြည်စွာပင်လျှောက်နေမိသည်။

*ချစ်ရတဲ့ သဘောဖြူအစင်းမလေးရေ. . .*

*ကိုယ့်ရဲ့အမှောင်ကမ္ဘာထဲမှာ မင်းဟာ လမ်းပြကြယ်လေးပါ။*

*ကြယ်မင်းသမီးလေးပေါ့. . .*

*ကိုယ့်ဘဝတစ်ခုလုံးကို မင်းလက်ထဲ ယုံကြည်စွာ အပ်နှံထားမိပါတယ်. . .*

*အဲဒါ မင်းလေးကို ချစ်မိလို့ထင်ပါတယ်. . .*

သူတို့နှစ်ယောက် ခြံထဲမှာ လမ်းလျှောက်နေကြတော့ မျက်စိမမြင်ရသည့်နေသိမ်ရဲ့ရင်ထဲ အိပ်မက်ကမ္ဘာထဲရောက်နေရသည့်နှယ်။

သူ့ခြံထဲမှာ ဖူးပွင့်နေကြသည့် နှင်းဆီ၊ စပယ်၊ စကားဝါတို့၏ရနံ့ကလည်း သင်းသင်းလေး မွှေးပျံ့လို့။

ခြေဖဝါးအောက်မှ မြက်ခင်းကလည်း မွမွလေး. . .

နှင်းမှုန်လေးတွေ မျက်နှာဆီ တသုန်သုန်ဖျန်းပက်နေတာကိုက ကဗျာ။

ပြီး. . . ချစ်သူ (သူ့ရင်ထဲကချစ်သူ) မလေးရဲ့လက်ကလေးကလည်း အကြိမ်တစ်ရာလောက် ဖတ်ထားတဲ့ဝါဂွမ်းစိုင်လေးလို။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ယုန်ပေါက်လေးရဲ့ ကတ္တီပါအမွေးနုယ်၊ နုဖတ်ဖိုးအိလို့. . . ကဲ! ဘာလိုသေးလဲဗျာ။

ချစ်သူမလေးသာ ဖေးမ စောင့်ရှောက်သွားနိုင်မယ်ဆိုရင် သူ အိပ်မက်ကမ္ဘာထဲမှာ တစ်သက်လုံး မိုက်မဲစွာနေသွားနိုင်သည်အထိ ရူးသွပ်နေမိသည်။ သည်စဉ်. . .

"အား. . ."

နှလုံးခုန်သံတွေနှင့် နှလုံးသားနရီစည်းချက်တွေ တိုင်ပင်အောက်ကုန်သည်။ ပန်းလေညှင်းက သူ့ကိုတွန်းထုတ်ပြီး ကိုယ်တိုင်လည်းလွတ်အောင် ရှောင်လိုက်ခြင်းနှင့်အတူ အပေါ်ထပ်မှကျလာသည့်ပန်းအိုးကြီးက သူတို့အနားမှာ ဂွမ်းခနဲ။

ကျောက်ပန်းအိုးမို့ ခေါင်းပေါ်ကျလို့ကတော့ ဆင်တွေမြင်းတွေပင် သေနိုင်သည်။ ပန်းလေညှင်း အပေါ်ထပ်သို့မော့ကြည့်လိုက်တော့ ဘာမှသဲလွန်စ မတွေ့ရတော့။

ဒါ. . . လုပ်ကြံမှုပါပဲ။

"တောက်! ဒါသက်သက်လူသတ်တာ၊ ဦးနေ ဘာဖြစ်သွားသေးလဲဟင်"

မြက်ခင်းထဲမှာ လဲကျနေသည့်နေသိမ်ကို ဆွဲထူပေးရင်း ပန်းလေညှင်း ပျာယာခတ်နေမိသည်။

"ကိုယ်တို့ ဘာဖြစ်သွားတာလဲဟင်၊ အိပ်မက်ကမ္ဘာထဲကနေ လန့်နိုးသွားရသလိုပဲ"

"အမယ်လေး! ဦးနေရေ၊ အိပ်မက်ကမ္ဘာထဲ အသေခံပုံးခွဲခံလိုက်ရတာရှင့်. . . သိရဲ့လား။ အပေါ်ထပ်ဝရန်တာကနေ ကျောက်ပန်းအိုး ပြုတ်





ကျ. . . အဲ! ပစ်ချခံရတာ။ ပြုတ်ကျစရာ ဘာအကြောင်းမှမရှိဘူး၊ ပစ်ချခံရတာ"

"ဘယ်ဘက်လဲ၊ သူတို့ဘက်လား. . . ကိုယ်တို့ဘက်ကလား"

"သူတို့ဘက်ကပါ၊ လေညှင်း သတိအမြဲထားနေမိလို့ တော်သေးတယ်။ ခက်လိုက်တာရှင်. . . ဦးနေကို ဘယ်အရပ်သွားပြီး ဝှက်ထားရမယ်မသိဘူး။ ကျွန်မတို့လည်း အကြံကုန်နေပြီ"

"ကျေးဇူးတင်ပါတယ် လေညှင်းလေးရယ်၊ ကဲ! အိမ်နဲ့အလှမ်းဝေးတဲ့နေရာတွေက ပတ်လိုက်ကြမယ်"

"နေဦး. . . လေညှင်း ဒေါ်မာလာတင့်တို့ကို သွားပြီး ရန်တွေ့ဦးမယ်"

"သူခိုးက ခိုးတယ်လို့ ဘယ်ဝန်ခံမလဲကွာ၊ စိတ်လျှော့လိုက်ပါ။ တဲ. . . လမ်းဆက်လျှောက်ကြစို့"

"လေညှင်းတော့ ရင်ထဲ ကတုန်ကယင်ဖြစ်သွားပြီ။ ဦးနေသာ တစ်ခုခုဖြစ်သွားရင် ကျွန်မဖြေဆည်လို့ရမှာ မဟုတ်တော့ဘူး"

ပန်းလေညှင်း သူ့ခံစားချက်ကို လွှတ်ခနဲပြောမိလိုက်လျှင် နေသိမ်က ပြုံးလိုက်ရင်း. . .

"ကိန္နရီကိန္နရာတွေလို တစ်ကောင်သေရင် တစ်ကောင်လိုက်သေမယ်လို့ ဆိုလိုတာလား"

"အာ. . . ဦးနေကလည်း လေညှင်းက သဘောပြောတာပါ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ. . . ကဲ! လမ်းဆက်လျှောက်ကြစို့၊ နောက် ပန်းခင်းနားမှာ လှေကျင့်ခန်းလုပ်မယ်။ ကိုယ်ကောင်းတုန်းကလို ပေါက်ရိုက်ချင်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်း နေသိမ်ခ် ညည်းတွားနေတော့ ပန်းလေညင်း ရင်ထဲ နင့်ရသည်။ နောက် သိပ်ပြီးစမတ်ကျ ချောမောလှပသည့် နေသိမ်ခ် ကိုလည်း တစ်သက်လုံးပြုစုယုယချင်သည်အထိ ကြင်နာသနားမိလေလျှင် သူမ ထိတ်ခနဲ။

အလို! ဘုရားရေ. . . ငါ ကိုနေ့ကို သိပ်ချစ်မိသွားပြီလား။ အို! မဖြစ်နိုင်လိုက်တာ။

ငါ့မှာလည်း မိဘတွေသဘောတူထားတဲ့သူ ရှိတယ်။ သူကလည်း တကယ့်သူဌေးကြီးပါ။ ငါ့လို လူနာစောင့်နာစ့်လောက်ကို မစဉ်းစားပါဘူး။

ပန်းလေညင်း သက်ပြင်းကို တိတ်တခိုးချရသေး၏။ အပျက်အပျက် နဲ့ ခက်ကုန်တော့မှာပဲရှင်. . . ဒီက ရင်ကွဲရတော့မယ်၊ ဦးနေသိရဲ့လား။

"မောတယ်ကွာ၊ ဒီနားက ခုံတန်းမှာထိုင်မယ်နော်။ ဒီတစ်ခါ တော့ ကိုယ်တို့ကို ဘယ်သူမှ အသက်အန္တရာယ်မပေးနိုင်တော့ပါဘူး"

ခရေပင်နားက ခုံတန်းလေးအနားမှာ သူတို့ထိုင်ဖြစ်ကြသည်။ သူတို့နှစ်ယောက်ရဲ့အကွာအဝေးက တစ်ထွာပင်မကွာ။ သည်ကြားထဲမှာ နေသိမ်ခ်က သူမအနားသို့ တိုးကပ်လာပြီး ကိုယ်ချင်းထိလုမတတ်။

"လေညင်း"

"ရှင်"

သူ့အသံက တုန်ရီလှိုက်မောလာတော့ ပန်းလေညင်းရင်ထဲမှာ ဖြောင်းဆန့်သွားရသည်။ ဦးနေရယ်. . . ကျွန်မအသည်းက ယဲ့ယဲ့လေးပါ။ မပြုစားလိုက်ပါနဲ့နော်။

ဦးနေနဲ့မတွေ့ခင်က ဘယ်ယောက်ျားကိုမှ မကြည့်ခဲ့ မမြင်ခဲ့တဲ့ ကောင်မလေးပါ။





"လေညင်း တကယ်ပဲ စိုင်းမြတ်ထန်ဆိုတဲ့ကောင်ကို လက်ထပ် ရမှာလားဟင်"

ပန်းလေညင်း ဘယ်လိုဖြေရမှန်းမသိတော့။ တကယ်လည်း မိဘ တွေကို ကတိပေးခဲ့ရသည်မဟုတ်ပါလား။

"ဟုတ်ပါတယ် ဦးနေ"

"မင်း တကယ်ရက်စက်တယ်ကွာ၊ တကယ့်ကို ရက်စက်တယ်"

"ရှင်! "

သူနဲ့ကိုယ်ဟာ ဘာမှမဟုတ်ကြတာမို့ သူ့စကားကို လေညင်း နားမလည်။

"အဲဒီကောင်က ဘယ်လောက်တောင် ချောလို့လဲ၊ ဘယ်လောက် တောင် ကောင်းလို့လဲ၊ ဘယ်လောက်တောင် ချမ်းသာနေလို့လဲ"

"အို. . ."

နေသိမ်ခ် သူမ၏လက်ကလေးကို စိတ်လိုက်မာန်ပါနှင့် ဆုပ်ကိုင် နေရာမှ ပခုံးနှစ်ဖက်ကို ဆွဲခါနေလျှင် ညစဉ် အိပ်ရေးပျက်သည့်ဒဏ်နှင့် ပန်းလေညင်း မူးခနဲဖြစ်သွားရသည်။ သူမ ခွေခနဲလဲကျသွားလျှင် နေသိမ်ခ် အလန့်တကြားဖမ်းထားရသည်။ ငါလုပ်တာ များသွားပြီ။

"လေညင်း. . . လေညင်း. . . လေညင်း. . . ကိုယ်မှားပါတယ် ကွာ၊ ကိုယ်ပြောမိတာ မှားပါတယ်"

လေညင်းကိုပွေ့ထားရင်း နေသိမ်ခ် ပျာယာခတ်နေမိသည်။ အော် ခေါ်လို့လည်း ကြားမှာမဟုတ်။ သွားရအောင်ကလည်း သူ ဘာမှမမြင်။

"လေညင်း. . . လေညင်းလေး"

ပါးလေးနှစ်ဖက်ကိုပုတ်ပြီး သူနှိုးနေမိ၊ ပျာယာခတ်နေမိစဉ် သူ့



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ လှောင်ရယ်သံများ ကြားလိုက်ရသဖြင့် ထိတ်လန့်သွားမိသည်။

"ဟင်းဟင်း. . . မင်းသားနဲ့မင်းသမီးက အလွမ်းဇာတ်ရိုက်နေကြပါလား။ အကျိုးစားတွေ လွန်သွားကြတယ်ထင်တယ်"

"ပန်းလေညင်း. . . ပန်းလေညင်း. . . ရုပ်ကြည့်တော့ ရိုးမှိုး လက်နဲ့ မာယာတယ်များပါလား"

"သူ့သတိမေ့နေလည်း ကောင်းတာပဲ၊ ငါတို့ လုပ်ချင်တာ လုပ်လို့ရတာပေါ့"

နေသိမ်နားစိုက်ထောင်နေပေမယ့် ထိုအသံများကို သူ မကြားမှုပါ။ လူနှစ်ယောက်၊ အသံနှစ်သံ။

နေသိမ်အဖြစ်က သူတစ်ပါးပြုသမျှ နုရမည့်ဘဝ။ မျက်မမြင်တစ်ယောက်ရဲ့အမှောင်ကမ္ဘာထဲမှာဘဝ။

"ကဲ. . . သူငယ်ချင်းရေ"

အချက်ပေးလိုက်ပြီး သူတို့ ဘယ်လိုလှုပ်ရှားကြသည်တော့သိ။ နေသိမ် ပန်းလေညင်းကို ကျစ်ကျစ်ပါအောင်ဖက်ထားပြီး မမြင်ရသည့်မျက်လုံးကို ထပ်မံပြီး စုံမှိတ်ထားမိသည်။

ကိုယ်ဟာ ယောကျ်ားဆိုပေမယ့် ဘာမှမမြင်ရသည့်ဘဝမို့ ခွေးကိုကြိုးတုပ်ပြီး ရိုက်သလို ခံစားရတော့မည့်ဘဝ။

ဗုန်းခနဲအသံနှင့်အတူ သူတို့နှစ်ယောက် ခုံတန်းပေါ်မှ ပြုတ်ကျသွားလျှင် ပန်းလေညင်း သတိပြန်ရသွားသည်။

"ဟင်!"

လက်ထဲမှာ တုတ်တွေနှင့် မျက်နှာစိမ်းနှစ်ယောက်။ ပန်းလေညင်း အခြေအနေတွေကို သဘောပေါက်သွားသည်။ ဦးနေကိုရန်ရှာမည့်သူတွေ





"ယား! . . ."

မြက်ခင်းပေါ်မှ လျှပ်တစ်ပြက်ခုန်ထလိုက်ပြီး ပန်းလေညင်း လျှပ်စီးလိုက်သလို လှုပ်ရှားပစ်လိုက်လျှင် မျက်နှာစိမ်းနှစ်ယောက်မှာ မြင်းကန်ခံလိုက်ရသလို လွင့်ထွက်သွားကြ၏။

လွင့်ထွက်သွားကြသည့်နှစ်ယောက်အား ပန်းလေညင်းက သူတို့ လွှတ်ကျကျန်ခဲ့သည့်တုတ်များနှင့် ဖြတ်ရိုက်ချလိုက်သည်။ မျက်နှာစိမ်းနှစ်ယောက် ထပြေးလိုက်ကြသည်မှာ တန်းခနဲ။ နောက် တံတိုင်းတွေပေါ် ကျော်ဖြတ်ပြီး ပြေးလေသည်။

ပန်းလေညင်း နေသိမ်ရှိရာသို့ ပြန်လာခဲ့၏။

"ဦးနေ. . . ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှမဖြစ်ပါဘူး ခုံတန်းပေါ်က ဆွဲချခံလိုက်ရတာပဲရှိပါတယ်။ လေညင်းရော ဘာဖြစ်သွားလဲဟင်"

"ဘာမှမဖြစ်ပါဘူး။ လာ. . . အိမ်ဘက်သွားကြမယ်နော်"

ပန်းလေညင်း နေသိမ်ကိုကြင်နာစွာတွဲပြီး အိမ်ဘက်သို့ ဖြည်းညင်းစွာလျှောက်လာကြသည်။

"စိုင်းရော"

"သူက မနက်လေးနာရီမှ အိပ်ရတာလေ၊ အိပ်တုန်းပေါ့"

"ကိုယ်က အပြစ်ပြောတာမဟုတ်ပါဘူး။ လေညင်းတို့မောင်နှမ ကိုယ့်ရဲ့အသက်သခင်တွေပါ။ မနက်စာစားချိန်မို့ မေးတာပါ"

"သူနိုးမှ စားပါလိမ့်မယ် ဦးနေရယ်"

နှစ်ယောက်သား အိမ်ထဲဝင်လာကြတော့ ညှော်ခန်းထဲမှာ စောင့်နေတာ ခင်ပိုးဝါနှင့်နေမျိုးဗိုလ်။ နေသိမ်ကို ဆိုဖာတစ်ခုမှာ ထိုင်စေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း ခင်ပိုးဝါက. . .

"အမွေခွဲပေးမယ့်ရှေ့နေကြီးတွေ ဘယ်တော့လာမှာလဲလို့ အန် က မေးခိုင်းလိုက်ပါတယ်"

"ဒီနေ့ခွဲပေးမှာလေ၊ တစ်နေ့လုံး ဘယ်မှမသွားဘဲ စောင့်နေ

"အန်တီ့မှာ ဒီနေ့ အရေးတကြီးဆောင်ရွက်စရာကိစ္စတွေရှိ သူတို့လာမယ့်အချိန်ကို တိတိကျကျသိချင်တာပါ။ ကိုနေ စကားကိုကော ကောင်းပြောပါ"

"ဟာ! ဘယ်အချိန်လာမလဲလို့ ငါ့ကိုလည်း အကြောင်းမကြ ထားဘူးလေ။ ဘာတွေ အရင်လိုနေကြသလဲ၊ သူ့ဘဝမှာ ဒီ့ထက်အရေး ကြီးတာ ဘာများရှိသေးလို့လဲ။ ငါလည်း စောင့်ရမှာပဲလေ"

"ကျွတ်! ခင်ဗျားကတော့ မျက်ကန်းတစ်ယောက်ပဲဗျ။ ခါတိုင် ရော ဘယ်သွားနိုင်တာမှတ်လို့၊ ဒိုင်စောင့်နေရတာ အရေးလား။ ကျ တို့တွေမှာ အရေးတကြီးလုပ်စရာကိစ္စတွေရှိလို့ လာမေးတာ"

နေမျိုးဗိုလ်၏စကားနှင့်အမူအရာက အရမ်းကို မခန့်လေး နှင့် ပက်စက်နေလျှင် ပန်းလေညှင်း၏လက်ကလည်း ယဉ်ပါသည်။ နေ ဗိုလ်၏ ဖက်ပိုးကို အုပ်ထည့်လိုက်တာ ဖြောင်းခနဲ။ ရှေ့သို့ပင် စိုက် ပစ်ကျသွားမတတ်။

"နင်စကားပြောတာ ကြည့်ပြောပါ၊ အရိုပ်နေပြီး အခက်မ သူတစ်ပါးရဲ့ပိုင်နက်ထဲလာပြီး မစော်ကားနဲ့"

နေမျိုးဗိုလ် ဆတ်ဆတ်ခါနာသွားပြီး ဆတ်ခနဲထရပ်ကာ ရန် နေပုံက ကျားပေါက်တစ်ကောင်နှယ်။ ခင်ပိုးဝါလည်း မခံမရပ်နိုင်ရှိ ဝင်ရန်တွေ့လေ၏။





"ဟင်! နင်လို အခစားပါးကများ ငါ့မောင်ကိုရိုက်ရဲတယ်၊ ဟုတ်လား။ နင့်ကို ရဲတိုင်မယ်"

နေမျိုးဗိုလ် ကမူးရှူးထိုးနှင့် ပန်းလေညှင်းကို စတင်တိုက်ခိုက်နေပေမယ့် ကိုယ်ခံပညာမတတ်သူမို့ အရိုင်းဆန်ပြီး ဝရုန်းသုန်းကား။ ဒီလိုပဲ လက်သီးနှင့်ထိုး ခြေနှင့်ကန်။

ပန်းလေညှင်း ညင်ညင်သာသာပင် ရှောင်ပေးနေပြီး တစ်ချက်တစ်ချက်ပြန်ထောက်နေပုံမှာ သိုင်းပညာရှင်ပီသပါပေ့။ ဆယ်မိနစ်လောက်ကြာတော့ နေမျိုးဗိုလ်မှာ ဒဏ်ရာတွေ ဗလပွ။ တကယ်ကျ ပန်းလေညှင်းကို သူကသာ တိုက်ခိုက်နေပြီး ကိုယ့်ဒဏ်ကိုယ်ခံနေရသလိုဖြစ်နေ၏။

သည်စဉ် သူတို့ဧည့်ခန်းထဲသို့ ထိုက်တန် ပြေးဝင်လာပြန်၏။

"ဟော့! နင်တို့ မတရားမလုပ်ကြနဲ့၊ ကလေးကို အနိုင်မကျင့်ကြနဲ့၊ နင်တို့ တော်တော်လူပါးဝနေပြီ"

သူကလည်း ကသမ်းကရမ်းနှင့် ပန်းလေညှင်းကို ဝင်ပြီးထိုးကြိတ်ကန်ကျောက်လေ၏။ သူတို့စိတ်ထဲတွင် ပန်းလေညှင်းကို မိန်းကလေးလို့ပင် မမြင်တော့။ တကယ့်ရန်သူကြီးသဖွယ်။

နေသိမ်မှာ မျက်စိမမြင်ပေမယ့် ပန်းလေညှင်းနှင့် ဟိုနှစ်ကောင် ထိုးကြိတ်ကန်ကျောက်နေကြမှန်း သိနေရသဖြင့် စိတ်တွေ ပူနေရပါ၏။ ကိုယ်ကလည်း ဘာမှမမြင်ရသည့်သူမို့ စိုင်းဝဏ္ဏကို သတိရသွားပြီး အော်ခေါ်လေ၏။

"ကိုစိုင်း. . . စိုင်းဝဏ္ဏ. . . ထပါဦး၊ ဒီမှာ သတ်ကုန်ကြပြီ"

သူ့အော်သံကြောင့် စိုင်းဝဏ္ဏနိုးသွားပြီး ထွက်လာသလို တစ်ဘက်အိမ်မှ ဒေါ်မာလာတင့်လည်း ပြေးဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့! ဟော့! နင်တို့ မတရားမလုပ်ကြနဲ့၊ စုန်းမနဲ့စုန်းထီးလင်မယား. . . သွား. . . သွား. . . ထွက်သွား"

ဒေါ်မာလာတင့်အမြင်မှာ သူ့သားက ဖူးရောင်နေသလို သူ့မောင်လည်း ကွဲပြဲနေပြီမဟုတ်ပါလား။ စိုင်းဝဏ္ဏ ဘာမှဝင်မပါသေး။ အခြေအနေကိုကြည့်ရုံ။ သူတို့ဘက်ကသာ ဂျပန်ခေတ်က ကွဲညီနောင်လို က ရှူးထိုးတိုက်ခိုက်နေကြတာ။

နောက်ဆုံး ကိုယ့်လူကိုယ်ဆွဲပြီး ရန်ပွဲကိုဖြန်ဖြေလိုက်ပေမယ့် ဒေါ်မာလာတင့်မှာ သရဲစီးသည့်နှယ်။ ဒေါသတွေနှင့် ဆတ်ဆတ်တုန်လို

"နင်တို့ကို အမှုဖွင့်မယ်၊ ရဲတိုင်မယ်။ အကုန်ထောင်ကျအောင် လုပ်ပစ်မယ်"

"စုန်းထီးနဲ့စုန်းမ၊ ငါ့သားနဲ့ငါ့မောင်ကို မတရားတိုက်ခိုက်တယ်"

နေသိန် ငြိမ်မနေနိုင်တော့။ ခင်ပိုးဝါကတော့ နေမျိုးမိုလ်ကို ပြီး ဟိုဘက်သို့ ပြန်ခေါ်သွားသည်။

"အန်တီတို့ဘက်က လူတွေကလည်း ဒီဘက်ကိုကျူးကျော် သေးတယ်။ ပြီးတော့ သူတို့ဘက်က စတိုက်တာ"

"ဟဲ့! အကန်းရဲ့၊ နင်ဘာမြင်ရလို့လဲ။ သူတို့ကလည်း ဒီဘ ကို လာချင်လို့လာတာမဟုတ်ဘူး။ ငါလွှတ်လိုက်လို့ လာရတာ။ မိသား အချင်းချင်း ဒီလောက်ရန်လိုနေစရာလား"

"ခင်ဗျားကပဲ ပြောရတယ်ရှိသေး. . . ကဲ! ခေါ်သွားဗျာ၊ သွ ကြတော့"

"တိုင်မယ်. . . ရဲတိုင်မယ်၊ တိုင်ချက်ဖွင့်မယ်"

"တိုင်. . . ကျုပ်တို့ကလည်း ပိုင်နက်ကျူးလွန်မှု ဒီဘက်ကို





ပြီး လုယက်တိုက်ခိုက်ပါတယ်ဆိုပြီး ပြန်တိုင်မယ်"

ဒေါ်မာလာတင့်ကြီး ဆွေ့ဆွေ့ခုန်နေစဉ် နေသိန်က သူ့အိမ်ထဲ ထွက်သွားရန် ထပ်ပြောလိုက်သဖြင့် မကျေမနပ်နှင့် ဒေါ်မာလာတင့် ရော ထိုက်တန်ပါ ထွက်ခွာသွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

**ညနေ လေးနာရီ...**

နေသိန်၏ဧည့်ခန်းထဲမှာ ရှေ့နေကြီး ဦးဝင်းထွဋ်နှင့် ရှေ့နေနှစ်ယောက်။ နောက် ရပ်မိရပ်ဖနှင့် ရပ်ကွက်လူကြီးက လေးယောက်။ အမွေလွှဲပေးဖို့အတွက် ပြင်ဆင်နေကြပေပြီ။

ဒေါ်မာလာတင့်တို့အဖွဲ့ အိမ်ထဲသို့ဝင်လာကြလျှင် အားလုံးပင် လှမ်းကြည့်လိုက်ကြ၏။ အားလုံးဆိုတာ စိုင်းဝဏ္ဏ၊ ပန်းလေညင်း၊ နေသိန်နှင့် ရှေ့နေသုံးယောက်၊ ရပ်မိရပ်ဖ လေးယောက်ပေါ့။ အိမ်အကူနှစ်ယောက်ကတော့ မီးဖိုခန်းမှ ပြူတစ်ပြူတစ် ကြည့်နေကြသည်။

ဒေါ်မာလာတင့်ရုပ်က ထန်တင်းနေသလို ထိုက်တန်နှင့်နေမျိုးဗိုလ်တို့၏ရုပ်ကလည်း တင်းမာခက်ထန်လျက်၊ သူတို့နှစ်ယောက်မှာ လက်ဝှေ့ထိုးသမားတွေလို ဒဏ်ရာတွေနှင့်။

တကယ်ကျ ပန်းလေညင်းလက်ချက်မိတာက နည်းနည်း၊ အရှိန်





နဲ့ပြီး ထိခိုက်မိကုန်ကြတာက များများ။

ခင်ပိုးဝါကလည်း အလှဆုံးပြင်ဆင်ထားသဖြင့် လှပနေလိုက်ည့်မှာ သတို့သမီးလေးနှယ်။ ပန်းနုရောင်ဝတ်စုံအိအိလေးနှင့်။

"ကဲကဲ. . . ထိုင်ကြပါ။ အားလုံးလူစုံပြီဆိုရင်တော့ အမွေခွဲပေးဖို့ရအောင်။ ဒီမှာလူကြီးသူကြီးတွေလည်း စုံလင်နေပါပြီ"

သည်စဉ် အခန်းထဲသို့ အောင်ဟိန်းထက်လည်း ဒရောသောပါးရောက်လာခဲ့သဖြင့် လူပိုစုံသွား၏။ ဒေါ်မာလာတင့်က မကျေမနပ်နှင့်

"နေပါဦး ရှေ့နေကြီးရှင့်၊ အမွေက ဘယ်လိုပုံစံနဲ့ ခွဲမှာလဲ။ ဦးကာ ရုတ်တရက်သေဆုံးသွားခဲ့တာဆိုတော့ ဘာမှမစီစဉ်နိုင်ခဲ့ဘူးမဟုတ်။ ဦးဝင်းထွဋ်တို့က ရှိသမျှပစ္စည်းတစ်ဝက်စီခွဲမလို့လား၊ တရားဥပဒေတော့ လင့်ပစ္စည်း မယားဆိုင်တာနော်။ မတရားလုပ်ရင် မာလာတင့်ာ မခံဘူး. . . ဘယ်ရုံးတက်ရတက်ရ၊ အိုရှင်. . . သမ္မတကြီးဆီထိက်ရ တက်ရ"

ဘာမှမစီမံရသေးခင်ပင် ဒေါ်မာလာတင့် လူနိုက်စကားပြောလာင် သားနှင့်မောင်ကလည်း ထောက်ခံ၏။

"ဟုတ်တယ်. . . ဟုတ်တယ်၊ အန်ကယ်တို့ မတရားမလုပ်ကြ မှန်မှန်ကန်ကန်ပဲ လုပ်ကြပါ။ ဥပဒေအရ လင့်ပစ္စည်း မယားပိုင်ယ်"

"သားကိုလည်း နည်းနည်းတော့ပေးသင့်တာပေါ့လေ၊ ရှိသမျှည်းရဲ့ဆယ်ပုံတစ်ပုံလောက်ပေါ့"

သူတို့သုံးယောက် တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် ဦးထွဋ် စတင်ပြီး အမွေစာချုပ်ကိုဖွင့်ဖတ်ပြဖို့ ပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲခက လက်တလောသေဆုံးသွားခဲ့တယ်ဆိုပေမယ့် ဒီမိန်းမနဲ့လက်ထပ်ပြီး မကြာခင်ဘဲ အမွေစာချုပ်လုပ်တော့တာပဲ။ ဒါကြောင့် ဒီအမွေစာချုပ်က သေဆုံးသူဦးရဲခရဲ့ဆန္ဒအတိုင်းပါ"

ဒေါ်မာလာတင့် မကျေနပ်ပေမယ့် ဘာမှမစောဒက မတက်သာတော့။ မကျေမနပ်နှင့်ပင် ကြည့်နေရတော့သည်။

"ကွယ်လွန်သူ ဦးရဲခရဲ့ဆန္ဒအရဆိုတာထက် ဖြစ်သင့်ဖြစ်ထိုက်တာတွေ လုပ်ထားပါတယ်"

"ဖြစ်သင့်ဖြစ်ထိုက်တာဆိုတာ ဘာလဲ"

ဒေါ်မာလာတင့်အသံက ဝေါက်ဆတ်ဆတ်။ သူ့ပုံစံကလည်း ပေါက်ကွဲတော့မည့်မီးတောင်ကြီးနှယ်။ အချိန်မရွေးပေါက်ကွဲဖို့အသင့်။

"ဦးရဲခနဲ့ဒေါ်သက်ထားပိုင် လက်ထပ်စဉ်က ဒေါ်သက်ထားပိုင်ပါလာခဲ့တဲ့ပစ္စည်းတွေကို သူ့သားနာမည်နဲ့လွှဲထားပြီးသားပါ။ ဦးရဲခနဲ့ လက်ထက်ပွားပစ္စည်းတွေကိုပဲ နှစ်ယောက်အတူခွဲဝေယူရမှာပါ"

"ဘာ!"

ဒေါ်မာလာတင့်နှင့်တကွ သားရောမောင်ပါ မားခနဲရပ်လိုက်ကြတာ ရုပ်ပျက်ဆင်းပျက်။

"ဒါတော့ မတရားဘူးပဲ ရှိသမျှပစ္စည်းကို တစ်ဝက်စီခွဲရင်တောင် မကျေနပ်နိုင်ဘူး။ ဘာဖြစ်လို့ ဒေါ်သက်ထားပိုင်ရဲ့ပစ္စည်းလေးဘာလေးနဲ့ နှုတ်ယူချင်နေရတာလဲ။ ရှင်တို့ ကလိမ်ကကျစ်မလုပ်နဲ့။ အယုတ်တမာ မလုပ်နဲ့"

ဦးဝင်းထွဋ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီးပြောရင်း ဆတ်ဆတ်တုန်နေပုံက လူစိတ်ပျောက်နေသည့်နှယ်။





ဪ. . . လောဘများ တယ်ပြီးကြောက်စရာကောင်းလှပါလားနော်။ လောဘနောက်မှာ ဒေါသကပ်ပါလာတော့ အဖြစ်က ဆိုးတော့သည်။

"ကျွန်တော်တို့ ခွဲဝေပေးတာ လက်မခံနိုင်ရင်လည်း တရားရုံးကို တက်နိုင်ပါတယ်"

"တက်မယ်. . . တယ်မယ်၊ ဒီလိုမတရားအနိုင်ကျင့်တာတော့ မခံဘူး။ လင်သေရင် မယားရတာ ဥပဒေပဲ။ ဥပဒေအရပဲလုပ်မယ်"

"လုပ်လေ. . . ဒါပေမဲ့ ဒေါ်သက်ထားပိုင်ရဲ့ပစ္စည်းတွေကို သူ့သားနာမည်နဲ့လွှဲပေးခဲ့တာ ခုမှမဟုတ်ဘူးနော်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက၊ သူ့မိခင်မကွယ်လွန်ခင်ကတည်းကပါ။ ဦးရဲခ ပိုင်ဆိုင်တဲ့ပစ္စည်းတွေသာ နှစ်ယောက်အတူခွဲဝေယူရမှာပါ။ ဒါတောင် ဦးရဲခက ဒေါ်မာလာတင့်အတွက် ပစ္စည်း၊ သူ့သားအတွက် ပစ္စည်းစာရင်းတွေ ခွဲပေးခဲ့ပြီးသားပါ။ ကွယ်လွန်သူကိုယ်တိုင် ခွဲဝေပေးခဲ့တာဖြစ်တဲ့အတွက် တရားဝင်တယ်။ ခင်ဗျားဘာသာရှည်ပြီး တရားရုံးတက်လည်း ဒီအတိုင်းပဲဖြစ်မှာပါ"

"တောက်! အဲဒီစာချုပ်က အတုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ဒေါ်မာလာတင့် စကားကိုလက်လွတ်စပယ်မပြောပါနဲ့၊ ရှေ့နေတွေ တရားသူကြီးတွေနဲ့ အသေအချာလုပ်ကိုင်ထားတဲ့စာချုပ်ကို အတုလို့မစွပ်စွဲပါနဲ့။ ဟဲ! ကျွန်တော်တို့ ဘာဆက်လုပ်ရမှာလဲ၊ အမွေခွဲရမှာလား မခွဲရဘူးလား"

ဒေါ်မာလာတင့် နတ်ကျသလို ဆတ်ဆတ်တုန်နေတာ လောဘနှင့်ဒေါသကြောင့်ပါ။ ထိုက်တန်နှင့်နေမျိုးဗိုလ်ကတော့ သူတို့အစ်မကိုငိုင်းဆွဲထားကြရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မေမေရယ်၊ ပေးတာပဲ ယူလိုက်ပါတော့။ မေမေက မပိုင်ဝက်မွေးလုပ်ခဲ့တာကိုး။ အစကတည်းက အပိုင်လုပ်ထားရမှာ"

"ဒါဖြင့် ဒီအိမ်ကရော ဘယ်သူပိုင်သလဲ၊ ဒါကရော ဒေါ်သက်ထားပိုင်ရဲ့အိမ်ပဲလား"

"ဟုတ်တယ်၊ ဒေါ်သက်ထားပိုင်ရဲ့အိမ်။ သူ့သားနာမည်နဲ့ ပြောင်းထားတာ နေသိမ်ရဲ့တစ်သက်ပဲ။ အနှစ်အစိတ်ပြည့်ပြီ"

ဒေါ်မာလာတင့် နတ်ပူးသလို တဆတ်ဆတ်တုန်ယင်လာပြီး ငိုလိုက်ရယ်လိုက် ဖြစ်လာခဲ့သဖြင့် အားလုံးပင် အလန့်တကြားဖြစ်သွားကြ၏။

"ဒေါ်မာလာတင့်. . . သတိထားပါ. . . သတိထားပါ"

"ဟား. . . ဟား. . . ဟား. . . ငါအလိမ်ခံရတာ၊ အညာခံရတာ၊ တကယ့်အခွံကြီးကို အဟုတ်မှတ်ပြီး ယူမိခဲ့တယ်။ ကဲ! ငါရမယ့်အမွေကိုသာ ပေးကြပါတော့"

ဦးဝင်းထွဋ်နှင့် လူကြီးများက ဒေါ်မာလာတင့်ရမည့်ခြံနှင့်တိုက်၊ စက်ရုံတို့ကို စာချုပ်စာတမ်းနှင့်လွှဲပေးကြပြီး နေသိမ်ကိုလည်း သူရမည့် ပစ္စည်းပစ္စယများကို တရားဝင်ပြုလုပ်ပေးကြသည်။

လူကြီးများမပြန်ခင်ပင် နေသိမ်က ဒေါ်မာလာတင့်တို့အဖွဲ့ကို အရေးဆိုလိုက်သည်။

"အန်ကယ်. . . သူတို့အဖွဲ့ကို ဒီအိမ်ပေါ်က တရားဝင်ဖယ်ရှားပေးပါ။ အန်ကယ်တို့မြင်တဲ့အတိုင်းပဲ တစ်ဖက်နဲ့တစ်ဖက် ရန်သူလိုဖြစ်နေကြတဲ့အတွက် အတူပူးတွဲပြီး နေလို့မရပါဘူး"

ဒေါ်မာလာတင့်ကလည်း လျှမ်းလျှမ်းတောက် ပြန်ပြော၏။





"ဒီလောက်ဝန်စည်စလယ်တွေနဲ့ ချက်ချင်းပြောင်းလို့ ဘယ်လွယ်မလဲ။ တစ်ပတ်တော့ အနည်းဆုံးအချိန်ပေးရမယ်"

"တစ်ပတ်အတွင်း သူတို့ ကျွန်တော့်အသက်ကို လုပ်ကြံသွားသိမ့်မယ်။ ရှေ့နေကြီးတို့မြင်တဲ့အတိုင်းပဲ. . . ကျွန်တော်တို့ရဲ့ ပဋိပက္ခက ပီရောစိအသွင်ကို ဆောင်နေပြီ။ ရခိုင်အရေးအခင်းထက် ဆိုးတယ်။ အခွင့်သာရင် ကျွန်တော့်ကို လည်လှီးမယ့်လူတွေ"

"နင့်ကိုသတ်လို့ ငါတို့ ဘာအကျိုးရှိမှာလဲ၊ နင်သေရင် နင့်ရဲ့ပစ္စည်းတွေ ငါတို့ရမှာမို့လား။ ရှေ့နေကြီး အဖြေပေးစမ်းပါဦး"

"ဒါကတော့ နီးစပ်ရာဆွေမျိုးဆိုလို့ ခင်ဗျားတို့ပဲရှိတာဆိုတော့"

ရှေ့နေကြီး၏အဖြေကို ပန်းလေညင်း အလန့်တကြား ကန့်ကွက်လိုက်သည်။

"ရှေ့နေကြီးရဲ့စကားက လူမိုက်တွေကို အားပေးအားမြှောက်ပြုရာရောက်နေပါတယ်။ သတိထားပါရှင့်"

နေသိမ်ကလည်း မျက်စိမမြင်ပေမယ့် ဦးနှောက်က ပြေးပြီးသား။

"ကျွန်တော်သေရင် သူတို့ရသွားမှာစိုးတဲ့အတွက် ခုချက်ချင်းပဲ သေတမ်းစာရေးမယ်။ သူတို့ကို ကျွန်တော် လုံးဝမယုံကြည်ဘူး။ ကိုယ်မယုံကြည်ရတဲ့လူတွေနဲ့ တစ်ပတ်အတူဆက်နေရမှာလည်း သေတွင်းထဲ နေ့ဆင်းရသလို အန္တရာယ်များလွန်းလှပါတယ်။ ကျွန်တော် ခုချက်ချင်းပဲ သေတမ်းစာရေးမယ်၊ ပန်းလေညင်း. . . ငါ့ကို စာကြည့်ခန်းထဲ လိုက်ပို့ငါ ငါ့ပါးစပ်ကပြောတာကို နင်လိုက်ရေးပါ"

ဒေါ်မာလာတင့် မားခနဲရပ်ပြီး ကန့်ကွက်ပုံက ကြောက်ခမန်းလိလိ။ တရားခံကို ဆွဲချရှေ့နေက အကွက်ကျကျ ကန့်ကွက်စွဲချက်တင်

www.burmeseclassic.com



နေသည့်နှယ်။

"သူ အခြေအမြစ်မရှိ လျှောက်ပြီးစွပ်စွဲနေတာပါ။ ပြီးတော့ ချက်ချင်း သေတမ်းစာရေးမှာလည်း ကန့်ကွက်တယ်။ သက်သေမရှိဘဲ သေတမ်းစာရေးမှာကိုလည်း ကန့်ကွက်တယ်။ သူက ပြောချင်တာပြော၊ ဟိုကောင်မက ရေးချင်တာရေးမှာပေါ့"

"အဲဒါ ခင်ဗျားနဲ့ဘာဆိုင်လဲ၊ ဘာလဲ. . . ခင်ဗျားက ကျုပ်ကို သတ်ပြီး အမွေတွေလွှဲယူချင်လို့လား။ စိတ်ချ. . . ကျုပ်သေရင် အကုန် လှူပစ်ခဲ့မယ်။ ခင်ဗျားလက်ထဲ တစ်ပိုးတစ်စမှ မရစေရဘူးမှတ်"

နေသိမ် သွားစေ့ပြီး ကြုံးဝါးနေပေမယ့် ဒေါ်မာလာတင့်ကလည်း လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြောသူ။ ကျန်ပရိသတ်ကတော့ သူတို့နှစ်ဦး ၏ အာဃာတကို ငေးကြည့်နေရ၏။

"ရှေ့နေကြီးရှင့်၊ သူ့ဖခင်ရှိစဉ်တုန်းက ကျွန်မတူမ ခင်ပိုးဝါနဲ့ စေ့စပ်ထားပြီးခဲ့တာပါ။ အဲဒီ့ကိစ္စကိုလည်း လက်ထပ်တဲ့အထိ အထမြောက် စေချင်ပါတယ်။ သူတို့နှစ်ယောက်ဟာ လက်မထပ်ရသေးပေမယ့် တစ်အိမ် တည်းအတူနေကြတာမို့ လင်မယားအရာမြောက်ပြီးသားပါ။ မယုံရင် စစ် ဆေးကြည့်နိုင်ပါတယ်။ ကျွန်မတူမမှာ ကိုယ်ဝန်နှစ်လနဲ့ပါ။ သူတို့စေ့စပ် ပြီးတာလည်း နှစ်လပါပဲ"

"ဟာ!"

"ဟယ်!"

"ဟင်!"

ဒေါ်မာလာတင့် ပြောရဲ့ပြောချလိုက်လျှင် အားလုံးပင် အလန့် တကြားနှင့် အံ့အားသင့်ကုန်ကြသည်။





မမျှော်လင့်သောတိုက်ကွက်မို့ နေသိမ် ရုတ်တရက်ဆိုသလို သူ့ အမှောင်ကမ္ဘာမှာ အမှောင်ထပ်ဖုံးလွှမ်းသွားရ၏။

ပန်းလေညှင်းမှာလည်း အံ့အားတသင့်။ ယုံတော့မယုံ။ ဒေါ်မာ လာတင့်၏အကြံအစည်နှင့်စာရိတ္တကိုလည်း သိပြီးသား။ ဦးနေနှင့် ခင်ပိုး ဝါအခြေအနေကလည်း တစောင်းစေးနှင့် မျက်ချေး။ ထမသတ်ရုံတမယ်။

နေသိမ် မားခနဲရပ်ပြီး ဒေါ်သတကြီးအော်ဟစ်ပစ်လိုက်သည်။

"ခင်ဗျားကြီး ယုတ်မာလှချည်လား။ အစကတည်းက ဖေဖေ့ ကို ခင်ဗျားအကြံပ်ကိုင်ပြီး စေ့စပ်ဖြစ်အောင်လုပ်ခဲ့တာ။ ကျုပ် ခင်ပိုးဝါ ကို လက်ဖျားနဲ့တောင် မထိခဲ့ဘူး။ ကျုပ် သစ္စာဆိုရဲတယ်။ တောက်! ခင်ဗျားဗျာ. . . ကွယ်လွန်သွားတဲ့ဖေဖေ့မျက်နှာကိုတော့ ထောက်သင့်ပါ တယ်"

"ဟဲ့! မထောက်တာက နင်၊ ကိုယ့်ဖခင်ရဲ့မျက်နှာကိုမှမထောက်၊ မိန်းကလေးတစ်ယောက်ကို စေ့စပ်ပြီး၊ ပေါင်းသင်းပြီးနေတာတောင် လက် ထပ်ဖို့ ရှောင်လွှဲနေခဲ့တာလေ။ ကဲ. . . လူကြီးစုံရာရှေ့မှာ နင်ဝန်ခံလိုက်။ ဟဲ့! သမီး၊ နင်ဆေးစစ်ထားတဲ့စာရွက် ယူခဲ့စမ်း"

သူတို့တက်က အပိုင်လုပ်ထားကြပေပြီ။ အဆင်ကတော့ ဘုရား ရှင်ကို စိဥ္စမာဏ စွပ်စွဲနေသလို။

ခင်ပိုးဝါကလည်း ယုတ္တိရှိရှိနှင့် သရုပ်ဆောင်နေ၏။ မျက်ရည် လေး တစမ်းစမ်းနှင့် ငိုယိုရင်း. . .

"ကိုကိုရယ်. . . ပိုးဝါကို မသနားတောင် ဗိုက်ထဲက ကိုကို့ရင် သွေးလေးကိုတော့ သနားပါနော်။ ကိုကို မျက်စိမမြင်ပေမယ့် ပိုးဝါ တစ် သက်လုံး ပြုစုလုပ်ကျွေးသွားမှာပါရှင်။ ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားမှာပါ။ ပိုးဝါတို့သားအမိအပေါ် ညှာတာထောက်ထားပေးပါနော်"

တကယ်ပင် မျက်ရည်တွေနှင့် ငိုရှိက်ရင်း နေသိမ်၏ခြေထောက်ကိုဖက်ကာ ရှိခိုးတောင်းပန်နေတော့ ရပ်ကွက်လူကြီးများ ဇဝေဇဝါဖြစ်ကုန်ကြသည်။

ဒီကောင်. . . တော်တော်ရက်စက်ပါလား. . .

နေသိမ် ရင်ထဲမှာ တော်တော်အော်ဂလီဆန်သွားရာမှ သူ့ ညှာတ်ကွင်းမိသွားပြီလား။ ဒီညှာတ်ကွင်းမှ ရုန်းထွက်လို့မရနိုင်တော့ဘူးလားလို့ အလွန်အမင်းစိုးရိမ်သွားရင်း လူက ယိမ်းယိုင်ခြောက်ခြားသွား၏။

အခြေအနေတွေက သူ့ဘက်မှာမရှိ။ ဒေါ်မာလာတင့်၏စွပ်စွဲမှုနှင့် ခင်ပိုးဝါ၏သရုပ်ဆောင်ချက်တို့ကြောင့် အားလုံး ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ကြပြီ။

ဇာတ်ပို့နှစ်ယောက်ဖြစ်သည့် ထိုက်တန်နှင့် နေမျိုးဗိုလ်ကလည်း ဂံတကြိတ်ကြိတ် လက်သီးတပြင်ပြင်။ မခံမရပ်နိုင်သည့်ရုပ်တွေနှင့်။ နှ

အတွက်ပေါ့လေ။

ရပ်ကွက်လူကြီးများကပင် ရွှေပြည်အေးတရား ဝင်ပြီးဟောခ

ပြီ။

"မောင်ရယ်. . . ဒါဆိုရင်လည်း ယူလိုက်ပါတော့၊ မောင်လည်း ဝေယံရှယ်နာစ့်ငြာနေရတဲ့အတူတူ ကိုယ့်ဇနီးနဲ့ကိုယ်ဆိုတော့ အားနာ မနေ ရတော့ဘူးပေါ့"

"ဟုတ်ပါတယ်ကွာ၊ ဟိုကလည်း တစ်သက်လုံး မငြိုမငြင်ပြု ပါမယ်၊ ဘုရားလိုကိုးကွယ်ပါ့မယ်ဆိုနေတဲ့နောက်"

"ဟာ! အန်ကယ်တို့မှားနေပြီ၊ အဲဒါလူတွေမဟုတ်ဘူး၊ ဘီလူး





တွေဗျ၊ ဘီလူးမတွေ။ ကျွန်တော့်အဖေကိုလည်း အူအသည်းနှုတ်ပြီး စားခဲ့တယ်၊ အခု ကျွန်တော့်ကို စားတော့မယ်. . . စားတော့မယ်"

နေသိမ်အသွင်က ချွေးတွေစိုရွှဲလာပြီး မျက်လုံးကြီး ပြူးလာ လည်လာပုံက ပုံမှန်မဟုတ်။ ပန်းလေညှင်းနှင့်စိုင်းဝဏ္ဏတို့ အရမ်းစိုးရိမ်သွားကြသည်။ သူ့အနားသို့ကပ်သွားကြပြီး လက်မောင်းကိုကိုင်ကာ သတိပေးပေမယ့် သူက အကိုင်မခံ။

"သွား. . . သွားကြ၊ ဟား. . . ဟား. . . ဟား. . . ခင်ဗျားတို့ အားလုံး ဘီလူးတွေ၊ ဘီလူးမကြီးတွေ။ အမယ်လေး. . . ကြောက်တယ် ကြောက်တယ်. . . အစွယ်ကြီးတွေနဲ့၊ အစွယ်ပြူးပြူး မျက်လုံးပြူးပြူးကြီး တွေနဲ့ ကျွန်တော့်ကို ဝါးစားကြပါတော့မယ်ခင်ဗျ။ ဟား. . . ဟား. . . ဟား ဖေဖေရေ. . . ဖေဖေ၊ ခုည ကျွန်တော့်ကိုလာခေါ်နော်၊ ကျွန်တော့်ကို လာခေါ်ပါ။ ကျွန်တော်လိုက်မယ်. . . လိုက်မယ်"

အော်ရင်းပြောရင်းမှပင် နေသိမ် ညှိုခန်းထဲမှ ဝရန်းသုန်းကားထပြေးလေလျှင် ရှေ့နေကြီးတွေရော၊ ရပ်မိရပ်ဖတွေပါ ခင်ပိုးဝါနှင့်လက်ထပ်ဖို့ကိစ္စကို မေ့သွားကြပြီး နေသိမ်ကို လိုက်ဆွဲကြရတော့သည်။

"မောင်နေသိမ်. . . သတိထား. . . သတိထားပါကွာ၊ အန်ကယ်တို့ ရှိပါသေးတယ်"

"အမယ်လေး. . . ကြောက်တယ်. . . ကြောက်တယ်. . . သူတို့ ကျွန်တော့်ကို သတ်ကြမှာ။ ဘီလူးမတွေ. . . ဘီလူးမတွေ၊ ဟိုမှာ ဖေဖေ၊ ဟိုမှာ မေမေ၊ မေမေရေ. . . သားကိုခေါ်ပါ"

မျက်လုံးကြီးတလည်လည်နှင့် အော်ဟစ်ကန်ကျောက် လက်သီးတွေ ထိုးနေလျှင် ဒေါ်မာလာတင့်တို့အဖွဲ့မှာ အကြံအစည်တွေ ပျက်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြရတော့သည်။

တောက်! ဒါ တကယ်လား၊ မာယာတွေလား။ တွေ့ကြသေးတာပေါ့ နေသိခ်ရယ်. . .

ရပ်ကွက်လူကြီးတွေနှင့် စိုင်းဝဏ္ဏ၊ ပန်းလေညင်းတို့ သူ့ကိုချော့မော့ဖြောင်းဖြနေစဉ် ဦးဝင်းထွဋ်နှင့် ရှေ့နေများက ဒေါ်မာလာတင့်ကို စကားနှင့်ချည်နှောင်ကြသည်။

"အခု နေသိခ်က စိတ်မမှန်တော့တဲ့အတွက်. . .သူ့အသက်အန္တရာယ်ကိုတောင် သူမကာကွယ်နိုင်တော့ဘူး။ မျက်စိကလည်း မမြင်တဲ့အတွက် သူတစ်ခုခုဖြစ်ရင် ခင်ဗျားတို့အဖွဲ့ကိုဖမ်းချုပ်မယ်"

"ဒါတော့ ဦးဝင်းထွဋ် မတရားတာပါ။ သူ့ကို ဘယ်ရန်သူတွေက သတ်ချင်နေမှန်းမှမသိဘဲနဲ့ ကျွန်မတို့အပေါ်ချည်း ပုံချလို့ ဘယ်ရမလဲ"

"သူက ဘယ်မှထွက်တာမဟုတ်ဘူး။ အတွင်းရန်ကိုပဲ ကြောက်နေရတာ။ ဘာပဲဖြစ်ဖြစ် ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူး။ တရားလက်လွတ်လုပ်လို့ မရဘူး။ သူတစ်ခုခုဖြစ်ရင် ခင်ဗျားတို့တာဝန်ပဲ၊ သူပြောတဲ့အတိုင်း တစ်ပတ်အတွင်းပြောင်းပေးဖို့လည်း စဉ်းစားထား။ တစ်ပတ်ပြည့်ရင် ပြောင်း"

"ဒါကတော့ ဦးဝင်းထွဋ်ရယ်၊ ကျွန်မက မိတွေးဆိုပေမယ့် သူနဲ့အမျိုးစပ်လို့ရသေးတယ်လေ။ ဒီမှာရှိနေတဲ့ သူ့အလုပ်သမားတွေကမှ သူစိမ်းတွေ။ သူစိမ်းတွေကမှ သူ့ကိုသတ်ပြီး ပစ္စည်းတွေယူမှာ။ ဘာပဲပြောပြော. . . ကျွန်မကတော့ သူစိတ်မှန်တဲ့အထိ နေပေးရမှာပဲ"

သူပြောတာလည်း မှန်သလိုလိုရှိသဖြင့် ရှေ့နေကြီးများ မပြော





သာ။ သို့သော် သူတို့အဖွဲ့ကိုလည်း စိတ်မချရမှန်းသိသဖြင့် နေသိခ်ရဲ့မန်နေဂျာ အောင်ဟိန်းထက်ကို တိုင်ပင်ကြရသည်။

အောင်ဟိန်းထက်မှာလည်း တစ်ချိန်လုံးပင် ဒေါ်မာလာတင့်ကို ကြောက်နေရပုံ။ ယခုလည်း မျက်စောင်းကြီးတခဲခဲ။ တီးတိုးတိုင်ပင်နေကြသည်ကို မကျေမနပ်နှင့်။

"ဘယ်လိုသဘောရလဲ မောင်အောင်ဟိန်း၊ သူ့အလုပ်သမားတွေနဲ့ သူ့ကို ထားလို့ရော စိတ်ချရပါ့မလား"

"စိတ်ချရလောက်ပါတယ်။ ဒေါ်မာလာတင့်ကသာ အန်ကယ်တို့မြင်တဲ့အတိုင်း ရန်စွယ်နဲ့ ငေါငေါဖြစ်နေတာ"

"အင်း. . . ဟုတ်တယ်၊ စိတ်မချရတဲ့အတူတူ သူတို့ကို တစ်ပတ်အတွင်း ဆင်းခိုင်းမှပဲ။ မောင်အောင်ဟိန်းလည်း တစ်နေ့တစ်ခါ လာကြည့်ပေးမှဖြစ်မယ်"

"စိတ်ချပါ အန်ကယ်၊ လာကြည့်ပေးပါ့မယ်။ လောလောဆယ်လည်း သူ့လုပ်ငန်းတွေကို ကျွန်တော်ပဲ ကြည့်နေလုပ်နေရတာပါ"

နှစ်ယောက်သား တိုင်ပင်ကြပြီး ဒေါ်မာလာတင့်တို့အဖွဲ့ကို တစ်ပတ်အတွင်း ပြောင်းပေးဖို့ တောင်းဆိုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကြောင်မရှိတော့ ကြွက်ထဆိုတာ ဒါမျိုးလား။ နေသိမ်ရဲ့အိမ်မှာ အိမ်ရှင်ကိုယ်တိုင်က စိတ်မမှန်တော့ဘူးဆိုသဖြင့် အိမ်အကူနှစ်ယောက်ကလည်း ထောင့်မကျိုးတော့။

စိုင်းဝဏ္ဏနှင့်ပန်းလေညင်းမှာ အခက်ကြုံရပြီ။ သူတို့ရောက်တာလည်း တစ်လကျော်ပြီမို့ မိဘတွေက ပြန်ခေါ်ကြပေပြီ။ သူတို့ကလည်း တစ်လလို့ ပြောခဲ့ကြသည်မဟုတ်ပါလား။

နေ့လယ်နေ့ခင်း တစ်ရေးအိပ်နေရှာသည့် နေသိမ်ရဲ့ဘေးမှာ မောင်နှမနှစ်ယောက် ဆွေးနွေးကြရပေပြီ။

"ဒုက္ခပါပဲ လေညင်းရယ်၊ ငါတို့တော့ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားနိုင်ဖြစ်နေပြီ။ ကိုယ့်ဇာတ်လည်း ကိုယ်မနိုင်တော့ဘူး။ ဘယ်လို ဆက်ကရမှာလဲ၊ ပညာကျော်ကြီးရယ်. . . အကြံပေးစမ်းပါဦး"

"အောင်မယ်. . . လူကိုငေါ့လိုက် ထေ့လိုက်နဲ့၊ ဒီဇာတ်လမ်းထဲ





အစ်ကိုက လေညင်းကို ဆွဲသွင်းခဲ့တာပါနော်။ ခုမှ ဘာညည်းနေတာလဲ"

"ကဲ! ဒါဆို ငါအခုပြန်မယ်ဆိုရင် နင်ပြန်လိုက်နိုင်လို့လား။ နင့်ပုံကြည့်ရတာ သူ့အပေါ် အရမ်းပျော်ဝင်ညွတ်နူးနေပြီ"

စိုင်းဝဏ္ဏစွပ်စွဲလိုက်လျှင် ပန်းလေညင်း စိတ်ထိခိုက်သွားမိသည်။

"အစ်ကိုရယ်. . . ဒါတော့ ဦးနေက အရမ်းသနားစရာကောင်းနေတာကိုး။ မျက်စိကလည်းမမြင်ဘူး၊ ရန်သူတွေကလည်း ဝိုင်းနေသေးတယ်။ ဘယ်တော့ ဘယ်သူကများ လုပ်ကြံမလဲလို့ တွေးပူနေရတဲ့အဖြစ်၊ အမေရိကန်သမ္မတထက်တောင် အန္တရာယ်များနေသေးတယ်လေ"

"ဘာပဲဖြစ်ဖြစ်ဇလေ၊ ဒီမှာ ဇာတ်မျောကြီးဖြစ်နေပြီ၊ အခု အမွေလည်းခွဲပေးပြီးပြီဆိုတော့ ငါတို့ပြန်လို့ရပြီပေါ့။ ကိုအောင်ဟိန်းကိုပြောပြီး သူ့အတွက် နောက်ထပ်ရိုးရိုးနာ့စ်တွေပဲ ရှာခိုင်းလိုက်တော့မယ်ဟာ။ ငါတို့ ပြန်ကြစို့"

စိုင်းဝဏ္ဏပြောသည့်စကားများကို ကြားရရုံနှင့် ပန်းလေညင်း ရင်ထဲ ရှုးအောင့်သွားရတာ ဘာဖြစ်မှန်းမသိ။

ဦးနေကို သူမ ဘယ်လိုမှခွဲချန်မထားခဲ့နိုင်ပါလား။ ယခုလို အတိဒုက္ခရောက်နေရှာသည့်နေသိမ်ကိုလည်း ဘယ်လိုမှပစ်မထားခဲ့နိုင်။ သူ့ခမျာ မျက်စိလည်းမမြင်၊ အန္တရာယ်တွေကလည်း ပတ်ချာဝိုင်းလို့၊ အတွင်းရန်တွေရော အပြင်ရန်တွေပါ မှန်းဆလို့မရ။

အစ်ကိုစိုင်းက တာဝန်ပြီးဆုံးသွားပြီလို့ ထင်ပေမယ့် ပန်းလေညင်းကတော့ ယခုမှ တာဝန်တွေ စသည်လို့ ထင်မိသည်။ အမွေတွေရရှိသွားသည့် ဦးနေရဲ့အသက်အန္တရာယ်က ပိုကြီးသည်။ ခင်ပိုးဝါနှင့် လင်ယောက်ျားအရာမြောက်ပြီးသလို ပြောဆိုထားသည်ကြောင့် ဦးနေသေခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပိုးဝါ အမွေဆက်ခံရမည်လားမသိ။

"ပြန်လို့ ဘယ်ဖြစ်ဦးမလဲ အစ်ကိုနိုင်းရယ်။ ဦးနေခများ ဘယ်မှာ ဘယ်သူ့ကိုသွားပြီး အားကိုးရမှာလဲ။ တစ်ပတ်နှစ်ပတ်လောက်တော့ နေ ပေးပါဦး အစ်ကိုရယ်။ လေညင်း တောင်းပန်ပါတယ်နော်. . . နော်"

"အေး. . . နင်ကသာ တောင်းပန်နေ၊ ဦးကြီးတို့က တကိုကို ဖုန်းဆက်လှပြီ။ မြတ်ထန်ကလည်း လိုက်လာမယ်တဲ့ကဲနဲ့။ ငါ ရှုံးချင် ပြီ။ ကဲကဲ. . . တစ်ပတ်တော့ နေပေးမယ်ဟာ။ တစ်ပတ်ပြီးရင်တော့ ပြန် ကြမို့။ ကိုင်နှမှာ ကိုအောင်ဟိန်းထက်တစ်ယောက်လုံး ရှိပါသေးတယ်ဟာ ဦးဝင်းထွဋ်ကလည်း အားကိုးရပါတယ်။ သူတို့ ကြည့်စီစဉ်ပါလိမ့်မယ် နင်လည်း တစ်သက်လုံး မစောင့်ရှောက်နိုင်တဲ့အတူတူ ဇာတ်လမ်းကို တိုတိုဖြတ်တာ ကောင်းပါတယ်။ ကဲကဲ. . . ငါ အပြင်ခဏထွက်ဦးမယ် အိမ်တံခါးတွေ သေသေချာချာပိတ်ထား။ အိမ်အကူတွေကလည်း အားကိုး ရရဲ့လားတောင် မသိပါဘူးဟာ"

"ဒါဆိုလည်း ကိုအောင်ဟိန်းထက်ကိုပြောလိုက်လေ။ အိမ်အကူ တွေ ဖြုတ်ပစ်လိုက်ပါလို့"

"အဲဒီအကူတွေက သူလွှတ်ထားတာလေ၊ ဇာတ်ရှုပ်ကြီးပါဟာ ငါတော့ စိတ်ပျက်လာပြီ"

"အစ်ကိုကလည်း အစကတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ တကယ်ရေလယ်ခေါင်ကျမှ ဦးနေကိုဖြုတ်မချနဲ့ပါနဲ့ရှင်။ လေညင်း တောင်း ပန်ပါတယ်"

"နင်ကတော့ ဒီရောဂါနဲ့သေမှာပဲ၊ ရောဂါမကျွမ်းခင် သေသေ ချာချာ သတိထားဦး"





စိုင်းဝဏ္ဏ အခန်းထဲမှထွက်သွားလျှင် ပန်းလေညင်းလည်း တံခါး ပိတ်ဖို့ လိုက်ရပါသည်။ အိမ်အကူတွေကိုလည်း စိတ်မချသည့်မို့ တံခါးကို အတွင်းမှ သေသေချာချာသော့ခတ်ပြီး သော့ကို သူမယူထားရပါသည်။

ဦးနေ အိပ်ပျော်နေသည့်မို့ ကိုယ့်အခန်းသို့ပြန်ပြီး လဲလျောင်း နေရင်း ပန်းလေညင်း ဦးနေအတွက် ခံစားနာကျင်ရသည်အထိ သိမှတ် ရွာပင် မျက်ရည်တွေ စီးကျလျက်။

ဦးနေရယ်. . .

လေညင်းရဲ့ နှလုံးသားတစ်ခုလုံး

ကြွိမ်မီးအုံးသလို ခံစားနေရတာ ဘာကြောင့်လဲကွယ်. . .

ဦးနေရဲ့အနားမှာ တစ်ဖဝါးမခွာဘဲ ဖဝါးခြေထပ် ပြုစုယုယချင် နေမိတာ ဘာကြောင့်လဲ. . .

အချစ်ဆိုတာ နားမလည်ခဲ့တဲ့ကောင်မလေးတစ်ယောက်အတွက် မမျှော်လင့်ဘဲ အချစ်မော်ဆရာကြီးရဲ့ ပြုစားချက်မှာ ဒဏ်ရာတွေ ဗရပွ ပါ. . .

ဦးနေရဲ့ အချစ်ယစ်ပလ္လင်မှာ. . .

ပိုးဖလံမလေးလို လောင်ကျွမ်းဆုံးရှုံးရတော့မှာပါရှင်. . .

သူမ တိတ်တဆိတ် ရှိုက်ငင်နေမိဆဲ နေသိခံရဲ့အခန်းဘက်မှ သူမကိုလှမ်းခေါ်သံကြောင့် ပန်းလေညင်း အပြေးသွားရသည်။

"လေညင်း. . . လေညင်းရေ၊ ကိုယ့်ကိုပစ်ထားခဲ့ပြီလား. . . လေ ညင်းရေ"

အရှုံးအနိမ့်ဆိုတာ ဒါများလား။ စိတ်မမှန်တော့သည့် ဦးနေသိခံ မှာ သူ့ရှဲ့လန်းရေသည် ပန်းလေညင်းတစ်ယောက်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မမှတ်မိ မသိရှိပေမယ့် ပန်းလေညှင်းကိုတော့ သူသိသည်။ အမွေခွဲသည့်နေ့ကတည်းက စိတ်ကယောက်ကယက်ဖြစ်သွားရှာသည့် သူ့ကို စိတ်ကျန်းမာရေးဆရာဝန်နှင့်လည်း ပြရပါသည်။ စိတ်ငြိမ်ဆေးတွေ အိပ်ဆေးတွေကြောင့် ငြိမ်သက်စွာ အိပ်ပျော်နေတတ်သည်က များပါသည်။

သူနိုးလာရင်တော့ သူ့ရဲ့မသိစိတ်မှ တမ်းတသူသည် ပန်းလေညှင်းသာ။ သူမ နေသိမ်ရှိရာသို့ အလျှင်အမြန်ရောက်သွားသည့်အခါ သူ့ရဲ့လက်ကလေးနှစ်ဖက်နှင့် ဟိုစမ်းဒီစမ်း ရှာဖွေနေပုံကိုကြည့်ပြီး ရင်ထဲနင့်အောင် ခံစားရပါသည်။

"ဦးနေ"

ပန်းလေညှင်း သူ့ရဲ့လက်နှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်တော့ သူက သူမကို အားကိုးတကြီးဖက်တွယ်ထားပြီး တုန်လှုပ်သော အသံနှင့်. . .

"ကိုယ့်အိပ်မက်ထဲမှာ မင်း ကိုယ့်ကိုထားခဲ့ပြီး ဟိုးအဝေးကို ပြန်ပြေးသွားခဲ့တယ်။ ကိုယ်အော်ခေါ်လိုက်ရတာကွယ်၊ မင်းက တစ်ချက်လေးမှ လှည့်မကြည့်ခဲ့ဘူး"

"အဲဒါအိပ်မက်ပဲ ဦးနေရယ်၊ အပြင်မှာမှ မဟုတ်တာ"

"လေညှင်း ကိုယ့်ကို ဘယ်တော့မှပစ်မထားခဲ့နဲ့နော်၊ ကိုယ့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ လေညှင်းရယ်"

သူမကိုပွေ့ဖက်ထားရင်း သူရှိုက်ညည်းနေပုံကြောင့် လေညှင်း အလွန်ပင် သနားကြင်နာမိရသည်။

"စိတ်ချပါ ဦးနေရယ်၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ မထားခဲ့ပါ





ဘူးရှင်"

တိုးတိုးလေးကတိပေးပြီး ပန်းလေညှင်း သူ့ကို ဆိုဖာမှာ ထိုင်ခိုင်းလိုက်သည်။ သူ့အခန်းထဲမှာ ဆိုဖာဆက်တီလေးတွေ ရှိသည်။ မူလက စာကြည့်ခန်းပေမို့။

"ဒီနေ့ ရေချိုးရအောင်၊ ဦးနေ မနေ့က ရေမချိုးဖြစ်ဘူး"

"အင်း. . . ချိုးမယ်လေ"

သူ့စိတ်ရောဂါက အဆိုးကြီးမဟုတ်လို့ တော်သေး၏။ ဒီလိုဖြစ်သွားလို့လည်း ခင်ပိုးဝါ၏လက်မှ လွတ်သွားခဲ့တာ။ သို့သော် သူ မတော်တဆနည်းတစ်ခုခုနှင့် သေဆုံးသွားလျှင်တော့ အမွေဆက်ခံမည့်သူဟာ ခင်ပိုးဝါဖြစ်လိမ့်မည်ထင်သည်။

"တောက်! . . . ကလိမ်ကကျစ်မတွေ၊ ဘီလူးမတွေ. . . သရဲသဘက်မတွေ"

သူ့အသံထွက်ပြီး ဆဲနေတော့ ပန်းလေညှင်း ချော့မော့ရသည်။ နောက်တော့ သူ့ကိုအဝတ်အစားလဲပေးရသည်။

နူရာဝဲစွဲ။ လဲရာ သူနိုးထောင်း. . .

သူ့မျက်စိတွေ အမြန်ဆုံး ပြန်မြင်မှဖြစ်မယ်. . .

သူ့စိတ်တွေ အမြန်ဆုံး ပြန်ကောင်းမှဖြစ်မယ်. . .

ဦးနေရယ်. . .

အမှောင်ကမ္ဘာထဲမှ အမြန်ဆုံးနိုးထပါတော့. . .

ကျွန်မဘဝတွေ မွန်းကျပ်လှပါပြီ. . .

သံယောဇဉ်ဆိုတာ လည်ကိုရစ်ပတ်တတ်တဲ့ ကြိုးတစ်ချောင်းမို့

အတောင်ရှိပေမယ့် ကျွန်မ အပျံခက်နေပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်မိတဲ့. . . နှစ်ကျွံမိတဲ့. . . သံယောဇဉ်ရုပ်ဝန်း. . . သံယောဇဉ်နွံအိုင်ကနေ ကျွန်မကာ ဘယ်လိုကျော်နိုင်းထွက်ခွာရမှာလဲ. . .

မိန်းမသားမို့ မိတ္တအသိုင်းအဝိုင်းကိုလည်း ဘယ်လိုမှ မစွန့်လွှတ်ရဲပါဘူး. . .

မင့်မရဲနဲ့ ကျွန်မဘဝ လမ်းပျောက်ရတော့မယ် ထင်ပါရဲ့ကွယ်။

ချစ်သူရယ်. . .

အမှောင်ကမ္ဘာမှ အမြန်ဆုံးနိုးထပါတော့နော်. . .

သူ့ကိုအဝတ်လဲပေးနေရင်း ကိုယ့်အဖြစ်က မရှုနိုင်မကယ်နိုင်မို့ ပန်းလေညင်း မျက်ရည်တွေစီးကျနေမိတာ သူကတော့ မျက်မမြင်တစ်ယောက်မို့ မြင်နိုင်မည်မထင်ပါ။

အပေါ်အင်္ကျီတွေ မရှိတော့ပြီမို့ အောက်ပိုင်းကို ဘောင်းဘီနှင့်ပုဆိုးလဲဖို့ သူမ ကူညီပေးပြီးလျှင် သူ့ကို ရေချိုးခန်းသို့ပို့ပေးလိုက်သည်။ ရေချိုးခန်းတံခါးစေ့ပေးထားပြီး သူဝတ်ဖို့ဝတ်စုံ ထုတ်ပေးထားရင်း ရေချိုးခန်းသို့ နားစွင့်ရသည်။ သူမှား တစ်ခုခုဖြစ်နေမလားလို့ပါ။

ပုံမှန်ရေချိုးသံတွေ ကြားနေရမှ သူမ. သက်ပြင်းချနိုင်သည်။ လက်ထဲမှာ မျက်နှာသုတ်စောင်ကြီးကို ကိုင်ထားပြီး သူ့ရေချိုးသံအရပ်ကို နားထောင်နေရသည်။

ရေချိုးသံရပ်သွားတော့ ရေချိုးခန်းတံခါးကိုအသာဟပြီး မျက်နှာသုတ်စောင် လှမ်းပေးရသည်။ သူ မျက်နှာသုတ်စောင်ပတ်ပြီး ထွက်လာတော့မှ ပန်းလေညင်း လျင်မြန်စွာ ရေသုတ်၊ အဝတ်လဲပေးရသည်။ ဘောင်းမကုန်သေးသည်မို့ အအေးပတ်မှာစိုးလို့ပါ။

သူဝတ်စုံပြည့်ဖြစ်သွားတော့မှ ပန်းလေညင်း စိတ်အေးရသည်။





သူမအသွင်က ကိုယ့်ကလေး အအေးမိမှာစိုးသည့်မိခင်တစ်ယောက်နှယ်။ နှစ်ယောက်လုံး ဝရန်တာမှာ ထွက်ထိုင်ကြပြီး ခြံထဲသို့ မမြင်သောမျက်လုံးများဖြင့် ငေးကြသည်။ ပန်းရနံ့တွေကတော့ ရှုရှိုက်နေရတာပါပဲ။

"ဦးနေရယ်. . . မျက်စိမြန်မြန်ပြန်ကောင်းပါတော့ရှင်"

သူမတစ်ယောက်တည်း ညည်းတွားနေရာမှ အသံထွက်သွားတော့ နေသိမ်သ် သူမကိုလှမ်းစမ်းပြီး သူ့အနားသို့ ဆွဲယူလိုက်သည်။

"ကိုယ့်ကိုပြုစုရတာ စိတ်ပျက်နေပြီလားကွယ်"

"ဦးနေမှာ အန္တရာယ်တွေ ဝိုင်းနေတယ်၊ ဖြစ်နိုင်ရင် ကျွန်မရဲ့ အာခံတွင်းထဲတောင်ငုံပြီး သိမ်းဝှက်ထားပေးချင်ပါတယ်ရှင်"

သူဟာ စိတ်မနှံ့သလိုဖြစ်နေသူမို့ သူမ ဒီအထိပြောရဲတာပါ။ နှစ်ယောက်စလုံး ဘာစကားမှမပြောကြတော့ဘဲ ငြိမ်သက်နေမိကြစဉ် သူတို့အနားသို့ အိမ်အကူနှစ်ယောက် ရောက်လာကြပြီး သရော်တော်တော်မျက်နှာတွေနှင့်. . .

"တွေ့လား. . . လောကကြီးထဲမှာ အဆင်ပြေမယ်ထင်ရင် အရူးလည်းချစ်ကြတာပဲ"

"သတိထားနော်၊ အရူးဆိုတာ အထူးအပါးနားမလည်ဘူး။ စားပြီး နားမလည်ဖြစ်သွားမှ ဗိုက်တစ်လုံးနဲ့ ကျန်နေမယ်"

"ခင်ပိုးဝါက စင်ပေါ်ရောက်ပြီးသား၊ စင်ပေါ်က ရွှေမင်းသမီးနော်။ လူကြီးတွေအားလုံး အသိအမှတ်ပြုထားတဲ့ သတို့သမီးလောင်း"

ပန်းလေညင်းဇါပန်းကို ဖွဖွလေးဖက်ထားခံနေရရာမှ သူမ ဆတ်ခနဲတင်းတောင့်သွားရပါသည်။ သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ပန်းလေညင်း အိမ်အကူနှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဆိုးဝါးနေပါလား။ ဆရာမနိုင် နှစ်ဆောင်ပြိုင်တွေ ဖြစ်နေပါလား။ အလုပ်ဆိုလည်း ကောင်းကောင်းမလုပ်၊ အားလုံးထော် လော်ကန့်လန့်လုပ်နေသည့်မိန်းမတွေအား ပန်းလေညင်း ယှဉ်ပြိုင်ပြီး ရန် ဖြစ်မနေချင်တော့ပါ။ သို့သော် သူတို့ဟာ ကောင်းကျိုးထက် ဆိုးကျိုးပဲ ပေးမှာ အသေအချာ။

''နင်တို့ ဘာလာလုပ်တာလဲ၊ ကိုယ်လုပ်စရာရှိတာ သွားလုပ်ကြ လေ''

''ဩော်. . . ငါတို့က အချိန်မီလာပြီး သတိပေးတာပါ။ မဖြစ် သင့်တာတွေ မဖြစ်ရအောင် လာပြီးသတိပေးတာပါ။ တစ်ဖက်က အရူး ဆိုတော့ နင်မြူဆွယ်လည်း ဘာမှအရာမထင်တဲ့အကြောင်း လာပြီးပြော ပြတာ''

''ဦးနေသိခ်ကို အရူး. . . အရူးလို့ မပြောနဲ့''

ပန်းလေညင်း ဒေါသတကြီးအော်ပစ်လိုက်တော့၊ အလုပ်သမား နှစ်ယောက်က မျက်နှာတွေမဲ့လိုက်ကြသည်။ သူတို့ ဘယ်သူ့မှမကြောက်။ အားလုံးဟာ အလုပ်သမား၊ အိမ်ရှင်မဟုတ်။

''မှန်တာပြောတာပဲ စုန်းမရဲ့၊ စုန်းထီးကလည်း ဘာတွေခြေရှုပ် ဦးမယ်မသိဘူး။ အပြင်တစ်ခါထွက်ရင် အကြာကြီးပဲ။ ပြန်လာရင်လည်း ဘာတွေ ဆင်ကြံ ကြံနေတယ်မသိဘူး''

''နင်တို့ ငါတို့ကိုစော်ကားတာ လွန်ပြီနော်၊ နောက်မှ နောင်တ မရနဲ့''

''ဘာလဲ. . . ငါတို့ကို ပြုစားမလို့လား။ လုံးဝအယုံအကြည်မရှိ ဘူး။ ငါတို့ကို ကိုအောင်ဟိန်းထက် လွှတ်ထားတာ၊ နင်တို့ကို မယုံကြည်





လို့ စောင့်ကြည့်ခိုင်းထားတာ။ သိရဲ့လား''

သူတို့စကားကြောင့် ပန်းလေညင်း ဒေါသတွေထွက်သွားရ၏။ လောကကြီး ဇောက်ထိုးမိုးမျှော်ဖြစ်သွားပြီလား။ သူတို့ကို ယုံကြည်စွာနှင့် လက်ကမ်းကြိုဆိုခဲ့သည့် ကိုအောင်ဟိန်းထက်ကိုယ်တိုင်က မယုံကြည်တဲ့ သဘောပါလား။

သူတို့မောင်နှမနှစ်ယောက် ပေးဆပ်နေရတာ ဘာအတွက်လဲ။ နေသိခ်ဆိုသည့်လူတစ်ယောက်အတွက် မဟုတ်လား။ အင်းလေ၊ အတိုက် အခိုက်တွေအားလုံးကို သည်းခံပြီး သူ့ကိုကာကွယ်ပေးရတော့မှာပေါ့။

အိမ်အကူနှစ်ယောက်ဟာ ယခုတော့ ဘယ်လိုမှမကျိုးနွံတော့။ ဖြုတ်ပစ်ရအောင်လည်း သူတို့ဟာ အောင်ဟိန်းပို့ထားတဲ့လူတွေ။ စစ် ကြေငြာနေပြီဖြစ်သည့် နှစ်ယောက်အား ဘယ်လိုဖယ်ရှားပစ်ရမလဲ။

သူမတစ်ယောက်တည်း အတိုက်ခိုက်ခံနေရစဉ် နေသိခ်ကတော့ စိတ်မမှန်သူပီပီ ဘာကိုမှနားမလည်။ နာရေမှန်းလည်းမသိ။

''ကဲ. . . နင်တို့နှစ်ယောက် ကိုယ့်အလုပ်ကိုယ် သွားလုပ်ကြပါ တော့။ ငါတောင်းပန်ပါတယ်''

''နင် ဆရာကြီးလုပ်စရာမလိုပါဘူး။ ဒါ ငါတို့သဘောပါ''

ပြောပြီးလှည့်ပြန်သွားကြသည်နှင့် ပန်းလေညင်း နေသိခ်ကို သူ့ အခန်းသို့ပြန်ပို့ပေးရင်း ရှေ့နေကြီးဦးဝင်းထွဋ်ထံသို့ ဖုန်းဆက်လိုက်သည်။

''အန်ကယ်ရေ. . . အိမ်မှာရှိတဲ့အိမ်အကူနှစ်ယောက်က အကူ အညီမရဘဲ အနှောင့်အယှက်တွေပဲပေးနေတယ်။ အောင်ဟိန်းထက် ပို့ ထားတယ်ဆိုပြီး ထောင်လွှားနေကြတယ်''

''အောင်ဟိန်းထက်ကိုလည်း အန်ကယ် မသကာဘူး။ နေသိခ်

www.burmeseclassic.com



ရဲ့စည်းစိမ်တွေကို စီမံအုပ်ချုပ်နေရင်း လောဘတွေ တက်နေပြီထင်တယ်"

"အဲဒီထိတော့ လေညင်း မသိပါဘူး။ မစဉ်းစားပါဘူး။ လော လောဆယ် ဦးနေသိခ်ကိုစောင့်ရှောက်တဲ့နေရာမှာ အိမ်အကူနှစ်ယောက် က ဆူးညှောင့်ခလုတ်ဖြစ်နေတဲ့အတွက် အန်ကယ် ဖယ်ရှားပေးပါ"

"ကောင်းပြီ သမီး၊ သူတို့ကို အန်ကယ် ဒီနေ့ပဲ လာဖယ်ရှား ပေးပါ့မယ်။ အင်း. . . အိမ်အကူမရှိဘဲနဲ့ရော သမီးတို့နေလို့ဖြစ်ရဲ့လား"

"ဖြစ်အောင်နေမယ်၊ စိတ်မချရတဲ့သူတွေကို အိမ်ထဲမှာ ထား ရတာ မြွေပွေးခါးပိုက်ပိုက်ထားရသလို ခံစားရလို့ပါ"

"အေးအေး. . . အန်ကယ် လာခဲ့မယ်"

ပန်းလေညင်းတစ်ယောက် စိတ်သက်သာရာရသွားချိန်မှာ သည် ဘက်လှည့်ကြည့်လိုက်တော့ သူမကိုငေးကြည့်နေသည့် နေသိခ်ကိုတွေ့ လိုက်ရသဖြင့် ပန်းလေညင်း ထိတ်ခနဲဖြစ်သွားရ၏။

သူ စိတ်မနှံ့ချင်ယောင်ဆောင်တာလား. . .

ရူးချင်ယောင်ဆောင်တာလား. . .

မျက်စိကရော တကယ်မမြင်တာလား. . .

အေးလေ. . . မြင်ရဲ့သားနဲ့တော့ မမြင်ယောင်မဆောင်နိုင်ပါဘူး။

"ဦးနေ"

သူမ အသံပေးလိုက်တော့ သူက လက်နှစ်ဖက်ကိုကမ်းပြီး ရင် ဖွင့်ကြိုသည်။

အမယ်! ဘယ်ရမလဲ၊ လူလည်ကြီးသားသမီး။ ဒီမှာ ရင်တစ်ပြင် လုံး ပြောင်းဆန်အောင် စိတ်ညစ်နေရချိန်မှာ သူကတော့ သက်တောင့် သက်သာ။

ရွှေပဒေသာစာပေ



"ကျွန်မ အိမ်အကူတွေ ဖြုတ်လိုက်ပြီ၊ ကိုယ့်တာသာ ထမင်းဟင်း သွားချက်မယ်။ အိပ်ခန်းထဲမှာ ငြိမ်ငြိမ်လေးနေခဲ့"

"မနေပါဘူး. . . ကိုယ်လည်းလိုက်မယ်"

"မရဘူး. . . ဒီမှာကျန်ခဲ့"

"မနေဘူး၊ လိုက်မှာပဲ၊ ဘာလဲ. . . အရူးဆိုပြီး မခန့်လေးစား လုပ်နေတာလား"

"မရူးဘူးလား"

"မရူးဘူး. . . ခင်ပိုးဝါကိုလက်ထပ်ရမှာစိုးလို့ ရူးချင်ယောင်ဆောင် လိုက်တာ"

"တတ်တယ်၊ ပြောပါဦး. . . ခင်ပိုးဝါရဲ့ကိုယ်ဝန်ကရော ဘယ်သူ့ ဥစ္စာလဲ။ သူ့ဆေးစစ်ချက်က အတည်ကြီးရှင့်"

"ကိုယ်ဘယ့်သိမလဲ၊ ဘယ်သူ လေဥ ဝင်ဥသွားသလဲ၊ ဘယ်သ် ပလဲ။ သူ့ကိစ္စ သူသိတော့မပေါ့"

"ပြောတော့ လွယ်တယ်နော်၊ ဒါပေမဲ့ ဦးနေတစ်ခုခုဖြစ်သွားမယ် ဆိုရင် သူက အပိုင်စီးဖို့ အသင့်ပြင်နေပြီ"

"သိတယ်၊ အဲလိုမဖြစ်ရအောင် မင်းပဲ ကိုယ့်ကိုအပိုင်စီးလိုက် ပါလားကွာ. . . နော်"

"အာ. . . ဘာ. . . ဘာ. . . ဘာ"

ပြောရင်းဆိုရင်း သူက ပန်းလေညင်းကိုခွဲပွေ့ယူလိုက်လျှင် သူမ ကြောင်ပေါက်လေးလို ကုတ်ခြစ်နေမိသည်။

"ဦးနေ. . . လူလည်မလုပ်နဲ့၊ ရှင်နဲ့ကျွန်မ ဘာမှမဟုတ်ဘူး။ ဘာ လဲ. . . ကျွန်မကို ရှင့်အလုပ်သမားဆိုပြီး ပမာမခန့်လုပ်နေတာလား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ပါတယ်ကွာ၊ ကိုယ့်အသက်က လေညင်းတို့မောင်နှမရဲ့လက်ထဲမှာပါ။ အသက်ကိုနှင်းပြီး ချစ်မိသူပါ"

"အာ. . . တဖြည်းဖြည်းပိုပိုဆိုးလာပြီ၊ ဦးနေ လူလည်မလုပ်နဲ့။ ကျွန်မမှာ လက်ထပ်ရမယ့်သူရှိတယ်"

"ဘာ! ဘာ! ဘာ! မင်း. . . ရူးနေလား၊ အဲဒီကောင်က ဘယ်လောက်တောင် အကောင်းစားမို့ စွဲလန်းနေရတာလဲ. . . တောက်!"

စိတ်လိုက်မာန်ပါနှင့်ပြောရင်း သူမကိုချုပ်ဖက်ထားတော့ ပန်းလေညင်း မျက်ရည်ဝဲရသည်။ သူ့အမူအရာတွေက အလွန်ကြမ်းတမ်းလာပြီလေ။ ဘယ်လိုလုပ်ရပါ့။

သည်စဉ် အခန်းဝမှာ ဟိုနှစ်ယောက် ပေါ်လာပြီး. . .

"အင်း. . . အရူးကို အမဲသားကျွေးတော့မယ်ထင်တယ်"

"တော်ကြာ သောက်လေ-သောက်လေ. . . ဝတ်မပြေတဲ့ ဆားငန်ပင်လယ်ကြီးထဲမှာ စုန်းစုန်းမြုပ်မှာ မြင်ယောင်မိသေးတယ်"

"အဲဒါပေါ့၊ မိန်းမတွေ နှာခေါင်းမပါရင် မစင်စားတယ်ဆိုတာ သူတို့ကြောင့် မိန်းမရှေးပျက်နေတာ"

ဘာပဲဖြစ်ဖြစ် ပန်းလေညင်း သူတို့ကိုကျေးဇူးတင်ပါသည်။ သူတို့ပြန်လာလို့ပဲ အချစ်မုန်တိုင်းဟာ ရပ်တံ့သွားခဲ့တာ။ နေသိမ် သူမကို လွှတ်ပေးလိုက်ပြီမို့ ကိုယ့်ကိုယ်ကိုယ် သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ရင်း ပန်းလေညင်း အရှက်တွေနှင့် မှုန်ထူနေဆဲ၊ သူတို့အိမ်ရှေ့သို့ ဦးဝင်းထွန်း ရောက်လာခဲ့သဖြင့် တံခါးသွားဖွင့်ပေးရသည်။

ဧည့်ခန်းထဲသို့ ဝင်ထိုင်ပြီး အိမ်အကူနှစ်ယောက်ကို ခေါ်နိုင်းလိုက်လျှင် ဟိုနှစ်ယောက်ကလည်း သဘောပေါက်ပါသည်။ လျှောင်ပြုံးတွေ





နှင့်။ ဦးဝင်းထွန်းကပင် စတင်၍. . .

"ကဲ. . . မင်းတို့နှစ်ယောက်လုံးကို အလုပ်ဖြုတ်တယ်"

"ဟင်းဟင်း. . . ထင်သားပဲ၊ အန်ကယ်ကရော ဘာသိလို့လဲ။ ဒီမှာ ဦးနေသိမ်ကို သူက အပိုင်စီးနေတာ။ အပိုင်စည်းရုံးနေတာ။ ဒီကောင်မ ဦးနေသိမ်ကိုသတ်ပြီး ပစ္စည်းတွေယူသွားမှာရော တွေးမိရဲ့လား"

"သူက လူတစ်ကိုယ်လုံးပစ်ပေးပြီး ပေါင်းနေတာ။ ဟိုကလည်း တန်းတန်းစွဲနေပြီ။ အရူး အမဲသားစားမိနေပြီ"

"နင်တို့ မတရားမပြောနဲ့၊ နင်တို့ပြောသလောက် ငါမယုတ်မာဘူး၊ အောက်တန်းမကျဘူး"

"ဟင်းဟင်း. . . ဘာလဲ၊ အရူးကိုငြိမ်အောင် တစ်ကိုယ်လုံးပေးပြီး ထိန်းထားတာကို ဆိုလိုချင်တာလား။ အန်ကယ် အလုပ်ထုတ်လည်း ကျွန်မတို့ မထွက်နိုင်ဘူး။ ကျွန်မတို့ကိုလည်း ဦးအောင်ဟိန်းထက်က လိုအပ်လို့ ပို့ထားတာ"

အခြေအနေက ထင်တာထက် ပိုရှုပ်ထွေးနေပေပြီ။ အရေးထဲ ကိုစိုင်းကလည်း အိမ်မှာမရှိ။

"စိုင်းဝဏ္ဏရော ဘယ်သွားလဲ"

ရှေ့နေကြီးရဲ့အမေးကို အိမ်အကူတစ်ယောက်ဖြစ်သည့် သွင်မူယာက မဲ့ကာရွဲ့ကာနှင့် ဝင်ဖြေသည်။

"လူနာကိုထားခဲ့ပြီး အပြင်ကို ကားတစ်စီးနဲ့ ထွက်သွားတယ်လေ။ သူ့ကိုယ်သူ သူဌေးယောက်ဖများ ထင်နေသလားမသိဘူး"

နောက်တစ်ယောက်ဖြစ်သူ သဇ္ဇာလီကလည်း ခပ်တင်းတင်းပင် မျက်နှာကိုမော့ပြီး ပြန်ပက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက်နဲ့သူဌေးကို ဘယ်လိုမှစိတ်မချရတဲ့အတွက် ကျွန်မတို့ ထွက်မသွားနိုင်ဘူး။ ကိုအောင်ဟိန်းထက်က ကျွန်မတို့ကို သူဌေးကိုစောင့်ရှောက်ဖို့ ပို့ထားတာ"

ဟင်! အောင်ဟိန်းထက်က လှေနံနှစ်ဖက် နင်းနေပါလား။ သူတို့မောင်နှမကိုလည်း နေသိမ်ကိုစောင့်ရှောက်ဖို့ ခေါ်ထားသလို၊ သွင်မှုယာတို့နှစ်ယောက်ကိုလည်း တန်ပြန်ထောက်လှမ်းဖို့ခေါ်ထားသည်။ ဒါ ဘာသဘောလဲ။

ဦးဝင်းထွဋ် ခေါင်းအေးအေးနဲ့စဉ်းစားပြီး အောင်ဟိန်းထက်ဆီ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်မှ ဘယ်လိုမှဖုန်းမကိုင်။ ရှောင်ခြင်းပေါ့။ နောက်ဆုံး ဦးဝင်းထွဋ် သူတို့အားလုံးကို တောင်းပန်လိုက်သည်။

"ကဲ. . . ကဲ. . . ဒါဆိုလည်း ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် နေကြပါ။ တစ်ယောက်နဲ့တစ်ယောက် ထိပ်တိုက်မတိုးကြစေနဲ့"

"မတိုးပါဘူး. . . သူကိုက မလုံနေတာ"

သွင်မှုယာက မခန့်လေးစားရုပ်နှင့် ပြန်ပြော၏။ ဦးဝင်းထွဋ် စိတ်ညစ်သွားသည်။ ဒါကောင်းတဲ့ရုပ်တွေ မဟုတ်။ နေသိမ်ကို အန္တရာယ် ပေးလေမလား။

"သူဌေးအပေါ်မှာလည်း သစ္စာမဖောက်နဲ့၊ နင်တို့က အောင်ဟိန်းထက်လူတွေဆိုတော့ သူခိုင်းရင် ဘာမဆိုလုပ်မယ့်ရုပ်တွေ"

"သူက လူကောင်းပါ၊ သူ့ဘော့စ်အတွက် ဘော်ဒီဂတ်ချထားတဲ့သဘောပါ"

"အဲဒါကိုက မရိုးသားတာ၊ ဒီနှစ်နှစ်ယောက်ကလည်း သူ တာဝန်ချထားတာပဲလေ။ ဒီလူတွေကိုထပ်ပြီး ချက်ခ်လုပ်တဲ့သဘောဆိုတော့





ဘယ်ကောင်းမလဲ"

"ဒါတော့ ကျွန်မတို့ မသိဘူးလေ၊ ကျွန်မတို့တာဝန်က ဒီအိမ်မှာ အလုပ်လုပ်ရင်း သူဌေးကိုစောင့်ရှောက်ဖို့နဲ့ သူတို့နှစ်ယောက်ကို စောင့်ကြည့်ဖို့"

လျှို့ဝှက်ချက်တွေ ပေါ်ကုန်ပြီ။ ဒီဇာတ်လမ်းကို ဘယ်လိုဆက်လုပ်ရမလဲ။ နေသိမ်ကလည်း စိတ်သိပ်မှန်တာမဟုတ်။ ဦးဝင်းထွဋ် စဉ်းစားနေစဉ်၊ နေသိမ် သူ့အခန်းထဲက တုတ်ကောက်စမ်းပြီး ထွက်လာခဲ့သည်။

"ဒီမှာပြောနေကြတာတွေအားလုံး ကျွန်တော် ကြားပါတယ်။ အောင်ဟိန်းထက်က ကျွန်တော့်အထက်ကလူ မဟုတ်ဘူး အန်ကယ်။ သူ မရိုးသားတော့ဘူးလို့ ကျွန်တော်ခံစားရတယ်။ ဒါကြောင့် သူ့ပဋ္ဌမံတပ်သားတွေကို ကျွန်တော်ဖြုတ်ပစ်တယ်။ ကဲ! နင်တို့နှစ်ယောက်စလုံး သွားကြတော့၊ မသွားရင် ရဲခေါ်ပြီး ဆွဲထုတ်မှာ"

"ရှင်က အရူးပဲ၊ အရူးပြောတာထက် အကောင်းပြောတာကို ပြီးနာခံရမှာပေါ့"

သဉ္ဇာလီက မခန့်လေးစားပြန်ခံပြောလျှင် နေသိမ် သဘောထားကြီးစွာ ပြုံးလိုက်သည်။

"အန်ကယ်ကြားတယ်နော်၊ ကျွန်တော့်လစာနဲ့ ကျွန်တော့်ထမင်းကိုစားပြီး ကျွန်တော့်ကိုစော်ကားနေတဲ့မိန်းမဟာ ကျွန်တော့်ကို မသတ်ပါဘူးလို့ ဘယ်ပြောနိုင်မလဲ။ ကဲ. . . မယ်မင်းကြီးမတို့ ကြွပေတော့။ မကြွရင် ရဲခေါ်ဖမ်းခိုင်းမယ်"

"ရှင်ဖမ်းခိုင်းချင်တိုင်း ရမလား၊ ကျွန်မတို့ဘက်မှာ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းထက် ရှိတယ်"

"နင်တို့ပထွေးကို အားကိုးမနေနဲ့၊ ရှူးလို့ ဒီစကားတွေ ပြောတာ"

သဥ္ဇာလီ၏စကားတွေကို ဦးဝင်းထွဋ် ဖြတ်ချလိုက်ပြီး အထုပ်ပြင်ဖို့သာ အမိန့်ပေးလိုက်သည်။ နောက်ဆုံး သူတို့နှစ်ယောက် မကျေမနပ်နှင့်ပင် အထုပ်ဆွဲကာ ပြန်ရလေတော့သည်။

❖ ❖ ❖



## အခန်း (၂၀)

ဒေါ်မာလာတင့် တစ်ဖက်အိမ်ကို မျက်စိဒေါက်ထောက်ကြည့်ပြီး ဆင်ကြံကြံနေလေသည်။

"တောက်! ဟိုနှစ်ယောက် ထွက်သွားပြန်ပြီ၊ ဟိုစုန်းထီးလည်း အပြင်ထွက်သွားတာ ခုထိပြန်မလာသေးဘူး။ အိမ်ထဲမှာ နေသိခ်နဲ့ ဟိုကောင်မပဲ ရှိပါလား။ တော်ကြာ ညားကုန်ရင်ခက်မယ်။ ဒါပေမဲ့လေ၊ ခင်ပိုးဝါနဲ့ကိုယ်ဝန်ရှိနေတယ်၊ စေ့စပ်ထားတယ်ဆိုပြီး လူကြီးစုံရာနဲ့ ကြေငြာပြီးသားပဲ။ အင်း. . . ငါဘာတွေဆက်လုပ်ရမလဲ. . . ကြံစမ်း. . . ကြံစမ်း"

အပေါ်ထပ်မှ တစ်အိမ်လုံးကို ဆီးကြည့်ပြီး ဒေါ်မာလာတင့် ဒေါမနဿတွေ ပွားနေရသည်။ ဒေါသဖြစ်တာကတော့ သွားလေသူ ဦးရဲခတ စသည်။ ကိုယ့်မှာ ပစ္စည်းတွေရမလားလို့ သင်းကိုယူပြီး၊ နောက်ဆုံး ကျ' မဖြစ်စလောက်ပဲရသည်။

သောက်မြင်ကပ်သည့်ပုဒ်နှင့်ဖြစ်ဖြစ် သူ့သားကိုဒုက္ခတွေ ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်သည်။ ပစ္စည်းတွေကို ကိုယ်ရရ မရရ၊ ခင်ပိုးဝါနှင့်က စေ့စပ်ထားရှိသော၊ ရှေ့အဆင့်တက်လို့ မရသေး။ ဘယ်လိုမှစည်းရုံးလို့မရဖြစ်နေသည်။

ဦးရဲခရိုတုန်းကတောင် မနည်းစေ့စပ်ဖြစ်အောင် လုပ်ခဲ့ရတာ။ ယခုကျ ဘယ်လိုမှမဖြစ်နိုင်တော့ပြီလားမသိ။

ထိုက်တန် ဒေါ်မာလာတင့်အနားသို့ ရောက်လာပြီး သူ့အစ်မကို အကဲခတ်ရင်း. . .

"မမ ဘာဖြစ်ချင်သလဲပြော၊ အားလုံးဖြစ်စေရမယ်။ ဟိုကောင်ကို သွားချောင်းရိုက်ရမလား"

"တော်စမ်း! နင်ကတော့လေ ဖားခုံညင်းလိုပဲ။ အသံမြည်တတ်ရုံပဲ။ ဘာမှလည်းအဖြစ်ရှိတာမဟုတ်ဘူး"

"သူ့ဘော်ဒီဂတ်ကြွေကျလည်း စွမ်းတာကိုး မမရဲ့။ ရှမ်းပြည်ကလာတော့ ပညာစုံတတ်တာပေါ့"

"တတ်တတ်ပါစေဦး။ နင်တို့ကိုလည်း ဖျင်းတယ်။ ဟိုတစ်နေ့မနက်က အပြတ်လုပ်နိုင်ဖို့ နေနေသာသာ နင့်လူတွေ ဖင်ပိတ်ပြေးရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ ငါးလည်း ထက်ထက်မြက်မြက်တွေ ငှားပါလား"

"အဲဒီကောင်မလေးက အောက်လမ်းတတ်တယ် မမရဲ့။ သူ့ကို ဘယ်လိုမှထိအောင်လုပ်လို့ မရဘူး"

"တော်စမ်း! နင်တို့လူတွေ ညံ့တာသာ ဝန်ခံ။ သူများကို အပွန်းတင်မနေနဲ့"

"ကဲ! အခုရော သူ့ကိုဆက်ပြီးလုပ်ကြရဦးမလား။ လုပ်ကြရင်ရော ဘာအကျိုးရှိမလဲ။ လက်လျှော့လိုက်ပါတော့ မမရာ။ ဟိုကောင်မလေးကလည်း ဘာမှအဖြစ်မရှိဘူး၊ ဆန်ကုန်မြေလေးမ"





"သူများတွေလိုက်ပြီး အပြစ်ပြောမနေနဲ့ နင်သာ ကောင်းအောင်နေ. . . နားစွင့်ထား။ ငါအချက်ပြတာနဲ့ အသင့်ရှိပစေ"

မောင်နှမတွေ ကောက်ကျစ်ယုတ်မာဖို့ တိုင်ပင်စဉ်းစားနေရင်း ညဥ့်နက်လာပြီမို့ တစ်ဖက်အိမ်မှာ လူမရှိတာ သတိရသွားကြသည်။

"ဟာ! ဟုတ်ပြီ၊ ပုံကြည့်ရတာ ဟိုကောင် ပြန်မအိပ်ဘူးထင်တယ်၊ အိမ်ထဲမှာ နေသီခ်နဲ့ ပန်းလေညင်းပဲရှိတယ်။ ခုည တို့ကြံစည်ရအောင်"

"ဘာလဲ. . . ဓားပြတိုက်မှာလား၊ လူသတ်မှာလား"

"ကြံ့သလိုပေါ့၊ နင့်လူတွေ လှမ်းခေါ်မလား၊ ဒါမှမဟုတ် နင်တို့ကူဝရီး လုပ်ရှားမလား"

"စုန်းမက စွမ်းတယ်၊ ကျွန်တော်တို့နှစ်ယောက်တည်းတော့ နိုင်မှာမဟုတ်ဘူး။ ကျွန်တော့်လူတွေ လှမ်းခေါ်လိုက်မယ်"

"ပိပိရိရိလည်းလုပ်နော်၊ တော်ကြာ ဖွတ်မ‌း ဓားမဆုံးနေမယ်"

"စိတ်ချပါ. . . ပိုင်ပါတယ်မမရယ်"

ထိုက်တန်လှုပ်ရှားလိုက်လျှင် ခဏချင်းပင် သူ့လူနှစ်ယောက် ရောက်လာလေ၏။ ထိုက်တန်နှင့်ဆိုတော့ သုံးယောက်ပေါ့။

စည်းခြားထားသည့်နံရံများမှာ သူတို့လုပ်ထားသည့်မလွယ်ပေါက်ရှိသည်မို့ ထိုအပေါက်မှပင် တစ်ယောက်စီ ဝင်သွားကြသည်။

အချိန်က ညဆယ့်နှစ်နာရီ၊ အမှောင်ဆုံးည၊ အမှောင်ဆုံးအချိန်။ ကဲ. . . ဘာတတ်နိုင်သေးလဲ နေသီခ်။ သူတို့ဘယ်မှာရှိမလဲဟု မျက်စိကစားရင်း သုံးယောက်သား အပေါ်ထပ်တစ်ခုလုံးကို တပ်ဖြန့်ပြီး ရှာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပြင်မှလာသည်မဟုတ်လို့ သူတို့ မည်သူ့ကိုမှမမှု။ အကြောင်းကြီးငယ်ရှိလျှင် တစ်ဖက်အိမ်ထဲ မလွယ်ပေါက်မှဝင်ပြေးရုံ။

ဝရန်တာမီးတွေ လင်းနေပေမယ့် အခန်းမီးတွေကိုတော့ မတွေ့ရ။ အခန်းတွေပိတ်ထားကြသည်လေ။ အပေါ်ထပ်မှာ လူနေသည့်အရိပ်အယောင်မရှိလျှင်. . .

သူတို့သုံးယောက် အောက်ထပ်သို့ ဖြည်းဖြည်းချင်း ဆင်းလာကြပြန်သည်။ တကယ်ကျ ဒီအိမ်ထဲမှာ သူတို့ကိုရုခံမယ့်သူဆိုလို့ ပန်းလေညင်းတစ်ယောက်သာ။ ဒါတောင် အဝိုက်မိသွားလျှင် ကိစ္စက ပြတ်ပြီးသား။

သုံးယောက်သား လှုခွဲပြီး ဟိုအခန်း ဒီအခန်းများသို့ လျှောက်ကြည့်နေကြစဉ် ထိုက်တန် သူ့မိတ်ဆွေကျော်ကြီး၏ အသံနက်ကြီးကို ကြားလိုက်ရသဖြင့် ကြက်သီးမွေးညင်း ထသွား၏။

"အား. . ."

"ဟာ! ဒီကောင် ဘာဖြစ်တာလဲ"

သူအသံကြားရာသို့ အပြေးသွားဖို့ပြင်စဉ် နောက်မှတစ်ယောက်ယောက် ကြည့်နေသလို ခံစားရသည်ကြောင့် လှည့်ကြည့်လိုက်လျှင်. . .

"အား. . ."

သူလည်း အသံနက်ကြီးနှင့်အော်မိပြီး ခေါင်းပေါ်သို့ တစ်စုံတစ်ခု ကျလာသလို ခံစားလိုက်ရ၏။

❖ ❖ ❖



### အခန်း (၂၁)

ထိုက်တန် သတိရလာတော့ နေသိခ်တို့အိမ်ဧည့်ခန်းထဲမှာ။ သူတို့သုံးယောက်ကို ကြိုးနှင့်တုပ်ထားပြီး သူတို့အနီးမှာ ခါးထောက်ရပ်နေသူမှာ နူးညံ့လှပသည့် ပန်းလေညင်း။ နောက် နေသိခ်က သူမအနီးရှိ ဆိုဖာမှာ ခပ်မိန့်မိန့်ကြီး ထိုင်နေသည်။

ထိုက်တန် သူ့လူနှစ်ယောက်ဖြစ်သည့် ကျော်ကြီးနှင့် ဇော်မိုးကို တီးတိုးမေးမိသည်။

"ဘယ်လိုဖြစ်ရတာလဲကွာ၊ ရှက်ဖို့တောင်ကောင်းတယ်။ ငါတို့တ ယောကျ်ားကြီးသုံးယောက်၊ မိန်းမတစ်ယောက်ကိုတောင် မနိုင်ဘူးဆိုတော့ လဲသေဖို့ကောင်းနေပြီ"

"သူက သရဲတွေမွေးထားတာကိုး ထိုက်တန်ရဲ့။ ငါဝင်တဲ့အခန်းထဲမှာ သရဲကြီး လျှာနီနီကြီးနဲ့၊ ငါ့လည်ပင်းကိုညှစ်တော့ ငါလန့်ပြီးအော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖော်မိုးကရော"

"ငါ့ကိုတော့ နောက်က တစ်ယောက်ယောက်တွန်းလှဲသလို ခံစားလိုက်ရပြီး သတိမေ့သွားတယ်၊ မင်းကရော"

"ငါလည်း သရဲရိုက်လိုက်တာပဲ၊ နေစမ်းပါဦး. . . နင်က သရဲဘယ်နှကောင်တောင် မွေးထားတာလဲ"

ထိုက်တန် မျက်မှောင်ကြုတ်ပြီး မကျေမနပ်နှင့် မေးနေစဉ် သူမတို့အကြောင်းကြားထားသဖြင့် ရဲအရာရှိများ ရောက်ရှိလာကြသည်။

"ကျွန်မတို့ကိုလာပြီး. . .လုယက်သတ်ဖြတ်ဖို့ ကြိုးစားတဲ့ သုံးယောက်ကို ဖမ်းမိထားပါတယ် ရဲအရာရှိကြီး"

"သူတို့က ဘယ်သူတွေလဲ"

"ဟိုဘက်က ဒေါ်မာလာတင့်ရဲ့မောင်နဲ့ အပေါင်းပါတွေပါ။ မျက်နှာဖုံးတွေစွပ်ပြီး ညလယ်ခေါင်ကြီး လက်နက်တွေနဲ့ ဝင်လာကြတာပါ"

ထိုက်တန် ဘယ်လိုဖြေရှင်းရမှန်းမသိ။ တစ်နွယ်ငင် တစ်စင်ပါ အမျိုးတော်စပ်ကြပေမယ့် သူတို့ကလည်း မသမာသောစိတ်ထားနှင့် ဝင်လာကြသည်မဟုတ်ပါလား။ သို့သော် ကိုယ်အပြစ်လွတ်အောင် လျှောက်လွှဲ လျှောက်လဲရ၏။

"ကျွန်တော်တို့ကို သူကပဲ သရဲတွေနဲ့ပေါင်းပြီး ရိုက်နက်ထားတာပါ။ ကျွန်တော်တို့မှာ ဒဏ်ရာတွေနဲ့ပါ ရဲအရာရှိကြီး။ ဟိုဘက်ခန်းက ကျွန်တော့်မမကို ခေါ်ပါရစေ"

"ခင်ဗျားစကားတွေ အဓိပ္ပာယ်မရှိဘူး၊. ဒီခေတ်ကြီးထဲ သရဲတစ္ဆေဆိုတာ လုံးဝမရှိဘူး"

"ဟာ! ရှိတယ် ဆရာ. . . ရှိတယ်။ ကျွန်တော်တို့ကို တစ်ကိုယ်





လုံး သွေးတွေရွှဲနေတဲ့သရဲကြီးက ရိုက်လိုက်တာ"

"တော်. . . တော်. . . ကဲ! ဒီသုံးယောက်ကို လက်ထိပ်ခတ်လိုက်"

သည်စဉ် တစ်ဖက်မှလည်း ဒေါ်မာလာတင့်တစ်ယောက် မီးခဲနင်းမိသလို ဆွေ့ဆွေ့ခုန်နေရ၏။ သူ့မောင်နှင့်အဖွဲ့ တော်တော်နှင့်ပြန်ရောက်မလာသလို၊ တစ်ဖက်အိမ်ထဲသို့ ရဲများဝင်သွားကြတာလည်း မြင်လိုက်ရသဖြင့် ဒေါ်မာလာတင့် ဟန်မဆောင်နိုင်တော့ပါ။

အောက်ထပ်သို့ပြေးဆင်းသွားပြီး တစ်ဖက်အိမ်ထဲသို့ အတင်းဝင်ရင်း ပန်းလေညှင်းကို လက်ညှိုးကြီးထိုးနေပုံက တဒင်္ဂရူးသွပ်သွားသည့်နှယ်။

"စုန်းမ. . . စုန်းမ ပြုစားလို့ ကျွန်မမောင်တွေ ဒီအိမ်ထဲဝင်ပြီး ဒီလိုတွေဖြစ်ရတာ။ အဲဒီစုန်းမမှာ သရဲတွေမွေးထားတယ်။ ဒီအိမ်ထဲကို ရှာကြည့်ပါ. . . ရှာကြည့်ပါ၊ သရဲတွေ တွေ့ရလိမ့်မယ်"

"တော်စမ်း! အဒေါ်ကြီး၊ ယုတ္တိမရှိတာတွေ လျှောက်ပြောမနေနဲ့။ ကဲ. . . သူတို့ကို တိုင်ချက်ဖွင့်ပါ"

ဒေါ်မာလာတင် အခြေအနေကိုသဘောပေါက်သွားပြီး စောစောကလို ရန်စွယ်တငေါ်ငေါ်မလုပ်နိုင်တော့ဘဲ နေသိမ်နှင့်ပန်းလေညှင်းကိုရော၊ ရဲအရာရှိများကိုပါ မျက်ရည်လည်ရွဲနှင့် တောင်းပန်ပေမယ့် မကောင်းသူတို့ရဲ့သွားရာလမ်းအတိုင်း ထိုက်တန်တို့သုံးယောက်ကို လက်ထိပ်တွေခတ်ပြီး ရဲဌာနသို့ ခေါ်ဆောင်သွားကြလေတော့သည်။

ညတွင်းချင်းပင် ရှေ့နေကြီးဆီသို့ပါ အကြောင်းကြားလိုက်ပြီး မနက်မှာ ဒေါ်မာလာတင့်တို့ သည်အိမ်မှဖယ်ပေးဖို့ပါ စီစဉ်လိုက်ကြသည်။ ဒေါ်မာလာတင့်တစ်ယောက် ကဲကဲမဆတ်နိုင်တော့ပါ။ သူတို့၏မကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ဗူးပေါ်သလို ပေါ်သွားခဲ့ပြီမို့ အိမ်ပေါ်မှဆင်းပေးဖို့ လက်ခံရတော့သည်။

လက်မခံပါလျှင် သူမပါ အချုပ်ခံရ၊ ထောင်ကျရပေတော့မည် မဟုတ်ပါလား။

✠ ✠ ✠



## အခန်း (၂၂)

စိုင်းဝဏ္ဏ တိတ်တဆိတ်ပြန်ရောက်လာတာ ဒေါ်ခင်မာလာတင့်တို့အိမ်သားတွေ မသိလိုက်ကြ။

အခြေအနေတွေက တအုံ့နွေးနွေး တထိတ်လန့်လန့်နှင့်နေရတာ စိုင်းဝဏ္ဏ မကြိုက်။ သူမရှိဘူးဆိုလျှင်ဖြင့် ရန်သူတွေ လှုပ်ရှားကြမှာမလွဲ။ ဒါကြောင့် အိမ်ထဲသို့ တိတ်တဆိတ်ပြန်ဝင်လာပြီး အင်္ကျီအနက်ကြီး၊ ဗိုက်မှာ နီနီရဲရဲတွေကပ်ပြီး သူ့ အခန်းတစ်ခုထဲမှ တိတ်တဆိတ်စောင့်ကြည့်နေခဲ့သည်။

သူထင်သည့်အတိုင်းပါပဲ။ ထိုက်တန်တို့ သုံးယောက် တစ်ဖက်အိမ်ထဲမှ တိတ်တဆိတ်ဝင်လာကြပြီး နေသိမ်ကို ဒုက္ခပေးဖို့ရောက်လာကြလျှင် စိုင်းဝဏ္ဏ ကျော်ကြီးဆိုသူကို အရင်လှမ်းထုတ်လိုက်ရင်း လည်ပင်းကိုညှစ်လိုက်၏။

နောက် လေဇါအဟုန်လို တစ်ယောက်ပြီးတစ်ယောက်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ တွန်းလှဲသွားလှဲ၊ ထိုက်တန်ကိုတော့ သူ့နောက်မှ လှမ်းအသံပေးလိုက်ပြီး လှည့်ကြည့်တာနှင့် ခပ်ဖွဖွရိုက်ထည့်လိုက်သည်။

လောဘသားတွေ၊ အကြောက်ကြီးနေပြီး အလိုလိုကပင် တုန်လှုပ်ချောက်ခြားနေကြသူတွေမို့ ပွဲက ကြာပင်မကြာလိုက်။ ရဲတွေရောက်လာတုန်း သူကတော့ ပုန်းနေလိုက်ပါသည်။ ဒါမှ ဒီအိမ်မှာ သရဲရှိသလိုလို၊ ဦးရဲခကပဲ မကျွတ်သလိုလို၊ ပန်းလေညှင်းကပဲ စုန်းတတ်သလိုလို၊ သူ့ရဲမွေးထားသလိုလို တွေးချင်ရာတွေးပြီး လုံခြုံမှုရှိနေလိမ့်မည်။

အဲဒီအကျိုးဆက်အဖြစ် ယခုအခါ ဒေါ်မာလာတင့်တို့အုပ်စုကြီး အိမ်ပေါ်မှဆင်းသွားကြပြီး တောရှင်းသွားပေပြီ။

စိုင်းဝဏ္ဏနှင့်ပန်းလေညှင်း တာဝန်ပေါ့သွားပြီပေါ့။ အိမ်အကူတစ်ယောက်လည်း ထပ်ရထားသဖြင့် လောလောဆယ် အဆင်ပြေနေသည်။ နေသိမ်အတွက် မျက်ကြည်လွှာကလည်း အဆင်ပြေတော့မည်။ ရှေ့အပတ်ထဲမှာ ဆေးစစ်ချက်တွေပြုလုပ်ပြီး ခွဲစိတ်မှုတွေပြုလုပ်တော့မည်။ နေသိမ်အတွက် ရှေ့ရေးက ပန်းခင်းလမ်း။

စိုင်းဝဏ္ဏခေါင်းခဲနေရသည်။ ပန်းလေညှင်းကို အာမခံပြီးခေါ်လာတာ သူ။ ယခုကျ သူ ကိုယ့်ဇာတ်ကိုယ်မနိုင်တော့။ အိမ်ကလည်း တကျိုကျိုလှမ်းခေါ်နေပေပြီ။ တစ်နေ့ တစ်နေ့ သူ့မိဘတွေက လှမ်းဆွလိုက်၊ လေညှင်းမိဘတွေက လှမ်းဆွလိုက်နှင့်။

သူ့သူငယ်ချင်း စိုင်းမြတ်ထန်ကလည်း သူ့ကို ဟိန်းလှပေါက်လှပြီ။

"မင်းပြောသွားတုန်းက တစ်လနော်၊ အခုတစ်လကို ခုနစ်ရက်စွန်းနေပြီ။ ပြန်မလာကြသေးဘူးလား။ ငါလိုက်လာရမှာလား။ မင်းကိုက





စတာနဲ့တွင်တယ်"

"မင်္ဂလာရက်က နီးနေပြီ၊ သတို့သမီးက ခုထိပြန်မရောက်သေးဘူး။ ငါ့ရင်ထဲလည်း ဝင်ကြည့်ပါဦး ဝဏ္ဏရယ်။ ဘာကိစ္စတွေ ဘယ်လောက်ပဲအရေးကြီးကြီး. . . မင်းတို့မောင်နှမ ပြန်လာခဲ့ပါတော့။ ငါလိုက်လာရမယ်ဆိုရင်လည်း လာမယ်။ မင်းတို့အားနာနေရင် ငါကိုယ်တိုင် လာပြောမယ်"

တစ်နေ့တစ်နေ့ သူ့မှာ ဖုန်းတွေပင် မကိုင်ရဲသလောက်။ ဒါကို မချောက မသိ။ သူ့မိဘတွေကလည်း ရာဇသံပေးလှပြီ။ စိုင်းဝဏ္ဏမှာ မိဘတွေကို ကြောက်ရသလို နှမငယ်ကိုလည်း အပြစ်မတင်ရက်။

နောက်ဆုံးကျ မည်သူမပြု မိမိမှုဆိုသလို သူစခဲ့တဲ့ဇာတ်လမ်းပါပဲ။ ယခုကျ သူ ကိုယ့်ဇာတ်ကိုယ်မနိုင်တော့ပေ။

နေသိမ်မှာ အန္တရာယ်တွေကင်းရှင်းသွားပေမယ့် ပန်းလေညှင်းက ပြန်မလိုက်နိုင်သေး။ ဒီနေ့လည်း မောင်နှမနှစ်ယောက် ထပ်ပြီးဆွေးနွေးရပေဦးမည်။

သူမရဲ့မင်္ဂလာရက်က ရက်ပိုင်းပဲလိုတော့သည်။ နေ့လယ်ဆယ့်တစ်နာရီလောက် နေသိမ် တစ်ရေးအိပ်တတ်ချိန်မှာ စိုင်းဝဏ္ဏ ပန်းလေညှင်းကို သွားခေါ်လိုက်၏။ မချောက နေသိမ်အခန်းထဲမှာ နေသိမ်မျက်နှာကို တစိမ့်စိမ့်ငေးကြည့်ရင်း မျက်ရည်တွေဝေ့လျက်။

"အဟမ်း. . . အဟမ်း"

"ဟင်! အစ်ကိုစိုင်း"

"အေး. . . နှင့်ကို ငါ ဒီနေ့တော့ အပြတ်ဆွေးနွေးတော့မယ်။ လာ. . . ဟိုဝရန်တာဘက် ခဏလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေညှင်း ထလိုက်လာခဲ့ရသည်ပါပဲ။ သူမ ကိုယ့်ဝမ်းနာ ကိုယ်သိပါသည်။ ဦးနေကို ဘယ်လောက်ပင် သံယောဇဉ်တင်းတင်း၊ သူမဘက်က မရှုနိုင် မရှိက်နိုင်။

နေသိခ်အခန်းနှင့်မလှမ်းမကမ်းရှိ ဝရန်တာမှာ မောင်နှမနှစ်ယောက် ထိုင်မိကြသည်နှင့် စိုင်းဝဏ္ဏ ဒေါသတကြီးပြောတော့သည်။

"မိလေညှင်း. . . နင်လုပ်ပုံတွေ မဟုတ်တော့ဘူးနော်။ ကိုအောင်ဟိန်းရဲ့လက်ထဲကို ပြန်လွှဲခဲ့လို့ ရနေတဲ့ကိစ္စ၊ နင်ဘာတွေနောက်ဆံတင်းနေပြန်တာလဲ။ ဘာလဲ. . . နင် သူ့ကိုကြိုက်နေပြီလား။ လေညှင်းမနော်၊ နင် မိဘတွေမျက်နှာ အထူးသဖြင့် ငါ့မျက်နှာကို အိုးမည်းသုတ်ဖို့ မကြံစားနဲ့။ မိဘမောင်ဘွားတွေ အရှက်ရအောင်မလုပ်နဲ့။ အရိုးတို့က အရှက်ကြီးတယ်၊ နင့်ကို သေခန်းရှင်ခန်းဖြတ်ကြမှာ"

"လေညှင်း သိပါတယ်အစ်ကိုရယ်၊ ဦးနေကို ဘယ်သူ့လက်မှာမှ စိတ်မချလို့ပါ။ သူမျက်စိပြန်မြင်သွားမှ ကျွန်မ စိတ်ချလက်ချကျောနိုင်းရက်မှာ"

ပြောရင်းမှပင် မျက်ရည်တွေ မနိုင်ရင်ကာ ကျလာသည့်နှမငယ်အား စိုင်းဝဏ္ဏ ကရုဏာဒေါသောတွေ ထွက်ရပါဘိ။

"အံမာ! နင်ကရော သူ့အမေမို့လား။ နင့်ကို ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်။ သိလျက်နဲ့ ဝိပတ်ကြမ္မာငင်တယ်ဆိုတာ နင်ပဲ။ ကိုယ့်မှာ အစကတည်းက လက်ထပ်ရမယ့်သူရှိနေလျက်နဲ့ သူ့ကိုသွားပြီး သံယောဇဉ်တွယ်ရသေးတယ်။ ဘာလဲ. . . နင်က သူချမ်းသာလို့ မက်နေတာလား"

မခံချင်အောင် ဆွပေးလည်း မချောက မျက်ရည်တွေသာ သုတ်မနိုင် စီးမနိုင်။





"သံယောဇဉ်ဆိုတာ ထိန်းချုပ်လို့မှမရဘဲ အစ်ကိုရယ်။ အစ်ကို့ကို ကျွန်မကတိပေးပါတယ်။ ဦးနေ မျက်စိပြန်မြင်တာနဲ့တစ်ပြိုက်နက် ကျွန်မ ပြန်လိုက်မှာပါ"

"ဟဲ့! သူ့မျက်စိခွဲပြီး တကယ်လို့ ပြန်မမြင်ရင် နင်က ပြန်မလိုက်တော့ဘူးလား"

ပန်းလေညှင်း အသံမထွက်အောင် အငိုတိတ်အောင် သူမရဲ့ ပါးစပ်လှလှလေးကို ပိတ်ရင်းရှိုက်ရင်း. . .

"အဲလိုမပြောပါနဲ့ အစ်ကိုရယ်၊ ဦးနေ မျက်စိပြန်မြင်ရမှာပါ။ သူ့ကိုစိတ်မချနိုင်လွန်းလို့ပါ။ သူ မျက်စိပြန်မြင်ရင် ခွဲပြီးရင် ကျွန်မ ပြန်လိုက်ပါ့မယ်"

"တောက်! ဒီကောင်မလေး ကတ်သီးကတ်ဖဲ့လုပ်နေပြီ။ ကဲ! ဒါဆိုလည်း နင့်စကားအတိုင်း ကတိတည်ပစေ။ နေသိခ် မျက်စိကောင်းသွားတာနဲ့ ချက်ချင်းပြန်ရမယ်။ ဒါပေမဲ့ သူ နင့်ကိုမြင်လို့မဖြစ်ဘူးနော်။ သူ နင့်ရုပ်ကို မမြင်စေရဘူး"

"ရက်စက်လိုက်တာ အစ်ကိုရယ်"

"မလိုချင်ဘူး။ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာနိုင်ရက်တွေဖြစ်ပြီး သံသရာတွေရှည်မှာ ငါမလိုချင်ဘူး။ အေး. . . နင့်စိတ်ထဲမှာ ငါ့ကိုရက်စက်လိုက်တာလို့ ထင်ကောင်းထင်မယ်။ ဒါပေမဲ့ နင် တွေးကြည့်လိုက်၊ သူ့ကို ငါ အန္တရာယ်ကင်း ဘေးကင်းအောင် စောင့်ရှောက်ခဲ့တယ်။ အဲဒီ့အဖိုးအခအတွက် နင့်ကို ထပ်ပေးရမှာလား။ ငါတို့တစ်မျိုးလုံး တစ်ဆွေလုံး အရှက်တကွဲ အကျိုးနည်းဖြစ်ရမှာလား။ ဟိုမှာ အားလုံးစီစဉ်ပြီးနေပြီနော် မိလေညှင်း။ ဒါပဲ. . . နင် ငါ့အရှက် ငါ့သိက္ခာကို မချပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဒုက္ခရောက်အောင် မလုပ်နဲ့''

နောက်ဆုံးစကားပြောပြီး စိုင်းဝဏ္ဏ အပြင်သို့ထွက်သွားခဲ့လျှင် ပန်းလေညင်းတစ်ယောက် ဝရန်တာမှာပင် ခွန်အားမဲ့စွာ ကျန်ခဲ့သည်။ ဘယ်လိုအဖြစ်ဆိုးတွေ ဖန်လာပါလိမ့် ကံကြမ္မာရယ်။ သူမ ဦးနေကို ဘာဖြစ်လို့ ချစ်သွားမိတာလဲ။ အသက်ကိုတောင် နှင်းအပ်ဝံ့သည်အထိ ချစ်မိတာ ဘာဖြစ်သွားတာလဲ။

မျက်ရည်များနှင့် စိတ်လွတ်ကိုယ်လွတ် ရှိုက်ငိုနေမိစဉ် နောက်ဘက်မှ ပွေ့ချီလိုက်မှုကြောင့် သူမလန့်သွားရပါသည်။

''ဟင်! ဦးနေ''

သူ ကိုယ့်အိမ်မို့ ဒီနေရာထိ မှန်းလာခဲ့မှာပေါ့။

''ဘာဖြစ်လို့လဲကွာ၊ ကိုစိုင်း ဆူလို့လား''

ပန်းလေညင်း ဘာမှမပြောချင်တော့ပါ။ သူ့ကို ဘာမှရှင်းမပြချင်တော့။ ကိုယ့်ဘာသာပဲ ကြိတ်မှိတ်ခံစားပါတော့မည်။ သူ့ကို အပူတွေ မကူးစက်စေချင်ပါ။

''မဟုတ်ပါဘူးရှင်၊ မိဘတွေကိုလွမ်းလို့ပါ။ ဦးနေလည်း မမြင်မစမ်းနဲ့ လျှောက်မသွားပါနဲ့နော်။ တော်ကြာ ဒုက္ခတွေရောက်နေမယ်''

''ဒုက္ခ. . . ဒုက္ခဆိုတာ ဘာလဲ၊ ကိုယ့်အနားမှာ လေညင်းသာ ရှိနေမယ်ဆိုရင် အရာရာကို ရင်ဆိုင်ရဲပါတယ်။ လေညင်းသာ သတ္တိမို့ ဖြစ်နေတာ''

''ရှင်! ဦးနေ ဘာကိုဆိုလိုတာလဲ''

သူက သူ့ရင်ခွင်ထဲမှာ ပွေ့ထားရာမှ လေညင်းကို လက်ကဆွဲပြီး သူ့အခန်းဘက်သို့ ဆွဲခေါ်လာခဲ့သည်။ သည်တော့လည်း လေညင်းပဲ





သူ့ကို ဦးဆောင်ရတာပေါ့။

သူ့အခန်းထဲမှ ဆက်တီရှည်မှာ နှစ်ယောက်အတူထိုင်ရသည်။ သူက အသေအချာဆွေးနွေးချင်သည့်ပုံ။

''ကိုယ် အားလုံးကြားပါတယ် လေညင်းရယ်၊ အခု ကိုစိုင်းကတည်း လေညင်းကို အတင်းပြန်ခေါ်နေတာ၊ ဘာလဲ. . . အဲဒီလူက လေညင်းအတွက် ကမ္ဘာပေါ်မှာ အသင့်တော်ဆုံးလူလား၊ အကောင်းဆုံးလူသား၊ သူ့ကိုမရရင် တစ်ခွေလုံး တစ်မျိုးလုံး ဒုက္ခရောက်ကုန်ကြမှာလား။ ကိုယ့်ကို မျက်စိမမြင်တဲ့အရူးဆိုပြီး မင်း. . .''

''အို. . . ဦးနေရှယ်၊ ဒီလိုမပြောပါနဲ့ရှင်''

သူ့အသွင်က တကယ့်ကို လှိုင်းထန်အောင် ခံစားနေရရှာတော့ ပန်းလေညင်း အလွန်ကြင်နာသနားမိပါသည်။ နေသိခ်ကိုဖက်ပြီး သူ့လှိုင်းထန်နေသည့်ရင်ဘတ်မှာ ပါးနှင့်ကပ်ထားမိသည်။

ကမူးရှူးထိုးပြန်ဖက်ထားသည့် သူ့အသွင်က ခံစားမှုတွေ အမြင့်ဆုံးရောက်နေသည်ကြောင့် ရူးတော့မတတ်။

''မင်းကို ငါအရမ်းချစ်တယ် ပန်းလေညင်း၊ ငါ့မျက်စိပြန်ကောင်းသွားတာနဲ့ ငါ့ကို မင်းထားခဲ့မှာ။ ငါ့ကိုမျက်စိမမြင်လို့သာ မင်း နောက်ဆံတင်းနေတာ။ ငါ မင်းကိုမခွဲနိုင်ဘူး၊ မင်း ငါ့ကိုထားခဲ့မှာ မခံစားနိုင်ဘူး။ မျက်စိတွေ တစ်သက်လုံးမမြင်ရရင် နေပါစေတော့၊ ငါ မကုတော့ဘူး။ ငါ မင်းကိုပဲ အလိုရှိပါတယ် လေညင်းရယ်။ ငါ့ကို မထားခဲ့ပါနဲ့နော်။ ငါ့ကို ချန်မထားခဲ့ပါနဲ့''

ဗလုံးဗထွေးပြောရင်း လေညင်းကိုပွေ့ဖက်နမ်းရှုံ့နေပုံမှာ သူရူးတစ်ယောက်နှယ်။ သူဟာ အချစ်ကြောင့် ရူးသွပ်သွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေ သတိထားပါရှင်၊ ဦးနေ ကျွန်မရုပ်ကို မမြင်ဖူးသေးပါဘူး"

"ငါ့ကိုမထားခဲ့ပါနဲ့ အချစ်ရယ်၊ ငါ့ကိုမထားခဲ့ပါနဲ့နော်"

နှုတ်မှတဖွဖွရွတ်ဆိုရင်း သူ့အသွင်က မုန်တိုင်းတစ်ခုလို ပြင်းထန်လာလျှင် ပန်းလေညင်း သူ့ရင်ဘတ်ကြီးကို ထုရိုက်နေမိသည်။

"ဦးနေ"

"ဟင့်အင်း. . . မင်း ဟိုကောင့်ကိုလက်မထပ်ရဘူး။ ငါ့ကိုပဲ လက်ထပ်ရမယ်။ ငါ့အနားမှာပဲ တစ်သက်လုံးနေရမယ်"

ဒါဟာ ချစ်သူရဲ့အမိန့်လား။ ချစ်သူရဲ့ဥပဒေလား။ ချစ်သူ့အမိန့် ချစ်သူ့ဥပဒေမှာ အပျိုစင်မလေးခမျာ မလူးလာ မလွန့်သာ။

သူ့ရင်ခွင်ထဲမှာ ရှိုက်ငို ဖိုလှိုက်ရင်း. . .

သူ့အိပ်ခန်းကြမ်းပြင်မှာ ကြွေလွင့်သွားရရှာသည့် ပန်းကလေးဟာ သူ့ကိုသိပ်ချစ်မိသည့် ပန်းလေညင်းဆိုသည့် မိန်းမပိုက်လေးသာ။

❖ ❖ ❖



## အခန်း (၂၃)

သည်နေ့ နေသိမ်ကို မျက်ကြည်လွှာအစားထိုး ကုသမည့်နေ့။ သူ့အနားမှာ အောင်ဟိန်းထက်၊ ရွှေနေကြီးဦးဝင်းထွဋ်နှင့် သူ့မိတ်ဆွေအပေါင်းအသင်းများရှိသည်။ ထို့အတူ စိုင်းဝဏ္ဏနှင့်ပန်းလေညင်းလည်း ရှိနေရသည်။

နေသိမ်ကို ကတိတွေအထပ်ထပ်ပေးကာ လေညင်း မျက်စိကုသစေခဲ့ရပါသည်။ ခွဲခန်းထဲမဝင်ခင်တစ်လျှောက်လုံးလည်း နေသိမ် လေညင်းရဲ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားခဲ့သည်။

"မင်း ကိုယ့်အနားမှာရှိနေမှဖြစ်မယ်၊ မင်းရှိနေမှ ကိုယ် အကုခံမယ်"

သူ့အမြဲပြောနေတတ်သည့်စကား၊ သူတဖွဖွပြောနေတတ်သည့်စကား။ ခွဲခန်းထဲဝင်သွားတာတောင် စိတ်က မဖြောင့်သည့်အဖြစ်။

"ကိုစိုင်း. . . လေညင်းကိုပြန်ခေါ်မသွားပါနဲ့နော်။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ချစ်သူတွေဖြစ်နေကြပါပြီ။ ကျွန်တော် လေညင်းကို မိသားဖသားပီပီ မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်ယူမှာပါ''–

အထပ်ထပ်ပြောရင်း နေသိမ်ခွဲစိတ်ခန်းထဲသို့ဝင်သွားလျှင်တော့ အခန်းပြင်မှ ပန်းလေညင်းမှာလည်း မျက်လုံးတွေ ကျိန်းစပ်နိုရဲမတတ်။ မငိုပေမယ့် အလိုအလျောက် လျှံကျနေသည့်သူမရဲ့ မျက်ဝန်းကမ်းပါးဟာ စမ်းချောင်းတစ်ခုနဲ့များ ဆက်စပ်နေသလား။

တကယ်တော့ သူမဘဝက သေမိန့်ကျခံပြီးသည့် တရားခံတစ်ယောက်ပမာ။ ဘယ်လိုမှပြင်ဆင်ခွင့်မရတော့ပါ။ သည်ကြားထဲ သူမကြီးပြင်းခဲ့ရသည့်လူနေမှုဘဝက မိဘမောင်ဘွားရဲ့စကားကို တစ်သွေး တစ်သံတစ်မိန့်အဖြစ် နာခံရသည့်ဘဝ။

သည်ကြားထဲမှ သူမအဖြစ်က သိလျက်နှင့် ဝိပါတ်ကြမ္မာင်လေသလား။ ဦးနေသိမ်ကို အသက်မက ချစ်မြတ်နိုးမိပြီး ယခုလို တစ်သက်လုံး ပူဆွေးသောကရောက်ကာ သောကတွေ ပင်လယ်ဝေရမည့်အဖြစ်။

ပန်းလေညင်း စိတ်ထိခိုက်ကြေကွဲရဆုံးမှာ ကိုယ်ခံစားရသည်ထက် ဦးနေခံစားရတာကို သနားကြင်နာလွန်းလို့ပါ။

ခွဲခန်းထဲဝင်သည်အထိ သူမရဲ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ပြီး တဖွဖွတောင်းပန်၊ တဖွဖွတောင်းဆိုသွားခဲ့ရှာသည့် ဦးနေ။

သူမ ဘယ်လိုနှလုံးသားမျိုးနဲ့ ချစ်သူကို ထားခဲ့ရမှာလဲ။ သို့သော် သူမမှာ သေမိန့် ချမှတ်ပြီးသား။ အစ်ကိုစိုင်းဝဏ္ဏက အထုပ်အပိုးပြင်ပြီး၊ လေယာဉ်လက်မှတ်ယူပြီးသား။ ခွဲခန်းရှေ့မှာ ကားကလည်း အဆင်သင့်။

''နေသိမ် ခွဲခန်းထဲဝင်သွားတာနဲ့ နင်လိုက်ခဲ့ရမယ်။ ငါတို့ဘက်က သူ့အတွက်ပေးဆပ်ခဲ့တာတွေ များပါပြီ၊ တော်လောက်ပါပြီဟာ။ သူ့





အသက် သူ့စည်းစိမ်အတွက် ငါတို့မောင်နှမနှစ်ယောက် ကာကွယ်စောင့်ရှောက်ပေးခဲ့ပါပြီ။ ဒီ့ထက်ပိုပြီး မပေးဆပ်ပါရစေနဲ့တော့။ နင်သာ ပြန်မလိုက်ဘူးဆိုရင် ငါ့ဂုဏ် ငါ့သိက္ခာ ငါ့မျက်နှာ ဘယ်သွားထားရမလဲ''

''လေညင်းကို သတ်သာသတ်ပစ်လိုက်ပါတော့ အစ်ကိုရယ်''

ပန်းလေညင်း မျက်ရည်တွေနှင့် တောင်းပန်လျှင် စိုင်းဝဏ္ဏ ခေါင်းကိုဖြည်းညင်းစွာခါရင်း. . .

''နင့်ကို ငါမသတ်ဘူး။ ငါ့ကိုသာ နင်သတ်လိုက်ပါ ပန်းလေညင်း။ နင်လုပ်ချင်တာလုပ်ရက်ရင် လုပ်ပါ၊ နင်စိတ်ချမ်းသာမယ်ထင်ရင် လုပ်ချင်တာလုပ်ပါ။ ဟိုမှာ အရှက်တကွဲအကျိုးနည်းဖြစ်ရမယ့် နင့်မိဘမျက်နှာကိုလည်း မထောက်ပါနဲ့။ နင့်ကို အာမခံပြီးခေါ်လာခဲ့တဲ့ ငါ့မျက်နှာကိုလည်း မထောက်ပါနဲ့။ ငါကတော့ နင်မလိုက်လည်း ငါ့နေရပ်ကို ငါပြန်တော့မယ်။ ငါ့ကို နင့်မိဘတွေရော စိုင်းမြတ်ထန်ရော ရိုက်ချင်ရိုက်၊ သတ်ချင်သတ်. . . ငါခံလိုက်ပါ့မယ်''

မျက်ရည်မကျအောင် အံကိုတင်းတင်းကြိတ်ပြီး အက်ကွဲသောအသံနှင့် ညည်းတွားနေသည့်အစ်ကို့မျက်နှာကို ပန်းလေညင်း ဘယ်လိုဖင်ခုထိုင်ရက်မှာလဲ။

နောက်. . . စိတ်အင်မတန်ကြီးသည့် အဖ၊ အရမ်းဝမ်းနည်းကြေကွဲတတ်သည့် အမိ။ သူ့အပေါ် အစ်ကိုရင်းတစ်ယောက်လို အမြဲကောင်းခဲ့သည့် အစ်ကိုစိုင်းဝဏ္ဏ။

အဖြူရောင်တွေပေမယ့် ကြိုးသုံးချောင်းပူးလိုက်သည့်အခါ ပန်းလေညင်းခမျာ မရုန်းနိုင် မကယ်နိုင်။ ချစ်သူကိုလည်း မထားခဲ့နိုင်၊ မိဘမောင်ဘွားတွေကိုလည်း အရှက်တကွဲ အကျိုးနည်းနှင့် လောကကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမဖော်ဝံ့မဖြစ်စေချင်။

လည်ကိုတင်းတင်းရစ်ထားသည့် ဆန့်ကျင်ဘက် သံယောဇဉ်ကြိုးများကြောင့် ပန်းလေညင်း အသက်ရှူကျပ်လှပါပြီ။ အလွမ်းနွံမှာ ကူးခတ်နစ်ကျွံရတာလည်း မောပန်းလှပါပြီ။

ခွဲခန်းထဲသို့ဝင်သွားသည့်ချစ်သူကို မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းများဖြင့်ကြည့်ရင်း ပန်းလေညင်း ရှိုက်ရှိုက်ငိုရသည်... ခွဲစွာရခက်နေစဉ် စိုင်းဝဏ္ဏက အောင်ဟိန်းထက်ကို ကတိတွေတောင်းနေခဲ့သည်။

"ကိုအောင်ဟိန်း အကူအညီတောင်းတဲ့အတိုင်း ကျွန်တော်တို့ မောင်နှမ စောင့်ရှောက်ပေးဆပ်ခဲ့ပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ နေသိမ်မေးရင် ဘာမှပြောမပြလိုက်ပါနဲ့။ ကျွန်တော်တို့နေရပ်ကို လုံးဝမပြောနဲ့၊ မသိဘူးပဲပြောပါ"

"ကိုစိုင်းတို့ တောင်ကြီးကဆိုတာ သူသိနေတာပဲဗျာ"

"တောင်ကြီးမြို့က အကျယ်ကြီးပါ၊ ခင်ဗျားသာ နှုတ်လုံမယ်ဆိုရင် သူရှာလို့မတွေ့နိုင်ပါဘူး။ သူလည်း မျက်စိပြန်မြင်မှာ၊ သူ့ဘဝသူ လျှောက်လှမ်းနိုင်မှာပဲဗျာ။ ကျွန်တော်တို့ဘက်ကို ပြည့်ဖုံးကားချပေးလိုက်ပါတော့"

အောင်ဟိန်းထက် သက်ပြင်းလေးလေးကြီးချရင်း နေသိမ်အတွက် အယူခံဝင်ကြည့်ရသည်။

"ခင်ဗျားတို့ကျေးဇူးတွေက သူ့အပေါ် အများကြီးပါဗျာ။ သူ ဆက်သွယ်ချင် ကျေးဇူးဆပ်ချင်မှာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့အခြေအနေက လက်ခံလို့မရတဲ့အတွက် ခြေရာဖျောက်သွားရတာပါ။ ခင်ဗျား နားလည်





ပေးလိုက်ပါ။ ကဲ. . . သွားပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

အောင်ဟိန်းထက်ကိုနှုတ်ဆက်ပြီး စိုင်းဝဏ္ဏ မျက်ရည်သွင်သွင်စီးကျနေသည့်နှမကိုခေါ်ရင်း ကားပေါ်သို့ တက်သွားတော့သည်။

တက္ကစီကားလေး မင်္ဂလာဒုံလေဆိပ်သို့မောင်းနှင်နေချိန်မှာ နေသိမ်ကတော့ ခွဲ စိတ်ခန်းထဲမှာ မျက်လုံးခွဲစိတ်ခံနေရပါသည်။

အောင်ဟိန်းထက် နေသိမ် ဆေးရုံမှာပင် နှစ်ရက်လောက်နေရမည်။ ပတ်တီးဖြည်မှ အိမ်ပြန်ရမည်။ သူ့အတွက် နာရီငှားထားပြီးသား၊ အခန်းယူပြီးသား။

နာရီကိုပဲ ပန်းလေညင်း အယောင်ဆောင်နိုင်းထားရမည်လား။ တကယ်လည်း နာရီ မေသရဖီဟာ ပန်းလေညင်းအရွယ်၊ အရပ်အမောင်းနှင့်ရုပ်ကလည်း ခပ်ဆင်ဆင်။ အသံကလည်း ထူးမခြားနား။ သူ့လိုဘေးလူအမြင်မှာတော့ အတူတူလိုလိုဘာလိုလို။

"အဲ. . . ဟုတ်ပြီ"

နေသိမ်လည်း စိတ်ချမ်းသာအောင်၊ စိုင်းဝဏ္ဏတို့မောင်နှမလည်း အဆင်ပြေအောင် သူ ထိုးဇာတ်ခင်းရမည်။ နေသိမ် ခွဲခန်းထဲမှာရှိနေတုန်း မေသရဖီကို သူအခြေအနေတွေကို အတိုချုံးပြီး ရှင်းပြရသည်။

"ကျေးဇူးပြုပြီး ဆရာမက ပန်းလေညင်းယောင်ဆောင်ပေးပါဗျာ။ တစ်သက်လုံးအတွက် မဟုတ်ပါဘူး၊ တစ်ပတ် တစ်လ စသည်ဖြင့်ပေါ့ဗျာ"

"ဟာ. . . မလွယ်ဘူးနော်၊ ရှင့်လူက ပန်းလေညင်းကို အသေစွဲလန်းနေတာ။ ကျွန်မ သူ့ရည်းစားမဟုတ်တာ သူသိသွားမှာပေါ့။ ပြီး မလွယ်ပါဘူး. . . တော်ကြာ ကျွန်မကို ဖက်လိုက် လျက်လိုက်တွေ့သိုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ။ မဖြစ်ဘူး. . . မဖြစ်ဘူး''

''ခဏလေးပါ ဆရာမရယ်၊ သူ့မျက်စိမဖြည်ခင်လေးဖြစ်ဖြစ် တစ်ရက်နှစ်ရက်ဖြစ်ဖြစ်ပေါ့ဗျာ။ ဒါမှ သူစိတ်ချမ်းသာမှာ။ အဲဒီအတွက် ဆရာမကို ကျွန်တော် မုန့်ဖိုးပေးမှာပေါ့''

နောက်ဆုံး မေသရမီ နေသိမ်ကိုသနားသဖြင့် အင်တင်တင်နှင့်ပင် လက်ခံလိုက်ရလေသည်။



## အခန်း (၂၄)

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဘဝဟာ ရစရာမရှိအောင် စုတ်ပြတ်သတ်သွားရပါလား။

ပန်းလေညှင်းဆိုတာ တစ်ခါက မိဘနှစ်ပါးရဲ့၊ မောင်ဘွားတွေရဲ့ အလိမ္မာတုံးလေး။ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ပွဲလယ်တင့်ခဲ့ရသူလေး။

ယခုကျတော့ ပန်းလေညှင်းကြောင့် မိဘတွေ မျက်နှာပျက်ရ၊ အရှက်တကွဲ အကျိုးနည်းတွေဖြစ်ရ၊ သူမကိုယ်တိုင်လည်း အလွှမ်းနွံထဲမှာ နစ်ကျွံပြီး လူလုံးမလှဖြစ်ခဲ့ရပါပြီ။

အစ်ကိုစိုင်းနှင့်အတူ တောင်ကြီးသို့ပြန်လာခဲ့ပေမယ့်၊ တောင်ကြီးမှာ မိဘဆွေမျိုးအသိုင်းအဝိုင်းတွေက သူမအတွက် မင်္ဂလာပွဲကျင်းပဖို့ ပြင်ဆင်လုပ်ကိုင်နေကြသည့်အခါ. . .

ပန်းလေညှင်း မခံစားနိုင်တော့ပါ။ ချစ်သောသူကို အရှင်လတ်လတ်ခွဲချန်ထားခဲ့ရသည့်အပြင်၊ မချစ်မနှစ်သက်သောသူနှင့်လည်း မပေါင်းဖော်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူမဟာ အပျိုစင်လေးမှမဟုတ်တော့ဘဲ။ ချစ်သူရဲ့ လက်ထဲမှာ ပန်းဖူးလည်းကြွေ၊ ဆံမြိတ်လည်း ပြေခဲ့ရသူ။

ချစ်သူအပေါ်မှာလည်း သစ္စာမပျက်ချင်။ ထို့အတူ ကိုယ်လက်ထပ်ရမည့်စိုင်းမြတ်ထန်နှင့်သူ နှစ်ယောက်ချင်းတွေ့ခွင့်တောင်းပြီး အခြေအနေတွေကို ရှင်းပြလိုက်သည်။

မင်္ဂလာလက်ထပ်ပွဲ ပျက်သွားခြင်းနှင့်အတူ ဂယက်တွေ အမျိုးမျိုးရိုက်ခတ်မှုကြောင့် ပန်းလေညင်း ကိုယ့်မိုက်ပြစ် ကိုယ်ခါးစည်းခံခဲ့ပေမယ့် မိဘမောင်ဘွားတွေ အရှက်ရတာကိုတော့ သူမ ချေဖျက်မပေးနိုင်ခဲ့ပါ။

အားလုံးရဲ့အပြစ်တင် ကြိမ်းမောင်းမှုဒဏ်တွေကိုလည်း မခံနိုင်တော့ပြီမို့ ပန်းလေညင်း ဟိုပုံးမြို့နယ်ထဲရှိ သူငယ်ချင်းမရဲ့ ပလောင်ရွာလေးမှာ သွားပြီးခိုအောင်းနေခဲ့ပါသည်။

ပလောင်ရွာလေးမှာ လက်ဖက်ခူးရင်း သစ်သီးခူးရင်း စိတ်ရဲ့ငြိမ်းချမ်းရာ ဖွေရှာခဲ့ပေမယ့် လေညင်း မပျော်နိုင်ခဲ့ပါ။ အလွမ်းနှံ့ထဲမှာ မလှူးသာ မလွန့်သာ။

ချစ်သူ ဘယ်လိုများနေရှာမလဲ။ အေးလေ. . . ကိုအောင်ဟိန်းထက်တစ်ယောက်လုံး ရှိနေသားပဲ။ သူမှမဆက်သွယ်ခဲ့တာ။ ခုလောက်ဆို မျက်စိပြန်မြင်ပြီး သူ့ဘဝ သူ့လုပ်ငန်းတွေထဲမှာ အဆင်ပြေချောမွေ့နေမှာပါ။

နေသိမ်ထဲမှ ခွဲခွာလာခဲ့တာ တစ်လကျော်ပြီမို့ ယခု သူမမှာ သူနှင့်ကိုယ်ဝန်ရနေခဲ့တာ သူကတော့ သိမည်မထင်။ သူပျော်နေမှာပါလေ။ ပန်းလေညင်းမှာတော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာပင် မျက်နှာမပြရဲ





တော့ပြီမို့ ပလောင်ရွာလေးမှာ လာရောက်ခိုအောင်းနေရရှာပေပြီ။ ရွာမှာ ဆရာတစ်ယောက်တည်းမို့ သူမလည်း စေတနာလုပ်အားပေးဆရာမလေး ဝင်လုပ်ရင်း ကိုယ့်ဘဝကိုယ် မေ့ပျောက်ဖို့ကြိုးစားနေရသည်။

နေ့ဘက်မှာ မေ့မေ့ပျောက်ပျောက်ရှိသလိုရှိပေမယ့် ညဘက်မှာတော့ ပန်းလေညင်း ချစ်သူကို တမ်းတလွမ်းဆွတ်ရပါသည်။

ဦးနေရယ်. . . အိုင်ဝေ့တို့ ခြေဆေးတာလား။ တစ်ခြံကွယ်လို့ တစ်မယ်မေ့သွားတာလား. . .

ခုလောက်ဆို ခင်ပိုးဝါနဲ့လက်ထပ်ပြီးပြီလား. . .

လေညင်းတို့ဆီ ဘာလို့မဆက်သွယ်တာလဲ. . .

တစ်ယောက်နဲ့တစ်ယောက် အသက်ကိုနှင်းပြီး ချစ်ခဲ့ကြတာလည်း ယခုတော့ အိပ်မက်သဖွယ်။

သူမမှာ ဦးနေနှင့်ကိုယ်ဝန်ရခဲ့သည်ဆိုတာရော သူယုံကြည်ပါ့မလား။ တစ်လကျော်တာတောင် အဆက်အသွယ်မလုပ်လာသည့်ချစ်သူဟာ သူ့ဘဝထဲမှာ ပျော်ရွှင်ရယ်မောနေမှာပေါ့။ သို့သော် လေညင်း ချစ်သူကို နာကြည်းလို့မရပါ။

သူ့အလိုအပ်ဆုံးအချိန်မှာ သူ့ကိုထားခဲ့ရတာ ပန်းလေညင်း ဘယ်လိုမှ ဖြေလို့မပြေ။ ချစ်သူနှင့် မိဘမောင်ဘွားယှဉ်လာသည့်အခါ မိဘမောင်ဘွားဘက်သို့ အလေးတင်းမိခဲ့သည့် သူမရဲ့အဖြစ်။ ချစ်သူ စိတ်နာကြည်းနေမှာပါပဲ။

သူမရဲ့လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း၊ သူမရဲ့နာမည်ကို တဖွဖွရေရွတ်တမ်းတရင်း ခွဲခန်းထဲသို့ လိုက်ပါသွားရရှာသည့်ချစ်သူ။

"လေညင်း. . . ကိုယ့်ကိုပစ်မထားခဲ့ပါနဲ့နော်၊ ကိုယ့်ကိုအမြင်



www.burmeseclassic.com

www.burmeseclassic.com



က စောင့်နေနော်''

တဖွဖွပြောရင်း၊ တဖွဖွတမ်းတရင်း. . .

ကိုယ်မရှိရင် မဖြစ်ပါဘူးလို့ တဖွဖွတောင်းဆိုခဲ့သည့်ချစ်သူအား သူမ မစောင့်ဘဲ ပစ်ထားခဲ့ရသည်။ သူမဟာ ကမ္ဘာပေါ်မှာ ရှိသမျှ ဒုက္ခအားလုံးနှင့် ထိုက်တန်သူ။

ခံစမ်း! ဒီဒုက္ခတွေအားလုံး၊ ဒီအလွမ်းတွေအားလုံးကို နင် ရင်စည်းခါးစည်းပြီး ခံလိုက်။

ယခုတော့ ချစ်သူကလည်း အထင်လွဲစိတ်နာ. . .

မိဘမောင်ဘွားတွေကလည်း အထင်လွဲစိတ်နာ. . .

ကမ္ဘာကြီးရဲ့အမှောင်ထုထဲမှာ ပန်းလေညင်းဆိုသည့် အမိုက်မတစ်ယောက်တည်း ကူကယ်ရာမဲ့။

မျက်ရည်များနှင့် ရှိုက်ညည်းရင်း ချစ်သူကိုရှာဖွေ တမ်းတမိသည့် အိပ်မက်ဆိုးတို့အလယ်မှာ သူမ တစ်သက်ပန်လုံး နေသွားရတော့မည်ထင့်။

ချစ်သူရဲ့ရင်သွေးကို သယ်ဆောင်ထားမိသည့်အဖြစ်ကိုတော့ သူမ ဘယ်လိုစီစဉ်ရမှန်းမသိ။ မည်သူ့ကိုမျှလည်း ဖွင့်ဟ မတိုင်ပင်ရဲ။ ခင်ပွန်းမရှိဘဲ ကိုယ်ဝန်ရှိနေသည့်အဖြစ်က ဘယ်လောက်တောင် ဆိုးရွားလိုက်ပါသလဲ။

ပန်းလေညင်းမှာ အေးချမ်းသည့်တောင်ပေါ်သားတို့ရဲ့အလယ်မှာ နေနေရပေမယ့် သူမရင်ထဲ ငိုးလိုဆူနေရတာ၊ မီးတောင်မြို့တစ်ခုလိုလှိုက်ဆူနေရတာ အဘယ်သူ သိနိုင်မှာလဲလေ။

❖ ❖ ❖



## အခန်း (၂၅)

နေသိခ်. . .

တစ်လအတွင်း သူ့ရဲ့လုပ်ငန်းတွေအားလုံး ပုံမှန်ပြန်ဖြစ်သွားခဲ့ပေပြီ။ ဝင်းပ ထင်လင်းသော ကျက်သရေဖြင့် ကမ္ဘာကြီးထဲမှာ ထွန်းလင်းတောက်ပခွင့်ရသည့်အခါ သူ့ဘဝ အမှောင်ကျခဲ့စဉ်က ကူညီဖေးမခဲ့သည့် စိုင်းဝဏ္ဏနှင့် ချစ်သူပန်းလေညင်းကို သတိရသွားမိပြီး ရင်ထဲမှာ နင့်ခနဲ။

ရက်စက်လိုက်တာ ချစ်သူရယ်. . .

တို့နှစ်ယောက် ချစ်ခဲ့ကြတာ၊ ဖေးမခဲ့ကြတာကို မင်းပဲ မေ့ပစ်ရက်ခဲ့တယ်နော်. . .

သူ ခွဲခန်းထဲဝင်သည့်အထိ တဖွဖွတောင်းပန်ခဲ့ပေမယ့် ချစ်သူက သူ့ကိုစွန့်ခွာသွားခဲ့ပါသည်။ ချစ်သူနှင့်မိဘမောင်ဘွားဆိုလျှင် မိဘမောင်ဘွားဘက် ရွေးချယ်သွားခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နင့်ကျင် စူးအောင့်နေအောင်ပဲ နေသိမ့် ချစ်သူမလေးကို လွမ်းဆွတ် တမ်းတနေမိပေမယ့် နာကြည်းမှုကလည်း 50% လောက်။

ကြည့်ပါဦး. . . သူ့မှာ ခွဲခန်းထဲက ထွက်လျှင်ထွက်ချင်း သူ တမ်းတမိတာ ချစ်သူ။

"လေညင်း. . . လေညင်းရော၊ အောင်ဟိန်း . . . လေညင်းရော"

"ရှိတယ်. . . ရှိတယ်၊ အိမ်ခဏပြန်ပြီး လိုတာလေးတွေ ယူနေလို့ပါ။ ခုပဲရောက်လာမှာ"

"လှမ်းဖုန်းဆက်ကွာ၊ ငါ ခွဲခန်းထဲကထွက်လာပြီလို့၊ ကိုကိုင်းရော"

"ရှိတယ်. . . ရှိတယ်"

သူ့ကို သူနေရမည့်အခန်းသို့ ပို့ပေးကြပြီး အိပ်ဆေးထိုးပေးကြသဖြင့် သူအိပ်ပျော်သွားခဲ့ရတော့လည်း အိပ်မက်ထဲမှာ ချစ်သူသာ။

နတ်သမီးလေးတမျှ လှပပြီး ချစ်စရာကောင်းလွန်းသည့်ချစ်သူမလေးဟာ အဖြူရောင်ဝတ်စုံလှလှလေးနှင့် ပန်းလေးတစ်ပွင့်နှယ်။

'ကိုကို. . .'ဆိုပြီး သူ့ကိုပြေးဖက်၊ သူကလည်း အတင်းဖက်ထားရင်း အားပါးတရမွှေးကြူနေတုန်း စိုင်းဝဏ္ဏနှင့်အတူ ဘီလူးကြီးနှစ်ကောင်က သူ့ရင်ခွင်ထဲမှသက်လျာကို အတင်းလုယူပြီး အဝေးသို့ပြေးထွက်သွားလိုက်ကြတာ. . .

"ကိုကို. . . ကိုကိုရေ. . . လေညင်းကိုကယ်ပါဦး"

ချစ်သူရဲ့အသံလေးသာ သူ့နားစည်ထဲမှာ ရိုက်ခတ်ကျန်ခဲ့သည်။ သူ့မှာလည်း အရူးကြီးတစ်ယောက်လို အော်ဟစ်တမ်းတရင်း ကျွဲကျွာကျန်ခဲ့ရတာ။

"လေညင်း. . . လေညင်းရေ. . . လေညင်း"





မျက်စိနှစ်လုံး အလင်းမရသည့်မို့ အမှောင်ကမ္ဘာထဲမှာ သူ့ရဲ့အကြင်နာနတ်သမီးလေးဟာ ပန်းလေညင်းပါ။ ချစ်သူသာ သူ့ရဲ့အရှင်သခင်၊ သူ့ရဲ့စေညွှန်ရာ။ ယခုတော့ မိခင်ပျောက်နေသည့်သားငယ်လို သူ့မှာ ဖျတ်ဖျတ် လူးနေရပါပြီ။

"အောင်ဟိန်း. . . လေညင်း. . . လေညင်းပြန်သွားပြီလား။ ငါ ခွဲခန်းထဲဝင်သွားတုန်း သူတို့မောင်နှမ ပြန်သွားကြပြီလား"

"လေညင်း. . . ဒီမှာ လေညင်း. . . အနားသွားလိုက်လေ"

အောင်ဟိန်းထက် မေသရဖီကို အနားတိုးပေးပေမယ့် ချစ်သူရဲ့ဆင်းရန့်ဟာ ဘယ်ရန့်နဲ့မှမတူတာလေ။ နေသိမ့် ချက်ချင်းပင် သိသွားခဲ့ပါပြီ။

"ငါ့ကိုမလှည့်စားနဲ့ အောင်ဟိန်းထက်၊ လေညင်း ဘယ်မှာလဲပြော၊ ငါ့ကိုအမှန်အတိုင်းပြောစမ်း"

အောင်ဟိန်းထက် သက်ပြင်းချရင်း အဖြစ်မှန်ကိုရှင်းပြရသည်သာ။

"စိတ်ကို တင်းပါ ကိုနေရယ်၊ ယောက်ျားပဲကွာ. . . သူတို့ခမျာမှာလည်း မဖြစ်သာလွန်းလို့ ကျောခိုင်းသွားကြရတာ"

"ဘာကွ! ဒါဆို သူ. . . သူပြန်သွားပြီပေါ့ဟုတ်လား။ ရက်စက်လိုက်တာကွာ. . . တကယ်ဆို ငါ ဆေးရုံကဆင်းတဲ့အထိ စောင့်ပါတော့လား။ အရာအားလုံးကို အဆင်ပြေအောင် ငါဖန်တီးပေးမှာပေါ့"

"သူလည်း မျက်ရည်လည်ရွဲနဲ့ ချုံးချုံးကျပြီး ပါသွားရတာပါကွာ။ သူတို့မောင်နှမဟာ တမင်သက်သက် ကိုနေ့ကိုလာပြီး စောင့်ရှောက်ပေးကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်၊ ဒါပေမဲ့ ဒီလောက်အချစ်ကြီးချစ်တတ်တဲ့ငါ့ကို ပစ်ထားခဲ့ရက်နိုင်တာ ငါရင်နာလို့မဆုံးဘူး"

မျက်ရည်ပူတွေကျလာရင်း နေသိမ် ကြေကွဲခံစားနေခဲ့ရတာ။ ပန်းလေညှင်း သိနိုင်ပါ့မလား။

"စိတ်ကိုတင်း သူငယ်ချင်း. . . တင်းပါ၊ မင်းငိုလို့ မဖြစ်ဘူးလေ၊ ငါ့အပြစ်ပါကွာ. . . ငါ့အပြစ်။ သူတို့ကိုရအောင် ဆွဲမထားနိုင်တာ ငါ့အပြစ်ပါ"

"ငါ ယောက်ျားပါကွာ. . . စိတ်ကိုတင်းပါ့မယ်။ ကျေးဇူးပြုပြီး ငါ နားပါရစေတော့ကွာ"

ဒီလိုနဲ့ ဆေးရုံမှဆင်းတော့ သူ လူသစ်တစ်ယောက်နှယ်။ အရာရာသည် ဆန်းသစ်လှပနေပေမယ့် ချစ်သူမရှိတော့သည့်လောကသည် သူ့အတွက် အချည်းနှီး။

သို့သော် လုပ်ငန်းတွေ အရာရာကိုပြန်ပြီးစီစဉ်၊ ဦးစီးနေရသဖြင့် သူ တစ်လလောက်ကြာသည်အထိ ချစ်သူထံ မသွားဖြစ်သေး။

အစီအစဉ်အရဆိုလျှင်ဖြင့် သူ့ချစ်သူဟာ အိမ်ထောင်ကျနေလောက်ပြီပေါ့။ သို့သော်. . .

"အဘအိုက်နွတ်နဲ့ အဆက်အသွယ်လုပ်ထားတယ် ကိုနေ၊ ပန်းလေညှင်း လက်မထပ်ဖြစ်ဘူး၊ သူ့ခမျာလေး. . . ဒီကအရိုပ်ထိုးမှုကြောင့် အရှက်တကွဲ အကျိုးနည်းတွေဖြစ်ပြီး လက်ထပ်ပွဲပျက်သွားတယ်။ သူလည်း ဘယ်ရောက်နေတယ်မသိဘူးတဲ့"

"လက်မထပ်ဖြစ်ဘူးဆိုလို့ စိတ်အေးသွားရပြီ၊ လေညှင်းနှယ် ကိုယ့်ချစ်သူဆီကိုတော့ ပြန်မလာဘူး၊ ဘယ်တွေလျှောက်သွားနေပါလိမ့်





ခက်တာပဲ"

"သြော်. . . ကိုနေက သူ့ရွှေလည်းဖြစ်ပြန်၊ သူ့ကိုလည်း မြင်ဖူးတာမဟုတ်ဘူးလေ၊ နောက် သူက ကိုနေ ဆေးရုံကဆင်းတဲ့အထိမနေဘဲ ပြန်ပြေးသလိုဖြစ်နေတော့ ဘယ်လာရဲတော့မလဲ"

"ဟုတ်ပြီ၊ သူမလာရဲရင် ကိုယ်သွားရှာခေါ်ရမှာပေါ့ကွာ။ ကိုယ်လည်း သူ့ကိုလွမ်းရလွန်းလို့ အသည်းတွေ နှလုံးတွေ စက္ကာပေါက် ကျတော့မယ်။ ဒီတစ်ပတ်ထဲ အလုပ်တွေဖြတ်ပြီးရင် သွားခေါ်မယ်၊ သွားရှာမယ်"

"သူ့အစ်ကိုကတော့ ကျွန်တော့်ကို ကတိအထပ်ထပ် တောင်းသွားတာပဲ ကိုနေရယ်။ သူတို့ကိုမဆက်သွယ်ဖို့ ပြည်ဖုံးကားချလိုက်ဖို့"

"သြော်. . . လေညှင်း လက်ထပ်ဖြစ်ရင်တော့ ဟုတ်တာပေါ့။ အခု လေညှင်းက လက်မထပ်ဖြစ်ဘူးလေ၊ ဒီတော့ ကိုယ့်ချစ်သူမို့ ကိုယ့်မှာ တာဝန်အရှိဆုံးပေါ့။ မင်းမလိုက်လို့တော့ မဖြစ်ဘူးနော်၊ အဲဒီဘက်တွေ ငါမကျွမ်းဘူး။ စိတ်ချပါ. . . ကိုစိုင်းနဲ့တွေ့ရင် ငါ့အပြစ်ပဲထားလိုက်ပါ၊ မင်းကိုအပြစ်မတင်စေရပါဘူး"

"အင်းလေ. . . ခုလောက်ဆို လေညှင်းလည်း တော်တော်ခံစားနေရရှာမှာ။ သူက ကိုနေ့ကို အရမ်းချစ်ရှာတာ"

"ငါသိပါတယ်ကွာ၊ မျက်စိမမြင်ပေမယ့် အချစ်ရဲ့အတိမ်အနက်ကို တတိယမျက်လုံးနဲ့ ငါခံစားလို့ရပါတယ်။ ကဲ! နောက်တစ်ပတ်မှာ သွားရှာကြမယ်"

"အဘအိုက်နွတ်ဆီသွားရင် အားလုံးအဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

တောင်ပေါ်ပလောင်ရွာလေးရဲ့ နေဝင်ချိန်. . .

မြူတွေနှင့် ဆိုင်းညို့နေသည့် ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ရင်း မြေပြန့်မှာရှိသည့်ချစ်သူကို မှန်းဆလွမ်းဆွတ်နေမိသည့် ပန်းလေညှင်း။

ပလောင်သင်တိုင်းအနက်ပေါ်မှာ ဆွယ်တာအနီလေး ထပ်ဝတ်ထားသည့်သူမအသွင်က အသားဖွေးဖွေးလေးတွေနှင့် ဝင်းပနေတွတ်လျက်။ သနပ်ခါးမိတ်ကပ် ကင်းစင်သည့်မျက်နှာဖွေးဖွေးနုနုလေးမှာ မျက်ရည်ရစ်ဝိုင်းနေသည့် မျက်ဝန်းလေးက အလှဆုံး။

နေသိမ်ကားကို ရွာလူကြီးအိမ်မှာ ရပ်ထားခဲ့ပြီး သူတို့ညွှန်လိုက်သည့်အတိုင်း လမ်းလျှောက်လာခဲ့သည့်အခါ အိမ်ဝိုင်းလေးထဲမှရပ်ပြီး နေဝင်ချိန်ကို ငေးမျှော်နေသည့်ချစ်သူလေးကို အနီးကပ် တစိမ့်စိမ့်ကြည့်ငေးနေမိသည်။

သူ တစ်ခါမှမမြင်ဖူးခဲ့ပေမယ့် ထိုမိန်းမချောလေးဟာ သူ့ချစ်





သူ၊ သူ့သက်ထားဆိုတာ ခံစားလို့ရနေသည်။

သည်နှုတ်ခမ်းလေးတွေ၊ သည်ပါးလေးတွေပေါ်မှာ သူ လိပ်ပြာတစ်ကောင်လို ဝတ်ရည်စုပ်ခဲ့ဖူးသည်ပဲ။

နောက် ကိုယ်လုံးလှလှလေးကရော၊ သူ ရင်းနှီးတပ်မက်ခဲ့ဖူးသည့်အရာ။

သူငေးကြည့်နေတုန်း ချစ်သူမလေးရဲ့မျက်ဝန်းအိမ်မှ မျက်ရည်ပါးပါးလေး စီးကျလာသည့်အခါ သူဆက်ပြီးမခံစားနိုင်တော့ပါ။ အိမ်စည်းရိုးမှကွေ့ထွက်ပြီး ခြံထဲသို့ဝင်လိုက်တော့သည်။

"လေညှင်းရေ. . . လေညှင်း"

ဒီခြံထဲမှာ အိမ်ရှင်တွေ လောလောဆယ် တောင်ယာထဲရောက်နေတာ သူသိသည်လေ။ ဒါကြောင့် ဒီလောက်ရဲတင်းနေတာလည်းဖြစ်သည်။

နေသိမ်အသံကြောင့် ချစ်သူကို အတိုင်းအဆမရှိ လွမ်းဆွတ်နေမိသည့် ပန်းလေညှင်းတစ်ယောက် အသံကြားရာသို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည့်အခါ. . .

"ကိုကို"

သူမရဲ့စိတ်ကူးထဲမှာ အကြိမ်တစ်ရာမက ခေါ်မိနေသည့်နာမ်စားလေးက လျှာခနဲထွက်သွားပြီး၊ သူမ အံ့အားတသင့် ရပ်ကြည့်နေမိလျှင် နေသိမ် ရင်ဖွင့်ကြိုနေရာမှ ဆက်လျှောက်သွားရသည်။

ရှင်းသန့်သော ဥပဓိရုပ်ဖြင့် လှပခန့်ငြားနေသည့်ချစ်သူရဲ့ရင်ခွင်ထဲသို့ သူမ ပြုန်းခနဲမဝင်ရဲ။ သူမမှာ အပြစ်ရှိခဲ့သည်လေ။

ချစ်သူကို အရေးကြီးဆုံးအချိန်မှာ စွန့်ပစ်ထားခဲ့မိသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို ချစ်သူ ဆေးရုံကဆင်းသည်အထိ သူမ ရေပူရေချမ်း ကမ်းလှမ်းပြုစု ပေးနေရမှာ။

"လာနေလကွာ. . . အမယ်မင်း. . . မင်းသမီးကလည်း ဈေးကိုင် လိုက်တာ။ ဒီမှာရင်ဖွင့်ကြိုရတာ ရင်ဘတ်ကြီး အအေးမိတော့မယ်"

သူ့အနားသို့ရောက်လာပြီး သူမကို အတင်းပွေ့ဖက်ရင်း နေသိမ် ဆိုတော့ အလွမ်းတွေနှင့် မဝံ့မရဲ သူမ ရှိုက်ငိုနေမိသည်။

အပြင်လောကမှာ နှင်းမြူတွေဆိုင်းလာခဲ့ပြီမို့ နှစ်ယောက်အတူ ပလောင်ခြေတံရှည်အိမ်လေးပေါ်သို့ တရွေ့ရွေ့တက်လာခဲ့ကြသည်မှာ စိတ် တူကိုယ်တူ။

နောက် မီးဖိုလေးထဲ မီးတွေမွှေးလိုက်တော့ စောစောက ခပ်မှောင် မှောင်ဖြစ်နေသည့်လောကက ထင်းမီးရောင်ဖြင့် လှပလာခဲ့သည်မှာ မပီ ဝိုးတဝါး။ အိပ်မက်တစ်ခုလို လှပလွန်းလို့ ချစ်သူမပြုံးစားခင်ပင် နေသိမ် မိန်းမောချင်ချင်။

ချစ်သူကိုချစ်ရလွန်းလို့ သူ့နှလုံးသားလေးခမျာ နုံးချည့်ချည့်။

"လေညင်း"

"ကိုကို"

သူလက်လှမ်းလိုက်တော့ ချစ်သူမလေးက သူ့ရင်ခွင်ထဲ တိုးဝင် လာပြီး မျက်ရည်တွေနှင့် ငိုလူးလို့။

"ဘာဖြစ်လို့ ငိုနေရတာလဲကွာ၊ ကိုကိုတို့ ပြန်ဆုံကြရပြီပဲ"

"ကိုကို့ကို အရမ်းလွမ်းလို့ပါ။ လေညင်း. . . လေညင်းကို ခွင့် လွှတ်ပါနော်။ ကိုကို့ကို. . . ကိုကို အလိုအပ်ဆုံးအချိန်မှာ ပစ်ထားခဲ့မိလို့"

"ခွင့်လွှတ်ပါတယ်ကွာ၊ တကယ်ကျ လေညင်းလေးမှာ ကျဉ်းထဲ





ကျပ်ထဲ ရောက်နေခဲ့ရတာပဲ။ ကိုကို ကိုယ်ချင်းစာမိပါတယ်။ တကယ်ဆို ကိုကို အသက်ရှင်နေရတာ လေညင်းတို့မောင်နှမပေးတဲ့အသက်ပါ။ ကဲ! ပြောပါဦး။ ကိုကိုက လေညင်း အတင်းအကျပ်လက်ထပ်နေရလောက်ပြီ လို့ တွက်မိပြီး အရမ်းခံစားနေရတာ"

"စိုင်းမြတ်ထန်ကို အဖြစ်မှန်တွေ ပြောပြလိုက်တော့ လက်ထပ် ဖို့ ပျက်သွားခဲ့တယ်။ ဆွေမျိုးတွေအားလုံး လေညင်းကို ဝိုင်းပြီးအထင်သေး ကြ၊ အပြစ်တင်ကြတာတွေ ခုပြန်တွေးရင် ခုပြန်သွေးပျက်မိပါတယ်"

သူ့ရင်ခွင်ထဲမှာ ခေါင်းလေးမှီရင်း လေညင်း ပြောပြနေတာ သနားစဖွယ်။ ကြောက်လန့်စရာ အိပ်မက်ဆိုးများကို နေသိမ် အဆုံးသတ် ချင်ပါပြီ။

ချစ်သူလေးအတွက် သူပျော်ရွှင်ဖွယ်ရာတွေကိုပဲ ဖန်ဆင်းပေး ချင်ပါသည်။ ချစ်သူလေး သွေးပျက်ခံစားခဲ့ရသည့် အလွမ်းနွံ၊ သောကနွံ တွေကို သူ့အချစ်တွေဖြင့် ဖို့ဝစ်လိုက်တော့မည်။

"ကဲ! အချစ်ကလေးရေ၊ လောကကြီးမှာ ဒီ့ထက်သွေးပျက်စရာ တွေ ရှိသေးတယ်။ ဒီလောက်နဲ့ သွေးမပျက်နဲ့ဦး"

"အင်. . . ဘာလဲ ကိုကိုရဲ့"

ချစ်သူမလေးကို မျက်နှာလေးမော့ပြီး တယုတယကြည့်နေရင်း ကပင် သူ့ရင်ထဲမှာ အချစ်ဒီဂရီတွေက စိုးရိမ်ရေမှတ်ကျော်လာပြီ။

"ဒီနေ့ အိမ်သားတွေ ပြန်မလာမှာ သေချာတယ်နော်"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့၊ အိမ်သားတွေ ပြန်မလာပေမယ့် ဟို ဘက်အိမ်က အရီး လာအိပ်မယ်လေ"

"ဘယ်သူမှ မလာစေနဲ့တော့ကွာ၊ ဒီညဟာ ကိုယ်တို့ချစ်သူနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ မင်္ဂလာဦးည. . . အဲ! ဒုတိယမင်္ဂလာဦးညပေါ့ကွာ"

"အာ. . ."

ပန်းလေညင်း တွန့်ခနဲဖြစ်သွားတုန်း နေသိခ်က အိမ်ကလေးကို တံခါးတွေသွားပိတ်၊ ပြတင်းတံခါးတွေ သွားပိတ်နေလေ၏။

ပြီးမှ လေကလေးတချွန်ချွန်နှင့် အိမ်ပေါ်ပြန်တက်လာခဲ့ပြီး မီးလင်းဖိုလေးအနီးမှာ ချစ်သူမလေးကို ယုယစွာပွေ့ယူလိုက်ရင်း. . .

"ကိုကို့ကား လူကြီးအိမ်မှာ ထားခဲ့တယ်၊ အောင်ဟိန်းထက်က အဘအိုက်နွတ်အိမ်မှာ။ မနက်ဖြန်ကျရင် အချစ်ရဲ့မိဘတွေဆီ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ဖို့ ဒီကောင်စီစဉ်ခဲ့ပြီးသား. . . ရှင်းတယ်နော်"

သူ့ရုပ်က အတည်ပေါက်ကြီးနှင့်ဖြစ်နေလျှင် ပန်းလေညင်း နေစရာမရှိတော့။ ချစ်သူကို ဘာဖြစ်လို့ အရမ်းကြောက်နေမိပါလိမ့်။

"ကိုကို"

"ဘာလဲကွာ. . . ဒီမှာ ပလောင်သင်တိုင်းလေးလှလို့ ကိုင်ကြည့်မလို့ကို"

တကယ်ပင် သူမရဲ့သင်တိုင်းလေးကို နေသိခ် ကိုင်မ,ကြည့်နေသည့်အခါ ပန်းလေညင်းရင်ထဲမှာ နှလုံးသားတွေ အရမ်းကိုခုန်ပေါက်လှိုင်းထန်နေမိပေမယ့် အပျော်တွေကလည်း ပရမ်းပတာ။

မတိုင်ပင်ထားပါဘဲနှင့် နှစ်ယောက်အတူ ရယ်မောမိလိုက်ကြတာကလည်း ဘာ့ကြောင့်မသိ။ ။

ကြယ်စင်မှူးဝေ

၂၂-၂-၂၀၁၄

ဇွန် ၂၀၁၄
ယခုလထွက်မည့် စာအုပ်များ

မမသန္တာမောင်
အတိတ်မြူခင်းစိမ်းပေါ်မှ အလွမ်းသင့်အက်ရာမျက်ရည်စက်လေးများ

ကြယ်စင်မှူးဝေ
အလွမ်းနွံ

မယ်နိုင်
မိုးသည်းည

မိုးစက်ပွင့်
ချစ်တတ်သူတို့ နှလုံးသား

အလင်းသစ်
ဥဩလေး၏ နွေဦးပျို

ခေတ်ပျိုဖြူ
အပျိုရောင်ည

ဖတ်နိုင်ပါပြီ ......

www.burmeseclassic.com